
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၅၀၀၄၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၅၆၉၀၅၀၈

စီစဉ်သူ ထက်ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၈၊ ဇူလိုင်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းတန်
ကွန်ပျူတာစာစီ ။ Welfare
အတွင်းဖလင် ။ Quality

ပုံနှိပ်သူ
ဦးမန်းနေဝင်း (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးထပ်၊ ပုသိမ်လမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၂၀၀ကျပ်

# မာတိကာ

| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူ၏ မိတ်ဆက်စကား | |
| ၂။ | အကျဉ်းထောင်လောကသို့ ဝင်ရောက်ခြင်း | ၁ |
| ၃။ | အင်းစိန်ဗဟိုအကျဉ်းထောင်သမိုင်း | ၄ |
| ၄။ | အင်းစိန်ထောင်တံခါးကြီး အလုပ်သင်ထောင်မှူး | ၁၂ |
| ၅။ | အမှတ် (၄) အိပ်ဆောင် အလုပ်သင်အဆောင်မှူး | ၂၁ |
| ၆။ | ဒုတိယဆုံစည်းရသူ | ၂၈ |
| ၇။ | ထူးဆန်းသော သင်တန်းသားဆရာဝန်ကြီး | ၃၅ |
| ၈။ | အင်ဂျင်နီယာကိုသိန်းဦး သင်တန်းမှထုတ်ပယ်ခံရခြင်း | ၄၄ |
| ၉။ | ဖေယျ (၃၀) သင်တန်းဆင်းပြီ | ၄၉ |
| ၁၀။ | အတွင်းရေးတိုက်ထောင်မှူး | ၅၂ |
| ၁၁။ | အချုပ်ရုံးထောင်မှူး | ၅၇ |
| ၁၂။ | ရန်ကုန်–မန္တလေးအမြန်လမ်းထောင်မှူး | ၆၁ |
| ၁၃။ | မွေးမြူရေးထောင်မှူး | ၇၃ |
| ၁၄။ | ကောသောင်းဆီအုန်းစိုက်မျိုးရေးစခန်းများ | ၈၀ |
| ၁၅။ | အင်းစိန်ထောင် ထောင်မှူးကြီး | ၁၂၀ |
| ၁၆။ | ထောင်အရာရှိများ ဂေါက်သီးရိုက်ကြပြီ | ၁၂၈ |
| ၁၇။ | စီမံကိန်းဌာနထောင်မှူးကြီး | ၁၃၅ |
| ၁၈။ | သင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး | ၁၃၉ |
| ၁၉။ | ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးခရီးစဉ်များ | ၁၄၂ |
| ၂၀။ | ထူးဆန်းသော ဂမ္ဘီရအိမ်ကလေး | ၁၅၄ |
| ၂၁။ | ဆွမ်းပရာဘွမ်အလွမ်း | ၁၆၁ |

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏မိတ်ဆက်စကား

ကျွန်တော်စာစရေးသည်မှာ ၂၀၀၀ ပြည့်နှစ်ကဖြစ်သည်။ ထိုအချိန်က လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတွင် 'ရုက္ခစိုးခြေရာ' ဝတ္ထုတိုကလေးဖြင့် စခဲ့သည်။ စာတိုက်မှပေးပို့ခြင်းဖြစ်၍ ကလောင်အမည် 'ဗိုက်စ' ဟု ပေးခဲ့ပြီး အောက်တွင် ပေးပို့သူလိပ်စာနေရာတွင် ထောင်မှူးကြီး သိန်းဝင်းဟု လက်မှတ်ထိုးခဲ့ရာ မဂ္ဂဇင်းထုတ်ဝေသောအချိန်တွင် စာရေးသူအမည်မှာ ထောင်မှူးကြီးသိန်းဝင်းဟု ဖော်ပြခဲ့သဖြင့် ယခုအချိန်ထိ ဤနာမည်ကြီး တွင်တော့သည်။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ မြင်ကွင်းစုံမဂ္ဂဇင်းတို့တွင် ရေးသားလာရာမှ သည်းထိတ်ရင်ဖိုနှင့် ဂမ္ဘီရလောကမဂ္ဂဇင်း၊ သူရဇ္ဇနှင့် သိဒ္ဓိမိုးမဂ္ဂဇင်းတို့တွင်လည်း လစဉ်ရေးသားလျက်ရှိပါသည်။

ယခုအခါတွင် NEW IDEA (စိတ်ကူးသစ်)စာပေမှ ဦးတင်ထွန်း၏ မြေတောင်မြှောက်ပေးမှုအရ လုံးချင်းဝတ္ထုများ ရေးသားလာရာ ဤဝတ္ထုမှာ အတွေ့အကြုံများကို စုစည်းထားသော လုံးချင်းဝတ္ထုဖြစ်ပါသည်။

ဖောက်ထွင်းဝိဇ္ဇာကျော်ကြီး၊ ပြဒါးရှင်မြင့်ဦး၊ ပုဂံမြို့ပေါင်းမှ လွမ်းပုံပြင်၊ ဆင်ဦးစီးရဲဘက်မှဆိုးပြောသော ဇာတ်လမ်းများအား ဆက်တိုက် ထုတ်ဝေပြီး၊ထုတ်ဝေဆဲ ဖြစ်သည်။

ဤလုံးချင်းဝတ္ထုတွင် အကျဉ်းထောင်၊ စခန်းများ၏ သိကောင်းစရာများအား စာဖတ်သူများ လေ့လာသိရှိစေရန် ရေးသား လိုက်ရပေသတည်း။

လေးစားစွာဖြင့်. . .

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

BURMESE CLASSIC .com

# အကျဉ်းထောင်လောကသို့ဝင်ရောက်ခြင်း

ကျွန်တော်တို့ငယ်စဉ်က ဒညင်းကုန်းဘက်သို့သွားတိုင်း ရွာမဘူတာရုံအနီးရောက်လျှင် ကားပေါ်မှ အင်းစိန်ထောင်ကို မြင်ဖူးခဲ့ပါသည်။ လူကြီးသူမများ၏ ပြောစကားအရ လူဆိုးလူမိုက်များ ထားသောနေရာဟု သိရသဖြင့် အုတ်တံတိုင်းမည်းမည်းကြီးအား အသေအချာပင်မကြည့်ရဲခဲ့ပါ။

ကျောင်းသားဘဝတွင် အစ်ကိုဦးအောင်သန်း၏ ပြည်ထောင်စုပျိုးထောင်မှုအရ စာဖတ်ဝါသနာပါခဲ့ရာ ရာဇဝင်၊ သမိုင်းနှင့် ဗဟုသုတစာပေများ၊ ခရီးသွားခြင်းနှင့် တောတောင်အကြောင်းဝတ္ထုများ၊ စွန့်စားခန်းများ၊ နိုင်ငံရေးစာပေများနှင့် အကျဉ်းထောင်နှင့်ပတ်သက်သည့် ဝတ္ထုများအား ဖတ်ရှုခဲ့ရာ၊ ဆရာကြီးဒဂုန်ရွှေမျှား၊ ဆရာမြောင်းမြမောင်ကို၊ ဆရာကြီး ဗန်းမော်တင်အောင်၊ ဆရာဦးရန်အောင်မောင်မောင်၊ ဆရာသိန်းဖေမြင့်တို့၏ စာများအား ဖတ်ရှုရာမှ ထောင်အကြောင်း စိတ်ဝင်စားခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် အကျဉ်းထောင်တွင် အလုပ်လုပ်ရန် စိတ်ကူးမရှိခဲ့သလို အိပ်မက်ပင် မမက်ဖူးခဲ့ပါ။

နဝမတန်းအောင်သောနှစ်တွင် ထောင်မှူးများအလိုရှိကြောင် အလုပ်ခေါ်စာအား သတင်းစာများတွင် ဖတ်ရပါသည်။ တက္ကသိုလ်ဒုတိယ နှစ် ရောက်ချိန်၌လည်း ဒုတိယအကြိမ် ခေါ်ပြန်ပါသည်။ ယောင်လို့တော် မလျှောက်မိခဲ့ပါ။ ထောင်ဇာတာပါဟန် တူပါသည်။ ၁၉၇၅ ခုနှစ် တတိယ အကြိမ် ဘွဲ့ရထောင်မှူးများ ခေါ်ရာတွင် အဖော်ကောင်းသဖြင့် ဝင်ရောက် လျှောက်ထားရာမှ လူ (၂၀၀၀) ကျော်တွင် (၆၆) ယောက်သာ ခန့်ထားရာ ကျွန်တော်ပါဝင်ခဲ့ပါသည်။

၁၅. ၁၂. ၇၅ ရက်နေ့တွင် ဒုထောင်မှူးလောင်းအဖြစ် ခန့်အပ်ပြီး ထောင်မှူးသင်တန်းအပတ်စဉ် (၆) သင်တန်းသို့ တက်ရောက်ရပါသည် သုံးလခွဲသင်တန်းဖြစ်ပြီး ရွာမဘူတာအနီးရှိ (ယခု အကျဉ်းဦးစီးရုံးချုပ် နေရာ) သင်တန်းကျောင်းတွင် စစ်သင်တန်းနှင့် ဥပဒေရေးရာသင်တန် များ သင်ယူရပါသည်။

သင်တန်းထုံးစံအတိုင်း ပင်ပန်းသော်လည်း လူငယ်များဖြ ၍လည်းကောင်း၊ ယူနီဖောင်းဝတ်ရပြီး အပွင့်များတပ်ရသဖြင့်လည် ကောင်း၊ လက်နက်မျိုးစုံ ကိုင်တွယ်ပစ်ခတ်ရသဖြင့်လည်းကောင်း စိ ဝင်စားဖွယ်ကောင်းလှပါသည်။

သင်တန်းတွင် ကျွန်တော်နှင့်အတူ အလုပ်လျှောက်သေ အထပ်သားစက်ရုံမှ စာရေးကိုဖေသန်းအား ပြဿနာရှာလွန်းသဖြ ‘ပြဿနာဖေသန်း’ ဟူ၍လည်းကောင်း၊ Breakfast စားရန်အတွ သင်တန်းသားအများစုက ထမင်းကြော်စားရန် အဆိုပြုသည်ကို ပေ





မုန့်နှင့်လက်ဖက်ရည် စားသောက်ရန် အဆိုပြုသော ကျောင်းဆရာလူ ထွက် ဇော်ဒွေးဆိုသူအား ‘ပေါင်မုန့်’ ဟူ၍လည်းကောင်း၊ နေရာတကာ ဝင်ပါတတ်ပြီး စာရေးဆရာယောင်ယောင် စကားများများပြောတတ်သော စိုးသိန်း (ယခု စာရေးဆရာစိုးဝေ) အား ‘စာကလေးစိုးသိန်း’ ဟူ၍လည်း ကောင်း။ စကားပြောလျှင် မပြီးတော့ဘဲ ရှေ့နေပီပီ ခပ်သွက်သွက်ပြော တတ်သော အာမက်အား ‘လျှာရှည်အာသွက်သည့် ဇာကေအာမက်’ ဟူ၍လည်းကောင်း။ မနက်အိပ်ရာထလျှင်ပင် အိပ်ရာလိပ်များအား Kit စီရန် နှိုးဆော်တတ်သည့် ဘုန်းမော်အား ‘ကစ်ဆရာ’ ဟူ၍လည်းကောင်း။ စိတ်မပြီး ကိုယ်ကိုသ,နေတတ်သည့် အေးချိုအား ‘ဗလကြီး’ ဟူ၍လည်း ကောင်း နာမည်ပြောင်များ ပေးထားပါသည်။

သုံးလခွဲသင်တန်းကာလအတွင်း တစ်ဦးနှင့်တစ်ဦး အလွန် ရင်းနှီးကြပါသည်။ ပြောမနာ၊ ဆိုမနာ တကယ့်ငယ်ပေါင်းများသဖွယ် ပင်။ သင်တန်းကာလပြီးဆုံးသော် .တာဝန်ကျရာ နေရာများသို့ ပြောင်း ရွှေ့တာဝန်ထမ်းဆောင်ကြရပါတော့သည်။ တစ်နိုင်ငံလုံးရှိ ထောင်စခန်း များသို့ ဖြစ်ပါသည်။

ကျွန်တော် ကံကောင်းထောက်မစွာဖြင့် အင်းစိန်ဗဟိုအကျဉ်း ထောင်တွင် တာဝန်ကျပါသည်။ ကံကောင်းသည်ဆိုသည်မှာ မွေးရပ် ဒေသ၊ မိဘများနေထိုင်ရာဒေသတွင် ပထမဆုံးတာဝန်ကျသဖြင့်လည်း ကောင်း။ မြန်မာပြည်တွင် အကြီးဆုံးထောင်ဖြစ်ခြင်းကြောင့်လည်းကောင်း ပြောရခြင်းဖြစ်ပါသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# အင်းစိန်ဗဟိုအကျဉ်းထောင်သမိုင်း

၁၈၂၄ ခုနှစ်မှ ၁၈၅၂ ခုနှစ်အတွင်း အင်္ဂလိပ်–မြန်မာ ပထမ ပွဲနှင့် ဒုတိယစစ်ပွဲ ဖြစ်ပွားပြီးနောက် ရန်ကုန်မြို့အပါအဝင် မြန်မာပြ အလယ်ပိုင်းသည် နယ်ချဲ့ဗြိတိသျှအရင်းရှင်တို့၏ လက်အောက်သို့ ကျ ရောက်သွားခဲ့ပါသည်။

ဗြိတိသျှအရင်းရှင်တို့သည် မြန်မာပြည်အလယ်ပိုင်းကို သိ ပိုက်ပြီးနောက်ပိုင်းတွင် အားနည်း၍ ကွက်ကွက်ကလေးသာကျန်တေ သော အထက်မြန်မာပြည်ကို အခွင့်ရသည်နှင့်တစ်ပြိုင်နက် သိမ်းပို ရန် ရည်ရွယ်ပြီး ရန်ကုန်မြို့ကို ဆိပ်ကမ်းမြို့ကြီးအဖြစ် တိုးချဲ့၍ အုပ်ချ ရေးကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာပြည်အား မတရားသိမ်းပို ထားသဖြင့် သူ့ကျွန်မခံလိုသော မြန်မာအမျိုးသားတို့သည် လက်နက် ဖြင့်လည်းကောင်း၊ နိုင်ငံရေးနည်းဖြင့်လည်းကောင်း ခုခံတိုက်ခိုက်လ





ခဲ့ပါသည်။

ထိုအခါ နယ်ချဲ့အင်္ဂလိပ်တို့သည် အုပ်ချုပ်ရေးကို ငြိမ်ဝပ်ပိပြားစေရန်အတွက် မြန်မာတိုင်းရင်းသားများအား ပုဒ်မအမျိုးမျိုးတပ်၍ ဖမ်းဆီးပြီး ထောင်တွင်း၌ အကျဉ်းချထားကာ ဖိနှိပ်ချုပ်ချယ်ခဲ့ပါသည်။ ထိုမှတစ်ဆင့် အုပ်ချုပ်ရေးစနစ်အား အခြေခိုင်မာစေရန် ပြည့်စုံသည့်အနေဖြင့် ဂိတ်များ၊ ရုံးများ၊ ထောင်များကို စနစ်တကျ စတင်တည်ဆောက်ခဲ့သည်။ ဗြိတိသျှတို့ ကျင့်သုံးခဲ့သည့် 'သွေးဖြင့်အင်္ဂတေကိုင်သော စစ်ဦးစီးဝါဒ' က သက်သေပြလျက်ရှိသည်။ ထိုဝါဒမှာ. .

(၁) မြန်မာဘုရင်အား ဖမ်းဆီး၍ ပြည်နှင်ဒဏ်ပေးရန်၊
(၂) မြန်မာပြည်နှင့် မြန်မာတစ်မျိုးသားလုံးအား ကျွန်ပြုရန်၊
(၃) မြန်မာတိုင်းရင်းသားအားလုံး ဗြိတိသျှတို့လက်အောက်တွင် ပြပ်ဝပ်ကျိုးနွံစေရန်. .

ဟူသော ရည်ရွယ်ချက်ထားပြီး ကျင့်သုံးခဲ့သည်။

ထိုရည်ရွယ်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ၁၈၆၄ ခုနှစ်တွင် အကျဉ်းထောင်ဌာနကို စတင်ဖွင့်လှစ်၍ ဆေးမင်းကြီး၏လက်အောက်တွင် ထားရှိအုပ်ချုပ်စေသည့်အပြင် မြို့ရွာသန့်ရှင်းရေးနှင့် ကျောက်ဆေးထိုးခြင်းလုပ်ငန်းကိုလည်း တစ်ချိန်တည်း ကြီးကြပ်စေခဲ့သည်။

၁၈၇၂ ခုနှစ်တွင် ယခင် ဆေးရုံမင်းကြီးအုပ်ချုပ်နေရာမှ ထောင်မင်းကြီးသီးခြားခန့်ထား၍ အုပ်ချုပ်စေခဲ့သည်။

ဤကဲ့သို့ အကျဉ်းထောင်များကို တဖြည်းဖြည်း တိုးချဲ့တည်ဆောက်လာခဲ့ရာ ၁၈၈၁ ခုနှစ်တွင် ရန်ကုန်ထောင်ကို တည်ဆောက်ခဲ့ပြီးနောက် မြန်မာပြည်တွင် အကြီးဆုံးဖြစ်သော အင်းစိန်ထောင်ကြီးကို

www.burmeseclassic.com



၁၈၈၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။

၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ နောက်ဆုံးစစ်ပွဲဖြစ်ပြီးနောက် ဗြိတိသျှတို့သည် မြန်မာတစ်ပြည်လုံးအား သိမ်းယူကာ ၎င်းတို့၏ အထက်တွင်ဖော်ပြခဲ့သော 'စစ်ဦးစီးဝါဒ' အတိုင်း မြန်မာဘုရင်သီပေါမင်းအား နန်းချ၍ အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ပြည်နှင်ဒဏ်ပေးပြီး မြန်မာတစ်မျိုးသားလုံးအား 'Divided and Rule' စနစ်ဖြင့် သွေးခွဲအုပ်ချုပ်ခဲ့သည်။ ထိုစဉ်က အင်းစိန်ထောင် ကြီးသည် အရှေ့တောင်အာရှတွင် အကြီးဆုံးသော ထောင်ကြီးဖြစ်သည်။

## (က) အကျဉ်းထောင်မတည်ဆောက်မီ အင်းစိန်မြို့အခြေအနေ

ထောင်ကြီးမတည်ဆောက်မီ အင်းစိန်မြို့နေရာသည် ရွာငယ်လေးတစ်ခုမျှသာဖြစ်သည်။ အင်းစိန်မြို့ စတင်တည်ဆောက်သည့်နေရာမှာ ယခု ရွာမကြီးနေရာဖြစ်သည်။ အင်းစိန်ရွာတစ်ဝိုက်တွင် တောကြီးမျက်မှောက် မင်္ဂလာဒုံတောနှင့် ဆက်စပ်လျက်ရှိသဖြင့် ယခုမင်္ဂလာဒုံကို အထက်မင်္ဂလာဒုံ ဟူ၍လည်းကောင်း၊ ယခုအင်းစိန်ကို အောက်မင်္ဂလာဒုံ ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြပါသည်။

## (ခ) အင်းစိန်အကျဉ်းထောင်တည်ဆောက်ခြင်း

အင်းစိန်အကျဉ်းထောင်ကို ၁၈၈၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၈၉၂ ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့သည်။ အကျဉ်းထောင်မတည်





ဆောက်မီက ယခုအင်းစိန်ထောင်မြေနေရာသည် သရက်ခြံ၊ ကနစိုးခြံ၊ ပိန္နဲခြံကြီးများရှိပြီး မြန်မာလူမျိုးများ ပိုင်ဆိုင်ခဲ့ကြသည်။ ယင်းခြံများကို ဗြိတိသျှအစိုးရက လျော်ကြေးပေး သိမ်းယူပြီး အကျဉ်းထောင်မြေနေရာအဖြစ် သတ်မှတ်ခဲ့သည်။ အုတ်ရိုးနှစ်ထပ်တည်ဆောက်ပြီးနောက် ထောင်တွင်းမြေနေရာကို ညှိပြီး အိပ်ဆောင်များဆောက်လုပ်ရန် ပြင်ဆင်သည်။

ထိုအချိန်တွင် ရန်ကုန်ထောင် ဖွင့်လှစ်အသုံးပြုခဲ့ပြီးဖြစ်သဖြင့် ရန်ကုန်ထောင်မှ (၆) လအောက် ကျခံရသော အကျဉ်းသားများကို အင်းစိန်ထောင်ဆောက်လုပ်ရေးတွင် ခေါ်ယူခိုင်းစေခဲ့သည်။ အကျဉ်းသားအင်အား (၄၀၀) ခန့်ဖြစ်သည်။

ထိုအချိန်က အုတ်ရိုးနှစ်ထပ်အတွင်းတွင် အဆောက်အဦများဆောက်လုပ်ပြီးစီးခြင်း မရှိသေးသဖြင့် အကျဉ်းသားများအား အုတ်ရိုးအတွင်း မြေကြီးပေါ်၌ပင် ညအိပ်စေခဲ့ပါသည်။ အိပ်ဆောင် (၆) လုံးတည်ဆောက်ရာတွင် အကျဉ်းသားများအပြင် ပြင်ပမှ အင်ဂျင်နီယာများ၊ ဗိသုကာဆရာများ ဦးစီး၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထောင်လုံခြုံရေးနှင့် အကျဉ်းသားများလုံခြုံရေးအတွက် အင်းစိန်ထောင်ကြီး၏ အရှေ့ဘက်ရှိ အဆောက်အဦတန်းလျားများကို စစ်ပုလိပ်များထားရှိပြီး စောင့်ကြပ်စေခဲ့သည်။

ထိုအချိန်က Annex Jail ခေါ် တွဲဖက်ထောင်သည် မတည်ဆောက်ရသေးဘဲ ၎င်းနေရာတွင် အကျဉ်းသား၊ အလုပ်သမားများအတွက် တောင်ယာစိုက်ခင်းအဖြစ်သာ အသုံးပြုခဲ့သည်။ ထောင်အုတ်ရိုးနှစ်ထပ်နှင့် အိပ်ဆောင်များ ဆောက်လုပ်သည်မှာ (၄) နှစ်ခန့် ကြာခဲ့သည်။ အုတ်ရိုးတည်ဆောက်ပြီးသွားသောအခါ အုတ်ရိုးနံရံကြီးအား အလုံရောင်

www.burmeseclassic.com



ဆေးသုတ်ထားခဲ့သဖြင့် အဝေးကပင် အုတ်နံရံရဲရဲကြီးအား မြင်နိုင်ပါသည်။

## (ဂ) အင်းစိန်ထောင်တည်ရှိပုံနှင့် အကျယ်အဝန်း

အင်းစိန်ထောင်သည် လှိုင်မြစ် ကမ်းနားလမ်းပေါ်တွင် တည်ရှိသည်။ ထောင်ဝင်းတစ်ခုလုံး စုစုပေါင်းမြေဧရိယာ အကျယ်အဝန်းမှာ (၁၆၄. ၇၆၈) ဧက ရှိသည်။ ထိုအကျယ်အဝန်းတွင် တွဲဖက်ဧရိယာ (၁၄. ၇၂၈) ဧကနှင့် ဝန်ထမ်းအိမ်များနှင့် စိုက်ပျိုးမြေဧရိယာ (၄၆. ၂၉၃) ဧက နုတ်လိုက်ပါက ထောင်အုတ်ရိုးအတွင်း မြေဧရိယာမှာ (၁၀၄. ၇၄၆) ဧက ရှိသည်။ အင်းစိန်ထောင်တည်ရှိပုံမှာ လှိုင်မြစ် ကမ်းနားလမ်းကို မျက်နှာပြု၍ တည်ဆောက်ထားပြီး လမ်းဘေးတွင် ထောင်ခြံစည်းရိုးမှာ ကပ်လျက်ရှိပြီး လှိုင်မြစ်လမ်းမ အကျဉ်းထောင်ဝင်ပေါက်ကြီးမှ အတွင်း ထောင်မှူးဝ မျက်နှာစာအထိ ပေပေါင်း (၁၁၆၀) ပေ ကွာဝေးပါသည်။

## (ဃ) ထောင်တည်ဆောက်သည့်ပုံသဏ္ဌာန်

ဗြိတိသျှအစိုးရသည် အင်းစိန်ထောင်တည်ဆောက်သောအချိန်တွင် မြန်မာတစ်ပြည်လုံး၏ အချို့သောမြို့များတွင် ထောင်တချို့ကို တည်ဆောက်ပြီးဖြစ်သောကြောင့် အင်းစိန်ထောင်ကို ၎င်းတို့၏စိတ်တိုင်းကျပုံစံဖြင့် စနစ်တကျ တည်ဆောက်ခဲ့ကြသည်။ အင်းစိန်ထောင်အား လေယာဉ်ပေါ်မှကြည့်လျှင် ရှေးဟောင်းတိုင်ကပ်နာရီပုံစံနှင့် တူသည်။





အုတ်ရိုးနှစ်ထပ်ရှိပြီး အပြင်အုတ်ရိုးမှာ (၁၈) ပေမြင့်သည်။ အတွင်းအုတ်ရိုးမှာ (၇) ပေမြင့်သည်။ အုတ်ရိုးတစ်ခုနှင့် တစ်ခုကြားတွင် (၁၉၀) ပေ ကွာခြားသည်။ ထိုကွက်လပ်သည် အတွင်းထောင်ယာခေါ် သီးနှံစိုက်ပျိုးမြေဖြစ်သည်။ နာရီဒိုင်ခွက်ပုံစံတွင် ထောင့် (၁၆) ထောင့် ပါရှိသည်။ နာရီဒိုင်ခွက်ပုံစံအတွင်း၌ ရဲဘက်အိပ်ဆောင်များအား စနစ်တကျ အကွက်ချ၍ တည်ဆောက်ထားသည်။ နှစ်ထပ်အဆောက်အဦများ ဖြစ်ကြသည်။

နာရီလက်တံသဏ္ဌာန် ဗဟိုဆုံရင်းတွင် (၆၃) ပေမြင့်သော ဗဟိုမျှော်စင်ရှိပြီး ထိုမျှော်စင်ကိုပတ်၍ စားဖိုဆောင် (ဖိုကြီး) ကို တည်ဆောက်ထားသည်။ ဖိုအတွင်း သံထည်လေးထောင့်သေတ္တာပုံစံ ထမင်းပေါင်းအိုးကြီးများ ပြုလုပ်ထားသည်။ ဘွိုင်လာစနစ် ရေနွေးငွေ့ဖြင့် ထမင်းပေါင်း (ချက်) ခြင်း ဖြစ်သည်။ မျှော်စင်ကြီးကို ဗဟိုပြု၍ အိပ်ဆောင်များကို နာရီလက်တံသဖွယ် ဆောက်လုပ်ထားသည်။

ရည်ရွယ်ချက်မှာ ထမင်းစားချိန်တွင် အိပ်ဆောင်များမှ အကျဉ်းသားများ တစ်ဆောင်ချင်းထွက်၍ မိမိရရှိမည့် ထမင်းပုံစံကို အလွယ်တကူ ယူနိုင်စေရန်ဖြစ်သည်။ ထို့အပြင် ဗဟိုမျှော်စင်ပေါ်မှ အိပ်ဆောင်များ၏ လုံခြုံရေးကို ကွပ်ကဲစောင့်ကြည့်ရန် ဖြစ်သည်။

ထောင်မှူးဝတံခါးကြီးမှ ဗဟိုမျှော်စင်အထိ လမ်းတစ်ဖြောင့်တည်း ဖောက်လုပ်ထားပြီး မျှော်စင်ကိုပတ်၍ ထောင်အနောက်ပေါက်တံခါးကြီးအထိလည်း လမ်းကို တောင်မှမြောက်သို့ ဖြောင့်တန်းစွာ ဖောက်လုပ်ထားသည်။ လမ်း၏ဝဲယာတွင် (၉) ပေမြင့်သောအုတ်တံတိုင်း ကာရံထားပြီး လမ်း၏အရှေ့ခြမ်းတွင် ထောင်ဆေးရုံ၊ အနောက်ခြမ်းတွင် တိုက်များ ဖြစ်ကြသည်။ အလယ်ဝဲယာတွင် အိပ်ဆောင်များဖြစ်ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်အစွန်ဆုံးတွင် အကျဉ်းသားများအလုပ်လုပ်ရန် အလုပ်ရုံများဖြစ်သည်။

## (c) အကျဉ်းထောင်အုပ်ချုပ်ရေး

အင်းစိန်ထောင် တည်ဆောက်သောအချိန်တွင် ဗြိတိသျှတို့သည် ၎င်းတို့သိမ်းပိုက်ထားသော မြန်မာပြည်အောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ဆိပ်ကမ်းမြို့ကြီးများဖြစ်ကြသော စစ်တွေ၊ မော်လမြိုင်၊ မြိတ်၊ ပုသိမ်နှင့် ရန်ကုန်ထောင်များကို တည်ဆောက်ပြီးဖြစ်ရာ ရန်ကုန်မြို့နှင့် (၁၂) မိုင်မျှသာဝေးသော အင်းစိန်ထောင်ကြီးကို (Peformation) အကျင့်စာရိတ္တပြုပြင်ရေးစခန်းကြီးအဖြစ် အသုံးပြုခဲ့သည်။ အင်းစိန်ထောင်ကြီးကို ၁၈၉၂ ခုနှစ် ဇူလိုင်လတွင် စတင်ဖွင့်လှစ် အသုံးပြုခဲ့ပါသည်။

ထိုစဉ်က အင်းစိန်ထောင်တွင်ထားရှိသော အကျဉ်းသားများမှာ ရာဇဝတ်မှု တစ်ကြိမ်တစ်ခါ ကျူးလွန်သော အကျဉ်းသားများ (Casual Prisoners)၊ ရာဇဝတ်မှုကို တစ်ကြိမ်ထက် ပို၍ကျူးလွန်သော အကျဉ်းသားများ (Habitual Prisoners) နှင့် တရားမမှုအကျဉ်းသားများ (Civil Prisoners) တို့ကို ထားရှိခဲ့သည်။ အင်းစိန်ထောင်ဖွင့်စအချိန်တွင် အကျဉ်းဌာနသည် သီးခြားဌာနတစ်ခုအဖြစ် မရှိသေးဘဲ ဆေးရုံ မြို့ရွာသန့်ရှင်းရေးနှင့် ကျောက်ခေါ်ဆေးထိုးဌာနမင်းကြီး၏ လက်အောက်ခံဌာန တစ်ခုအဖြစ်သာ တွဲဖက်လျက်ရှိသည်။ ၁၈၉၉ ခုနှစ်ကျမှသာ သီးခြားဌာနတစ်ခုအဖြစ် တည်ထောင်၍ အကျဉ်းဌာနမင်းကြီးက သီးခြားအုပ်ချုပ်ခဲ့သည်။

---

စိတ်ကူးသစ်စာပေ



အင်းစိန်ထောင် စတင်ဖွင့်လှစ်သောအချိန်တွင် အကျဉ်းဌာနမင်းကြီးအဖြစ် ဆောင်ရွက်ခဲ့သူမှာ Surgen Licut Colonel Davicisnolairmben ဖြစ်သည်။

၁၉၄၂ ခုနှစ်တွင် ဗြိတိသျှများ မြန်မာနိုင်ငံမှဆုတ်ခွာပြီးနောက် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဖက်ဆစ်ဂျပန်များ အုပ်စိုးသောခေတ်တွင် အင်းစိန်ထောင်အပါအဝင် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များကို လက်နက်တိုက်အဖြစ်သာ အသုံးပြုခဲ့ကြသည်။

၁၉၄၆ ခုနှစ်တွင် ဗြိတိသျှတို့ ပြန်လည်ဝင်ရောက်လာပြီး အင်းစိန်ထောင်အား ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် ကရင်သောင်းကျန်းသူများက အင်းစိန်ထောင်ကို သိမ်းပိုက်ပြီး အကျဉ်းသားများအားလွှတ်၍ ခံတပ်အဖြစ် အသုံးပြုခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် အင်းစိန်ထောင်အား စံပြထောင်အဖြစ် သတ်မှတ်ခဲ့ပြီးနောက်၊ ၁၉၆၂ ခုနှစ်တွင် ရဲဘက်စခန်းများ ဖွင့်လှစ်ခဲ့ပြီး။ ၁၉၇၄ ခုနှစ်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်အဖြစ် သတ်မှတ်ခေါ်တွင်ခဲ့ပါသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အင်းစိန်ထောင်တံခါးကြီး အလုပ်သင်ထောင်မှူး

ပထမဆုံးတာဝန်ကျသည်မှာ အင်းစိန်ထောင်တံခါးကြီး အလုပ်သင်ထောင်မှူးဖြစ်သည်။ လူဝင်လူထွက်၊ ပစ္စည်းအဝင်အထွက် စစ်ဆေးရသောနေရာဖြစ်သည်။ အလွန်တာဝန်ကြီးသောနေရာလည်း ဖြစ်သည်။

တော်ပါသေးသည်။ အတွေ့အကြုံရှိသော စာရေးကြီးဦးစံညွန့်နှင့် တွဲဖက်လုပ်ဆောင်ရ၍ဖြစ်သည်။ ဗူးဝရုံးခန်းအတွင်း ညာဘက်တွင် ညွှန်ကြားရေးမှူး ဗိုလ်မှူးတင်အုန်းရုံးခန်းရှိပြီး ဘယ်ဘက်တွင် ထောင်ပိုင်ကြီး မစ္စတာမဂ္ဂနန်းနှင့် ဒုတိယထောင်ပိုင် ဦးကြည်၏ ရုံးခန်းရှိသည်။ ထောင်ဝင်စာအခန်းမှာ ထောင်ပိုင်ရုံးခန်း၏ မြောက်ဘက်တွင်ရှိပြီး အလယ်တွင် နားနေခန်းနှင့် စတိုခန်း (ခေတ်အဆက်ဆက် ပုံသေပစ္စည်း အသုံးအဆောင်နှင့် ကြိုးပေးပြီးသောကြိုးများ ထားရာအခန်း) ရှိပါသည်။ ထောင်မှူးကြီးများမှာ ဦးတင်ရွှေ ဦးကျော်လှိုင်နှင့် ဦးလှအောင်တို့ ဖြစ်ကြပါသည်။





တံခါးကြီးထောင်မှူးတာဝန်မှာ ရုံးထုတ်၊ ရုံးပြန် အကျဉ်းသား၊ အချုပ်သားများ အဝင်အထွက်၊ ညှိသည်၊ ဝန်ထမ်းနှင့် ထောင်ဝင်စာတွေ့သူများ အဝင်အထွက်၊ ရိက္ခာနှင့် ကုန်ကြမ်း၊ ကုန်ချောတင်ဆောင်သည့်ကားများ အဝင်အထွက်တို့အား မှတ်တမ်းတင်ရပြီး လူအဝင်အထွက် (အကျဉ်းသား၊ အချုပ်သား) အား ထောင်ပုံစံစာအုပ်ကြီး အမှတ် (၂၀၄) တွင် မှတ်တမ်းတင်ရပြီး ပစ္စည်းအဝင်အထွက်များအား ထောင်ပုံစံစာအုပ်ကြီး အမှတ် (၂၀၅) တွင် ရေးသွင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးစေရပါသည်။

အပြင်ဘုတ်အကျဉ်းသားများ အဝင်အထွက်အားလည်း သီးခြားဘုတ်စာအုပ်ဖြင့် မှတ်တမ်းတင် စစ်ဆေးရပါသေးသည်။ လူအဝင်အထွက်၊ ကားအဝင်အထွက်၊ ပစ္စည်းအဝင်အထွက်များကြောင့် တံခါးကြီးထောင်မှူးအလုပ်မှာ အတော်ရှုပ်လှပါသည်။

ထောင်ပိတ်ချိန်တွင် တံခါးကြီးလူအဝင်အထွက်စာအုပ် (၂၀၄) နှင့် Morning Report ခေါ် ထောင်ပိတ်၊ ထောင်ဖွင့်စာအုပ်ကြီးတို့အား တိုက်ဆိုင်စစ်ဆေးပြီး အဆောင်များရှိ အကျဉ်းသား၊ အချုပ်သား လူဦးရေစာရင်းနှင့် ကိုက်ညီပါမှ ထောင်ပိတ်နိုင်ပါသည်။ ဘဏ်များတွင် ငွေအဝင်အထွက်ကိုက်ညီမှသာ ဘဏ်ပိတ်နိုင်သလို ဖြစ်သည်။ လူပေါင်း ပိုလျှင်လည်းကောင်း၊ လျော့လျှင်လည်းကောင်း ထောင်ပိတ်၍ မရတော့ပါ။ တစ်ညလုံး ရှာပေရော့။ အိမ်မပြန်ရသည့်အပြင် ထောင်ထဲ၌ ဖြစ်သလိုစားကြရသည်လည်း အကြိမ်အခါမနည်းတော့ပါ။

အထူးသဖြင့် ဆောင်းရာသီတွင် လူပေါင်းများတတ်သည်။ ရေမိုးကြီးကို ထည့်ရေတွက်၍ လူပေါင်းပိုနေတတ်ပြီး အဖွဲ့ပြောင်း၍ ရေတွက်ပါမှ



www.burmeseclassic.com

www.burmeseclassic.com



အမှန်ရတတ်သည်။ လူရေတွက်ရာတွင် တစ်ဦးတစ်ယောက်တည်း မဟုတ်ပါ။ အဆောင်မှူး၊ အခန်းလူကြီး၊ အခန်းစာရေးနှင့် ဘာယာများ၊ ဝန်ထမ်းများလည်း ပါသည်။ သို့သော် ထိုအဖွဲ့ ထပ်ခါတလဲလဲ ရေတွက်သော်လည်း စဉ်းအိုးကြီးက လူဖြစ်နေတတ်သည်။ ထောင်တွင်း ကျွဲရခဆန်သော အဖြစ်အပျက်များ ဖြစ်သည်။ အဖွဲ့ပြောင်းရေတွက်ပါမှ အမှန်ရတတ်သည်။

လူပေါင်း အရေများသော အဆောင်မှူးမှာ နောက်တစ်နေ့မနက် ထောင်ဖွင့် အဖွဲ့တစ်ခုလုံးအား မုန့်ဟင်းခါးကျွေးရတော့သည်။ စိတ်ညစ်ရလည်း ကောင်း၊ ပျော်စရာလည်း ကောင်းလှပါသည်။ အုတ်နီးလေးဘက်ကြား ကြဖန်ပျော်စရာရှာသူများဟု မြင်လျှင်လည်း လက်ခံရမည်သာဖြစ်သည်။ ထောင်ဆိုသည်မှာ ပျော်စရာနေရာမှ မဟုတ်ပါဘဲလေ။

စနေနေ့တစ်နေ့ (ထိုစဉ်က အစိုးရရုံးများ နေ့ဝက်ပိတ်သည်) ထောင်တွင် အဖွဲ့နှစ်ဖွဲ့ခွဲထားရာ စနေ၊ တနင်္ဂနွေ တစ်ရက်စီနားရသည်။ ကျွန်တော်တို့အဖွဲ့ တာဝန်ကျရာ တရားရုံးများလည်း နေ့ဝက်ပိတ်သဖြင့် ညနေ (မွန်းလွဲ) တစ်နာရီခန့်တွင် ရုံးထုတ်၊ ရုံးပြန်ကိစ္စများ ပြီးစီးပါသည်။

သို့သော် အာမခံလွှတ်လျှောက်စွနှင့် အပြင်ဘုတ်များကိစ္စ ကျန်ပါသေးသည်။ စာရေးဦးစံညွန့်နှင့် ကျွန်တော် တစ်လုံညီစီထွက်၍ နေ့လယ်စာစားကြပြီး မွန်းလွဲနှစ်နာရီတွင် ပြန်ဆုံကြပါသည်။ ထိုစဉ် အပြင်ဘုတ်မှ အကျဉ်းသားတစ်ဦး နေမကောင်း၍ ထောင်တွင်းဆေးရုံတင်ရန် ဘုတ်ကိုင်ဆရာ ဦးသီးနှင့် ရဲဘက်များ လူနာအား လာပို့ကြရာ ကျွန်တော်မှ..

"ဦးသီး.. ဘာဖြစ်တာလဲဗျ"

"ဆရာ ထောင်မှူးရေ..။ တောင်ယာထဲက အရိုပ်ကျနေတဲ့





ညောင်ပင်ကိုခုတ်တာ ဒီကောင်တွေး ဗိုက်အောင့်တယ်အော်ပြီး မူးလဲသွားလို့ ဆေးရုံလာပို့တာပါ"

"ညောင်ပင်က အတော်ကြီးသလား။ ထောင်ပိုင်ကြီးကိုရော ခွင့်ပြုမိန့်တောင်းသေးသလား"

"ညောင်ပင်က နည်းနည်းကြီးတယ်ဆရာ။ ထောင်ပိုင်ကြီးကိုတော့ မပြောရသေးဘူး။ ထောင်မှူးကြီးဦးတင်ရွှေကိုတော့ သတင်းပို့ထားပါတယ် ဆရာ"

"ညောင်ပင်ကိုခုတ်ရင် အမိန့်ပြန်တမ်းလေးဘာလေး လုပ်ရတယ်ဗျ။ ဒီထောင်ထဲက သစ်ပင်ကြီးတွေက သက်တမ်းမနည်းတော့ဘူး။ အင်္ဂလိပ်ခေတ်က ကုက္ကိုပင်၊ ပိတောက်ပင်ကြီးတွေတောင် ရှိသေးတယ်။ ကဲ.. အဝင်ပြုပြီးပြီ။ ဆေးရုံကို မြန်မြန်ပို့ပေတော့"

"ဟုတ်ကဲ့ ဆရာ"

ဦးသီးတို့အဖွဲ့ အပြင်ဘုတ်လူနာအား ဆေးရုံတင်ပြီးနောက် ပြန်လည်ထွက်ခွာသွားကြပါသည်။ ညနေ (၃) နာရီအချိန်တွင် လူနာဆုံးကြောင်း ဆေးရုံမှ အကြောင်းကြားလာပါသည်။ ထောင်ပိုင်အား သတင်းပို့ပြီး ကျွန်တော်နှင့် တာဝန်မှူးအဖွဲ့ ထောင်ဆေးရုံသို့ သွားရောက်စစ်ဆေးကြရာ ထောင်ဆရာဝန်ဦးထွန်းလွင်နှင့် တွေ့ဆုံပါသည်။

"ဆရာ ဦးထွန်းလွင်..။ ဘာရောဂါနဲ့ ဆုံးတာလဲဗျ"

"သွေးအန်ပြီး သတိမေ့နေတာ။ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံးပြုစုပေမယ့် သတိပြန်လည်မလာဘဲ ဆုံးသွားတာဗျ။ (၂၄) နာရီအတွင်းဆိုတော့ post mortem လုပ်ဦးမှာပဲ။ တရားရုံး အကြောင်းကြား။ ကာယကံရှင်အိမ် အကြောင်းကြားနဲ့ အလုပ်အတော်ရှုပ်ဦးမယ်ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့ ထောင်ဆေးရုံ(ရင်ခွဲရုံ) ၌ post mortem လုပ်ခြင်းကို စောင့်ကြည့်ကြရာ လူနာမှာ အဆုတ်ကြေမွနေသဖြင့် သုံးပါးခြင်းဖြစ်ရာ ထုံးစံအတိုင်း ထောင်ပိုင်အား သတင်းပို့ပြီး P.E, D.E လုပ်ရဦးမည် ဖြစ်ပါသည်။

သေဆုံးသူအလောင်းအား မော်ကျူရီခေါ် ရင်ခွဲရုံအတွင်းရှိ သွပ်ခေါင်းကြီးအတွင်း ထည့်သွင်းပြီး တပ်သားစံသိန်းနှင့်အဖွဲ့က အကျဉ်းသားအိပ်အား အကြောင်းကြားခြင်း၊ တရားရုံးအား အကြောင်းကြားခြင်း၊ အသုဘချရန်အတွက် ပြင်ဆင်ခြင်းတို့အား လုပ်ဆောင်ရပါတော့သည်။

ညဦး (၆) နာရီ ထောင်ပိတ်ရာတွင် လူတစ်ယောက်လိုနေပါသည်။ စနေနေ့ဖြစ်သော်လည်း ညဦး (၇) နာရီအထိ ထောင်ပိတ်၍မရသေးသဖြင့် ထောင်ပိုင်ကြီး မန္တလာမဂ္ဂနန်း အိမ်ပေါ်မှ ဆင်းလာပါသည်။

"ဦးသိန်းဝင်း. . ဘာဖြစ်တာလဲ"

"လူတစ်ယောက် လိုနေတယ် ထောင်ပိုင်ကြီး။ ကျွန်တော်တို့ တံခါးကြီးအဝင်အထွက်စာရင်းနဲ့ မိန်းဂျေးထောင်ပိတ်စာရင်း ကွာနေတာပါ။ အဆောင်တွေကိုတော့ သုံးခါစစ်ပြီးပါပြီ"

"ပြေးများ ပြေးပြီလား"

"မဟုတ်နိုင်ပါဘူး ထောင်ပိုင်ကြီး။ စနေနေ့မို့ အလုပ်ဘက်ကလည်း နေ့တက်ပဲဆင်းတာဆိုတော့ လူပေါင်းလည်း ကိုက်ပါတယ်။ အဆောင်တွေက များတာနဲ့ တူပါတယ်"

"လာကြဗျို့. . ။ မိန်းဂျေး (Main Jail) သွားကြမယ်"

မိန်းဂျေးတွင် စနေနေ့နားသော အဖွဲ့များကိုလည်း အရေးပေါ်ခေါ်ထားရာ လူစုံနေပါပြီ။ အဆောင်များအားလည်း သုံးခေါက်တိတိ





ရေတွက်ပြီးဖြစ်သဖြင့် မမှားနိုင်ဟု ဆိုပါသည်။

ထောင်ပိုင်ကြီးက. .

"ဒါဆို ဦးသိန်းဝင်းတို့ တံခါးကြီးအဝင်အထွက်စာရင်း မှားတာထင်တယ်"

ထိုအခါမှ ကျွန်တော်သတိရလိုက်ပါသည်။

"ကျွန်တော်တို့ အထပ်ထပ်အခါခါ စစ်ပြီးပါပြီ ထောင်ပိုင်ကြီး။ စနေနေ့ဖြစ်လို့ လူအဝင်အထွက်နည်းပါတယ်။ ခဏကလေးခင်ဗျ. . ။ ကျွန်တော်သတိရတာ တစ်ခုရှိပါတယ်။ ဆေးရုံတာဝန်ခံ တပ်ကြပ်ကြီး ဦးအုန်းသောင် ရှိပါသလား"

ဖိုပိုင်းထဲမှ ဦးအုန်းသောင်ပြေးထွက်လာပြီး. .

"ကျွန်တော်ရှိပါတယ် ဆရာ"

"နေ့လယ်က အပြင်ဘုတ်က လူသေကို ခင်များ ထည့်ပြီး စာရင်းမပြဘူးလား။ ကျွန်တော်တို့ တံခါးကြီးက အထွက်မပြသေးလို့ မေးတာ"

"ဟာ. . ဟုတ်ပါရဲ့။ အဲဒီလူသေကို ထည့်မရေတွက်မိဘူး။ ကျွန်တော်က အရှိအတိုင်းပဲ ရေခဲ့လို့ တစ်ယောက်လျော့နေတာကိုး"

"ကဲ. . ဦးအုန်းသောင်။ မနက်ဖြန်မနက် ထောင်ဖွင့်အဖွဲ့ကို မုန့်ဟင်းခါးကျွေးဖို့ ပြင်ပေတော့။ ထုံးစံအတိုင်းပဲ"

ထိုအခါမှ ထောင်ပိုင်ကြီးမှာ သက်မချပြီး. . .

"ဟင်း. . ဦးအုန်းသောင်တို့ တယ်ပေါ့တာကိုး။ ထောင်လုပ်သက်ပဲ အနှစ်နှစ်ဆယ်ကျော်နေပြီ။ စေ့စပ်သေချာမှု မရှိဘူး။ နောက်ဆို သတိထားပါ။ ပေါ့လျော့ချင်တော့ မုန့်ဟင်းခါးကျွေးရုံလောက်နဲ့ မရ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ D.E, P.E လုပ်ပြီး ရာထူးချခံရမယ်နော်။ သတိထား . .''

''ခွင့်လွှတ်ပါ ထောင်ပိုင်ကြီး။ ကျွန်တော် သတိမေ့သွားလို့ပါ''

ကျွန်တော်မှ . .

''အင်း . . ခင်များပဲ အမြဲတမ်းပြောခဲ့တာ။ အုန်းသောင်တို့က မသေချာရင် ခြင်တောင်မရိုက်ဘူးဆို။ ရုံးခွဲရုံမှာ ဆရာဝန်က post mortem လုပ်တုန်းကလည်း ခင်များပါတယ်။ အသုဘမချရသေးလို့ အထွက်မပြုရသေးတာကိုလည်း ခင်များသိတယ်''

သို့နှင့် ကျွန်တော်တို့အဖွဲ့ ထောင်ပိတ်လိုက်ကြပါသည်။

တစ်နေ့တွင်လည်း ရိက္ခာလာသွင်းသော လော်လီကားအောက်တွင် ခိုးလိုက်၍ ထွက်ပြေးရန်ကြံစည်သော အချုပ်သားတစ်ယောက်ကို ကံကောင်းထောက်မ၍ ပြန်လည်ဖမ်းမိပါသည်။ နေ့လယ်ပိုင်း ထမင်းစားအပြီး အလုပ်ပြန်အဝင် ဝန်ထမ်းတစ်ဦး အရက်ခိုးသွင်းသည်ကို ဖမ်းဆီးမိသဖြင့် ရုံးတင်ရပြန်သည်။ ညနေပိုင်းတွင် ထောင်ဝင်စာလာတွေ့သော မယားကြီး၊ မယားငယ်အမှုကိုလည်း ရှင်းပေးရသည်။

အလွန်ရှုပ်ထွေးသော တံခါးကြီးဖြစ်သည်။ ထောင်တစ်ခုလုံးအတွက် တစ်ခုတည်းသော ဝင်ပေါက်ဖြစ်သဖြင့် ပြဿနာရှုပ်ထွေးရခြင်းလည်း ဖြစ်နိုင်ပါသည်။

ဆိုးကွက်ရှိလျှင် ကောင်းကွက်ကလေးတော့ ရှိစမြဲပင်။ ထောင်သို့ သားငါးသွင်းသူ ကိုမောင်မောင်က တစ်ပတ်တင်ကြိမ် ကျွန်တော်တို့ တံခါးတာဝန်ခံနှစ်ယောက်အတွက် ရှယ်ယာပေးစမြဲ။

ကျွန်တော်တို့မှာ ဘွဲ့ရ လူငယ်အရာရှိပေါက်စများဖြစ်သဖြင့် သိက္ခာကျစရာ တောင်းစားခြင်း၊ ပညာပြခြင်း၊ အပေါ်စီးမှဆက်ဆံခြင်း





မလုပ်ပါ။ စာရေးကြီးဦး စံညွန့်ကတော့ ပြောပါသည်။

''အဲဒါ ထုံးစံ'' . . တဲ့။

ရုံးပြန် အချုပ်သား၊ အကျဉ်းသားများက အကျဉ်းထောင်လက်စွဲ ဥပဒေ (၃၇၃) အရ တားမြစ်ပိတ်ပင်ထားသော ငွေကြေး၊ အဖိုးတန်ပစ္စည်းနှင့် ဘိန်း၊ အရက်၊ ဆေးအမျိုးမျိုး၊ ရန်ပြုနိုင်သည့် ချွန်ထက်ပစ္စည်းများ သွင်းယူလာလျှင်လည်း တံခါးကြီးဝန်ထမ်းများက ရှာဖွေမိလျှင် အကျဉ်းသား၊ အချုပ်သားအား အရေးယူအပြစ်ပေးပြီး တံခါးကြီးအဖွဲ့ကိုတော့ ပစ္စည်းတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ဆုအဖြစ် တရားဝင်ပေးလေ့ရှိပါသည်။ လစဉ်လည်း ဆုရရှိကြပါသည်။ ထို့ကြောင့် တံခါးကြီးဝန်ထမ်းများက အားကြိုးမာန်တက်ရှာဖွေတတ်သဖြင့် ထောင်တံခါးဝန်ထမ်းများ၏ အရှိန်အဝါမှာ မနည်းလှပါ။

တစ်ဖန် ထောင်အတွင်းမှ ပစ္စည်းများ အပြင်ထုတ်လျှင်လည်း အသေးစိတ်ရှာဖွေရပါသည်။ ရှာဖွေရေးသည် တံခါးကြီး၏ အသက်ဖြစ်သည်။ ထမင်းကျန်၊ ဟင်းကျန်ပုံး (ဝက်စာအတွက်) နှင့် အမှိုက်များကအစ အသေးစိတ်ရှာဖွေရပါသည်။ တပ်ကြပ်တစ်ဦးနှင့် ဝန်ထမ်းနှစ်ဦးပေးထားသဖြင့်သာ တော်တော့သည်။ တံခါး ဝန်ထမ်းများမှာ ထိုင်နေ၍ မရပါ။ တံခါးကြီးဖွင့်လိုက်၊ တံခါးလေးဖွင့်လိုက်၊ လူနှင့်ပစ္စည်း စစ်ဆေးလိုက်၊ ထောင်ဝင်စာတွေ့သူများ သွင်းလိုက်နှင့် အလွန်အလုပ်များပါသည်။

အကျဉ်းထောင်ဥပဒေ (၃၇၃) အရ တားမြစ်ပိတ်ပင်ပစ္စည်းတစ်ခုတစ်ရာအား မိန်းကျေးမှုသော်လည်းကောင်း၊ အဆောင်မှုသော်လည်းကောင်း တံခါးမကြီးမှ ကျော်လွန်ပြီးမှ ဖမ်းဆီးမိလျှင်တော့ တံခါးတာဝန်ခံနှင့်အဖွဲ့ အရေးယူခံရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကွက်ကလေးတစ်ခုလည်း ရှိပါသေးသည်။ ကျွန်တော်တို့လူမျိုးများအတွက် မျက်စိအေးစရာ ထောင်ဝင်စာလာတွေ့သည့် အပျိုမလေးများကိုစွဖြစ်သည်။ မိဘမောင်ဖွားတို့အား လာရောက်တွေ့ဆုံကြသော အပျိုမကလေးများမှာ ထောင်ဝင်စာလာတွေ့ရာ၌ပင် ပွဲနေ့ပွဲထိုင်လာသကဲ့သို့ ကြော့နေအောင် ဖြီးလိမ်းပြင်ဆင် ဝတ်စားလာလေ့ရှိရာ ကျွန်တော်တို့အတွက် မျက်စိစားပွဲထိုင်ခွင့် ရပါသည်။ အကူအညီလိုလျှင်လည်း သူတို့က တောင်းတတ်ကြရာ တံခါးကြီးတွင် တာဝန်ကျသည့် (၆) လအတွင်း ရင်းနှီးခင်မင်ခဲ့သူ အတော်များပါသည်။

ကျွန်တော်နှင့်ရင်းနှီးခင်မင်သူများထဲတွင် ဌေးဌေးထွန်းဟူသော စနေသမီးလေးတစ်ဦး ပါသည်။ အသားညိုသော်လည်း ခေတ်မီစွာဝတ်ဆင်တတ်ပြီး အရပ်အမောင်းကောင်း၍ အပြောချိုလှသဖြင့် ကျွန်တော်နှင့် ရင်းနှီးခင်မင်ခဲ့ပါသည်။

သူ့ဖခင်မှာ ပုဒ်မ(၄၂၀)ဖြင့် ထောင်ကျနေသော ဆောက်လုပ်ရေးကန်ထရိုက် ဦးပါဆိုသူဖြစ်သည်။ ဌေးဌေးထွန်းက နှစ်ပတ်တစ်ကြိမ်လာတွေ့ပါသည်။ သူ့ဖခင်အား တွေ့ပြီးနောက် ကျွန်တော်ထမင်းစားထွက်ချိန်တွင် သူမစောင့်နေတတ်ပါသည်။ အတူစားသောက်ရင်း ပိုမိုရင်းနှီးလာပါသည်။ သူမမှာ ရုပ်ရှင်မင်းသမီးပေါက်စတစ်ဦးလည်းဖြစ်ကြောင်း သိလာရသည်။

❑ ❑ ❑

# အမှတ်(၄)အိပ်ဆောင် အလုပ်သင်အဆောင်မှူး

တံခါးမကြီးတွင် (၆) လပြည့်တော့ ကျွန်တော် အမှတ် (၄) အိပ်ဆောင်သို့ အလုပ်သင်အဆောင်မှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။

အဆောင်မှူးကြီးမှာ ထောင်မှူးကြီးဦးစံသိန်းဖြစ်သည်။ မျက်နှာရှည်ရှည်၊ အသားညိုညိုဖြစ်သောကြောင့် ရသေ့ကြီးနှင့်တူသဖြင့် ကျွန်တော်တို့အဖွဲ့က သူ့အား ရသေ့ကြီးဦးစံသိန်းဟု နာမည်ပြောင် ပေးထားပါသည်။ ကွမ်းစား၊ ဆေးလိပ်သောက်ပြီး အရက်သေစာမှိဝဲသူဖြစ်ရာ အရပ်ရှည်သော်လည်း စိတ်တိုတတ်သည်။

တစ်နေ့ ညနေတွင် ကျွန်တော်တို့ထောင်မှူးများအဖွဲ့အား ၎င်း၏အိမ်သို့ဖိတ်၍ အရက်တိုက်ပါသည်။ ကျွန်တော်တို့မှာ အရက်သောက်တတ်သူများ မဟုတ်သဖြင့် အမြည်းသာစားကြရာ. .

"ကောင်လေးတွေ. . ငါက တကူးတကဖိတ်ပြီး အရက်တိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တာနော်။ အရက်မသောက်ရင် အမြည်းမစားရဘူး။ ဒါ. . အရက်သမား ဥပဒေပဲ''

ကျွန်တော်တို့အုပ်စု မျက်ရိပ်ပြ၍ ညှိနှိုင်းပြီးနောက်. .

''ဟုတ်ကဲ့ အဘ. .။ ကျွန်တော်တို့ သောက်ပါ့မယ်။ အဘကို အားနာတာရယ်၊ အဘအရက်တွေ ကုန်သွားမှာစိုးလို့ပါ''

''အဲဒါအတွက် မပူနဲ့။ ငါ့မှာ (၁၀) လုံးတောင်ရှိတယ်။ မင်းတို့ကို ဗိုတ်မယ်ဆိုလို့ တပည့်တစ်ယောက် လာကန်တော့ထားတာ။ အမြည်းတွေလည်း သူဝယ်ပေးထားတာ''

''ဟာ. . ဒါဆို အဘ အကုန်အကျ အရမ်းများနေပါဦးမယ်''

''အရက်သမားအကြောင်း မင်းတို့မသိသေးလို့ပါ။ သောက်ဖော်တားဖက်ဆိုတာ အလွန်ခင်တဲ့ မိတ်ဆွေတွေပဲ။ သမီးတို့ရေ. . အမြည်းတွေ ယူလာခဲ့ဦး။ ဒီမှာ နည်းနေပြီ''

''ဟုတ်ကဲ့ အဖေ. .''

သမီးနှစ်ယောက်နှင့်လည်း ကျွန်တော်တို့အား မိတ်ဆက်ပေးပါသည်။

ကျွန်တော်တို့လေးယောက် အရက်နည်းနည်း၊ ရေများများရော၍ သောက်ပြရပါသည်။

''မင်းတို့ဟာ မဟုတ်သေးဘူး။ ငါနဲ့ တန်းတူသောက်ရမယ်။ အရက်များများ၊ ရေနည်းနည်းပဲရော။ ကဲ. . လာကြ။ ငါကိုယ်တိုင် ထည့်ပေးမယ်။ ငါနဲ့အတူ တစ်ပြိုင်တည်းသောက်ရမယ်''

ရသေ့ကြီး မူးလာ၍ ယစ်လာပါပြီ။

ကျွန်တော်တို့အဖွဲ့ တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်ပြကြ





ရသေ့ကြီးအား မူးအောင်တိုက်၍ ကျွန်တော်တို့လည်း သောက်ချင်ဟန်ဆောင်ရပါသည်။ ရေပင်မရောတော့ဘဲ အနီးရှိ နှင်းဆီပန်းအိုးကြီးထဲသို့ အလစ်တွင် သွန်ပစ်ကြရပါသည်။

''အေး. . အဲဒါမှ ဘာက်ညီတော့မပေါ့ကွ။ သောက်ကြ. . အားရပါးရ သောက်ကြ။ အရက်တွေ အများကြီးရှိသေးတယ်''

မကြာမီ ရသေ့ကြီး ပေါက်သွား၍ သူ့အိပ်ရာပေါ်သို့ တွဲတင်ပေးရပါသည်။ အရက်လည်း နှစ်လုံးကုန်သွားပါသည်။

''ကဲ. . အိပ်တော့ အဘရေ၊ ကျွန်တော်တို့လည်း ရေချိန်ကိုက်လို့ ပြန်တော့မယ်။ မနက်ဖြန်မနက်စောစော ထောင်ဖွင့်ဝင်ကြဦးမယ်''

''ဆရာကြီးကို ကျေးဇူးတင်ပါတယ်''

''အေး. . အေး. . မင်းတို့ အရာရှိဖြစ်လာရင် အရက်သောက်တတ်ရမယ်။ ပွဲဝင်နိုင်အောင် ငါက လေ့ကျင့်ပေးနေတာ။ နောင်လည်း ငါ့အိမ်ကို အမြဲတမ်းလာကြ။ ငါ့အိမ်မှာ အမြဲတမ်း အသင့်ရှိတယ်''

''ဟုတ်ကဲ့ ဆရာကြီး. .။ ကျွန်တော်တို့ ပြန်ပါဦးမယ်''

ကျွန်တော်တို့အဖွဲ့ နားခိုရာ လူပျိုဘားတိုက်သို့ ပြန်ခဲ့ကြပြီး အနားယူအိပ်စက်ကြပါသည်။

နောက်တစ်နေ့မနက် ထောင်ဖွင့်တွင် ရသေ့ကြီး ဒေါနှင့်မောနှင့် ရောက်လာပါသည်။

''ကောင်လေးတွေ. . အတော်လူလည်ကျတာပဲ။ ငါကတော့ အရက်တကယ်သောက်တယ်မှတ်ပြီး ဟုတ်လှပြီအောက်မေ့နေတာ။ ငါ့နှင်းဆီပန်းပင်တွေ သေကုန်ပြီ။ မင်းတို့ ပြန်လျော်ပေးကြ''

ကျွန်တော်တို့အဖွဲ့မှာ ရသေ့ကြီးအား မနည်းတောင်းပန် ချော့



www.burmeseclassic.com

www.burmeseclassic.com



မော့ရပါတော့သည်။ နောင်တွင် ကျွန်တော်တို့အဖွဲ့အား အရက်ခေါ် မတိုက်တော့ပါ။

ကျွန်တော်တာဝန်ကျရာ အမှတ် (၄) အိပ်ဆောင်တွင် တံခါးကြီးတွင်တာဝန်ကျစဉ်က ငြိုလာခဲ့သော ဒွေးဒွေးထွန်း၏ အဖေကြီးဦးပါ ရှိနေပါသည်။

ထိုစဉ်က အိပ်ဆောင်များမှာ နှစ်ထပ်ဆောင်များဖြစ်ကြပြီး ကောင်းမွန်သော ကျွန်း၊ ပျဉ်းကတိုးသစ်များဖြင့် ဆောက်လုပ်ထားသည့် အပြင် အကျဉ်းသားများက နေ့စဉ်ပွတ်တိုက်သန့်ရှင်းထားသဖြင့် ပြောင်လက်၍နေပါသည်။ သစ်များမှာ အဆက်မရှိဘဲ (၁ ပေ × ၁ ပေ) ပတ်လည်တိုင်ကြီးများကို အခြေခံပြီး (၄ လက်မ × ၂ လက်မ) ဘာယာတန်းကြီးများကို ပျဉ်းကတိုးလျှာထိုးများ ခင်းထားသဖြင့် နှစ် (၁၀၀) ကျော်သော်လည်း ကောင်းမွန်နိုင်ခဲ့ဆဲပင်။

တံခါးပေါက်များအား ကျပ်လုံးသံချောင်းများအား အသုံးပြုထားပြီး ကြောင်လိမ်လေ့ကားအား ပန်းကွက်ဖော်သံကြွပ်များဖြင့် ပြုလုပ်ထားရာ ရှေးပုံစံဖြစ်သော်လည်း ထုထည်ကြီးပြီး ခိုင်ခံ့ကောင်းမွန်လှပါသည်။ အမိုးသွပ်ပြားများမှာလည်း အင်္ဂလန်သွပ်များဖြစ်၍ လူတစ်ယောက် မနည်းမ,ရပြီး ပေါက်ပြဲခြင်း မရှိပါ။ အကျဉ်းသားများအတွက် အောက်ထပ်တွင် နှစ်ပေခွဲမြင့်သော ပျဉ်းကတိုးသံခုတင်များ အစီအရီရှိပါသည်။ အပေါ်ထပ်တွင် ကြမ်းခင်းပေါ် အိပ်နိုင်သလို အောက်ထပ်တွင် သမံတလင်းပေါ် မအိပ်ရဘဲ ခုတင်နှင့်အိပ်ရန်ဖြစ်သည်။

ဦးပါနှင့် ကျွန်တော်ရင်းနှီးအောင်ပေါင်းသဖြင့် မကြာမီ သားအဖသဖွယ် ရင်းနှီးခင်မင်လာပါသည်။ သူ့အိမ်တွင်းရေးအခြေအနေကိုလည်း





သိရသည်။ သူ့လုပ်ငန်းမှာ အုတ်၊ သဲ ကန်ထရိုက်ဖြစ်ပြီး ပက်လက်လော်လီကားကြီးနှစ်စီးလည်း ပိုင်ဆိုင်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပစ္စည်းသွင်းရာမှ သတ်မှတ်ရက်အတွင်း လျာထားချက်ပြည့်မီအောင် ပစ္စည်းမသွင်းနိုင်သဖြင့် ပုဒ်မ (၄၂၀) ဖြင့် တရားစွဲခံရပြီး ထောင် (၁) နှစ်ကျခြင်းဖြစ်သည်။ (၆) လခန့်သာ ကျခံရန်ရှိရာ ကျွန်တော်မှ ရသင့်ရထိုက်သော လျှော့ရက်များအား တောင်းပေးခြင်း၊ လိုအပ်သော အသုံးအဆောင်ပစ္စည်းများအား ဝယ်ပေးခြင်းဖြင့် ကျွန်တော့်အား သားအရင်းသဖွယ် အားကိုးပါသည်။ ၎င်း၏ မိသားစုအားလည်း ထောင်ဝင်စာတွေ့ဆုံစဉ် ပြောပြမှာနှုတ်ပါသည်။

မကြာမီ ကျွန်တော်နှင့် ဒွေးဒွေးထွန်း ရည်းစားအဖြစ်သို့ ရောက်ရှိသွားပါသည်။ အားရက်များတွင် ကျွန်တော့်အား လာခေါ်ပြီး သူမတို့အိမ်တွင် ထမင်းဖိတ်ကျွေးလေ့ရှိသည်။ သူတို့နေထိုင်သည်မှာ (၃၉) လမ်းအလယ် အပေါ်ထပ် တိုက်ခန်းတစ်ခန်းတွင်ဖြစ်သည်။ မိခင်ဖြစ်သူမှာလည်း အလွန်ဖော်ရွေလှပြီး မောင်နှမလေးဦးရှိရာ ဒွေးဒွေးထွန်းမှာ အကြီးဆုံးဖြစ်သည်။ ပြည်သူ့မုန့်တိုက် အရောင်းစာရေးမလည်း ဖြစ်သည်။ ကျွန်တော်တို့နှစ်ဦး ချစ်ကြိုက်နေခြင်းကိုလည်း ၎င်းတို့မိသားစုက သဘောတူ ကြည်ဖြူပါသည်။

(၄) လခန့်အကြာတွင် ဦးပါ ထောင်မှလွတ်မြောက်သွားပါသည်။ ကျွန်တော်နှင့်တော့ အဆက်အသွယ်မပြတ်ပါ။ တစ်ပတ်တစ်ကြိမ်ခန့် တွေ့နေရပါသည်။

တစ်နှစ်ခန့်အကြာတွင် ဒွေးဒွေးထွန်းမှာ မျက်နှာများသူဖြစ် ကြောင်း ကျွန်တော်သိရှိလာပါသည်။ ထို့ကြောင့် အလုပ်ကိုအကြောင်းပြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး တဖြည်းဖြည်းခွာရပါတော့သည်။ ကျွန်တော့်သဘောထားမှာ ချစ်သူတစ်ယောက်တည်းထားပြီး လက်ထပ်ရမည့်သူမှာလည်း တစ်ယောက်တည်းသာ ဖြစ်စေချင်ပါသည်။ အဆက်အသွယ် တဖြည်းဖြည်းပြတ်လာပြီး တစ်နေ့တွင် ဌေးဌေးထွန်းက ကျွန်တော့်ထံ ဖုန်းဆက်၍ တွေ့ဆုံရန် ချိန်းပါသည်။ ညနေ (၄) နာရီနောက်ပိုင်း ကျွန်တော်အားလပ်သဖြင့် သွားရောက်တွေ့ဆုံပါသည်။

"ကို. . မိဌေးကို ရှောင်နေတာလား။ မိဌေးတို့ကတော့ 'one go, two come, three wait ပဲနော်"

"ယုံပါတယ် မိဌေးရယ်။ မိဌေးက မျက်နှာအလွန်ပွင့်တာပဲ။ ရည်းစားလည်းများတာ ကိုသိပါတယ်။ ကို. . မှုချာပြစ်လွတ်လှုကိစ္စတွေနဲ့ ပတ်သက်ပြီး အလုပ်ရှုပ်နေလို့ပါ။ ညဘက်တောင် ကောင်းကောင်းမအိပ်ရပါဘူး"

"ယုံလိုက်မယ် ကို. . ။ လာမယ့်စနေနေ့ မွန်းလွဲပိုင်း မိဌေးအလုပ်ကို လာခဲ့ပါ။ စနေနေ့ဆိုတော့ နေ့တက်ပဲ အလုပ်ဆင်းရမှာ။ ဆယ့်နှစ်နာရီခွဲလောက် အရောက်လာခဲ့ပါ။ ကိုမလာရင်တော့ မိဌေးနဲ့ အပြတ်ပဲနော်"

"ဟုတ်ပြီ မိဌေး. . ။ ကို ကြိုးစားပြီး လာခဲ့ပါမယ်"

ထိုနေ့မှစ၍ ကျွန်တော်နှင့်မိဌေး ပြတ်သွားပါသည်။ အမှန်တကယ်လည်း မှုချာလွတ်လှုကိစ္စများအတွက် ကျွန်တော်အလုပ်များနေပါသည်။ ညဉ့် (၂) နာရီခန့်မှ နားရပါသည်။ တစ်နေ့လုံးတစ်ညလုံးနီးပါးဖြစ်၍ အလွန်ပင်ပန်းလှပါသည်။

မိဌေးကတော့ ကျွန်တော်နှင့်ပြတ်သွားပြီးနောက် ရှေ့နေတစ်ဦး





နှင့် တွဲနေကြောင်း သိရပါသည်။ မိဌေးမှာ ချောမောလှပသူတစ်ဦးဖြစ်သဖြင့် သူ့ဆောင်ပုဒ်အတိုင်း ဆက်လက်လုပ်ဆောင်သွားခြင်းဖြစ်၍ အပြစ်မဆိုသာပါ။ ကျွန်တော်နှင့် အကျင့်စရိုက်မတူညီသဖြင့် စောစောစီးစီး လမ်းခွဲသွားသည်မှာ နှစ်ဦးနှစ်ဖက် ကောင်းမွန်ပါသည်။ သူ့မိတ်များနှင့် မောင်နှမများကိုတော့ ကျွန်တော်အားနာလှပါသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယဆုံစည်းရာ

တစ်နေ့တွင် ကျွန်တော်တာဝန်ကျသော (၄) ဆောင်မှ ဝရမ်းထိန်းရဲဘက်စာရေး ကိုလှသန်း၏ တူမဆိုသည့် မိန်းကလေးတစ်ဦး ကျွန်တော်နေ့လယ်ထမင်းစားထွက်ချိန်တွင် တံခါးကြီးတွင် စောင့်နေပါသည်။ ကျွန်တော့်ရုံးခန်းမှ ရဲဘက်စာရေး ကိုလှသန်းအတွက် ဆေးများပေးရန်ကိစ္စ ဖြစ်သည်။ ဆေးဝါးများအား ဆရာဝန်လက်မှတ်ပါမှသာ ထောင်အတွင်း သွင်းနိုင်သဖြင့် ကျွန်တော့်ထံ အကူအညီတောင်းခြင်းဖြစ်သည်။

ထောင်ရှေ့ ထမင်းဆိုင်တွင် ကျွန်တော်နေ့လယ်စာစားရာ သူမလည်း အတူစားပါသည်။ သူမမှာ အင်းစိန်ဈေးအတွင်း အစိုးရဆေးဆိုင်မှ အရောင်းစာရေးမတစ်ဦးဖြစ်သည်။ နာမည်မှာ မြင့်မြင့်ကြည်။ အသားဖြူဖြူ ချောချော၊ အရပ်ပုပု သေးသေး ဖြစ်သည်။ အသက် (၂၀) ခန့်သာ ရှိပါသေးသည်။





နောက်ပိုင်းတွင် အင်းစိန်ဈေးနှင့် ထောင်မှာ နီးသဖြင့် သူမ မကြာခဏလာရောက်ပြီး ကျွန်တော်ထမင်းစားချိန်တွင် အတူစား၍ တွေ့ဆုံတတ်သဖြင့် ရင်းနှီးခင်မင်သွားပါသည်။ ချိုင့်နှင့် ဟင်းကောင်းများလည်း ထည့်လာတတ်ပြီး တကယ့်အရင်းအချာသဖွယ် ပြုစုတတ်ပါသည်။ ကျွန်တော်တို့လူပျိုထောင်မှူးများမှာ (ဗူးသစ်) လူပျိုဆောင်တွင် နေရသည် ဖြစ်ရာ ထမင်းဆိုင်သာ အားကိုးစားသောက်နေရသဖြင့် မြင့်မြင့်ကြည်အား ကျေးဇူးတင်မိပါသည်။

ထောင်တွင်းမှ ရဲဘက်စာရေး ကိုလှသန်းကလည်း မြှောက်ပေးပါသည်။ ကျွန်တော် မြင့်မြင့်ကြည်ကို သနားခင်မင်သော်လည်း ချစ်၍မရပါ။ ကျွန်တော်လိုချင်သည်မှာ အရပ်အမောင်းကောင်းကောင်း၊ အသားဖြူဖြူ ပညာတတ်ဖြစ်ပြီး ကျွန်တော်နှင့်လိုက်ဖက်သည့် မိန်းကလေးမျိုးကိုသာ ဖြစ်သည်။

သို့နှင့် အလုပ်တာဝန်ထမ်းဆောင်ချိန် (၁) နှစ်ခန့်အကြာတွင် ကျွန်တော်တို့ထောင်မှူး ဒုတိယအုပ်စု ဖောင်ကြီးသင်တန်း ဖေယျ (၃၀) အပတ်စဉ်သို့ တက်ရောက်ရပါတော့သည်။

တစ်ပတ်ခန့်အကြာ၌ပင် မြင့်မြင့်ကြည်ထံမှ စာနှင့်အတူ အားဆေးများ (Burplex၊ Cevit) နှင့် Vitamin ဆေးပြားများအပြင် အကိုက်အခဲပျောက်ဆေး၊ ဖျားနာပျောက်ဆေး၊ ထိခိုက်ရှနာလိမ်းဆေးများ၊ အားဆေး ဆေးထွေထွေ လိုက်ပို့လာပါသည်။ ကျွန်တော်တစ်ယောက်တည်း အတွက်သာမက တစ်ဆောင်လုံးအတွက်ပင် သုံးနိုင်ပါသည်။ စာထဲ၌လည်း ကျန်းမာအောင်နေထိုင်ရန်နှင့် သူ့ထံစာပြန်ရန် ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးထားခြင်းဖြစ်သည်။ Out Pass ရလျှင်လည်း သူ့အိမ်သို့ လာရောက်ရန် မိတ်ခေါ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့်အပြင် သူ့မိဘများနှင့်လည်း မိတ်ဆက်ပေးလိုကြောင်း ထည့်သွင်းရေးသားထားပါသည်။

နောက်စာတစ်စောင်မှာ မော်ဘီမြို့မှ အစ်မဝမ်းကွဲတော်သူထံမှ စာဖြစ်သည်။ လာမည့်စနေနေ့ Out Pass ထွက်လျှင် မော်ဘီမြို့သို့ နေ့လယ်စာစားရန်နှင့် ကျွန်တော့်အတွက် ခယောက်မှတစ်ဦးရှာထားသဖြင့် ဆက်ဆက်လာခဲ့ရန်ဖြစ်သည်။

စနေနေ့တွင် ကျွန်တော်တို့ ရန်ကုန်ပြန်ရန်အတွက် ဌာနမှ ကားလာကြိုရာ ကျွန်တော့်အဆောင်နေသူငယ်ချင်း ဆရာဝန်ကိုမောင်မောင်ကိုပါ ခေါ်ခဲ့ပြီး ဓါတောက်ကြီးဆင်း၍ မော်ဘီမြို့သို့ ကြုံရာကားနှင့် သွားကြပါသည်။

မော်ဘီသို့ရောက်လျှင် အစ်မဖြစ်သူမှ မော်ဘီသူမြင့်မြင့်သိန်းနှင့် မိတ်ဆက်ပေးပြီးနောက် နေ့လယ်စာဖြင့် ဧည့်ခံပါသည်။ မြင့်မြင့်သိန်းမှာ အသားလတ်လတ်၊ အရပ်အမောင်းကောင်းကောင်းနှင့် (၁၀) တန်းအောင်ထားပြီးကြောင်း သိရသည်။ ကျွန်တော်တို့နှစ်ဦးအား ထမင်းပွဲတွင် မြင့်မြင့်သိန်းက ပြည့်စုံအောင် ဧည့်ခံရှာပါသည်။

တစ်လခန့်အကြာတွင် မော်ဘီက အစ်မဖြစ်သူထံမှ စာလာပြန်ပါသည်။ လာမည့်အပတ် တနင်္ဂနွေနေ့တွင် မြင့်မြင့်သိန်း အင်းစိန်သို့ လာမည်ဖြစ်သဖြင့် အင်းစိန်ကမ်းနားလမ်းရှိ အဒေါ်အိမ်တွင် မနက် (၁၀) နာရီတိတိအချိန်တွင် သွားရောက်တွေ့ဆုံရန်နှင့် သူမ နှင်းဆီပန်းအဝါရောင် လိုချင်သဖြင့် ထောင်စိုက်ခင်းမှ နှင်းဆီပန်းအဝါရောင် အပွင့် (၅၀) ဝယ်ပေးရန် ကျွန်တော့်အား ညွှန်ကြားခြင်းဖြစ်သည်။ သူမအား သဘောကျ၊ မကျလည်း မေးမြန်းထားပါသေးသည်။ အောင်သွယ်တော်





အစ်မကြီး ဖြစ်ပါသည်။

ချိန်းဆိုထားသော တနင်္ဂနွေနေ့မနက် (၁၀) နာရီအရောက် နှင်းဆီပန်းများနှင့်အတူ ကျွန်တော်သွားပါသည်။ သူမ အသင့်စောင့်နေပြီး သူ့အဒေါ်များနှင့် ကျွန်တော့်အား မိတ်ဆက်ပေးပါသည်။ ထိုခေတ်က ခေတ်စားသော ရေစိုထဘီခရမ်းရောင်နှင့် ဖာအကျီခရမ်းရောင် ဆင်တူဝတ်ဆင်ထားရာ ကြည့်ရှု၍ကောင်းပါသည်။

အဒေါ်များကလည်း ဖော်ရွေကြပါသည်။ လက်ဖက်ရည်၊ မုန့်များနှင့် ဧည့်ခံသဖြင့် စားသောက် ရပါသေးသည်။

အဒေါ်မှ. .

"မင်းညိုမ ဒီမှာ ညအိပ်တယ်ကွယ့်။ အခုမနက် မော်ဘီပြန်မှာ။ မင်း ကားဂိတ်ကို လိုက်ပို့လိုက်ပါကွယ်"

"ဟုတ်ကဲ့ ခင်ဗျာ. .။ ကျွန်တော်လိုက်ပို့လိုက်ပါ့မယ်"

မြင့်မြင့်သိန်းမှာ နှင်းဆီပန်းများအား အဒေါ်လုပ်သူအား တစ်ဝက်ခွဲပေးပြီး ကျန်တစ်ဝက်အား ခရမ်းရောင်ပလတ်စတစ်ခွဲခြင်းလေးထဲသို့ စက္ကူနှင့်ပတ်၍ ထည့်သွင်းပါသည်။ ထို့နောက် ခရမ်းရောင်ခေါက်ထီးကလေးအားဖွင့်ကာ အဒေါ်များအား နှုတ်ဆက်၍ ကျွန်တော်တို့ B.O.C လမ်းဆုံကားဂိတ်သို့ ထွက်ခဲ့ကြပါသည်။

ကျွန်တော့်မှာ ရည်းစားလည်းမဟုတ်သေး၍ ဘာလုပ်ရမှန်းမသိပါ။ သူမက ထီးအတူဆောင်းရန် ခေါ်ပါသည်။ သူမမှာ ဆွဲခြင်းတစ်ဖက်နှင့်ဖြစ်၍ ကျွန်တော်ကပင် ထီးကိုင်ပေးရသည်ဖြစ်ရာ Propose မလုပ်ရသေးသော်လည်း လိုက်ဖက်ညီသော စုံတွဲတစ်တွဲ ဖြစ်သွားပါသည်။ ကျွန်တော်မှ စကားမရှိ စကားရှာ၍. .



www.burmeseclassic.com

www.burmeseclassic.com



"မြင့်မြင့်သိန်းက ခရမ်းရောင်ကြိုက်တယ်ထင်တယ်"

"ဟုတ်တယ် အစ်ကို။ မြင့်မြင့် ခရမ်းရောင်ကို အလွန်ကြိုက်တယ်။ ပန်းမှာကျတော့ အဝါရောင်ပဲကြိုက်တယ်။ အဲဒါကြောင့် အစ်ကို့ကို မှာရတာပါ။ အစ်ကိုကရော ဘာရောင်ကြိုက်သလဲဟင်"

"အစ်ကိုလည်း အရောင်ဖျော့ဖျော့ပဲ ကြိုက်ပါတယ်။ အရမ်းတောက်တဲ့အရောင်တော့ မကြိုက်ဘူး"

"မြင့်မြင့်လည်း အရောင်ဖျော့ပဲ ကြိုက်ပါတယ်။ ခရမ်းရောင်တောင် ရင့်ရင့် မကြိုက်ဘူး။ ဖျော့ဖျော့ပဲကြိုက်တယ်"

စကားပြောရင်း လျှောက်လာရာ အင်းစိန်ဈေးရှေ့အရောက်တွင် မြင့်မြင့်က ကျွန်တော့်အား အမှတ်တရအဖြစ် လှျာထိုးဦးထုပ်မီးခိုးရောင်တစ်လုံး ဝယ်ပေးပါသည်။

"အစ်ကို နေပူရင် ဆောင်းဖို့။ မြင့်မြင့်ကိုလည်း အမြဲတမ်း အမှတ်ရနေဖို့ပါ"

"ကျေးဇူးပဲ မြင့်မြင့်. . .။ အစ်ကို အမှတ်တရသိမ်းထားပါ့မယ်"

"သိမ်းထားဖို့မဟုတ်ဘူး အစ်ကို။ အမြဲတမ်းဆောင်းပြီး မြင့်မြင့်ကို သတိရနေဖို့ပါ"

ကျွန်တော် မြင့်မြင့်ကို သဘောကျသဖြင့် ဒုတိယအကြိမ် အချစ်ကိုရှာဖွေတွေ့ရှိခြင်းဟု မှတ်ယူမိပါသည်။

လမ်းလျှောက်လာကြရင်း B.O.C မှတ်တိုင်တွင် ကားအဆင်သင့်ရသဖြင့် မြင့်မြင့် မော်ဘီသို့ပြန်သွားပါသည်။ အချိန်တိုလေးအတွင်း သံယောဇဉ်တွယ်ငြိကြခြင်းမှာ ဘဝဖူးစာဟု ထင်ပါသည်။

သင်တန်းပြန်တက်ပြီး သုံးရက်မြောက်နေ့တွင် မြင့်မြင့်သိန်းထံမှ





စာလာပါသည်။ သူမသတိရနေကြောင်းနှင့် လာမည့်စနေနေ့ Outpass ထွက်ရာတွင် မော်ဘီသို့လာရန်နှင့် သူမတို့အိမ်တွင် နေ့လယ်စာစားရန် ဖြစ်သည်။

ကျွန်တော့်အဖော် ဆရာဝန်ဦးတင်မောင်နှင့်အတူ သွားကြပြန်ပါသည်။ မြင့်မြင့်သိန်းက လှိုက်လှဲစွာကြိုဆိုပြီး သူ့မိဘများနှင့် မိတ်ဆက်ပေးပါသည်။ နေ့လယ်စာထမင်းကိုလည်း အတူလက်ဆုံစားသောက်ကြပါသည်။ သူမတို့အိမ်မှာ မုန့်ဟင်းခါးဖိုဖြစ်သဖြင့် လူစုံလှသည်။ သူမအမျိုးများ၊ အလုပ်သမားများကလည်း ကျွန်တော့်အား ဖော်ရွေစွာဆက်ဆံကြပါသည်။ ဆရာဝန်ကိုမောင်မောင်ကလည်း သဘောကျကြောင်း ပြောပါသည်။ ကျွန်တော့်အနေဖြင့်လည်း ဘဝလက်တွဲဖော်အစစ် ရှာတွေ့ပြီဟု မှတ်ယူပါသည်။ အခြေအနေမှာ ဆူးငြောင့်ခလုတ်မရှိတဲ့ အေးချမ်းလှသည်ဟု ထင်ရပါသည်။

သို့သော် တစ်နေ့တွင် အင်းစိန်တောင်သို့ စာတစ်စောင်လာသဖြင့် တံခါးကြီးဝန်ထမ်းမှ ကျွန်တော့်အား လာပေးပါသည်။ မော်ဘီမြို့ရှိ ကိုခင်မောင်ညွန့်ဆိုသူထံမှ စာဖြစ်သည်။ မြင့်မြင့်သိန်းမှာ သူ၏ကျောင်းနေဖက် ငယ်ရည်းစားဖြစ်သဖြင့် ကျွန်တော့်အား ရှောင်ပေးစေလိုကြောင်း သတိပေးခြင်းဖြစ်ပြီး မလိုက်နာပါက သူ၏အကြောင်းကို သိမည်ဖြစ်ကြောင်း ခြိမ်းခြောက်စာဖြစ်သည်။ ကျွန်တော်မှ မြင့်မြင့်သိန်းနှင့် အစ်မကြီးထံ စာရေး၍ မေးမြန်းရာ ငယ်ရည်းစားမဟုတ်ကြောင်း။ တစ်ဖက်သတ်ကြိုက်နေသူသာဖြစ်ကြောင်း။ ကျောင်းနေဖက်သူငယ်ချင်း ဖြစ်သည်မှာ မှန်ကြောင်း စာပြန်လာပါသည်။ ကိုမောင်မောင်နှင့် တိုင်ပင်ရာ မော်ဘီမြို့သို့ မသွားရန်။ အန္တရာယ်ကို ကြိုတင်ရှောင်ရှားရန် အကြံပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မော်ဘီမြို့သို့ မသွားတော့ပါ။ ကြောက်၍တော့ မဟုတ်ပါ။ အခြေအနေကို စောင့်ကြည့်ခြင်းသာဖြစ်သည်။

မြင့်မြင့်သိန်းထံမှ စာများလာပါသည်။ သူမ၏ဖြေရှင်းချက်များအား မတောင်းဆိုဘဲ ပေးခြင်းဖြစ်သည်။ သူမ အင်းစိန်သို့လာ၍ ကျွန်တော်နှင့်တွေ့ဆုံရန်လည်း ချိန်းပါသည်။ ကျွန်တော်လည်း စုံစမ်းလေ့လာလိုသေးသဖြင့် သင်တန်းပြီးမှ တွေ့ဆုံကြရန် ပြန်စာရေးလိုက်ပါသည်။

ထိုအတွင်း မော်ဘီမှ အစ်မထံသို့လည်းကောင်း၊ မော်ဘီရဲစခန်းမှ သူငယ်ချင်း ဒုရဲအုပ်သိန်းလှိုင်ထံသို့လည်းကောင်း စာရေးဆက်သွယ်၍ ခင်မောင်ညွန့်အကြောင်း စုံစမ်းမေးမြန်းရပါတော့သည်။ ခင်မောင်ညွန့်မှာ ယခင်က မိဘများသဘောတူထားသူဖြစ်ပြီး ယခုမှ သဘောထားပြောင်းသွားဟန်တူကြောင်း စာပြန်လာပါသည်။

❑❑❑

# ထူးဆန်းသောသင်တန်းသားဆရာဝန်ကြီး

မောင်ကြီးဲ့ပေးသောသင်တန်းမှာ အရာရှိသင်တန်းဖြစ်သဖြင့် လွတ်လပ်ပါသည်။ ပိတ်ရက်တစ်ရက်တွင် ကျွန်တော်တို့ Night Pass မထွက်တော့ဘဲ အဆောင်တွင် ဟင်းချက်စားရန် စီစဉ်ကြပါသည်။ သူငယ်ချင်း ထောင်မှူးဦးဝင်းဆန်းက ရေသိုးအင်းကြီးတွင် ငါးခိုးများရန်၊ ကျွန်တော်နှင့် ဆရာဝန်ဦးမောင်မောင်တို့က ပန်းတော်ကုန်းရွာသွား၍ အမြည်းနှင့် အရက်ဝယ်ရန်၊ ဟင်းချက်စရာနှင့် ဆန်ဝယ်ရန်၊ အင်ဂျင်နီယာကိုသိန်းဦးက ထမင်းချက်ရန်ဖြစ်သည်။

လောလောဆယ် ဆန်လည်းမရှိသဖြင့် ကိုသိန်းဦးလည်း ပန်းတော်ကုန်းရွာသို့ လိုက်ပါလာရာ ကိုဝင်းဆန်းတစ်ယောက်သာ ဝါးရုံတောထဲတွင် ငါးခိုးများရင်း ကျန်ခဲ့ပါသည်။

ထိုစဉ်က ပန်းတော်ကုန်းရွာတွင် စားသောက်ဆိုင်များရှိပါသည်။ ကျွန်တော်တို့ သင်တန်းကျောင်းဝင်းအတွင်း ဘုရားလေးဈေးရှိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အရက်မရောင်းပါ။

ပန်းတော်ကုန်းရွာသို့လည်း မရောက်မှီ၌ လာကြခြင်းဖြစ်ရာ လယ်ကွင်းကိုဖြတ်၍ နှစ်မိုင်ကျော် လမ်းလျှောက်ရပါသည်။ ဆောင်းနှောင်းရာသီဖြစ်၍ စပါးများရိတ်သိမ်းပြီးဖြစ်ရာ နှီးပြတ်တောအား ဖြတ်၍သွားရပါသည်။

ပန်းတော်ကုန်းရွာမှာ ရွာကြီးဖြစ်ပြီး သင်တန်းကျောင်းနှင့် အနီးဆုံးဖြစ်သည်။ ရွာရောက်လျှင် သန့်ရှင်းသော အရက်ဆိုင်တစ်ဆိုင်သို့ ဝင်၍ အရက်နှင့်အမြည်းဝယ်ကြရာ Rum အရက်မရှိဘဲ RE နှင့် တင်လဲဖြူသာ ရှိပါသည်။ အမြည်းမှာလည်း လက်ဖက်သုပ်နှင့် လယ်ငါးကလေးကြော်၊ ကြွက်ကြော်များသာ ရှိပါသည်။

ဦးမောင်မောင်မှ. .

"ကဲ. . ဘာဝယ်ကြမလဲ။ အမြည်းကလည်း မစုံဘူး။ ဟိုကောင်ငါးမျှားတာကလည်း ရချင်မှရမှာ။ အရက်ပဲဝယ်ပြီး ရွာထဲမှာ ဘဲရှာ ကြက်ရှာ ရရ လိုက်ဝယ်မယ်။ သဘောတူကြသလား"

ကျွန်တော်တို့မှ. .

"တူတယ်ဗျို့"

ဦးမောင်မောင်မှ. .

"အများဆန္ဒအရ သဘောတူ ကြိုက်ညီကြပါသဖြင့် တင်လဲဖြူ အရက်နှစ်လုံးပေးပါ။ ရှိတဲ့အမြည်းလည်း ချပါ"

ဆိုင်ရှင်မှ တင်လဲဖြူအရက်နှစ်လုံးနှင့် အမြည်းများချပေးရာ ဦးမောင်မောင်က ဖန်ခွက်များတွင် အရက်ထည့်၍ ရေရော၍ ကျွန်တော်တို့အား ပေးပါသည်။





ကျွန်တော်မှ. .

"ဦးမောင်မောင်. . ကျွန်တော်မရဘူးဗျ။ ခင်ဗျားဟာကြီးက အတော်ပြင်းမှာ"

"ပြင်းရင် ပျော်အောင် အမြည်းများများစား။ ဘယ့်နှယ်. . နှစ်မိုင်လောက် လမ်းလျှောက်ပြီး အရက်လာဝယ်ရတာ။ လမ်းလျှောက်ကောင်းရုံကလေးတော့ လုပ်ဦးမှပေါ့။ ဟုတ်တယ်မဟုတ်လား ကိုသိန်းဦးရေ"

"ဟုတ်ပါ့ဗျာ. .။ တစ်ခါတလေ ပျော်ရတာ။ အမှတ်တရပေါ့ဗျာ"

လူသုံးယောက်လာကြရာ နှစ်ယောက်က အားများ၍ ကျွန်တော်လည်း သောက်ရပါတော့သည်။ ပြင်းလွန်းလှသဖြင့် ဆိုင်ရှင်ထံမှ သံပုရာသီးတောင်း၍ သကြားတောင်းပြီး အဝင်ကောင်းအောင် လုပ်ရပါတော့သည်။

ဦးမောင်မောင်မှ. .

"ကိုသိန်းဝင်း. . ဒါ ဂျင်အရက်မဟုတ်ဘူးဗျ။ တင်လဲဖြူ. .။ မှုက်စိနောက်အောင် မလုပ်နဲ့နော်"

ကျွန်တော့်မှာ နှစ်ခွက်သောက်ရုံနှင့် မူးလာသဖြင့် တောင်းပန်ရပါသည်။

"ခွင့်လွှတ်ပါ ဆရာကြီးရယ်။ ကျွန်တော်က နည်းသေးလို့ပါခင်ဗျာ"

ဦးမောင်မောင်မှ. .

"ရတယ် ကိုသိန်းဝင်း။ ကျုပ်က ဆရာဝန်။ အရက်ကို ကြိုက်လို့ သောက်တယ်။ ဘေးဖြစ်အောင်တော့ မလုပ်ဘူး။ သူများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မသောက်နိုင်ဘဲ အတင်းမတိုက်ဘူး"

သောက်ကြ၊ စားကြရင်း တင်လဲဖြူတစ်ပုလင်းကုန်သွား၍ မူးလာကြပါသည်။ ရွာထဲလှည့်၍ ကြက်၊ ဘဲဝယ်ရန်လည်း မဖြစ်တော့ပါ။ ဆိုင်ရှင်မှ ကြက်တစ်ကောင် အလိုက်တသိရှာပေး၍သာ တော်ပါတော့သည်။ အပြန်တွင် ကျွန်တော်က အရက်ပုလင်းကိုင်၍လည်းကောင်း ဆရာဝန်ကိုမောင်မောင်က ကြက်ပိုက်၍လည်းကောင်း ကိုကြီးကျော်နတ်သီချင်း သီဆိုလာရာ အင်ဂျင်နီယာကိုသိန်းဦးက တစ်လမ်းလုံး ကွေးနေအောင် ကလာပါသည်။ အပြန် လယ်ကွင်းဖြတ်ရာတွင် နေပူပြီဖြစ်သော်လည်း ကျွန်တော်တို့သုံးဦးစလုံး အပူခံများထည့်လာသဖြင့် နေပူမှန်းပင် မသိပါ။

လမ်းခုလတ် ညောင်ပင်ကြီးအောက်တွင် ခေတ္တနားကြပါသည်။ ကောက်ရိုးပုံကြီးလည်းရှိသဖြင့် ပြန့်ကျဲနေသော ကောက်ရိုးများပေါ်တွင် ခေတ္တလဲလျောင်း အနားယူကြစဉ် ဦးမောင်မောင်မှ..

"ကဲ..ကောက်ရိုးပေါ်မှာ ကျွမ်းထိုးကြမယ်ဟေ့။ တို့ငယ်ငယ်က အတိုင်းပေါ့။ ရော့..ကိုသိန်းဝင်။ ကြက်ပိုက်ထား"

သူက သီချင်းဆိုရင်း ကျွမ်းထိုးပြပါသည်။

"ကိုကြီးကျော် ဒိုင်ဗင်ထိုးတယ်။ ဟပ်ချီး..ဟပ်ချီး.."

ကျွန်တော်မှ ကြက်ပိုက်ထားရင်း ဦးမောင်မောင်အား..

"ဦးမောင်မောင် သီချင်းဆိုရင်း ဒိုင်ဗင်ထိုးတာ တော်သဗျာ ကာရန်လည်း အကိုက်ပဲ"

"ကာရန်ကိုက်တာ မဟုတ်ဘူးဟ။ ကောက်ရိုးမှုန်တွေ နှာခေါင်းထဲဝင်လို့ နှာချေတာဟ"

စိတ်ကူးသစ်စာပေ



"ဟား..ဟား..ဟား.."

ကျွန်တော်နှင့် ကိုသိန်းဦး ဝိုင်းရယ်ကြပါသည်။ သို့သော် အရပ်ခြောက်ပေကျော်ပြီး ခန္ဓာကိုယ်ကြီးမားသော ဆရာဝန်ကြီးမှာ အရက်မူးမူးနှင့် ကျွမ်းလိုမ့်ထိုး၍ပြနေပါသည်။ ထိုစဉ် အင်ဂျင်နီယာကိုသိန်းဦးမှာလည်း စိတ်ပါလာပြီး ဒိုင်ဗင်ထိုးပြန်ပါသည်။

မကြာမီ ကိုသိန်းဦးမှာ စားထား သောက်ထားသမျှ အန်ပါတော့သည်။ ကျွန်တော့်မှာ ကြက်ပိုက်ရင်း ကိုသိန်းဦးအား ပြုစုရပါတော့သည်။ ထိုအခါမှ ကျွမ်းထိုးရပ်ကြပြီး ကိုသိန်းဦးအားတွဲ၍ အဆောင်သို့ပြန်ခဲ့ကြပါသည်။ အဆောင်တွင် ကိုဝင်းဆန်းမှာ ပြန်ရောက်နေပြီး ငါးဟင်းပင် ချက်ပြီးနေပါပြီ။

"ကဲ..ကိုဝင်းဆန်းရေ၊ ကျွန်တော် ကြက်ကိုင်ပေးမယ်။ ခင်ဗျား ဟင်းချက်ဖို့ပြင်ဦး။ ကိုသိန်းဝင်းက ထမင်းချက်။ ကိုသိန်းဦးကတော့ မှောက်သွားပြီ၊ နားပါစေ..။ ပြီးတော့မှ ကျွန်တော်ဆေးတိုက်လိုက်မယ်"

"ဦးမောင်မောင်..ဆန်ဝယ်ဖို့ မေ့လာပြီဗျ။ ဘာနဲ့ထမင်းချက်မှာလဲ"

ဦးဝင်းဆန်းမှ..

"ရတယ်..။ ကျွန်တော် မက်စ်ဆာဂျင်ကြီးကို ငါးဟင်းစားပေးပြီး ထမင်းတောင်းထားတယ်။ ချက်စရာတောင် မလိုတော့ဘူး"

ဦးမောင်မောင်မှ..

"ဦးဝင်းဆန်း..တော်သဗျာ။ ကဲ..ဒါဖြင့် ကြက်သားဟင်းသာ ချက်ပေရော့။ ဒီမှာ ကြက်ကိုင်ပြီးပြီ"

နေ့လယ် (၁) နာရီခန့်မှ ကျွန်တော်တို့ ထမင်းစားကြရပါသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်နှင့် ကိုဝင်းဆန်းကတော့ တင်လဲဖြူတစ်လုံးကို ဖြိုလိုက်ကြပါသည်။

ကိုသိန်းဦးမှာ ထမင်းပင် မစားနိုင်တော့။ မကြာခဏအန်၍ သွေးများပါလာရာ ညနေပိုင်းတွင် သင်တန်းကျောင်းဆေးရုံသို့ တင်ပို့သော်လည်း မသက်သာသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ အရေးပေါ်တင်ပို့လိုက်ရပါတော့သည်။ ကိုသိန်းဦးမှာ အစာအိမ်မှ သွေးယိုခြင်းဖြစ်သဖြင့် နောက်တစ်နေ့မနက်တွင် အရေးပေါ် သွေးသွင်းရန်လိုအပ်ရာ ကျွန်တော့် သွေးအုပ်စု (A, RH+) နှင့် တူသဖြင့် ကျွန်တော်ပင် သွားရောက်၍ သွေးလှူရပါတော့သည်။

ထိုအချိန်တွင် မည်သို့သတင်းရသွားသည် မသိပါ။ ရန်ကုန်ဆေးရုံကြီးသို့ အင်းစိန်ဆေးဆိုင်မှ မြင့်မြင့်ကြည်တို့ညီအစ်မ ရောက်ရှိလာကြပြီး ကျွန်တော်နှင့်တွေ့ဆုံပါသည်။ သင်တန်းက ပင်ပန်းပြီး သွေးလှူရသောအရှိန်ကြောင့် ကျွန်တော့်မှာ အားအင်ဆုတ်ယုတ်နေရာ အပြန်တွင် မြင့်မြင့်ကြည်တို့ညီအစ်မမှ တွဲ၍ခေါ်ပါသည်။

TAXI ကားငှားပြီး မောင်းနိုင်သည်က သမ္မတရုပ်ရှင်ရုံ၊ လက်မှတ်အသင့်ဝယ်ထားပြီးဟု သိရသည်။ ရုပ်ရှင်ရုံတွင် ပြချိန်စောသေးသဖြင့် အနီးရှိဆိုင်တွင် နေ့လယ်စာစားကြပြီးမှ ရုံတွင်းဝင်ကြရာ သူတို့ညီအစ်မမှာ ကျွန်တော့်အားညှပ်၍ ယှဉ်ကြပါသည်။ ကျွန်တော့်အား ရှူဆေးပေးခြင်း၊ လိမ္မော်သီးနှင့် ဆီးယိုကျွေးခြင်းဖြင့် ပြုစုကြပါသည်။

ရုပ်ရှင်ကားမှာ မှတ်မှတ်ရရ Diabolic သုံးနှီးကြီးကားဖြစ်သည်။ ရုပ်ရှင်အပြီးတွင် သမ္မတဟိုတယ်အောက်တွင် လက်ဖက်ရည်သောက်ကြရင်း မြင့်မြင့်ကြည်မှ. .





"အစ်ကို ဒီနေ့ ဖောင်ကြီးပြန်ရမှာလားဟင်"

"ဟုတ်တယ်။ မနက်ဖြန် Crawing စာမေးပွဲ စစ်ဖို့ရှိတယ်။ မပြန်လို့ မဖြစ်ဘူး"

"နားရက်မပေးဘူးလား။ အရမ်းပင်ပန်းမှာပေါ့"

"မတတ်နိုင်ဘူး မြင့်မြင့်ရေ။ အရေးပေါ်သွေးလှူရပေမယ့် သင်တန်းက ဆင်းခါနီးနေတော့ Crawing စာမေးပွဲကို မဖြေလို့ မဖြစ်ဘူး"

"အဲဒါဆိုရင် စိတ်မချဘူး။ ညီမ အစ်ကို့ကို ဖောင်ကြီးအထိ လိုက်ပို့မယ်နော်"

"မလိုက်ပါနဲ့ကွာ။ ညီမတို့ အပြန်မိုးချုပ်တော့ အခက်တွေ့လိမ့်မယ်။ မိဘတွေကလည်း ပူနေလိမ့်မယ်"

"အင်း. . အဲဒါဆိုလည်း စော်ဘွားကြီးကုန်း အဝေးပြေးဂိတ်အထိတော့ လိုက်ပို့မယ်နော်"

"အင်း. . အဲဒါတော့ ရတယ်။ ကဲ. . သွားကြစို့"

စော်ဘွားကြီးကုန်းအရောက်တွင် ကျွန်တော်ကားအဆင်သင့်ရပါသည်။

"ရော့. . အစ်ကို၊ ဒါ. . အားဆေးတွေ၊ Furamin B.C လည်း ပါတယ်။ သွေးအားကောင်းအောင်လို့ပါ"

"ကျေးဇူးပဲ မြင့်မြင့်ရေ၊ အစ်ကို သွားတော့မယ်။ ပြန်ကြတော့။ သင်တန်းဆင်းမှ ပြန်တွေ့ကြတာပေါ့"

ကျွန်တော့်ကားထွက်မှ သူတို့ပြန်ကြပါသည်။ ကားမှာ ဖောင်ကြီးတာဆုံအထိသာရောက်သဖြင့် ကားကြုံပြောင်းစီးရပြန်သည်။ ဖောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့လည်း သင်တန်းကျောင်းအထိ လမ်းလျှောက်ရပြန်သည်။

တော်မါသေးသည်။ Crawing စစ်ဆေးခြင်းမှာ ရက်ရွှေ့သွားသဖြင့် ကျွန်တော် တစ်ရက်အနားရပါသည်။ ဆရာဝန်ဦးမောင်မောင်မှာလည်း နေမကောင်းဟုအကြောင်းပြကာ အမှတ်ဖြတ်ခံ၍ တစ်ရက်နားပြီး ကျွန်တော့်အား အဖော်လုပ်၍ ပြုစုပါသည်။

ဦးမောင်မောင်မှာ စိတ်ထားကောင်းပြီး ဘက်စုံတော်ပါသည်။ ယနေ့လည်း ကျွန်တော်တို့စားရန်အတွက် သင်တန်းဖို့နှင့်ပေါင်းပြီး အထူးဟင်းချက်ထားရာ 'မြွေသားဟင်း' တဲ့။ ညဦးက သူ၏ တစ်တောင်ခန့်ရှိသော လည်ရှည်ဖိနပ်ကြီးထဲသို့ ဝင်၍ခွေနေသော မြွေဟောက်ကြီးအား ခေါင်းဖြတ်၍ ချက်ထားခြင်းဖြစ်သည်။ သွေးအားကောင်းသည်တဲ့လေ။ ကျွန်တော် မစားရဲပါ။ သူကတော့ မြိန်ရေရှက်ရေစားသုံးပါသည်။ အတင်းဂျွေးသဖြင့် အနည်းငယ်မြည်းကြည့်ရာ အတော်ချိုစိမ့်ပါသည်။ ဟင်းရည်ကလည်း အတော်ချိုသည်။

"မှတ်ထား ကိုသိန်းဝင်း..။ လူ့လောကမှာ အရသာအရှိဆုံး စားစရာအဖြစ် ဖွတ်၊ ဥ၊ လိပ်သည်း၊ ကျွဲနို့ခဲလို့ ဆိုခဲ့တယ်။ အဲဒါ ဦးပေါ်ဦးက မြွေသားမစားဖူးသေးလို့ ပြောခဲ့တာ။ မြွေသားသာ စားဖူးရင် အရသာအရှိဆုံးစားစရာထဲမှာ မြွေသားပါ ပါလိမ့်မယ်။ မြွေသားတောင် အဆိပ်ရှိတဲ့ မြွေဟောက်၊ မြွေပွေးသားကမှ စားလို့အရသာရှိတာ။ တခြားမြွေသားတွေက ဖွယ်တယ်တယ်နဲ့ အရသာပေါ့တယ်"

အတော်ထူးဆန်းသော ဆရာဝန်ဖြစ်သည်။ ကွမ်းလည်း စားသည်။ ဆေးလိပ်လည်း သောက်သည်။ အရက်လည်း သောက်သည်။ သို့သော် သူက အလွန်အကြူးတော့မဟုတ်။ ကျွန်တော့်အား ပြောတာ





ဖူးပါတယ်"

"ကျွန်တော်တို့အဆောင်မှာ သရဲရှိတယ်ဗျ"

"မဟုတ်တာ ကိုသိန်းဦးရယ်။ ကျွန်တော်တို့ နေလာတာပဲ လေးလရှိပြီ။ မကြားဖူးပေါင်ဗျာ"

"ကျွန်တော်လည်း မယုံပါဘူး။ ဒါပေမဲ့ ကြုံနေရတယ်ဗျ။ ကျွန်တော်တို့အဆောင်အနောက်ဘက် စတိုခန်းထဲက ကျွန်တော်တစ်ယောက်တည်းရှိတုန်း လူညည်းသံကြားရတယ်ဗျ။ နောက်ပြီး အိုးခွက်ပန်းကန်တွေ လှုပ်လှောနေသံကိုလည်း ကြားရတယ်။ ကျွန်တော်သွားကြည့်တော့ ဘာမှမရှိဘူးဗျ"

"ကြွက်တွေနေမှာပါဗျာ။ လူညည်းသံကြားရတယ်ဆိုတာကတော့ ခိုငှက်တွေ ဖြစ်မှာပါ။ ဘယ့်နှယ်..နေ့လယ်ခင်းကြီး သရဲခြောက်ရတယ်လို့"

နောက်တစ်နေ့တွင်လည်း ကိုသိန်းဦးက ထပ်ပြောပြန်ပါသည်။ သူနှင့် ကျွန်တော်မှာ ခုတင်နီးချင်းဖြစ်၍လည်းကောင်း၊ ကျွန်တော့်သွေးများအား လှူဒါန်းထားသဖြင့်လည်းကောင်း ကျွန်တော့်အား အလွန်ခင်မင်ပါသည်။

"ကိုသိန်းဝင်းရေ..။ တကယ်ပြောတာဗျ။ ကျွန်တော်ကိုယ်တိုင် အကောင်အထည်မြင်လိုက်ရပြီဗျ။ ဘောင်းဘီနက်ပြာဝတ်လို့..။ သင်တန်းသားတစ်ဦးလိုပဲ။ အဲကျတော့ မပါဘူးဗျ။ အရိုးငေါငေါနဲ့ လူမမာရုပ်ပဲဗျ။ ကျွန်တော်တို့သင်တန်းသားထဲက တစ်ယောက်နဲ့မှ မတူဘူး။ လုံးဝမတူဘူး။ လူစိမ်းပဲဗျ..။ ကျွန်တော်လည်း အနားယူနေတာဆိုတော့ ကျွန်တော့်ခေါင်းရင်းက ပြတင်းတံခါးကလွဲရင် ကျန်တဲ့တံခါးတွေ အားလုံးပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာ။ ဒီလူ ဘယ်ကဝင်လာသလဲ မသိဘူး''

''ဒါနဲ့ အဲဒီလူ ဘယ်ရောက်သွားသလဲဗျ''

''ကျွန်တော့်ကိုကြည့်ပြီး စတိုခန်းထဲ ပြန်ဝင်သွားတာပဲဗျ။ ကျွန်တော်က သူခိုးမှတ်လို့ တုတ်ကိုင်ပြီး စတိုခန်းထဲသွားကြည့်တော့ မရှိတော့ဘူး။ တံခါးတွေလည်း ပွင့်မနေဘူးဗျ''

''နေ့ခင်းကြောင်တောင်ဗျာ. .။ ခင်ဗျား သွေးအားနည်းလို့ ဖြစ်တာ နေမှာပါ''

ထိုစဉ် ဦးမောင်မောင်ရောက်ရှိလာပြီး တစ်စွန်းတစ်စကြားသိသွားသဖြင့်. .

''စတိုခန်းထဲက—သရဲအကြောင်း ပြောနေတာမဟုတ်လား။ ကျွန်တော်လည်း ဆရာဝန်တစ်ယောက်ပဲ။ မကြောက်တတ်ပါဘူး။ ဒါပေမဲ့ အဲဒီအကောင်က တကယ်ရှိတယ်ဗျ။ စတိုခန်းထဲမှာထားတဲ့ ကျွန်တော့် အိမ်ကယူလာတဲ့ အမဲကြော်နဲ့ အရက်ပုလင်းကို ခိုးခိုးစားတယ်။ ညဘက် စတိုခန်းထဲမှာ မွှေနှောက်နေတာ ကြွက်မဟုတ်ဘူးဗျ။ အဲဒီအကောင်ပဲ။ ကျွန်တော် တစ်ည အိမ်သာထသွားရင်း စတိုခန်းထဲမှာ ရိပ်ခနဲမြင်လိုက်ရတယ်။ ဘောင်းဘီနက်ပြာ၊ အင်္ကျီချွတ်နဲ့လေ။ ခင်ဗျားတို့ ကြောက်မှာစိုးလို့ ကျွန်တော်မပြောတာ''

''ကိုသိန်းဦးကြောက်နေပါ့မယ် ဦးမောင်မောင်ရာ။ ခင်ဗျားကလည်း ဖြုံခြောက်မနေပါနဲ့''

''ကျွန်တော် မကြောက်တတ်ပါဘူးဗျာ။ သတ္တုရှာဖွေရင်း တောတောင်အနှံ့ သွားနေရလို့ ဒါမျိုးတွေ ရိုးနေပါပြီ''

နောက်တစ်နေ့တွင် ကိုသိန်းဦး၏ဌာနမှ စာရောက်လာပါသည်။





သင်တန်းဆင်းပြီးလျှင် ဩစတေးလျသို့ ပညာသင်သွားရန် ရွေးချယ်ထားကြောင်း အကြောင်းကြားစာဖြစ်ပါသည်။ ကျွန်တော်တို့သူငယ်ချင်းများ အလွန်ဝမ်းသာကြပါသည်။

သင်တန်းဆင်းရန် နှစ်ပတ်အလိုတွင် ကျွန်တော်တို့သင်တန်းသားများ မင်းကုန်းဘက်သို့ (SRB) လမ်းလျှောက်ရပါသည်။ ကိုသိန်းဦးလည်း လျှောက်ပါသည်။ ရိုင်ဖယ်သေနတ်ကြီးကို မထမ်းနိုင်သဖြင့် ကျွန်တော်တို့သူငယ်ချင်းများက တစ်လှည့်စီ သူ့သေနတ်ကြီးကို ဝိုင်းကူထမ်းပေးရပါသည်။ ယနေ့ သင်တန်းတွင် အထူးဟင်းချက်ပေးမည်ဟု သိရသဖြင့် ကိုသိန်းဦးလည်း ထမင်းစားမည်ဟု ပြောပါသည်။

နေ့လယ် (၁၁) နာရီခန့် သင်တန်းပြန်ရောက်ပြီးနောက် ခေတ္တနား၊ ရေချိုးကြပြီး ထမင်းစားဆောင်ဝင်ကြရာ အလျင်ရောက်နေသော ကိုသိန်းဦးနှင့် မတ်စ်ဆာဂျင်ကြီး ပြဿနာဖြစ်နေပါသည်။

အထူးဟင်းမှာ ဝက်သားဟင်းဖြစ်သော်လည်း အဆီများများနှင့်။ ကျက်ပင် မကျက်သေးပါ။

ကိုသိန်းဦးနှင့်အတူ စားသောက်နေကြသော သင်တန်းသားများမှာ ဆက်လက်မစားသောက်တော့ဘဲ ထမင်းဟင်းများအား အမှိုက်တောင်း တစ်ခုအတွင်း သွန်ထားရာ အမှိုက်တောင်းပင် ပြည့်နေပါပြီ။ မကြာမီ သင်တန်းမှူးဦးခင်ညို ရောက်လာပြီး ဆက်လက်စကားများကြရာ လူဗလံလေး ကိုသိန်းဦးမှာ မဟုတ်မခံ အလွန်စိတ်ကြီးသူဖြစ်ကြောင်း သိရပါသည်။ ထိုနေ့က ကျွန်တော်တို့လည်း ပင်ပန်းသော်လည်း ဝက်သားဟင်းမစားကြတော့ဘဲ ပဲဟင်းနှင့်သာ နှစ်ပါးသွား၍ နေ့လယ်စာပြီးလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်တွင် အမိန့်ထွက်လာပါသည်။ စက်မှု (၁) မှ ကျောင်းသားနံပါတ် (၂၂) ဦးသိန်းဦး RTU တဲ့ခင်ဗျား. . ”

ကျွန်တော်တို့လည်း အလွန်စိတ်မကောင်း ဖြစ်ကြရပါသည်။ သို့သော် ဘာမျှမတတ်နိုင်ပါ။ ညနေသင်တန်းပြီးချိန်တွင် ကျွန်တော်တို့ ကိုသိန်းဦးအား ဖောင်ကြီးကားဂိတ်သို့ ပစ္စည်းများထမ်းပိုးပြီး လိုက်ပို့ကြရပါသည်။ လှည်းကူးမြို့သို့ထွက်မည့် နောက်ဆုံးကား မီသေးသဖြင့် တော်ပါသေးသည်။ ကိုသိန်းဦးမှာ ယနေ့ည လှည်းကူးမှ အမျိုးအိမ်တွင် ညအိပ်မည်ဖြစ်ပြီး မနက်ဖြန်မှ ရန်ကုန်ဆင်းရန်ဖြစ်သည်။

သင်တန်းနောက်ဆုံးအပတ် ဒုတိယနေ့ညနေတွင် ကျွန်တော်တို့ (LRB) ခရီးရှည်လမ်းလျှောက်ပြီး ပြန်အရောက်၌ ကျွန်တော့်အတွက် စာတစ်စောင် ရောက်နေပါသည်။ ကိုသိန်းဦးထံမှ စာဖြစ်သည်။ RTU အလုပ်ခံရသဖြင့် ဌာနမှ သူ့အား ဩစတေးလျပညာသင် ရွေးချယ်ထားခြင်းကို ပယ်ဖျက်လိုက်ကြောင်း ဝမ်းနည်းဖွယ်ရာ အကြောင်းကြားစာ ဖြစ်ပါသည်။

❑ ❑ ❑

# ဧယျ(၃၀) သင်တန်းဆင်းပြီ

အုန်းတောခန်းမရှေ့ စစ်ရေးပြကွင်းတွင် သင်တန်းဆင်းပွဲ ကျင်းပရာ ကျွန်တော်တို့ဧယျ (၃၀) အပတ်စဉ်မှ သင်တန်းသား၊ သင်တန်းသူများ ကျောင်းအုပ်ကြီးအား အလေးပြုခြင်း၊ ချီတက်လမ်းလျှောက်ခြင်း၊ အနှေးလျှောက် အမြန်လျှောက်ခြင်းများအား ဘင်ခရာတီးဝိုင်းဖြင့် ခမ်းခမ်းနားနား ကျင်းပပြီးနောက် အုန်းတောခန်းမကြီးတွင် အောင်လက်မှတ်ပေးအပ်၍ သင်တန်းဆင်းပါသည်။

သက်ဆိုင်ရာ ဌာနအသီးသီးသို့ ပြန်ကြရတော့မည်ဖြစ်၍ ကျွန်တော်တို့ အုပ်စုလိုက် အမှတ်တရဓာတ်ပုံများ ရိုက်ကြပါသည်။ ထိုစဉ် ဆရာဝန်ဦးမောင်မောင်မှ. .

“ကိုသိန်းဝင်းရေ. . ။ ကျွန်တော်တော့ ကိုသိန်းဦးကို သတိရတယ်ဗျာ။ သူ့ခမျာ အတော်စိတ်ထိခိုက်ရှာမယ်။ သင်တန်းဆင်းခါနီးမှ ဖြစ်ရတာ နာတယ်ဗျာ။ သူ ဩစတေးလျလည်း မသွားရတော့ဘူး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရာထူးလည်း တက်မယ်မထင်တော့ဘူး''

''သတ္တုဝါတစ်ခု ကံတစ်ခုလို့ပဲမှတ်ပေါ့ ဦးမောင်မောင်ရယ်
ကိုသိန်းဦးလည်း ရောဂါဝေဒနာခံစားရပြီး စိတ်ကြောင်သွားပုံရပါတယ်

''စိတ်ကြောင်တာ မဟုတ်ဘူးဗျ။ သတ္တိပြောင်လာတာ။ ဝေ
ခံစားရလို့ ကိုယ်ခန္ဓာအင်အားနည်းပေမယ့်, စိတ်ဓာတ်အင်အားေ
ကြီးသဗျ။ မဟုတ်မခံစိတ်ဓာတ်ကိုတော့ ကျွန်တော်အကြိုက်သားဗျ

''အဲဒါ ကျွန်တော့်သွေးတွေ သူ့ခန္ဓာကိုယ်ထဲ စီးဝင်သွား
သတ္တိပြောင်လာတာ ဖြစ်မှာပေါ့ဗျာ။ ဟဲ. . ဟဲ. . ဟဲ. .''

''အင်း. . ယုံချင်စရာပဲ။ ကိုသိန်းဦးက သဘောကောင်းပေမ
သတ္တိရှိတယ်။ ခင်ဗျားက သဘောကောင်းတယ်။ ပျော့တယ်။ ကိုသိန်
က ရွှေဘိုသားဗျ။ လူပလံလေးဖြစ်ပေမယ့် စိတ်ဓာတ်မာကျောတယ
မဟုတ်တာလေးနဲ့ စိတ်မထိန်းနိုင်တော့ ဘဝတက်လမ်းတွေ ဆုံးရှုံးရ
တော့ နာသပေါ့ဗျာ''

''ကဲ. . ဦးမောင်မောင်ရေ၊ ယူနီဖောင်းနဲ့ ပစ္စည်းတွေအပ
အိမ်ပြန်ဖို့ လုပ်ကြရအောင်။ ခင်ဗျား ကားအကြိုလာမလား။ မလာ
တော့ ကျွန်တော်တို့အကျဉ်းဦးစီးက Ranger ကားနှစ်စီး လာကြိုမ
အင်းစိန်အထိတော့ လမ်းကြုံတယ်ဗျို့''

''လိုက်မယ်ဗျာ. .။ ကျွန်တော်တို့က နယ်ကဆိုတော့ ဘာ
မှ လာကြိုဖို့ မရှိဘူး။ ခင်ဗျားတို့ကားနဲ့ပဲ ကပ်လိုက်ရတော့မှာပဲ''

ကျွန်တော်တို့ ပစ္စည်းများအပ်နှံပြီး လာကြိုသည့်ကားနှင့် ပြ
ကြပါတော့သည်။ အင်းစိန်ရောက်မှ ဦးမောင်မောင် ကားငှား၍ ပြ
သည်။





''ကိုသိန်းဝင်းရေ. . မိတ္ထီလာပြောင်းခဲ့ဗျာ။ အဲဒီမှာလည်း ထောင်ရှိတာပဲ။ ကျွန်တော်တို့ ပြန်ဆုံကြရအောင်''

''ဟုတ်ကဲ့ ဦးမောင်မောင်ရေ. .။ ကျွန်တော် ကြိုးစားပါ့မယ်။ ခင်ဗျားက မိတ္ထီလာပြည်သူ့ဆေးရုံကြီးမှာပေါ့နော်။ ပြန်ဆုံကြတာပေါ့ဗျာ။ ဘိုင့်. . ဘိုင်. .''

သင်တန်းသားဘဝတွင် ပင်ပန်းခဲ့သမျှ ညနေပိုင်းတွင် အတိုးချပြီး သူငယ်ချင်းတစ်စု ဘီယာဆိုင်တွင် အပန်းဖြေကြရင်း သင်တန်းအတွေ့အကြုံများအား ပြော၍မဆုံးကြတော့ပါ။

ကျွန်တော်တို့ဘဝမှာ မနက်ဖြန်တွင် သက်ဆိုင်ရာ ထောင်၊ စခန်းအသီးသီးသို့ သတင်းပို့ပြီးသည်နှင့် အချုပ်သား၊ အကျဉ်းသားများနှင့်မခြား ထောင်တွင်း၌ပင် ပျော်သလိုနေကြရပါဦးမည်။ လေးဘက်လေးတန် ကာရံထားသော အုတ်ရိုးအတွင်း၊ အကျယ်ချုပ်ကျခံရဦးမည်ဖြစ်သည်။ ထောင်အရာရှိဆိုသော်လည်း ထောင်သားများကဲ့သို့ လက်ဝါးပြင်တွင် ထောင်ဇာတာပါသူတစ်ဦးပင် မဟုတ်ပါလား။ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံရသူ့ဘဝသာ ခြားနားပါလိမ့်မည်။ (၂၄) နာရီ တာဝန်ရှိသူတွေမို့ ထောင်ကို အိမ်လုပ်နေရရာ အုပ်ချုပ်သူထောင်သားများဟု ခေါ်လျှင်လည်း မှားအံ့မထင်ပါ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အတွင်းရေးတိုက်ထောင်မှူး

ဖောင်ကြီးသင်တန်းက ပြန်ရောက်သည်နှင့် ကျွန်တော့်အား အလုပ်ဘက်ဌာန (အတွင်းရေးတိုက်)၊ ထောင်လုပ်ပစ္စည်းများအရောင်း ဌာနသို့ တာဝန်ချထားပါသည်။ ဦးမာဆိုသော စာရေးကြီးနှင့် တွဲရပါသည်။ ကျွန်တော်တို့ သင်တန်းဆင်းထောင်မှူးများအား နေရာအသီးသီးတွင် တာဝန်ချထားရာ ထောင်မှူးဦးစိုးသိန်းက ဖိနပ်ချုပ်ဌာန၊ ထောင်မှူးဦးလှ က ကုန်ကြမ်းဌာန၊ ထောင်မှူးဦးအုန်းငွေက မွေ့ရာချုပ်ဌာန၊ ထောင်မှူး ဦးလှတိုးက စက်ချုပ်ဌာန၊ ထောင်မှူးဦးစောလှိုင်က လက်သမားဌာန ဦးဝင်းဆန်းက တံခါးကြီးတာဝန်ခံ၊ ထောင်မှူးဦးမြင့်ဦးက ရိက္ခာဌာနတွင် ထောင်မှူးကြီးဦးကျော်လှိုင်နှင့် တွဲဖက်၍လည်းကောင်း၊ အိပ်ဆောင်များ တွင် ထောင်မှူးဦးညွန့်သိန်း၊ ထောင်မှူးဦးမြသွင်တို့က အုပ်ချုပ်လျက် ရှိသည်။

ယခင်လူပေါင်းများဖြစ်ကြသော ထောင်မှူးကြီးဦးတင်ရွှေ





အတွေ့တွေ့အုပ်ချုပ်ရေး၊ ထောင်မှူးဦးကျော်ထင် (ခြောက်ပေကြီး) က မိန်းဂျေးတာဝန်ခံ၊ ထောင်မှူးကြီးဦးစံသိန်း (ရသေ့ကြီး) က အဆောင်မှူး ချုပ် ဖြစ်သည်။ ထောင်ကျုံးတွင် ယခင်လူပေါင်းထောင်မှူး ဦးဘိုကြည် ဖြစ်သည်။ သာယာဝတီထောင်မှ ထောင်မှူးကြီးဦးလှအောင်ဆိုသူလည်း ပြောင်းရွှေ့ရောက်ရှိလာပြီး ထောင်ပိုင်ကြီးရုံးခန်းတွင် တွဲဖက်တာဝန်ထမ်း ဆောင်လျက်ရှိပါသည်။

အတွင်းရေးတိုက်လုပ်ငန်းတာဝန်များမှာ ဌာနဆိုင်ရာနှင့် ဌာန တွင်း ထောင်လုပ်ပစ္စည်းများအား ရောင်းချရခြင်းဖြစ်သည်။ ဆေးရုံသုံး အုန်းဆံမွေ့ရာ၊ သစ်သားထည်ပစ္စည်းများ၊ သံထည်ပစ္စည်းများ (သံခြေ ကျဉ်းနှင့် ရေပုံးများ၊ ဓားမကြီးများ)၊ သားရေလည်ရှည်ဖိနပ်နှင့် ရှူးဖိနပ် အမျိုးမျိုး၊ ရဲဘက်ဝတ်စုံ (အပြာရောင်နှင့် အဖြူရောင်ဝတ်စုံများ)၊ ဝန်ထမ်း ကာကီရောင်ဝတ်စုံများ၊ အုန်းဆံခြေသုံတ်ဖုံ အမျိုးမျိုးတို့ ဖြစ်ကြ ပါသည်။

ထို့ပြင် စာအုပ်ချုပ်နှင့် စက္ကူဖြတ်ဌာနလည်းရှိရာ ထောင်တွင်း၌ အသုံးအဆောင်ပစ္စည်းများက ပေါများလှသည်။ အဝတ်အစားချုပ်လိုသော် စက်ချုပ်မှ မန်နေဂျာဦးအိစွပ်က အထည်စိုက်ရုံမှက အလကားချုပ်ပေး သည်။

လက်သမားမန်နေဂျာ ဦးချစ်ပန်းနှင့် ဦးမြမောင်တို့က တန်ဖိုး မများသော သစ်သားထည်အသုံးအဆောင်များကို အလကားလုပ်ပေး သည်။ စာရွက်စာတမ်းများကိုတော့ စာတိုက်မန်နေဂျာဦးလှရွှေက လိုသမျှ ပံ့ပိုးပေးပါသည်။

ပစ္စည်းအလွန်ပေါသလို တစ်ဦးနှင့်တစ်ဦး စေတနာလည်း ရှိကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နေ့လယ်စာထမင်းတစ်နပ် အတွက်တော့ အလုပ်ဘက်တွင် ဘယ်ဌာနသွားစားစား စား၍ရပါသည်။ ထောင်ထွက်အသီးအနှံကလည်း ပေါလှသည်။ ထမင်းကတော့ ချက်စရာမလို။ မိုကြီးတွင် နေ့မီး၊ ညမီးဖြင့် အလျှံပယ်ချက်ထားသည်။

ကျွန်တော်တာဝန်ကျရာ အတွင်းဈေးတိုက်စာရေးကြီး ဦးမာမှာ လုပ်သက်ရင့်ပြီး အသက်ငါးဆယ်ကျော်ပါပြီ။ နေ့စဉ်လည်း အရက်မြူးလေး မှီဝဲသူဖြစ်သည်။ အခြားစာရေးကြီးများဖြစ်ကြသော ဗူးတံခါးကြီးစာရေး ဦးစံညွန့်၊ ထောင်ဝင်စာစာရေးကြီး ဦးတင်မောင်၊ ရိက္ခာစာရေးကြီး ဦးနီတို့လို ဝင်ငွေကောင်းသူ မဟုတ်ပါ။ နေ့စဉ်သောက်နိုင်ရေးအတွက် ဦးမာ ဖန်တီးပုံမှာ သင်းလှပါသည်။

ဥပမာအားဖြင့်ဆိုရသော် လက်သမားဌာနတွင်တောင်း၍ ပက်လက်ကုလားထိုင် (ကျွန်းသား) လုပ်ခိုင်းပြီး နေ့စဉ် နှစ်ကြိမ် (ထမင်းစားပြန်ချိန်နှင့် ညနေအလုပ်ပြန်ချိန်) ကုလားထိုင်ပစ္စည်းများအား တစ်ချောင်းစီထုတ်ယူ၍လည်းကောင်း၊ ကုန်ကြမ်းနှင့် စက်ချုပ်ဌာနများမှ အဝတ်စများအား တောင်းယူပြီး စက္ကူနှင့်ပတ်၍ ချိုင်းကြားတွင်ညှပ်ကာ ထုတ်ခြင်းဖြင့်လည်းကောင်း သူ၏နေ့စဉ်အရက်ဖိုးအတွက် ဖြေရှင်းနိုင်သူဖြစ်သည်။ တံခါးကြီးတွင် ဦးမာအပြန်မြင်လျှင် ချိုင်းကြား၌ ပစ္စည်းတစ်ခုခု ပါမြဲ။ နေ့စဉ် မြင်ရ၍ ရိုးနေပြီး အားလုံးကလည်း ခွင့်လွှတ်ထားသည်။

တစ်ခါတစ်ရံ ဌာနဆိုင်ရာများသို့သွား၍ ကုန်ဖိုးအကြွေးတောင်းခြင်း၊ ပစ္စည်းအမှာလက်ခံခြင်းတို့အတွက်လည်း သူ့အား tip money ပေး၍ ရတတ်သည်။ ကုန်ကြမ်းဌာနမှ ထောင်မှူးဦးလှကလည်း တစ်ခါတလေ ကုန်ကြမ်းပစ္စည်းများဝယ်ယူရန်အတွက် အကူအညီတောင်းလျှင်





လည်း tip money ရပြန်သည်။ ဦးမာအတွက် ထောင်ဆိုသည်မှာ အလွန်အလုပ်လုပ်ကိုင်၍ကောင်းသော ဘူမိနက်သန် နေရာမှန်ဖြစ်ပါသည်။

ကျွန်တော် တစ်ခါက မေးမိသည်။

"ဦးမာ. . အသက်ကြီးပြီ၊ နေ့တိုင်းအရက်သောက်တာ မကောင်းဘူးထင်တယ်"

"ဆရာထောင်မှူး မသောက်တတ်သေးလို့ပါ။ နေ့တိုင်းသောက်တာ ကျန်းမာရေးကောင်းတယ် ဆရာ။ Limit တော့ ရှိရမှာပေ့ါ၊ သောက်တာလည်း တစ်နေ့လုံးသောက်လို့တော့ မဖြစ်ဘူး။ ညနေပိုင်းပဲ သောက်ရမယ်။ BE အစစ်ကိုသာသောက်ရင် အန္တရာယ်မရှိပါဘူး။ ဝမ်းမှန်ပြီး သွားလေလျှောက်အားကောင်းတယ်။ အိပ်ပျော်၊ စားဝင်တယ်"

"ကျွန်တော်လည်း သောက်ဖူးပါတယ်ဗျာ။ သောက်ပြီးတာနဲ့ ထမင်းတောင် စားလို့မရဘူး။ အဲဒါ ဘာဖြစ်တာလဲ"

"အဲဒါ Service နုသေးလို့ပါ။ တစ်ပတ်လောက် နည်းနည်းနဲ့ နေ့တိုင်းသောက်ကြည့်ရင် အဆင်ပြေသွားမှာပါ"

"တစ်ပတ်လောက်လည်း နေ့တိုင်းမသောက်နိုင်ပါဘူးဗျာ။ ဦးမာတို့လို လေးနာရီထိုးတာနဲ့ နေ့တိုင်းပြန်လို့ရတာမှ မဟုတ်ဘဲ။ ထောင်ပိတ်၊ ထောင်ဖွင့်နဲ့ တာဝန်မှူးကလည်း ကျသေး။ နေ့တိုင်း မိုးချုပ်မှ အိမ်ပြန်ရတာ။ ဘယ်မှာ သောက်ချိန်ရှိမှာလဲ"

"ဆရာထောင်မှူးရယ်. . ထောင်ဝန်ထမ်းဟာ ဒီလိုပါပဲ၊ နောက်တော့လည်း သူ့ဟာနဲ့သူ အချိန်ယူတတ်သွားမှာပါ"

ဦးမာမှာ Old Service ဖြစ်၍ အားကိုးရပါသည်။ အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဈေးတိုက်တွင် ကျွန်တော်တာဝန်ခံဖြစ်သော်လည်း ဦးမာနန့်ပင် တိစွမျာ
ပြီးနိုင်သဖြင့် အတော်အားလပ်ခွင့်ရပါသည်။

အားလပ်ချိန်တွင် အလုပ်ဘက်၊ အလုပ်ရုံများသို့သွား၍ အကြ
အဖန်လုပ်နိုင်ပါသည်။ စက်ချုပ်ရုံသွား၍ ဂျာကင်အင်္ကျီချုပ်နိုင်သည်
ဖိနပ်ချုပ်ရုံတွင် ရှူးဖိနပ်အသစ်တစ်ရံ ချုပ်ခိုင်း၍ရသည်။ လက်သမားဌာ
သွား၍ လက်ကိုင်တုတ်ကအစ ပက်လက်ကုလားထိုင်နှင့် ထိုင်ခုံမျာ
အလကားလုပ်ခိုင်း၍ ရပါသည်။ ပြီးစီးပါကလည်း အလုပ်ဘက်လာသည်
ကားကြီးနှင့် အိမ်ပို့လိုက်ရုံသာ။

တံခါးကြီးတာဝန်ခံ ထောင်မှူးဦးဝင်းဆန်းကလည်း သူငယ်ချင်
မို့ ပြဿနာရှာခြင်း မရှိပါ။

မုန့်စားလိုလျှင်၊ ကွမ်းယာ၊ ဆေးလိပ် သောက်လိုလျှင် တံခါးကြီ
ဦးဝင်းဆန်းထံသာ သွားပါ။ သူ့စားပွဲအံဆွဲအား ဆွဲထုတ်လိုက်သည်နှ
အကုန်ရနိုင်ပါသည်။

ကျွန်တော်တို့ တံခါးကြီးထောင်မှူးလုပ်စဉ်က အားနာတတ်
သဖြင့် သူလို မစိုပြည်ပါ။ ကရင်ထောင်မှူး ဝင်းဆန်းကတော့ မရပါ
စည်းကမ်းကြီးသလို အားလည်းမနာတတ်ပါ။ တံခါးကြီးအတွင်း သူ့အသ
ချည်းသာ။ မနားတမ်းလည်း အလုပ်လုပ်သူဖြစ်သည်။ ထောင်ပိုင်ကြီးက
လည်း သဘောကျသည်။ နေရာမှန်၊ လူမှန်ရထားသော ထောင်မှူ
ဦးဝင်းဆန်း ဖြစ်ပါသည်။

❑ ❑ ❑

# အချုပ်ရုံးထောင်မှူး

အလုပ်ဘက်တွင် ခြောက်လပြည့်တော့ ၂/-ဆောင်အချုပ်ရုံး သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ တာဝန်ခံထောင်မှူးကြီးမှာ ဦးတင်ထွန်းဖြစ်သည်။ စစ်တပ်မှ ပခုံးပြောင်းလာသူဖြစ်သဖြင့် ဆက်ဆံ ရေးကောင်းမွန်ပါသည်။ အင်းစိန်ထောင်မှ ထောင်မှူးကြီးဟောင်းတွေ လို ရာထူးမာန် တက်မနေပါ။

ကျွန်တော် အချုပ်ရုံးရောက်၍ သုံးလခန့်အကြာတွင် အကျဉ်း ဦးစီးရုံးချုပ် (ယခင် ရန်ကုန်ထောင်ဟောင်း) မှ စာရေးမတစ်ဦး ထောင်မှူး အဖြစ် ပြောင်းရွှေ့လာပါသည်။ ထောင်ဖွင့်၊ ထောင်ပိတ်တွင် အမျိုးသမီး ဆောင်တာဝန်ခံအဖြစ် ကျွန်တော်တို့အဖွဲ့ထဲ ပါလာပါသည်။

အမျိုးသမီးမှာ ဖြူဖြူဖွေးဖွေး၊ အရပ်မြင့်မြင့်နှင့် ချောမောလှပ သော မော်လမြိုင်သူဖြစ်သည်။ အပျိုကြီးဖြစ်ပြီး ကျွန်တော့်ထက်တော့ အသက်ကြီးပါသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းဦးစီးရုံးချုပ်တွင် လူတာကာဝေးရသူဖြစ်သည်။ ထောင်မှူးလူပျိုများကလည်း ပိုးလိုက်သည့်ဖြစ်ခြင်း။ လူအိုထောင်မှူးကြီး ဦးတင်ရွှေနှင့် ထောင်မှူးကြီးဦးလှအောင်တို့ကလည်း အနားက မခွာကြပါ။ တက္ကသိုလ်တက်စဉ်က မစန္ဒာ၊ မသန္တာခင် (ရုပ်ရှင်မင်းသမီးများ) တို့အဖွဲ့က ဖြစ်သဖြင့် ကျွန်တော်သိပါသည်။ သူမနာမည်မှာ ခင်မြကြွယ်ဖြစ်သည်။

ကျွန်တော်ကတော့ ကျွန်တော့်ညည်းစားများနှင့် မပြတ်မသားဖြစ်နေ၍ အေးအေးပင် နေပါသည်။ လုပ်ငန်းဆက်စပ်မှုရှိသဖြင့် သူမကိုကူညီရသည်များလည်း ရှိပါသည်။ ဥပမာ. . ရုံးထုတ်၊ ရုံးပြန်နှင့် အာမခံလွတ်လူကိစ္စများ ဖြစ်သည်။

စနေနေ့တစ်နေ့ ထောင်နှင့်ပတ်သက်သောလူတစ်ဦးမှ အလှူဖိတ်ကြားသဖြင့် ကျွန်တော်တို့ထောင်မှူးများအဖွဲ့ သွားကြရန် ပြင်ဆင်နေရာ သူမလည်းလိုက်လိုသည်ဆိုသဖြင့် ခေါ်ခဲ့ရပါသည်။ အပြန်တွင် ကန်တော်ကလေးရှိ သူမ၏အိမ်သို့ ဝင်လည်ကြရာ သူမက အဒေါ်များနှင့် မိတ်ဆက်ပေးပါသည်။ မိဘနှစ်ပါး မရှိတော့ကြောင်းလည်း သိရသည်။ ညီမဖြစ်သူများဖြစ်ကြသော ဥမ္မာအောင်၊ သီရိအောင်ဆိုသူတို့နှင့်လည်း သိကျွမ်းခင်မင်ခဲ့ရပါသည်။

ထောင်ပြန်ရောက်သော် ကျွန်တော့်အထက်အရာရှိ ထောင်မှူးကြီးဦးတင်ထွန်းက ထောင်မှူးကြီးဦးတင်ရွှေနှင့် ထောင်မှူးကြီးဦးလှအောင်တို့အား မကျေနပ်သဖြင့် ကျွန်တော့်အား မြှောက်ပေးပါသည်။ ကျွန်တော်တို့ ထောင်ဗိတ်ဆုံရာတွင်လည်း ထောင်မှူးကြီးဦးတင်ထွန်းက ဘေးတီးပေးပါသည်။ သူမက ပြုံးရုံသာ။ ကျွန်တော့်မှာတော့ ထူပူရှိန်းဖိန်းဖြစ်ရ





ပါသည်။

ထိုအကြောင်းကို ကြားသိဟန်တူပါသည်။ ကရင်ထောင်မှူးကြီး ဦးတင်ရွှေနှင့် ဦးလှအောင်တို့က ကျွန်တော့်အား အလုပ်ကိစ္စအကြောင်းပြ၍ ပြဿနာရှာပါသည်။ ကျွန်တော်နှင့် မကြာခဏအချင်းများကြပြီး တစ်ခါတွင် ဝရမ်းတစ်စောင်ပျောက်ခြင်းကိစ္စနှင့် ပတ်သက်၍ ဦးတင်ရွှေနှင့်ကျွန်တော် ပြဿနာဖြစ်ရာ ဗူးတံခါးကြီးအတွင်း စိန်ခေါ်ပွဲပင်ဖြစ်ခဲ့ပါသည်။ အရာရှိများ ဖျန်ဖြေပေးသဖြင့်သာ ပြီးဆုံးသွားပါသည်။

ဦးတင်ရွှေက ကျွန်တော့်ကို အငြိုးထားသလို ကျွန်တော်ကလည်း သူ့ကို မကျေနပ်ပါ။ ထိုအကြောင်းကိုသိသော ဒေါ်ခင်မြကြွယ်က ကျွန်တော့်ဘက် ပါလာပါသည်။

တစ်နေ့တွင် မှုဂျာဟစ်ကုလားများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုရန်အတွက် စာရင်းပြုစုရပြန်ရာ ၎င်းတို့၏ Biography ကိုပါ တစ်ဦးချင်း မေးမြန်းစစ်ဆေးပြီး စာရင်းလုပ်ရသဖြင့် တစ်ပတ်နှင့်လည်း မပြီးပါ။ နေ့စဉ် ရုံးလုပ်ငန်းများအပြီး ည (၈) နာရီမှ ညဉ့် (၂) နာရီခန့်အထိ လုပ်ရသဖြင့် အလွန်ပင်ပန်းပါသည်။ ထိုအချိန်တွင် ထောင်မှူးဒေါ်ခင်မြကြွယ်မှာ ကျွန်တော့်အား ညှာတာသဖြင့် လာရောက်ဝိုင်းကူလုပ်ပေးပါသည်။ ကျွန်တော့်အထက်အရာရှိ အချုပ်ရုံးထောင်မှူးကြီး ဦးတင်ထွန်းကတော့ တစ်ခါတလေမှလာသဖြင့် မှုဂျာကိစ္စမှာ ကျွန်တော့်တာဝန်လုံးလုံးဖြစ်နေပါသည်။

ထိုအချိန်တွင် လာရောက်ကြီးကြပ်တတ်သော ထောင်မှူးကြီး ဦးတင်ရွှေနှင့် ကျွန်တော်မှာ နဂိုကတည်းက အငြိုးအတေးရှိကြသဖြင့် မကြာခဏ စကားများကြရပါသည်။

www.burmeseclassic.com



ထိုအရေးများကြောင့် ဒေါ်ခင်မြကြွယ်မှာ ကျွန်တော့်အပေါ် သနားပြီး စိတ်ညွတ်လာဟန်ရှိပါသည်။ ညည့်သန်းခေါင်ကျော် စာရင်းများ ပြုစုခြင်းရပ်နေ. ၍ သူမအိမ်ပြန်ရာတွင် ကျွန်တော့်အား လိုက်ပို့ရန် ခေါ်လေ့ရှိသည်။ ရုံးပိတ်ရက်များတွင်လည်း သူမအိမ်တွင် ထမင်းစားရန် ဖိတ်လေ့ရှိပါသည်။

တစ်လခန့်အကြာတွင် သူမနှင့်ကျွန်တော် ချစ်သူဘဝသို့ ရောက်ရှိသွားပါတော့သည်။ ကျွန်တော်တို့နှစ်ဦး ဆုံစည်းခြင်းအား အပေါင်းအသင်းထောင်မှူးများက 'မှူကျာပာစ်ပူးစာ' ဟု နောက်ပြောင်ဂုဏ်ပြုကြပါသည်။ ထောင်မှူးကြီးဦးတင်ရွှေနှင့် ဦးလှအောင်တို့ကတော့ ကျွန်တော့်အား မကျေနပ်ကြပါ။ ၎င်းတို့၏စနက်ကြောင့်ပင် ၁၉၅၅ ခုနှစ်၌ ကျွန်တော် ရန်ကုန်–မန္တလေး အမြန်လမ်းစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ထွက်လာပါတော့သည်။

❑ ❑ ❑

## ရန်ကုန်-မန္တလေးအမြန်လမ်းထောင်မှူး

ချစ်သူရည်းစားဘဝ ပူပူနွေးနွေး၌ပင် ကျွန်တော် ချစ်သူနှင့် ခွဲခွာ၍ စခန်းထွက်ရပါပြီ။ ဖောင်ကြီး မင်းကုန်းစခန်းသို့ စတင်ပြောင်းရွှေ့ရသောနေ့တွင် ဒေါ်ခင်မြကြွယ်မှ သူ၏ဦးလေးကားဖြင့် ကျွန်တော့်အား လိုက်ပို့ပါသည်။

မင်းကုန်းစခန်းတွင် ထောင်ပိုင်ကြီးဦးအုန်းကျော်တို့ ရှိနေရာ ဒေါ်ခင်မြကြွယ်မှ ရုံးချုပ်မှပြောင်းလာသူဖြစ်သဖြင့် ထောင်ပိုင်ကြီးများနှင့် ရင်းနှီးခင်မင်မှုရှိသောကြောင့် ကျွန်တော့်အား အပ်နှံပေးပါသည်။ ထောင်ပိုင်ကြီးများမှာ ယခင် ထောင်မှူးသင်တန်းတက်စဉ်က ကျွန်တော်တို့၏ သင်တန်းဆရာများဖြစ်သဖြင့် ကျွန်တော်နှင့်လည်း ဆရာတပည့်များဖြစ်ကြ၍ နွေးထွေးစွာကြိုဆိုကြပါသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စခန်းတွင် ထောင်ပိုင်ကြီးများနှင့်အတူ ကျွန်တော်တို့ နေ့လယ်စာ အတူထမင်းစားကြရင်း ဒေါ်ခင်မြကြွယ်က မှာစရာများအား မှာကြားပါသည်။ ညနေပိုင်းတွင် သူတို့ပြန်ကြရာ ကျွန်တော့်မှာ ချစ်သောသူနှင့် ခွဲခွာရခြင်းအတွက် ဝမ်းနည်းမိသလို ဒေါ်ခင်မြကြွယ်မှာလည်း မျက်ရည်လည်ရွဲနှင့် ပူဆွေးသောက ရောက်ရရှာပါသည်။

ကျွန်တော့်မှာ မင်းကုန်းစခန်း၌ပင် တာဝန်ထမ်းဆောင်ရန်ဖြစ်သော်လည်း ညဉ့် (၁၀) နာရီအချိန်ခန့်တွင် အိပ်ရာဝင်ရန် ပြင်ဆင်နေစဉ် မင်းကုန်းစခန်းမှ အထူးအရာရှိ ဗိုလ်ကြီးထွန်းလွင် (စာရေးဆရာဗိုလ်လုံ) နှင့်အဖွဲ့ သုံးတန်ကူးစခန်းသစ်ဖွင့်ရန်အတွက် ရှာဖွေစဉ် တောတွင်း၌ ပျောက်ဆုံးနေကြောင်း၊ ရဲဘက်များနှင့် ဝန်ထမ်းအဖွဲ့ (၁၀) ဦးခန့်က လာရောက်အကြောင်းကြားပါသည်။ အရေးပေါ်ကိစ္စဖြစ်သဖြင့် စခန်းတွင် အသင့်ရှိနေသော အငယ်ဆုံးဖြစ်သည့် ကျွန်တော့်အား လိုက်လံရှာဖွေရန် ထောင်ပိုင်ကြီးများက တာဝန်ပေးပါတော့သည်။

ညစာစားသောက်အပြီး ဘုရားဝတ်ပြု၍ အိပ်ရာဝင်ရန် ပြင်ဆင်နေသော ကျွန်တော့်မှာ အိပ်ရာ၊ အဝတ်အစား၊ အသုံးအဆောင်များအား သိမ်းဆည်းပြီး ည (၁၁) နာရီခန့်တွင် ရိုးမတောအတွင်းသို့ လက်နက်ကိုင်ဝန်ထမ်း (၅) ဦး၊ ရဲဘက်ကြီး (၂၀) တို့နှင့်အတူ ရှာပုံတော်ဖွင့်ရပါတော့သည်။

မီးတုတ်၊ မီးတိုင်ကိုယ်စီ လက်နှိပ်ဓာတ်မီးများနှင့်ဖြစ်သော်လည်း မိုးမကုန်သေး၍ ရွှံ့အိုင်ဗွက်အိုင်များ၊ ချောင်းငယ်မြောင်းငယ်များအား ဖြတ်ကျော်ရင်း ချော်လဲကြ၊ ဆူးချုံတိုးမိကြရင်း အတော်ဒုက္ခရောက်ကြပါသည်။





သားရဲတွေထယ်သော ရိုးမတောအတွင်း ညဘက်ကြီး ခရီးသွားရသည်မှာ မလွယ်ပါ။ သို့သော် ကျွန်တော်မှူးပါ။ လက်နက်ကိုင်၊ ယူနီဖောင်းဝတ် ဝန်ထမ်းဖြစ်ပြီး ကျန်းမာရေးကောင်းမွန်သော ငယ်ရွယ်သူဖြစ်သဖြင့် ညဘက်တောတိုးရသော အတွေ့အကြုံသစ် ရရှိသည်ဟုသာ မှတ်ယူပါသည်။ မင်းကုန်းစခန်းမှ ရေနက်ကြီးစခန်းအထိ ခရီး (၅) မိုင်ခန့်မှာ တောပါး၍ လူသွားလမ်းရှိသဖြင့် ပြဿနာသိပ်မရှိပါ။

ရေနက်ကြီးစခန်းသို့ရောက်လျှင် စခန်းတာဝန်ခံ ဦးမြသွင်အား ဝင်ရောက်သတင်းပို့ပြီး ခေတ္တနား၍ အပန်းဖြေကြရပါသည်။ ဦးမြသွင်မှာ အင်းစိန်ထောင်တွင် အတူတာဝန်ထမ်းဆောင်ဖူးသူဖြစ်၍. .

"ကိုသိန်းဝင်း. . ဒီစခန်းမှာ ညအိပ်ပြီး မနက်စောစောမှ သွားပါလားဗျ။ ညဘက်ကြီး. .။ ခရီးတွင်မှာလည်း မဟုတ်ဘူး။ နောက်ပြီး ရေနက်ကြီးစခန်းကကျော်တာနဲ့ တောနက်ကြီးထဲ ဝင်ရတော့မှာ။ အန္တရာယ်အလွန်များတယ်"

"မနားတော့ပါဘူးဗျာ။ သူတို့က ညတွင်းချင်းရှာနိုင်းတာဆိုတော့ ကျွန်တော်တို့ ရှာမှဖြစ်မယ်။ ဗိုလ်ကြီးထွန်းလွင် ဒုက္ခရောက်သွားရင် ကျွန်တော်တို့အပြစ် ဖြစ်နေမယ်"

"သူတို့မှာလည်း လက်နက်တွေနဲ့။ လူအင်အားလည်း တောင့်ပါတယ်ဗျာ။ ဒါလောက်လည်း စိုးရိမ်စရာ မရှိပါဘူး။ ထောင်ပိုင်ကြီးတွေ ခင်ဗျားကိုပညာပေးတာ ဖြစ်မှာပါ"

"ပညာပေးလည်း ခံရမှာပေါ့ဗျာ။ ကဲ. . ကျွန်တော်တို့ ဆက်ပြီးတောတိုးရတော့မယ်။ ခွင့်ပြုပါဦးဗျာ"

"သတိတော့ထားဗျို့။ ဒီအရပ်က မြွေပါးကင်းပါး ပေါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာရေ"

ကျွန်တော်တို့အဖွဲ့ ဆက်လက်ထွက်ခွာလာရာ ရေနက်ကြီးစခန်း ကျော်သည်နှင့် ပဲခူးရိုးမတောကြီးမှာ ပိန်းပိတ်အောင်ထူထပ်လာပါသည်။ လမ်းမှာလည်း တောတွင်းမှဆိုးလမ်းသာ ဖြစ်ပါသည်။ ညဘက် မိုးကာလ ဖြစ်၍ ပိုဆိုးပါသည်။ ခရီးမတွင်တော့ပါ။

ရှေ့အဖွဲ့က ဓါးရှံများ၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်း၍ သွားနေရသည်။ သားရဲများအော်သံကိုလည်း အနီးကပ်ကြားနေရသော်လည်း လူ (၂၀) ကျော် မီးတုတ်၊ မီးတိုင်နှင့် လက်နက်များပါသဖြင့် အနားမကပ်ရဲဟန် တူပါသည်။ သို့သော် နောက်ပိုင်းမှ ပစ္စည်းထမ်းလာရသူ ရဲဘက်များအား ကျားဝင်ဆွဲမှာစိုး၍ စောင့်ခေါ်ရပါသည်။

တော်ပါသေးသည်. .။ မိုးမရွာသဖြင့် မီးတုတ်၊ မီးတိုင်များ မီးထွန်းနိုင်သဖြင့် အလင်းရောင်ကောင်းစွာရနေပါသည်။

တောလမ်းမှာ ပို၍ကျဉ်းမြောင်းလာသဖြင့် လူနှစ်ယောက် တွဲ မသွားနိုင်တော့ဘဲ တစ်ယောက်ချင်းသာ တန်းစီ၍ သွားနိုင်ပါတော့သည်။ ရှေ့အဖွဲ့မှာ လမ်းမလွတ်သော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းနေရသဖြင့် ခရီးမှာ ပို၍ကြန့်ကြာပါသည်။ တစ်ခါတစ်ရံ သစ်ပင်ကြီးများ လဲနေတတ်သဖြင့် မုဆိုးလမ်းပါ ပျောက်သွားတတ်ပါသေးသည်။

မနက် ရောင်ခြည်ပေါ်စ (၄) နာရီခန့်တွင် 'ကျွန်းတစို့' စခန်းသို့ ရောက်ပါသည်။ ထိုစခန်းတွင် ထောင်မှူးကြီးဦးသိန်းမြင့်နှင့် ထောင်မှူးကြီး ဦးထွန်းရီတို့အား တွေ့ဆုံပြီး သတင်းပို့ရပါသေးသည်။

သူတို့ကလည်း ချက်ချင်းပင် လူစု၍ ပျောက်နေသော ဗိုလ်ကြီး ထွန်းလွင်တို့အဖွဲ့အား ရှာကြမည်ဖြစ်ရာ ကျွန်တော်တို့ ဆုံရပ်အဖြစ်





ကညင် နှစ်ပင်မုဆိုးစခန်းအား ရွေးချယ် လိုက်ပါသည်။

ကညင်နှစ်ပင်စခန်းအား ကျွန်တော်မသိပါ။ လာရောက် အကြောင်းကြားသော ရဲဘက်ကြီးများက သိကြ၍ တော်ပါသေးသည်။ ယခင်နှစ်များကလည်း သုံးတန်ကူးစခန်းအား ရှာကြရင်း ကညင်နှစ်ပင် မုဆိုးစခန်းလေး၌ နားခိုနေခဲ့ကြဖူးကြောင်း သိရပါသည်။

နတ်ရေတွင်း ယာယီမုဆိုးစခန်းလေးသို့ မနက် (၆) နာရီခန့် တွင် ရောက်ရှိပါသည်။ ခေတ္တနားကြပြီး အမောပြေ နတ်ရေတွင်းမှရေ ကို သောက်သုံးကြပါသည်။

နတ်ရေတွင်းဟု ခေါ်ဆိုရခြင်းမှာ ၎င်းရေတွင်းမှရေအား မျက် စေ့ခတ်လျှင် မျက်စိနာပျောက်ပြီး ဖောရောင်နေသူအား လိမ်းပေးလျှင် လည်း အဖောအရောင်ပျောက်ကြောင်း ရဲဘက်ကြီးများက ပြောကြပါ သည်။

နာရီဝက်ခန့် နားခိုပြီးနောက် သောက်ရေဘူးများအား နတ် ရေတွင်းမှ ရေဖြည့်ပြီး ဆက်လက်ထွက်ခွာလာကြရာ မနက် (၉) နာရီ ခန့်တွင် ရိုးမအလယ်ကြောအခြေရှိ ကညင်ပင်ကြီးနှစ်ပင်ပေါက်နေသော ကညင်နှစ်ပင်စခန်းသို့ ရောက်ပါတော့သည်။

၎င်းစခန်းသည်လည်း မုဆိုးယာယီစခန်းသာ ဖြစ်သော်လည်း မြှိုက်တဲကလေးထိုးထားသဖြင့် အမိုးအောက်တွင် အနားယူနိုင်ကြပါ သည်။ ထိုစခန်းတွင် အနားယူရင်း စောင့်ကြရာ မနက် (၁၀) နာရီခန့်တွင် ထောင်မှူးကြီးဦးသိန်းမြင့်တို့အဖွဲ့ ရောက်ရှိလာကြပြီး. .

"ကိုသိန်းဝင်းရေ. . အဆင်ပြေသွားပြီဗျို့"

"ဆရာဦးသိန်းမြင့်. .။ ဘာအဆင်ပြေတာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့ကို တွေ့ပြီဗျ။ ကျွန်တော်တို့စခန်း
နားက တောထဲမှာ တွေ့တာ။ ဗိုလ်ကြီး ဖျားနေလို့ ထမ်းစင်နဲ့ ထမ်းခေါ်
နေရလို့ ကြာတာတဲ့။ တစ်ခါ သုံးတန်ကူးစခန်းကို ရှာမတွေ့တဲ့အပြင်
ကျွန်တော်တို့ ကျွန်းတစ်စခန်းပါ ပျောက်နေလို့ သူတို့ဒုက္ခရောက်နေကြ
တာတဲ့။ တောမှောက်တာ ထင်ပါရဲ့ဗျာ"

"အဲဒီလိုကိစ္စမျိုးလည်း ရှိသလားဗျ။ လူအုပ်စုကြီးနဲ့ တော
မှောက်ရတယ်လို့. ."

"ရှိတယ် ကိုသိန်းဝင်းရေ. .။ မယုံမရှိနဲ့. .။ တောမှာယာ
တာ အင်မတန်ကြွယ်တာ။ ခင်ဗျားလည်း မကြာခင် သိလာမှာပါ။ ဗိုလ်
ကြီးထွန်းလွင်ကိုတော့ မင်းကုန်းဆေးရုံကို ထောင်မှူးကြီးဦးထွန်းရီ လိုက်
ပို့နေလေရဲ့။ မနက်စောစောက မင်းကုန်းကွပ်ကဲစခန်းက တလာတယ်
ဒီမှာ. .။ ခင်ဗျားနဲ့ အဖွဲ့ သုံးတန်ကူးစခန်းကို ဆက်ရှာပါတဲ့။ ရိုးမတော
ခြေ မြေနီကွင်းရွာက မုဆိုးကိုနီ သိတယ်တဲ့။ တွေ့ရင် လူငှါးရာ
စခန်းဆောက်ပါတဲ့။ ဒီမှာ ရဲဘက်အင်အားနဲ့ လက်နက်တန်ဆာပလာ
ရိက္ခာလည်း ဖြည့်ပေးခဲ့တယ်"

"ကောင်းဗျာ. .။ ကျွန်တော်လည်း ဒီတောလမ်းကြီးကို မပြ
ချင်တာနဲ့ အတော်ပါပဲ"

"ကဲ. . ဒါဖြင့် ကျွန်တော်တို့ ပြန်တော့မယ်။ လောလောဆ
စားဖို့ ထမင်းထုပ်တွေ ပါလာတယ်။ မနက်စာနဲ့ နေ့လယ်စာ ပေါင်းတ
ပေတော့ဗျို့။ သုံးတန်ကူးစခန်းတွေ့ရင် ကျွန်တော်တို့ဆီကို ဆက်သ
လွှတ်ပြီး အကြောင်းကြားပါ။ ကျွန်တော် တစ်ပတ်တစ်ခါ ရိက္ခာလာ
မယ်။ ကဲ. . ပြန်ပြီဗျို့"





"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်တို့အဖွဲ့ ကညင်နှစ်ပင်စခန်း၌ပင် နားနေရင်း နေ့
လယ်စာ စားကြပါသည်။ စားသောက်အပြီး၌ ရဲဘက်ကြီးများ၏ လမ်းပြ
မှုနှင့် မြေနီကွင်းရွာမှ မုဆိုးကိုနီအား သွားရှာရပါသည်။

မြေနီကွင်းရွာမှာ ရိုးမတောင်ခြေတွင်ရှိပြီး မြေပြန့်ဖြစ်သဖြင့်
လယ်ကွင်းများအား တွေ့ရရာ အသက်ရှူချောင်သွားသလိုပင်။ မုဆိုးကိုနီ
တဲမှာ တောစပ်တွင် ရှိသဖြင့်လည်းကောင်း၊ မုဆိုးကိုနီအား အဆင်သင့်
တွေ့ရသဖြင့်လည်းကောင်း အဆင်ပြေသွားပါသည်။

ကိုနီ့တဲတွင် ခေတ္တနားကြရာ ကိုနီက ကျွန်တော့်အား တော
ကောင်ဟင်းများနှင့် ထမင်းကျွေးပြန်ပါသည်။

"ကျေးဇူးပဲ ကိုနီရေ၊ ခင်ဗျား သုံးတန်ကူးစခန်းကိုရော သိ
သလားဗျ"

"သိတာပေါ့ ဆရာရယ်။ သုံးတန်ကူးစခန်းက ကျွန်တော်တို့
ရွာနဲ့ ကညင်နှစ်ပင်စခန်းကြားထဲတင် ရှိတာ။ ဒီရွာကနေ တစ်မိုင်ကျော်
လောက်ပဲ ကွာမှာပါ။ ကျားနဲ့ဝက်ဝံသောင်းကျန်းလို့ မုဆိုးတွေတောင်
တော်ရုံတန်ရုံ မသွားရဲကြဘူးဗျ။ မုဆိုးစခန်းတဲဟောင်းလေးတော့ ရှိဦး
မယ်ထင်ပါရဲ့။ ချောင်းကလေးသုံးတန်ကြားက နေရာလေးကို ခေါ်တာဗျ"

"အင်း. . နီးလျက်နဲ့ ဝေးနေရတာပေါ့ဗျာ။ လမ်းမှ မသိဘဲကိုး။
မုဆိုးစခန်းဟောင်းဆိုတော့ မုဆိုးကိုယ်တိုင်ပြမှပဲ သိရတော့မှာပေါ့ဗျာ"

"ဟုတ်ပါ့ ဆရာရယ်။ ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့က ကျွန်တော့်
လာရှာတာ။ ကျွန်တော် တောဝင်နေလို့ မတွေ့ရတော့ သူတို့လမ်းပျောက်
ကုန်တာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ကိုနီရေ၊ ကျေးဇူးအထူးတင်ပါတယ်။ ခင်ဗျားပဲ ဦးဆောင်ပြီး လမ်းပြပါဦးဗျာ"

"ကဲ. . သွားစို့ ဆရာရေ"

မကြာပါ. . ။ နာရီဝက်ခန့်နှင့်ပင် သုံးတန်ကူးစခန်းဟောင်းလေးအား တွေ့ရပါတော့သည်။

ချောင်းသုံးတန်အလယ်တွင် တစ်ကေခန့်သာ ကျယ်ဝန်းသောနေရာကလေးဖြစ်သည်။ ဝါးတောများ ထူထပ်သော နေရာဖြစ်သည်။

ထိုနေရာတွင်ပင် ကျွန်တော်တို့ ယာယီစခန်းချပါသည်။ ညနေစောင်းလာပြီဖြစ်၍ တဲမထိုးနိုင်တော့ပါ။ ညနေစာအတွက်သာ ထင်းရှာရေခပ်၊ ထမင်းချက်ဖြင့် အလုပ်များပါတော့သည်။ ဝန်ထမ်း (၅) ဦး၊ ရဲဘက် (၂၀) ဦးဖြစ်၍ လူအင်အားလည်း တောင့်တင်းပါသည်။ လက်နက်များပါသဖြင့်လည်း အင်အားရှိပါသည်။

အောက်တိုဘာလလယ်ဖြစ်၍ မိုးလေကင်းပြီအထင်နှင့် ကျွန်တော်တို့ စားသောက်ရန်ပြင်ဆင်နေကြစဉ် ရုတ်တရက် မိုးရွာလာသဖြင့် ပါလာသောတာလပတ်များအား တစ်ဖက်ယပ်အမိုးလုပ်ပြီး ခိုနေကြစဉ် မိုးမှာ မစဲတော့ဘဲ သဲသဲမဲမဲရွာချလာပါတော့သည်။

အနီးပတ်ဝန်းကျင်တွင် ငါးပေါက်ကလေးများနှင့် မျှစ်စို့ပေါက်များ ပေါသဖြင့် ဟင်းအတွက်တော့ မပူရပါ။

မိုးရွာထဲ၌ပင် ညစာအား စားသောက်ကြရပြီး မီးပုံကြီးဖို၍နေကြစဉ် ကျားဟိန်းသံနှင့် ဆင်အော်သံများအား အနီးပတ်ဝန်းကျင်မှ ကြားနေရပါသည်။ သေနတ်ပိုက်၍ ငုတ်တုတ်အိပ်ငိုက်ရင်း တစ်ညတာ ကုန်လွန်ရပါတော့သည်။





မနက်ပိုင်းတွင် စခန်းဆောက်ရန်နေရာအား လေ့လာကြရာ သုံးတန်ကူးစခန်းဟောင်းနေရာမှာ ချောင်းသုံးတန်ကြား တစ်ကေခန့်သာ ကျယ်ဝန်းသဖြင့် ရဲဘက် (၅၀၀) ဆံ့ ဘားတိုက်များ ဆောက်လုပ်မဖြစ်နိုင်သောကြောင့် မြောက်ဘက်သို့ရှာကြရာ သစ်ကြီးဝါးကြီးထူထပ်သော်လည်း အဆောက်အဦဆောက်လုပ်ရန် မြေပြန့်နေရာ ကျယ်ကျယ်ဝန်းဝန်းအား တွေ့ရှိရသဖြင့် ကျွန်တော်တို့နေထိုင်ရန် ယာယီတဲကလေးများ ထိုးရပါတော့သည်။

သစ်ဝါးပေါသော နေရာဖြစ်သည့်အပြင် တောင်ထန်းပင်များ ပေါများသဖြင့် အမိုးအကာအတွက် အဆင်ပြေသွားပါသည်။ ညနေစောင်းတွင် ဝန်ထမ်း၊ ရဲဘက်တဲကလေးများ ကိုယ်စီဖြင့် ညနေစာအား ကောင်းစွာစားနိုင်ကြပြီး ကင်းချ၍ မီးပုံဖိုပြီး လုံခြုံစွာ အိပ်စက်အနားယူနိုင်ခဲ့ပါသည်။

နောက်တစ်နေ့မနက်တွင် ငါးယောက်စီ အစုခွဲ၍ စခန်းဆောက်မည့်နေရာအား ရှင်းလင်းပါသည်။ တိုင်များနှင့် ထင်းများကတော့ တစ်ပုံကြီးရပါသည်။

သုံးတန်ကူးစခန်းအား တွေ့ရှိကြောင်း အကြောင်းကြားထားသဖြင့် ဆရာဦးသိန်းမြင့်တို့က လူ၊ ရိက္ခာ၊ လက်နက်များ ဖြည့်ဆည်းပေးပြီး တစ်ပတ်တစ်ကြိမ် လာရောက်ကြည့်ရှုပါသည်။

တစ်လခန့်အကြာတွင် ရင်ခွဲဘားတိုက်ကြီးငါးလုံးနှင့် ရုံးခန်းအဆောက်အဦ၊ ဖိုကြီးနှင့် ရိက္ခာရုံလည်း ပြီးစီးသွားသဖြင့် သုံးတန်ကူးစခန်းသို့ သာယာဝတီမှ ထောင်မှူးကြီးဦးသိန်းမြင့် ရောက်ရှိလာပြီး စခန်းတာဝန်ခံအဖြစ် အုပ်ချုပ်ပါသည်။ ကျွန်တော်က ရိက္ခာတာဝန်ခံ၊



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးဦးအေးချိုက ဦးဌာနနှင့် ရေးဌာနတာဝန်ခံ ဖြစ်လာပါသည်။

စခန်းမှာလည်း သာယာကောင်းမွန်သဖြင့်လည်းကောင်း။ သစ်ထုတ်ကားလမ်းလည်း ပြီးစီးသွားသဖြင့်လည်းကောင်း အလွန်စည်ကားသော စခန်းကြီးတစ်ခု ဖြစ်လာပါသည်။

စခန်းအခြေကျသွားသဖြင့် ကျွန်တော် အားလပ်ခွင့်ရလာပါသည်။ အင်းစိန်သို့လည်း ပြန်နိုင်သည်။ ဒေါ်ခင်မြကြွယ်နှင့်လည်း တွေ့နိုင်ပါသည်။ ခရီးဝေးသော်လည်း ဒေါ်ခင်မြကြွယ်မှာ ကျွန်တော်တာဝန်ကျသည့် သုံးတန်ကူးစခန်းအထိ ညအိပ်လာရောက်လည်ပတ်တတ်ပါသည်။

ကျွန်တော့်တာဝန်မှာ ရိက္ခာတာဝန်ခံဖြစ်သဖြင့် စခန်းအတွက် ရိက္ခာဖူလုံအောင် ဖြည့်ဆည်းပြီး နေ့စဉ်ထုတ်ပေးပြီးသည်နှင့် မနက် (၉) နာရီကျော်လျှင် အားလပ်ပါတော့သည်။ ထို့ကြောင့်ပင် သာယာဝတီ ခရိုင် လှည်းလမ်းကူးရွာမှ ရဲဘက်မုဆိုး အောင်သန်းအား အဖော်ပြုပြီး နိုးမတစ်ခွင် လှည့်လည်၍ အမဲလိုက်ခြင်း၊ သစ်ခွပန်းမှာခြင်းတို့ကို နေ့စဉ် ပြုနိုင်ပါသည်။

ကျွန်တော့်အတွက် တောလည်ခြင်းမှာ သားကောင်ရရန် အဓိကမဟုတ်ပါ။ တောအတွေ့အကြုံရရန်နှင့် သစ်ခွပန်းရှာရန်သာ ဖြစ်သည်။ သားကောင်လည်း ကြီးကြီးမားမားမရတတ်ပါ။

(. ၃၀၃) ရိုင်ဖယ်ကြီးထမ်းပြီး မုဆိုးအောင်သန်း လေးခွနှင့်ပစ်သော တောကြက်၊ တောငှက်များလောက်သာ ရရှိတတ်ပါသည်။ ကျွန်တော်ရရှိသည်ကတော့ တောအတွေ့အကြုံများနှင့် သစ်ခွပန်း၊ ကမှန်းမျိုးသာဖြစ်သည်။





ပဲခူးရိုးမတောထဲတွင် သဖန်ရိုင်းအမျိုးမျိုး၊ ရတနာရွှေခွက်၊ ငှက်ကြီးသစ်ခွ၊ သစ်ခွရောနှင့် ဖယောင်းပန်းအမျိုးမျိုး ပေါလှသည်။ ဖယောင်းပန်းများမှာ လက်တံတို၊ လက်တံရှည်အပြင် အဖြူရောင်၊ ခရမ်းရောင်နှင့် နနွင်းနုံ့ရသော အဝါရောင်ဖယောင်းပန်းများလည်း တွေ့ရတတ်သည်။

ခြောက်လခန့်အကြာတွင် ကျွန်တော် မအူပင်ဆိပ်စခန်းခွဲ (၁) သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြီး စခန်းခွဲတာဝန်ခံ လုပ်ရပါသည်။ ထိုစခန်းမှာ ဝေးကွာသော်လည်း တောမနက်ပါ။ မြေပြန့်ကွင်းများ ပေါများသဖြင့် ညဘက်တွင် ယုန်လိုက်ခြင်း၊ တောကြက်များပစ်ခြင်းဖြင့် အလွန်ပျော်စရာကောင်းပါသည်။ တို့စရာအသီးအနှံ ရင်းတိုက်ရွက်၊ ကြိမ်ခါးဖူး၊ ငှက်ပျောဖူး၊ ပုတတ်စား၊ မျှစ်ဖို့ပေါက်များနှင့် ကနစိုးသီး၊ ဆင်နှင်းသရက်၊ ကြောင်လျှာသီး၊ မလွှသီး၊ ဆီးဖြူသီးများ ပေါများလှသည်။ အသားအနေဖြင့် ရစ်ဒေါင်းနှင့် တောကြက်များ မကြာခဏရတတ်သည်။

ယင်းစခန်းတွင် ခြောက်လခန့်တာဝန်ထမ်းဆောင်ပြီးနောက် ထိပ်ဆုံးစခန်းဖြစ်သည့် လှော်တုံးစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြန်သည်။ စခန်းအမှတ် (၉) ဖြစ်ပြီး တောအလွန်နက်ပါသည်။ စခန်းကြီးဖြစ်၍ ရဲဘက်အင်အား (၄၀၀) ခန့်ရှိသည်။ လှော်တုံးချောင်းအနီးဖြစ်၍ ငါးနှင့် ကတက်ရွက်များ အလွန်ပေါသည်။

သို့သော် ငှက်ဖျားထူထပ်သောစခန်းဖြစ်၍ စခန်းတာဝန်ခံပင် မမြဲပါ။ မကြာခဏ ဆေးရုံတင်ရတတ်သည်။ ကျွန်တော်ကတော့ မဖျားပါ။ ငှက်ဖျားဆေးပုံမှန်သောက်သည့်အပြင် သေနတ်ထမ်းပြီး နေ့စဉ် လုပ်ငန်းများအား စစ်ဆေးရင်း တောလည်သဖြင့် ကျန်းမာရေးကောင်းမွန်နေပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစခန်းတွင် မြန်မာပြည်၌ ပထမဆုံး လေယာဉ်အပိုင်စီးမှုနှင့် ထောင်ဒဏ်နှစ် (၁၀၀) ကျခံနေရသော ကိုကျော်မြင့်ဆိုသူ ရှိပါသည်။

ခြောက်လအကြာတွင် နောက်တန်း လေ့လျော့အင်းရဲ့ဘက် စခန်း (၃) သို့ ကျွန်တော်ပြန်လည်ပြောင်းရွှေ့ခဲ့ရပါသည်။ စခန်းထောင်ပိုင်မှာ ဦးတင်မောင်နွဲ့ဖြစ်သည်။

အင်းစိန်နှင့်နီးသဖြင့် ကျွန်တော် မကြာခဏပြန်နိုင်သလို သံယောဇဉ်ကြီးရှာသော ဒေါ်ခင်မြကြွယ်လည်း မကြာခဏ ရောက်လာတတ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ မကြာမီ လက်ထပ်ဖြစ်ပါသည်။ ထိုစခန်းရောက်မှ မင်္ဂလာရှိသလို အမင်္ဂလာအဖြစ်-အသက် (၇၂) နှစ်ရှိပြီဖြစ်သော ကျွန်တော့်ဖခင် ကွယ်လွန်အနိစ္စရောက်သွားခြင်းကိုလည်း ကြုံရပါသည်။

❑ ❑ ❑

# မွေးမြူရေးထောင်မှူး

ရန်ကုန်-မန္တလေးလမ်းစခန်းတွင် (၂) နှစ်ကျော်အမှုထမ်းပြီးနောက် ၁၉၈၀ ပြည့်နှစ်တွင် ကျွန်တော့်မိခင်ထောင်ဖြစ်သည့် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပြန်လည်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါသည်။ အချုပ်ရုံးတွင်ပင်ဖြစ်သည်။

ထိုအချိန်က ဗျူးဂေဟာခေတ်စားနေပြီး မွေးမြူရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင်လုပ်ဆောင်ရရာ ထောင်ပိုင်ကြီး မစ္စတာမင်္ဂနန်း၏ ဦးဆောင်မှုဖြင့် ကျွန်တော်တို့ အသားတိုးကြက်နှင့် ဝက်များ စတင်၍ အလုပ်ဘက်ကိုဒေါင်လွတ်များတွင် မွေးမြူပါသည်။ ထောင်မှူးများအားလည်း ဗျူးဂေဟာကေဒါသင်တန်းများသို့ ပို့လွှတ်ပြီး တက်ရောက်ရရာ ကျွန်တော်လည်း ၁၉၈၂ ခုနှစ်တွင် ဗျူးဂေဟာကေဒါသင်တန်း အပတ်စဉ် (၁၄) သို့ တက်ရောက်ရပါတော့သည်။

သင်တန်းဆင်းပြီးနောက် ထောင်ပြန်အရောက်တွင် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



မှာ မွေးမြူရေးထောင်မှူးလုံးလုံးဖြစ်သွားရာ အလုပ်ဘက် မွေ့ရာချုပ်ကိုဒေါင်နှင့် အုတ်ရိုးကြားတွင် တပ်ကြပ်ကြီးတစ်ဦးနှင့် ဝက်မွေးမြူရေးလုပ်ရပြီး ဆားကိုဒေါင်တွင် ကြက်နှင့်ဝက်မွေးမြူရေး (၃) ဆောင်အား ပြင်ဆင်၍ ငုံးမွေးမြူရေးလုပ်ရပါတော့သည်။

ထောင်ပိုင်ကြီး မစ္စတာမဂ္ဂနန်းမှာ ပညာရှင်ဖြစ်သည်။ ငုံးဖောက်စက်၊ ကြက်ဥဖောက်စက်များအား အုတ်ကျင်းမှ ဦးမြဲဆောင်မွေးမြူရေးနှင့် အစာစပ်ရုံတွင် လေ့လာဝယ်ယူ၍လည်းကောင်း၊ အင်းစိန်မှ ဦးသံချောင်းထံတွင် လေ့လာ၍လည်းကောင်း ထောင်တွင်း၌ တီထွင်ပါတော့သည်။

လက်သမားမန်နေဂျာ ဦးမြမောင်နှင့် ဦးချစ်ပန်းတို့ကလည်း တော်ရှာသည်။ ထောင်ပိုင်ကြီးမှာကြားသည့်အတိုင်း တစ်သဝေမတိမ်း လုပ်နိုင်ကြသည်။

အစပိုင်းတွင် ကျွန်တော်တို့ စော်ဘွားကြီးကုန်း တပ်မွေးမြူရေးခြံမှ ကြက်ပေါက်၊ ငုံးပေါက်များအား ဝယ်ယူရသော်လည်း နောက်ပိုင်းတွင် ကျွန်တော်တို့၌ ငုံးဥဖောက်စက်၊ ကြက်ဥဖောက်စက်ကြီးများ အဆင့်အတန်းမီ လုပ်နိုင်လာသဖြင့် ပြင်ပမှ မဝယ်ရတော့သည့်အပြင် ပျားဂေဟာသို့ ငုံးဥများ နေ့စဉ် သောင်းဂဏန်းဖြင့် သွင်းနိုင်လာပါသည်။

အစိုးရဌာန လေ့လာရေးအဖွဲ့များကလည်း မကြာခဏ လာရောက်လေ့လာကြသည်။

ငုံးစာများကိုတော့ ဒညင်းကုန်းအစိုးရအစာစပ်ဌာနမှ ဝယ်ယူရသည်။ ငုံးဆောင်ကိုလည်း (၃) ဆောင်နှင့် မလုံလောက်၍ (၄) ဆောင်ကိုလည်း ငုံးမွေးမြူရေးသားဖောက်ဆောင်အဖြစ် တိုးချဲ့လုပ်ကိုင်ရပါတော့သည်။





အောက်ထပ်တွင် ငုံးဥဖောက်စက်များနှင့် ငုံးပေါက်ကလေးများ အပူပေးခန်းများအဖြစ် အသုံးပြုပြီး အထက်ထပ်တွင် ငုံးစင်များပြုလုပ်ရာ သံဆန်ခါများလိုအပ်သဖြင့် ကျိုက်ပိုင်းဘုရားလမ်း သံဆန်ခါစက်ရုံသို့ သွားရောက်လေ့လာပြီးနောက် ထောင်တွင်း၌ပင် ရက်လုပ်ပါတော့သည်။

လူလုပ်အား၊ ပညာရှင်၊ ပစ္စည်းပေါများသောကြောင့် ငုံးဥထွက်နှုန်းမှာ များပြားလှသဖြင့် ပျားဂေဟာပင် လက်မခံနိုင်တော့ပါ။ ပြင်ပသို့ ရောင်းရသည့်အပြင် ထောင်တွင်း၌လည်း အကျဉ်းသားများအား ကျွေးမွေးရပါတော့သည်။ ငုံးထီးများနှင့် ငုံးဥများမှာ အကျဉ်းသားများ မုန်းလောက်အောင် ကျွေးမွေးနိုင်ခဲ့ပါသည်။

၁၉၈၃ ခုနှစ်တွင် ငုံးဥအရောင်းထိုင်းလာသဖြင့် ဝက်မွေးမြူရေးအား တိုးချဲ့ရပြန်ပါသည်။ ဒေသခံဝက်များ မွေးမြူရာမှ နိုင်ငံခြားမျိုးဝက်များအား ဝယ်ယူ၍ တိုးချဲ့မွေးမြူရာ ဘုရားကြီးအစိုးရဝက်ခြံ၊ (၈) မိုင်ဝက်ခြံ (၁၀) မိုင်ဝက်ခြံများမှ Large White Land Race ဝက်မျိုးများဖြစ်ကြသည်။ ထောင်တွင်း၌သာမက ထောင်ပြင်နေရာအနှံ့ မွေးမြူရာ ကျွန်တော်တို့မှာ ဝက်ထောင်မှူးများ ဖြစ်ကြရပြန်သည်။

မွေးမြူရေးအောင်မြင်လာသဖြင့် အားဆေးနှင့် ကာကွယ်ဆေးများ လိုအပ်လာရာ ရွှေတိဂုံဘုရားလမ်း တိရစ္ဆာန်ဆေးဆိုင်သို့ မကြာခဏသွားရ၍ မန်နေဂျာဦးသိန်းလင်းနှင့်လည်း မိတ်ဆွေဖြစ်ရတော့သည်။

တစ်နေ့တွင် (၃) ဆောင်မြောက်ဘက် အုတ်တိုက် (ယခင်က မိလ္လာစွန့်ပြီး ဖုံးရန်အတွက် ဖွဲပြာများထားသောနေရာ) အနီးတွင် ဝက်နှင့် ငုံးချေးများထားရန်အတွက် အမှိုက်ကျင်းတူးကြစဉ် မြေတွင်းမှ ကြွေထည်ပစ္စည်းများနှင့် သံသေတ္တာကြီးများအား တွေ့ရှိရပါသည်။ ၁၉၇၃ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com



ဟု တံဆိပ်များပါရှိရာ ထောင်ပိုင်ကြီးအား သတင်းပို့သဖြင့် လာရောက်ကြည့်ရှုပြီး ဆက်လက်မတူးရန် တားမြစ်ပါသည်။ သံသေတ္တာကြီးများမှာ လက်နက်သေတ္တာများ ဖြစ်ပုံရပါသည်။

ဂျပန်ခေတ်က မြန်မာပြည်အတွင်းရှိ ထောင်များအား ဂျပန်များက လက်နက်တိုက်အဖြစ် အသုံးပြုခဲ့ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

နောက်ပြဿနာတစ်ခုမှာ ည (၁၂) နာရီထိုးလျှင် ငုံးများ လန့်၍ တိုးဝှေ့ကြသဖြင့် တစ်ကောင်နှင့်တစ်ကောင်ညပ်ကာ ဥကွဲ၍သေဆုံးခြင်းနှင့် ငုံးများ ဦးခေါင်းများပြတ်ကာ သေဆုံးခြင်းဖြစ်သည်။

အဖြစ်များသောရာသီမှာ ဆောင်းရာသီ နိုဝင်ဘာလမှ ဇန်နဝါရီလအတွင်း ဖြစ်သည်။ ချောင်း၍ဖမ်းသော်လည်း တရားခံမပေါ်။ အစောင့်ထားသော်လည်း လက်သည်ရှာမရပါ။ တဖြည်းဖြည်း (၃) ဆောင်အပေါ်ထပ်ရှိ ငုံးများ သေဆုံးမှုများလာပြီး ဥနှုန်းကျလာပါသည်။ ထောင်ပိုင်ကြီးခမျာလည်း ခေါင်းပူနေပြီ။ ငုံးမွေးမြူရေးမှာ အမြတ်မှ အရှုံးသို့ ပြလာပြီဖြစ်သည်။

နောက်ထပ်ပြဿနာထပ်ပေါ်သည်က ဒီဇင်ဘာလဆန်း၊ ညဦး (၁၂) နာရီခန့်ဖြစ်သည်။ ကျွန်တော့်မှာ ငုံးမွေးမြူရေးတာဝန်အပြင် ထောင်ကြီး၏ လုံခြုံရေးတာဝန်ပါကျပြီး တာဝန်မှူးတာဝန် ထမ်းဆောင်ရသဖြင့် ငုံးဆောင်ရုံးခန်းတွင် အစီရင်ခံစာများ ဖြည့်သွင်းရေးသားနေစဉ် (၃) ဆောင်၊ အောက် (၄) ခန်း ငုံးဆောင်တာဝန်ကျရဲဘက်များ ထားသောအခန်းမှ အုပ်စုလိုက် အလန့်တကြားထအော်သောကြောင့် ကျွန်တော်တို့ဝန်ထမ်းများ အပြေးအလွှားသွားရောက်ကြည့်ရှုရာ..





"ဦးဆွန်ဇာကျင်.. ဘာဖြစ်တာလဲဗျ"

တာဝန်ကျ ညကင်းဘာယာခေါင်းဆောင်အား ကျွန်တော်မေးရာ..

"ဆရာ.. ကျွန်တော့်ခေါင်းရင်း သံတိုင်ကြားက ဝက်ကြီးဝင်လာလို့ပါ"

ဘာယာများက..

"မဟုတ်ပါဘူး ဆရာကြီး။ ဆိတ်ကြီးပါ..။ ခေါင်းမှာ ဆိတ်ချိုနှစ်ချောင်းနဲ့ပါ"

"ခင်ဗျားတို့ဟာ ဘာလဲ..။ တစ်ယောက်ကဝက်၊ တစ်ယောက်ကဆိတ်နဲ့..။ ဘယ်ဟာ ယုံရမှာလဲ။ နောက်ပြီး ဒီအဆောင်က ငုံးမွေးမြူရေးအဆောင်။ ဝက်တွေက အလုပ်တက်မှာ ပြောင်းထားပြီးပြီ။ ထောင်ထဲမှာ ဆိတ်လည်းမမွေးဘူး။ နောက်ပြီး နှစ်လက်မလောက်သာခြားတဲ့ ကျပ်လုံးသံတိုင်တွေကြားက ဘယ်ကဝက်က ဝင်နိုင်မှာလဲ။ ကြွက်ပဲဝင်နိုင်မယ်။ ကြွက်ကရော ဝက်လောက်ကြီးပုံမလား။ စဉ်းစားပြီးလည်း ပြောကြဦး"

ဦးဆွန်ဇာကျင်က..

"ဟုတ်ပါတယ် ဆရာ..။ သူတို့ပြောတာလည်း မှန်ပါတယ်။ ဝက်မျက်နှာ ဆိတ်ချိုနဲ့ အကောင်ကြီးပါ။ သံတိုင်ကြားက ဘယ်လိုဝင်လာသလဲတော့ ကျွန်တော်မသိပါဘူး။ ကျွန်တော့်ကင်းချိန်ပြီးလို့ ခဏလှဲနေတုန်း ကျွန်တော့်ကို တက်နင်းသွားလို့ လန့်အော်မိတာပါ"

"ကဲ.. ဝင်းသိန်းရေ၊ အခန်းတံခါးကြီး ဖွင့်စမ်းကွာ။ အခန်းထဲက ကောင်တွေကရော ဘာကြောင့် အုပ်စုလိုက်အော်ရတာလဲ။ ပြော



www.burmeseclassic.com

www.burmeseclassic.com



ကြစမ်း''

အခန်းလူကြီးက. .

''ဟုတ်ပါတယ် ဆရာ. .။ ကျွန်တော်နဲ့ အခန်းစာရေး မအိပ်သေးဘဲ စကားထိုင်ပြောနေလို့ အနှင်းမခံရဘဲ ဝက်လိုလိုဆိတ်လိုလို အကောင်ကြီးကို အသေအချာမြင်လိုက်ရပါတယ်။ ဘာယာတန်းကြားက ဝင်လာပြီး အိပ်နေတဲ့လူအကုန်လုံးကို အပြန်အလှန်နင်းသွားလို့ အုပ်စုလိုက် ထအော်ကြတာပါ''

''အခန်းလူကြီး. . ဘယ်နေရာက ပြန်ထွက်သွားသလဲ''

''အခန်းအနောက်ဘက် အစွန်ဆုံးအပေါက် သံတိုင်ကြားက ပြန်ထွက်သွားပါတယ် ဆရာ။ ဝက်လိုအကောင်ကြီးက နှစ်လက်မလောက်သာကျယ်တဲ့ သံတိုင်ကြားက ပြန်ထွက်သွားတာ အလွန်အံ့ဩဖို့ကောင်းပါတယ်''

''ကဲ. . ထားတော့။ အုပ်စုလိုက် ထောင်ထဲမှာအော်တယ်ဆိုတာ ထောင်ဥပဒေနဲ့ ဆန့်ကျင်တယ်။ ၎-ဒ်မ (၄၅) နဲ့ အားလုံးကို အရေးယူလို့ရတယ်။ နောက်တစ်ခါ မအော်နဲ့။ ကင်းမှူးဦးဆွန်ဖာကျင်နဲ့ အခန်းလူကြီးတွေ သတိထားပြီးစောင့်ပါ။ နောက်တစ်ခါ အဲဒီအကောင်ကြီးဝင်လာရင် မကြောက်နဲ့။ တုတ်နဲ့သာရိုက်ပြီး ဆီးဖမ်းထားလိုက်။ ဖမ်းမိရင်တော့ မင်းတို့ကို မနက်ဖြန် ဗိုကြီးမှာ ဝေါယ်ရှယ်ချက်ကျွေးမယ်''

ကျွန်တော် ရဲဘက်များအား အားပေးပြီး မိန်းဂျေးလ်သို့ ပြန်ထွက်ခဲ့ပါသည်။ တော်ပါသေးသည်။ အခြားအဆောင်များ မကြားရ၍ ရုတ်ရုတ်သဲသဲမဖြစ်ပါ။ နေ့တိုင်းမဖြစ်သော်လည်း နောက်တစ်ညခြားတွင် (၄) ဆောင်၊ အောက် (၄) ခန်းတွင် ဖြစ်ပြန်ပါသည်။ ဒီဇင်ဘာတစ်လ





အတွင်း အဆောင်တိုင်း၏ အောက် (၄) ခန်းများ ရုတ်ရုတ်သဲသဲဖြစ်ကြရာ ထောင်ပိုင်ကြီးပင် သိရှိသွားပါသည်။ ခရစ်ယာန်ဘာသာဝင် ထောင်ပိုင်ကြီးပင် ကျွန်တော့်အားပြောသည်မှာ. .

''ဦးသိန်းဝင်း. . သရဲ တစ္ဆေကို ကျုပ်တို့မယုံပေမယ့် အဲဒါမျိုးတွေ ထောင်ထဲမှာဖြစ်တတ်တယ်။ ငုံးတွေသေတဲ့ကိစ္စလည်း ကျုပ်တို့အဖြေရှာမရဘူးမဟုတ်လား. .''

တဲ့ ခင်ဗျား. .။

www.burmeseclassic.com

www.burmeseclassic.com

## ကော့သောင်းဆီအုန်းစိုက်ပျိုးရေးစခန်းများ

၁၉၈၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျွန်တော် ကော့သောင်း ဆီအုန်းစိုက်ပျိုးရေးစခန်းသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့် ထွက်လာပါသည်။ စခန်းသစ်တစ်ခု စဖွင့်လျှင် ကျွန်တော်ထိပ်ကပါလာ တတ်သည်ကတော့ ဘယ်အကျိုးပေးမှန်းမသိပါ။

ပန်းဆိုးတန်းဆိပ်ကမ်းမှ မြစ်ကြီးနား ကမ်းရိုးတန်းသွား သင်္ဘောကြီးနှင့်ဖြစ်သည်။ အကျဉ်းဦးစီးဌာနမှ စင်းလုံးငှားသင်္ဘောဖြစ်၍ ကျွန်တော်တို့ကိုယ်ပိုင်ပစ္စည်းများ စိတ်ကြိုက်တင်နိုင်ပါသည်။

အခြားသူများက ကော့သောင်းမြို့တွင်ပြန်ရောင်းရန် ဘဲဥသေတ္တာ၊ ကြက်ဥသေတ္တာများ၊ ဝက်အုချောင်းများ သယ်ဆောင်လာခဲ့ကြသော်လည်း ကျွန်တော်ကတော့ အိပ်ယာတစ်လိပ်၊ သေတ္တာတစ်လုံး၊ လက်ဆွဲအိတ်





တစ်ခုအပြင် မန်ဒါလီ (ဘဲ) (၁၀) ကောင်အား ကြက်ခြင်း ကြီးထဲထည့်၍ ယူဆောင်ခဲ့သည်။ ပြန်ရောင်းရန်မဟုတ်ပါ။ စခန်းတွင် မွေးမြူရန်ဖြစ်သည်။

သင်္ဘောပေါ်တွင် ပြောင်းရွှေ့ဝန်ထမ်းများနှင့် ရဲဘက် (၂၀၀) ပါလာသည်။ မနက် (၉) နာရီမှထွက်လာရာ ပင်လယ်ထဲတွင် တစ်ည အိပ်ရသည်။

ရာသီဥတုသာယာချိန်ဖြစ်၍ ပင်လယ်ထဲသို့ နေလုံးကြီး ဝင်သွားသည်ကိုလည်း လှပစွာတွေ့ရသည်။ နေဝင်ချိန်ရွှေဝါရောင်၊ ရွှေ အိုရောင်တိမ်များတောက်နေပြီး ပင်လယ်ရေမှာလည်း ရောင်ပြန်ဟပ်၍ ရွှေပင်လယ်ကြီးဖြစ်နေသည်။

လေကလေးတဖြူးဖြူးနှင့် နေထိုင်ရကောင်း မွန်သော်လည်း အိမ်မှသမီးနှင့် ဇနီးအား အောက်မေ့လွမ်းဆွတ်မိသည်။ သမီးမှာ နစ်နစ်ကျော်ရုံသာရှိသေးသဖြင့် စိတ်မချ။ သို့သော် ဝန်ထမ်းပေမို့ ကျရာနေရာ၊ စေရာစားသွားလာရမည်မှာ ကျွန်တော်တို့တာဝန်ပင်ဖြစ်သည်။

သင်္ဘောပေါ်တွင် တစ်ညအိပ်ပြီး ကော့သောင်းဆိပ်ကမ်းသို့ နေ့လယ် (၂) နာရီခန့်တွင်ဝင်သည်။ စခန်းတာဝန်ခံထောင်ပိုင်ကြီး ဦးဘညို တို့အဖွဲ့မှ လာကြိုကြသည်။

ပထမဆုံးရဲဘက်များအား ဖက်လှေများနှင့် ထည့်၍ ဆိပ်ကမ်းတွင် ထိုင်ခိုင်းထားပြီး ဝန်ထမ်းနှင့်ပစ္စည်းများအား ပြောင်းရွှေ့ရသည်။ ပြီးမှ ရိက္ခာပစ္စည်းများအားသယ်ယူပြီး ဆိပ်ကမ်းတွင် ပုံ၍ အစောင့်ချထားရသည်

ကျွန်တော်တို့ပြောင်းရွှေ့လာသူများကတော့ ရဲဘက် လာကြိုသည့် ထော်လာဂျီ၊ ရိန်းကျားကားများဖြင့် စခန်းသို့ဆက်ထွက်ခဲ့ကြသည်။ မိုးချုပ်ပြီဖြစ်၍ အနီးဆုံးဆီအုန်းစခန်းဖြစ်သည့် 'ရေတံခွန်စခန်း' တွင် ညအိပ် ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရေတံခွန်ဆီအုန်းစိုက်ပျိုးရေးစခန်း

ရေတံခွန်စခန်းတွင် ကျွန်တော်တို့ထောင်မှူးအပတ်စဉ် (၆) မှ သူငယ်ချင်းထောင်မှူးကြီး ကျော်ရှိန်ရှိသည်။ သူက ကျွန်တော့်အား လိုက်လံ ရှာကြံ့ဆိုရင်း –

"သူငယ်ချင်းရေ မင်းဝါသနာနဲ့တော့အတော်ပဲကွ၊ ဒီမှာ တော ကောင် သိပ်ပေါတယ်၊ မင်းတာဝန်ကျတာက ဦးယဉ်မောင်တို့ ပါဆယ် ပါညွန်းစခန်းကွ၊ ဒီစခန်းနဲ့ တောလမ်းခရီး (၅) မိုင်ကျော်ဝေးတယ်၊ ဒါပေမယ့် ဒီမှာထုတ်ပေးထားတဲ့ဆိုင်ကယ်တွေရှိတော့ သွားရေး လာရေး အဆင်ပြေ တယ်ကွ၊ ကိုယ်ကတော့ (၁၀)မိုင်ရှာကို ညနေတိုင်းသွားလည်ပြီး ဘီယာ သောက်တယ်၊ ဒီနေ့တော့အလုပ်ရှုပ်နေလို့မသွားနိုင်တော့ဘူး၊ ဒါပေမယ့် သူငယ်ချင်းကို ဘီယာအေးအေးလေးတိုက်ဖို့ ကိုယ်စီစဉ်ထားပါ တယ် ကဲ – သူငယ်ချင်း ရေမိုးချိုး၊ အဝတ်အစားလဲပြီး ဧည့်ခန်းလာခဲ့ တော့နော်"

"ဒါနဲ့ ဘီယာအေးအေးက ဘယ်ကရတာတုန်းဟ၊ ဒီမှာရေခဲ မရှိ ဘာမရှိနဲ့"

"မပူနဲ့သူငယ်ချင်း၊ ရေခဲစိမ်တဲ့ဘီယာလိုအေးရမယ်၊ အမြည်းကတော့ တောဝက်သားကြော်နဲ့ ပင်လယ်အစားအစာတွေ"

"ဟုတ်လှချည်းလားဟ တောထဲမှာလာပြီး ကောင်းစား နေပါ လား"

"သူ့ထက်ကောင်းတာတွေရှိသေးတယ် သူငယ်ချင်း၊ နောက်မှ ပြောပြမယ်"

ကျွန်တော်ရုံးခန်းအနီးရှိ ရေချိုးခန်းတွင်ရေချိုးလိုက်ပါသည်။ နွေဦးပေါက်ရာသီဖြစ်သော်လည်း တောတောင်အတွင်း၌ဖြစ်၍ ရေမှာ စိမ့်စိမ့် အေးလှသည်။

ခန်းရုံးမှာ တောင်ကုန်းပေါ်လည်းဖြစ်ပြန်၊ ဘင်္ဂလားပင်လယ်ကြီး ကမ်းခြေအနီးဖြစ်၍ လေမှာလည်း အေးလှသည်။ ငှက်ဖျားဒေသ ဖြစ်၍ ရေချိုးပြီး အနွေးထည်ဝတ်၍ ဧည့်ခန်းတွင်ထိုင်ကြရာ အရာရှိများအားလုံး စုံပုံနေပါသည်။

ရေခဲသီးနေသော SINGER ဘီယာ၊ မဲခေါင်အရက်နှင့် ခြသေ့့ တံဆိပ်ဆော်ဒါ၊ တောဝက်သားခြောက်ကြော်၊ ကင်းမွန်၊ ဂဏန်း၊ ပင်လယ် ခရုသုပ်နှင့် ပင်လယ်ငါးအမျိုးမျိုးကြော်တို့ဖြင့် အမြည်းမှာ မြိုင်လှသည်။ ကိုကျော်ရှိန်မှ ကျွန်တော့်အားဘီယာငှဲ့ပေးရင်း –

"သူငယ်ချင်း ကိုယ်လုပ်ထားတဲ့ ရေခဲစိမ်ဘီယာအေးအေးလေး အရင်သောက်ပါဦး၊ ကိုယ်ကတော့ဘီယာပဲသောက်တယ်၊ အရက်ပြင်း မသောက်ဘူး"

ထောင်ပိုင်ကြီး ဦးအာညိုက "ကိုသိန်းဝင်းရေ ကိုကျော်ရှိန်ကတော့ သူ့ဘီယာကိုညွှန်းနေပြီ၊ သောက်လိုက်ပါဦး၊ နောက်မှ အရက်ပြင်း သောက်ချင်ရင်လည်း သောက်ပေါ့"

"ဟုတ်ကဲ့ထောင်ပိုင်ကြီး၊ သူ့ဘီယာက ဘယ်လိုလုပ်ထားတာလဲ"

"တောထဲ၊ တောင်ထဲရေခဲမရဘူးလေဗျာ၊ အဲဒီတော့ ရေခဲစိမ် ဘီယာ အေးအေးလေးသောက်ရအောင် အကြံအဖန်လုပ်ရတော့တာပေါ့၊ ကဲ ကိုကျော်ရှိန်ရေ၊ ခင်ဗျားသူငယ်ချင်းကို ပြောပြလိုက်ပါဦး"

"ဒီလိုသူငယ်ချင်းရဲ့၊ ဘီယာပုလင်းကို သစ်ကိုင်းမှာချိတ်ပြီး ရဲဘက် နှစ်ယောက်ကို ကြိုးတစ်စစီချည်နိုင်းပြီး ထိုင်ဆွဲခိုင်းတာပေါ့၊ တစ်ယောက် ကဆွဲလိုက်၊ လွှတ်လိုက်၊ တစ်ယောက်က ဆွဲလိုက်နဲ့ ဘီယာပုလင်းဟာ







www.burmeseclassic.com

www.burmeseclassic.com



ပုခက်လွှဲသလိုဖြစ်ပြီး (၁)နာရီလောက်ကြတော့ ရေခဲတွေသီးလာတာပေ့
ကိုယ်ကတော့ တစ်နေ့တစ်လုံးပဲသောက်ပါတယ်၊ ဒီနေ့သူငယ်ချင်းတွေ
ရောက်လာလို့ နှစ်လုံးလုပ်ထားတာပါ၊ သောက်ကြည့်ပါဦး သူငယ်ချင်းရယ်"

ကျွန်တော်သောက်ကြည့်ရာ ခါးပြီးအတော်အေးပါသည်။ ရေခဲ
စိမ်ဘီယာအတိုင်းဖြစ်သည်။ အစားအသောက်များမှာလည်း စားသောက်
ဆိုင်လက်ရာကိုမှီပါသည်။ ချက်ပြုတ်တတ်သော ရဲဘက်များ၏ လက်ရ
ပင်ဖြစ်ပါလိမ့်မည်။

"ကောင်းတယ်သူငယ်ချင်း၊ ရေခဲစိမ်အတိုင်းပဲ၊ သူငယ်ချင်းက
ဒီနည်းကဘယ်ကရတာလဲ"

"ဒီလိုသူငယ်ချင်းရေ ကိုယ်တစ်နေ့ ဘီယာပုလင်းတွေဝယ်လာ
ပြီး ရိန်းဂျားကားနဲ့ပြန်လာတာ၊ ပုလင်းတွေကို ကားခေါင်းထဲကလေဝင်ပေါက်
အနီးမှာထားတာ၊ အဲဒါ စခန်းရောက်လို့အဆင်းမှာ ပုလင်းနဲ့ခြေထောက်
ထိပြီး အေးသွားတာနဲ့ကြည့်လိုက်တော့ လေဝင်ပေါက်တည့်တည့်က
ပုလင်းက ရေခဲစိမ်ထားသလိုအေးစိမ့်နေတာဘဲ၊ အဲဒါနဲ့ ဒီနည်းကိုတွင်
လိုက်တာပါ။ ဒီနည်းကပိုကောင်းတယ်၊ ရေခဲတောင်သီးနေတာ"

"ခင်ဗျားနည်းက ဘီယာပုလင်းမောပြီး ချွေးပျံတာဖြစ်မယ်ထင်
တယ်"

"ဟုတ်တယ်၊ ဟုတ်တယ် – ဟား ဟား ဟား"

အားလုံးဝိုင်းရယ်ကြပါသည်။ တောထဲ၊ တောင်ထဲ၊ အစားအစာ
မရှားသဖြင့်တော်ပါသေးသည်။ အိမ်ထောင်သည်များဖြစ်သော်လည်း
လူလွတ်ချည်းနေကြရ၍ မြို့မှာလို ရာထူးအဆင့်အကြီးအငယ် ခွဲခြား
မရှိဘဲ သူငယ်ချင်းအရင်းအချာများပမာ နေကြ၊ စားကြ၊ သောက်ကြ





ယ်းသာရပါသည်။ ကော့သောင်းခစန်းမှ နွေးထွေးစွာကြိုဆိုခြင်းဟုလည်း
မှတ်ယူမိပါသည်။

သို့နှင့် ပျော်ရွှင်စွာစားသောက်ကြပြီးနောက် ညအိပ်ယာဝင်ရပါ
သည်။ ကောင်းစွာအိပ်ပျော်ပါသည်။ ကျွန်တော့်သဘော်နှင့်ပါသော ရဲဘက်
ဝန်ထမ်းများမှာ အသစ်ပွင့်သည့် အော်ကြီးစခန်းအတွက်ဖြစ်သဖြင့် ရေတံခွန်
ခန်းတွင် ခေတ္တနားကြပြီး စက်လှေများဖြင့် ဆက်လက်ပို့ဆောင်ပေးရ
မည်ဖြစ်ပါသည်။

မနက်တွင် ကော့သောင်းမှပြန်လာသော ရိက္ခာသယ်ကားဖြင့်
ကျွန်တော် ပါဆယ်ပါညန်းစခန်းသို့ဆက်လက်ထွက်ခွာခဲ့ပါသည်။ စခန်းမှ
ထွက်၍ပင် ရေတံခွန်ချောက်ဟုနံမည်ကြီးသော ကုန်းဆင်းကြီးအား ရိန်းဂျား
ကားဖြင့်ဆင်းခဲ့ရာ မတ်စောက်လွန်းသဖြင့် အလွန်အသည်းယားဖွယ်
ဖြစ်သည်။

ညာဘက်တွင် ရေတံခွန်တောင်၊ ဘယ်ဘက်တွင် နက်ရှိုင်းသော
ချောက်ကြီးမှာ ဘင်္ဂလားပင်လယ်နှင့်ဆက်စပ်နေပြီး ရေတံခွန်တောင်မှ
ရေများက ပင်လယ်ထဲသို့စီးဆင်းသွားသည်။ ရေတံခွန်ချောက်ကုန်းဆင်း၏
အောက်တွင် လိုဏ်ခေါင်းရှိကြောင်းသိရသည်။

ဤရေတံခွန်ချောက်မှာ နာမည်ကြီးဖြစ်သည်။ လူပြတ်သော နေရာ
ဖြစ်ပြီး စခန်းနှင့်မနီးမဝေးဖြစ်သော်လည်း လူသတ်မှုများ မကြာခဏ
ဖြစ်ပေါ်တတ်၍ ညအခါတွင် တစ်ဦးတစ်ယောက်တည်းမသွားရဲကြပါ။
ခြောက်အလှန့်ကြမ်းသည်ဟု နာမည်ဆိုးနှင့်ကျော်ကြားသည်။

**ပါဆယ်ပါညန်းဆီအုန်းစိုက်ပျိုးရေးစခန်း**

ရေတံခွန်ချောက် ကုန်းဆင်းကြီးအား ကျော်ဖြတ်ခဲ့ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကမ်းစပ်မြေလမ်းအတိုင်း ကိုင်းတောများအားဖြတ်ရသည်။ ထို့နောက် ကုန်းတက်၊ ကုန်းဆင်းအလွန်ရှည်လျားသော မြေစေးတောင်ကုန်းဆင်းကြီး အား ဖြတ်ပြီးနောက် တောင်ပေါ်လမ်းသို့ရောက်သည်။

တနင်္သာရီရိုးမတောင်ကြီးအား လက်ျာဘက်တွင် ကပ်လျက် မြင်ရ ပြီးနောက် ပသျှူးရွာငယ်ကလေးများအား ဖြတ်ရသည်။ အင်မဒိုင်းရွာကြီး အားဖြတ်ပြီးနောက် ရွာစွန်တွင် ဆီ အုန်းစိုက်ခင်းကြီးအားတွေ့ရတော့သည်၊

တနင်္သာရီရိုးမနှင့် ဘင်္ဂလားပင်လယ်အကြားတွင် စိုက်ပျိုး ထား သောစိုက်ခင်းကြီးဖြစ်သည်။ ကားလမ်းမှာ စိုက်ခင်းကြီးအတွင်း ဖြတ်ဖောက် ထားသော (၁၅')ပေခန့်ကျယ်သည့် မြေလမ်းဖြစ်သည်။ ချမ်းဖန်း ပင်လယ် ကမ်းခြေရွာကြီးအထိ ကော့သောင်းမြို့မှ ပြေးဆွဲ သော ချက်ပလက် (ဗိုက်ပူ) လိုင်းကားနှစ်စီးရှိသည်။

ဒေသခံအများစုကတော့ ဆိုင်ကယ်ကလေးများနှင့် ခရီးသွား ကြသည်။ ကုန်ပစ္စည်းတင်မှသာ လိုင်းကားကိုအသုံးပြုကြသည်။ ရေလမ်း ခရီးကိုလည်း စက်လှေများသုံးကြသည်။ ရေတံခွန်စခန်းမှ (၇) မိုင်ဝေးသော ပါဆယ်ပါညွန်းစခန်းသို့ ရောက်ရာ စခန်းမှာ မြေပြန့်တွင်တည်ဆောက်ထားပြီ မြေစိုက်တဲအဆင့်သာဖြစ်သည်။

စခန်းရှေ့တွင် ထောင်ပိုင်အိမ်နှင့် ရုံးခန်း၊ အလယ်တွင်တန်းစီကွင်းပုံ ဈေး ဆိုင်ကလေးများရှိသည်။ အနောက်ဘက်တွင် ရဲဘက်ဆောင်ကြီးဝင်းကြီးဖြ သည်။

ဆောင်ကြီးဝင်းအနောက်ဘက်တွင် ဆီအုန်းစိုက်ခင်းများနှင့် တနင်္သာရီ ရိုးမတောင်ကြီးအားမြင်နေရသည်။ စခန်းအရှေ့လမ်းတစ်ဖက်တွင် ဆီအုန်း စိုက်ခင်းများနှင့် ရွှေနတ်တောင်၊ တောင်စွယ်ကြီးအား သစ်ကြီးဝါးကြီးများ





နှင့် ညို့မှောင်းစွာတွေ့ရသည်။

စခန်းရောက်လျှင်ပင် ထောင်ပိုင် ဦးယဉ်မောင်နှင့် သူငယ်ချင်း ထောင်မှူး ဦးမြင့်ဦး (ခ) ဦးထွန်းအောင်လွင်တို့ကကြိုဆိုပါသည်။ ကျွန်တော့် အား ရုံးခန်းအရှည်ကြီးအတွင်းရှိ လက်နက်ခန်းအနီးတွင် ခေတ္တနေရာပေး သည်။

ကျွန်တော် ရန်ကုန်မှယူဆောင်လာသည့် မန်ဒါလီ (ဘဲ) များမှာ ပါဆယ်ပါညွန်းစခန်းရောက်မှ လွတ်လပ်ခွင့်ရတော့သည်။ ထို့အတူ ကျွန်တော် လည်း မိခင်အတိုင်စခန်းရောက်ပြီဖြစ်၍ ကောင်းမွန်စွာနားရပါတော့သည်။

နေ့လယ်စာအား ချေသား၊ တောဝက်သား၊ တောကြက်သား ဟင်းများဖြင့် ကျွေးပါသည်။ ထောင်မှူး ဦးမြင့်ဦးမှာ ဦး၊ ချေ၊ ထောက် ဌာနသုံးခုကိုင်ထားပြီး ထောင်မှူးဦးထွန်းအောင်လွင်က စိုက်ခင်းနှင့် ရှေ့တန်း တာဝန်ခံဖြစ်သည်။ ကျွန်တော့်အား ထောက်တာဝန်ခံအဖြစ် လျာထား ကြောင်း သိရသည်။

ထောင်မှူးဦးမြင့်ဦးမှ

"ကိုသိန်းဝင်းရေ့ ခင်ဗျားက ထောက်ဌာနကိုင်ဖို့ ထောင်ပိုင်က ပြောပါတယ်၊ ရဲဘက် ဝန်ထမ်းထောက်ပံ့ရေးဌာနပေါ့၊ ကားတွေ၊ ထွန်စက် တွေလည်းပါတယ်၊ ကျွန်တော်လည်း ခင်ဗျားရောက်လာတော့ တာဝန် ပေါ့သွားတာပေါ့ဗျာ၊ နောက်ပြီး ဒီမှာက တော၊ တိရစ္ဆာန်တွေပေါလို့ ခင်ဗျား နဲ့အကိုက်ပါပဲ၊ ခင်ဗျားက ရန်ကုန် မန္တလေးအပြန်လမ်း၊ ပဲခူးရိုးမမှာ မုဆိုး ကျော်ကြီးဆိုတော့ ကျွန်တော်တို့အားကိုးရတာပေါ့၊ ဒီစခန်းက ရေတံခွန် ခန်းလို ပင်လယ်နဲ့မနီးဘူး၊ ငါးရှားတယ်၊ ရဲဘက်မုဆိုးတင်မောင်လေး ရှိပါတယ်၊ သူက တူးမီးသေနတ်နဲ့တောလည်တာ၊ အခုစားရတဲ့ ချေ



www.burmeseclassic.com

www.burmeseclassic.com



ဝက်၊ တောကြက်တွေကလည်း သူ့ရှာပေးတာချည်းပဲ''

''ကောင်းပါရဲ့ဗျာ၊ ဒါပေမယ့် တနင်္သာရီရိုးမက ပဲ့ရှုံးရိုးမနဲ့ မတူတော့ ကျွန်တော်လေ့လာရဦးမှာပါ''

''ရိုးမပေါ်တက်စရာမလိုဘူး သူငယ်ချင်းရဲ့၊ တောဝက်နဲ့ချေတွေက ဆီအုန်းစိုက်ခင်းထဲတင်ရှိတာ၊ စခန်းအရှေ့က ရွှေနတ်တောင်ခြေရင်းက တောမှာလည်း အလွန်ပေါတာ၊ အင်မဒိုင်းရွာစပ်က ဆီးဖြူတောမှာလည်း အလွန်ပေါပေါ့၊ အဲဒီနားက ဆီအုန်းတဲမှာလည်း ခင်ဗျားတပည့် အင်းစိန်က တပ်ကြပ်ကိုမောင်မောင်လည်းရှိတယ်၊ သူကလည်းမုဆိုးပဲ''

''အေးဗျာ အားတဲ့ရက် တစ်ရက်ရက်တော့ မုဆိုးတင်မောင်ခေါ်ပြီး အင်မဒိုင်းရွာဘက် အရင်သွားလည်ကြည့်မယ်၊ ကျွန်တော့်တပည့် တပ်ကြပ်ကိုမောင်မောင်နဲ့လည်းတွေ့ရင်းပေါ့၊ သူလည်း မုဆိုးဆိုတော့ အံကိုက်ပါပဲ''

အားလပ်ရက်တစ်ရက်တွင် ကျွန်တော်နှင့် မုဆိုးတင်မောင်တို့ တပ်ကြပ်ကိုမောင်မောင်၏ ဆီအုန်းတဲရှိရာ အင်မဒိုင်းရွာသို့သွားကြပါသည်။ ကိုမောင်မောင့်တဲမှာ ကျော့သောင်းသွားမြေလမ်းဘေး၊ ကညင်ဖြူပင်ကြီး တစ်ပင်အောက်တွင်ဖြစ်သည်။ လမ်းနှင့်တဲမှာ ချောင်းရိုးကလေးခံနေ၍ တံတားလေးပေါ်မှ တဲရှိရာသို့ကူးရသည်။ တဲတွင်းအရောက် –

''ဟာ ဆရာရယ်၊ အတော်ပါပဲ၊ ကျွန်တော်လည်း ငါးလေးဖားလေးရှာပြီး ဆရာ့ဆီလာတော့မလို့လုပ်နေတာ၊ ဒီမှာရေဘဲတစ်ကောင်တော့မိထားတယ်၊ နေပါဦးဆရာရယ်၊ ကျွန်တော့်တပည့်နဲ့ ကျွန်တော်ရှေ့ကချောင်းရိုးကလေးထဲမှာ ငါးရှာပြီး ဇရစ်တိုနတွေပါ ပေးလိုက်ပါရစေ၊ ခဏလေးစောင့်ပါဆရာ''

တဲရှေ့ကချောင်းရိုးကလေးအား တမံတုတ်ပြီး ငါးပက်ကြရာ





မုဆိုးတင်မောင်ကလည်း ကူညီပါသည်။ ဇရစ်ပင်များမှာ ချောင်းရိုးတစ်လျှောက် ပေါ်များစွာပေါက်ရောက်နေရာ ခဏကလေးနှင့် တစ်ပွေ့တစ်ပိုက်ကြီးခူး၍ရပါသည်။ ငါးများမှာလည်း ရေချိုငါးများဖြစ်၍ ဒေသခံပသျှူးလူမျိုးများ မစားသဖြင့်ပေါလှသည်။ တစ်တောင်ခန့်ရှိသော ငါးရံ့ကြီးများ၊ ငါးကျည်း၊ ငါးခူနှင့် ငါးမွေ့ထိုးများ ခဏကလေးနှင့် လေးငါးပိဿာရသည်။ ကျွန်တော်တို့အား အကြီးဆုံးငါး သုံးပိဿာခန့်နှင့် ဇရစ်ရိုးကလေးများပေးလိုက်ရာ မုဆိုးတင်မောင်ထမ်းရတော့သည်။

''ကိုမောင်မောင်ရေ၊ မနက်ဖြန် ကျွန်တော်တို့လာခဲ့မယ်၊ အင်မဒိုင်းရွာ ပင်လယ်ကမ်းစပ်ဘက်သွားပြီး မျောက်ပစ်မယ်လို့ မုဆိုးတင်မောင်ကခေါ်နေတယ်၊ ခင်ဗျားအားလား''

''ဆရာ မနက်ဖြန်ကျွန်တော်မအားဘူးဆရာရဲ့၊ လဲမွန်သွားပြီး ဓါတ်မြေဩဇာတွေသယ်ရမှာ၊ တွတ်ကြီးတွန်စက်နဲ့လေ၊ ပင်လယ်ကမ်းစပ်က မျောက်တွေက မျောက်တံငါတွေဆရာ၊ နံကန်သနဲ့ဘာလုပ်မှာလည်း မျောက်ပစ်ချင်ရင် တနင်္သာရီရိုးမပေါ်တက်တာ အကောင်းဆုံးပဲ၊ ပင်တော့ ပင်ပန်းမယ်ဆရာ''

''အေးပါ ရိုးမပေါ်ကမျောက်ညိုတွေက စားကောင်းပါတယ်၊ နောက်တစ်ခါချိန်းကြတာပေါ့၊ မနက်ဖြန် ခင်ဗျားမအားရင်လည်း ကျွန်တော့်နဲ့မုဆိုးတင်မောင်ပဲ မျောက်တံငါသွားပစ်ကြတာပေါ့၊ အတွေ့အကြုံရအောင်ပါပဲ၊ ကဲ ပြန်ဦးမယ်၊ ကျေးဇူးတင်တယ်ဗျို့၊ ကျွန်တော်က ရေချိုငါးပဲကြိုက်တယ်''

နောက်တစ်နေ့မနက်တွင် မနက်စာစားပြီးနောက် ကျွန်တော်နှင့် မုဆိုးတင်မောင်တို့မျောက်ပစ်ရန် ထွက်လာကြရာ စခန်းအထွက်ဒွှပင် ကုတ်



www.burmeseclassic.com

www.burmeseclassic.com



ငှက်နှင့်တွေ့သဖြင့် မှဆိုးတင်မောင်လိုက်လံပစ်ခတ်ရာ ရရှိပါသည်။ တူးမီးသေနတ်စရိုက်ကျည်ဖြင့် ပစ်ခတ်ခြင်းရရှိခြင်းဖြစ်သည်။ အမြီးရှည်ရှည် နီညိုရောင်နှင့် အနက်ရောင်ကြားနေသော ဘုတ်ငှက်ဖြစ်သည်။

"ဆရာ ဘုတ်ငှက်သားစားဖူးသလား"

"ဟော့အေး မစားဖူးဘူး။ ဘာကောင်းသလဲ"

"ဘုတ်ငှက် မြွေသားစားတော့ ဆေးဘက်ဝင်တာပေါ့ဆရာ၊ ယောကျ်ားတွေအတွက် အားရှိတယ်၊ ပန်းနာရင်ကြပ်သမားအတွက် ကောင်းတယ်၊ နောက်တစ်ခုထူးခြားတာက ဘုတ်ငှက်သိုက်တွေဗျ မျက်စေ့ရောဂါအတွက် အလွန်အစွမ်းထက်တဲ့ သစ်ကိုင်းစလေးတစ်စ ရှိတတ်တယ်ဆရာ၊ အသိုက်တိုင်း မှာတော့မရှိဘူး။ လူကလည်းဖန်တီးပေးရတယ်၊

"မင်းဟာကဘယ်လိုလဲကွ၊ လူကဘယ်လိုဖန်တီးပေးရတာလဲ"

"အင်း ပြောရမှာငရဲတော့ကြီးတယ်ဆရာ၊ ဘုတ်ငှက်ပေါက်ကလေးတွေပေါက်လာရင် နှစ်ကောင်၊ သုံးကောင်ပဲပေါက်တယ်ဆရာ၊ အဲဒီထဲက တစ်ကောင်ကို လူကမျက်စေ့ဖျက်ထားရင်၊ ဘုတ်ငှက်မကြီးက ဆေးဘက်ဝင်တဲ့သစ်ကိုင်းစလေးရှာလာပြီး ငှက်ကလေးကို ဆေးကုပေးတတ်တယ်၊ အဲဒီသစ်စကလေးကိုရရင်တော့ မျက်စေ့ဝေဒနာအမျိုးမျိုးအတွက် သွေးလိမ်းရုံနဲ့ အကောင်းပကတိပြန်ဖြစ်တယ်ဆရာ၊ ရှားပါးပြီး အလွန်အဖိုးတန်တယ်"

"သူ့အသိုက်က သစ်ကိုင်းစတွေနဲ့ချည်းလုပ်ထားတာ၊ အဲဒီသစ်ကိုင်းစကလေးကို ဘယ်လိုရှာမလဲကွ"

"ဘုတ်သိုက်ဟာ အလွန်ရှုပ်ပေမယ့် အဲဒီသစ်စကလေးက ထူးခြားပဲရှိနေတတ်တယ်ဆရာ၊ နားလည်သူမှလည်း ရှာလို့ရနိုင်တယ်"





"မင်းဟာမလွယ်ပါဘူးကွာ၊ ငရဲလည်းကြီးဦးမယ်"

"ထူးဆန်းတာကိုပြောတာပါဆရာ၊ နောက်ပြီး ဘုတ်ငှက်ကမြွေကိုနိုင်သလို၊ ဘုတ်ငှက်ပေါက်ကလေးကိုလည်း မြွေကသိပ်ကြိုက်တာ၊ ဘုတ်သိုက်နားမှာလည်း မြွေရှိတတ်တယ်၊ သတိအလွန်ထားရတယ်"

ကျွန်တော်တို့စကားတပြောပြောနှင့် လမ်းလျှောက်လာကြရာ ကိုပေါင်မောင်၏ ဆီအုန်းအားကျော်ပြီး တောစပ်အဝင်တွင် အမျိုးသီးတစ်ဦး၏ ငယ်သံပါအောင်အော်သံကြားရ၍ ကျွန်တော်တို့ပြေးသွားရာ ပသျှူးအမျိုးသမီးတစ်ဦးမှာ တောဝက်ထောင်ထားသည့်နင်းကိုင်းမိသဖြင့် ခြေကျိုးမှုံမျှော်ဖြစ်နေ၍ အလျှင်အမြန်ဖြုတ်ပေးရသည်။ အမျိုးသမီးမှာ အလွန်ကြောက်လန့်စိတ်ဆိုးနေပါသည်။

"ဒါ နင်ထောင်ထားတာလား"

"မဟုတ်"

"ဘယ်သူထောင်ထားတာလဲ"

"မသိ"

"ငါ သူကြီးတိုင်မယ်"

"ဟုတ်"

အမျိုးသမီးမှာ စိတ်ဆိုးမာန်ဆိုးနှင့် ရွာဘက်ထွက်သွားပါသည်။ ကျွန်တော်မှာ "တင်မောင်ရေ ဘယ်လိုဖြစ်တာလဲ"

"မသိဘူးဆရာ၊ မုဆိုးတစ်ယောက်ယောက်ထောင်ထားတဲ့ ဝက်နင်းကိုင်းပဲ၊ တောထဲမှာထောင်ထားတာပဲ၊ သူကြီးကဘယ်လိုအရေးယူလို့ရမှာလဲ၊ ဆရာ ဦးမောင်မောင်ထောင်ထားတာ ဖြစ်လိမ့်မယ်ဆရာ၊ သူ့ရဲ့နဲ့အနီးဆုံးပဲ၊ ကျွန်တော့်ကိုင်းတွေက ရိုးမတောင်ခြေတစ်ဝိုက်မှာပဲ ထောင်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဒီဘက်မှာ မထောင်ဘူး''

''အေး လူနဲ့နီးတဲ့နေရာတွေမှာ မထောင်ကြနဲ့၊ ငါတို့နဲ့ မတွေ့ရင် ဒီအမျိုးသမီးသေနိုင်တယ်''

''ဒီနေရာက လမ်းနဲ့ဝေး၊ ရွာနဲ့ဝေးပါသရာရယ်၊ ဒီအမျိုးသမီးအပေါ့အလေးသွားရင်း နင်းမိတာနဲ့တူပါတယ်၊ လာ ဆရာ ဒီနေရာကအင်မဒိုင်းရွာပျက်၊ ဟိုဘက်မှာ ပင်လယ်ကမ်းစပ်ရှိတယ်ဆရာ၊ အဲဒီဘက်ကို သွားရမှာ''

ပင်လယ်ကမ်းစပ်အရောက်တွင် ကျွန်တော်မှ လမုနှင့်ကနစိုပင်များအပေါ်သို့ လိုက်လံကြည့်ရှုနေရာ မုဆိုးတင်မောင်မှ –

''ဆရာ မျောက်တံငါတွေက ဟိုကမ်းစပ်မှာဆောင့်ကြောင့်ထိုင်ပြီး ဂဏန်းမျှားနေကြတာ၊ အပင်ပေါ်မှာမရှိဘူး။ ဆရာ ဟိုနားကခရာချုံနွယ်မှာအသင့်စောင့်နေ၊ ကျွန်တော်ပါတ်မောင်းပေးမယ်''

ပြောပြောဆိုဆို မုဆိုးတင်မောင်တစ်ယောက် ခရာဆူးချုံ၊ ရှင်ထမင်းဆုပ်ချုံ၊ မိကျောင်းပန်းနွယ်ချုံများအား အကာအကွယ်ယူ၍သွားပြီး ကျွန်တော့်ဘက်သို့ခြောက်လှန့်ပေးရာ ဂဏန်းတွင်းဝထဲအမြီးချ၍ မျှားနေကြသော မျောက်တံငါအုပ်စုမှာ လမုနှင့်ကနစိုပင်များအပေါ်သို့ ပြေးတက်လာကြပြီး ကိုင်းခွဆုံများပေါ်တွင်ထိုင်၍ ဂဏန်းကောင်များအားစားနေကြပါသည်။ ကျွန်တော်နှင့်အနီးဆုံးဖြစ်သည့် မျောက်ကြီးတစ်ကောင်အားကျွန်တော်ပစ်ချလိုက်သလို မုဆိုးတင်မောင်ဘက်မှလည်း တူးမီးသံတစ်ချက်ကြားလိုက်ရပါသည်။

''ဒိုင်း – ဒုန်း''

ကျွန်တော်ပစ်သောမျောက်မှာ သုံးပိဿာခန့်ရှိပြီး တင်မောင် ပစ်





သောမျောက်မှာ နှစ်ပိဿာခန့်သာရှိပါသည်။ အောက်ကျလော၍ ကောက်ကြရာ အခြားမျောက်များ သေနတ်သံကြောင့် တောစပ်ဝင်ပြေး ကြပါသည်။

ပင်လယ်ရေကျချိန်ဖြစ်သဖြင့် သဲသောင်ပေါ်တွင် ဂဏန်းများ၊ ငါးများ ကျန်ခဲ့သဖြင့် အသားစားသတ္တဝါများအတွက် စားကျက် ဖြစ်နေပါသည်။ ကျွန်တော်တို့ လမုပင်အောက်တွင် ခေတ္တနားနေကြစဉ် ပင်လယ်ငှက်ကြီး ဒုံးစပ်တစ်အုပ်ဆင်းလာကြပြန်ရာ ကျော်သွားမှ စရိပ် ကျည်ဖြင့်ပစ်ပြန်သဖြင့် ငှက်ကြီးနှစ်ကောင်ရပြန်သည်။ ခြေတံရှည်ရှည်၊ လည်တံရှည်ရှည်ဖြင့် အတော်အရုပ်ဆိုးပြီး သားစားသတ္တဝါဖြစ်၍ ငါးနံ့ညှီနေပါသည်။ မျောက်တံငါလည်းမတွေ့၊ ငှက်ကြီးဒုံးစပ်လည်းပုံမလာသဖြင့် ကျွန်တော်အလွန်စိတ် ပျက်နေမိပါသည်။

မုဆိုးတင်မောင်က ကျွန်တော့်အခြေအနေကိုကြည့်ပြီး

BURMESE CLASSIC .com

''ဆရာ စိတ်ပျက်နေသလား၊ ဒါထက်ကောင်းတာတွေရှိပါသေးတယ်ဆရာရယ်၊ ဒါကသဘောလောက် ဆရာကိုမိတ်ဆက်တာပါ၊ ဒီကောသောင်းနယ်မြေလောက် တောကောင်ပေါတာမရှိဘူး၊ နောက်ပိုင်းဆရာလက်မလည်အောင်ပစ်ရမှာပါ၊ တောဝက်နဲ့ချေ ဒီ လွန်ပေါတယ် ဆရာ''

မုဆိုးတင်မောင်မှာ မျောက်နှစ်ကောင်နှင့် ငှက်ကြီးနှစ်ကောင်အားချည်နှောင်၍ တုတ်တစ်ချောင်းနှင့် ထမ်းရန်ပြင်ဆင်နေပါသည်။ ကျွန်တော်တို့အပြန်လမ်း ကမ်းစပ်နှင့်ဒီရေတောနားအရောက်တွင် မုဆိုးတင်မောင်မှ ကျွန်တော့်လက်အားဆွဲပြီး လေသံတိုးတိုးဖြင့်

''ဆရာ ရှေ့က ရိုးကလေးထဲက ဖျံအော်သံကြားရတယ်၊ ပင်လယ်ဖျံအုပ်ဆရာ၊ သတိထားသွားပါ''

ကျွန်တော်တို့ ခရာဆူးချုံများအားဖြတ်လျှောက်ပြီး တောအုပ်



www.burmeseclassic.com

www.burmeseclassic.com



အရောက်တွင် မြယာချုံနှင့် ထမင်းဆုပ်ချုံများအားကျော်၍အကြည့်တွင် ငှက်ကြီးတောင်အပင်များအခြေ ပင်လယ်ထဲသို့စီးဝင်သည့် ချောင်းရိုးကလေး ထဲတွင် ရေစိမ်နေသည့် ဖျံတစ်အုပ်ကိုတွေ့ရပါသည်။

ခုနစ်ကောင်ခန့်ရှိပြီး ဦးဆောင်နေသည့် ဖျံထီးကြီးမှာ သုံးပိသာ ခန့်ရှိသည်။ ဖျံဆိုသည့်အတိုင်း မြန်ဆန်သွက်လက်စွာဖြင့် ဖျံအုပ်အား ပတ်နေရာ ကြွက်အော်သံအလား တကျွိကျွိဖြင့် နားငြီးလှပါသည်။ ကျွန်တော် ၃၀၃ ရိုင်ဖယ်ကြီးဖြင့်ချိန်လိုက်စဉ် မုဆိုးတင်မောင်က လက်အုပ်သဖြင့် လှည့်အကြည့် သူ၏လက်စွဲတော် တူးမီးသေနတ်ကြီးဖြင့် ဖျံထီးကြီးအားချိန်၍ မောင်းဖြုတ်ချလိုက်ပါတော့သည်။

BURMESE CLASSIC .com

"အွန်း"

စရိုက်ကျည်ထိမှန်သဖြင့် ဖျံထီးကြီးနှင့် ဖျံမတစ်ကောင်လဲလျက် ကျန်နေခဲ့ပြီး ကျန်ဖျံများပင်လယ်တွင်းသို့ ဆင်းပြေးကြပါသည်။ မုဆိုး တင်မောင်မှ -

"ဆရာ စိတ်မဆိုးနဲ့နော် အကောင်သေးပြီး အုပ်လိုက်ဆိုတော့ စရိုင်ကျည်နဲ့မှတန်တာ၊ ပစ်မလွဲဘူးပေါ့၊ ကျွန်တော်ဆင်းကောက်လိုက်ဦး မယ်"

ကျွန်တော်တို့အပြန်တွင် ကိုမောင်မောင်ဆီအုန်းတဲသို့ဆေးလ္ဘက်ဝင် ရောက်နားကြပါသည်။ ကိုမောင်မောင့်တပည့်ရဲဘက်ကြီးမှ

"ဆရာတို့ ထမင်းစားဖို့ ကျွန်တော်ချက်နေတာပါ၊ ပြီးလုပါပြီ အခါးရည်သောက်ရင်း ခဏနားကြပါ၊ ကျွန်တော့်ဆရာ မနက်က အသေ အချာမှာသွားလို့ပါ"

ကော့သောင်းနေမှာ ပူပြင်းလှသည်။ မနက် (၁၁) နာရီကျော်





ခန့်သာရှိသေးသော်လည်း အိုက်စပ်စပ်ဖြင့်အတော်ပူပြင်းနေသည်။ ကညင် ပင်ကြီးအောက် ဆီအုန်းတဲအတွင်းဖြစ်၍ တော်ပါသေးသည်။ ကျွန်တော်တို့ ခေတ္တနားနေကြစဉ် ထပ်ကြပ်ကိုမောင်မောင် ပြန်လာပါသည်။

"ဟာ ဆရာပြန်ရောက်နေပြီပဲ၊ အကောင်ပလောင်လည်း စုံလို့ပါလား၊ ကျွန်တော်လည်း လဲမှန်ကိုစောစောသွားပြီး စောစောပြန်လာတာ ဆရာတို့အတွက် နေ့လယ်စာချက်ခိုင်းထားတယ်၊ မနေ့ကငါးဟင်းနဲ့ ရောဘဲပေါ့ဆရာရယ်"

"အေး ကောင်းတာပေါ့ကွာ၊ ဒီမှာလည်း မျောက်ရော၊ ငှက်ရော၊ ဖျံတွေရော ကြိုက်တာသာယူထားလိုက်တော့ပေါ့"

"ဟာ ဒါဖျံထီးကြီးပါလား၊ ဒါကြီးရောင်းလိုက်ရင် ဘတ် (၅၀၀) လောက်အေးအေးကလေးရတယ်၊ ကျွန်တော့်ကိုမှာထားတဲ့ စက်လှေပိုင်ရှင် ရှိတယ်၊ ရောင်းမလား"

"ဟ အဲဒါတင်မောင့်ပစ္စည်းပဲ၊ သူ့ကိုမေး"

"ဟာ ဆရာကလည်း ကျွန်တော်ပစ်ပေမယ့် ဆရာတို့အတွက် ပဲဟာ၊ ဆရာ့သဘောပါ"

"အေး အဲဒါဆိုရင်ရောင်းလိုက် ကိုမောင်မောင်ရေ၊ ကျွန်တော်တို့ မဲခေါင်အရက်နဲ့ ဘီယာဝယ်ရအောင်"

"ဟုတ်ကဲ့ဆရာ ကျွန်တော်ရွာထဲပြေးလိုက်ဦးမယ်၊ ဆရာတို့ ထမင်းစားရင်း ခဏစောင့်ပါ"

"နေဦး ကိုမောင်မောင်၊ အင်မဒိုင်းရွာအဝင် တောစပ်မှာ ဝက်ကိုင်း ထောင်ထားတာ ခင်ဗျားလား၊ မိန်းမတစ်ယောက်မိနေလို့ ကျွန်တော်တို့ ဖြုတ်ပေးလိုက်ရတယ်၊ သူကြီးတိုင်မယ်ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆရာ၊ ကျွန်တော်ထောင်ထားတာ၊ ဒီနေ့မနက် လဲမွှန်ကိုစောစောသွားရလို့ သွားမကြည့်မိဘူး၊ ကိစ္စမရှိပါဘူးဆရာရယ်၊ သူကြီးက ကျွန်တော့်ဘော်ဒါပါ၊ ကဲ ဆရာခဏကလေးစောင့်ပါ၊ ကျွန်တော် ပြေးလိုက်ဦးမယ်"

မြန်လိုက်သည့် ကိုမောင်မောင်၊ နာရီဝက်ခန့်အကြာတွင် ပလပ် စတစ်အိတ်ကလေးဆွဲ၍ ပြန်ရောက်လာပါသည်။

"ဆရာရေ ဘတ် (၆၀၀) တောင်ရတယ်၊ လတ်ဆတ်လို့ အရမ်း သဘောကျကြတယ်၊ နောက်တစ်ခါရရင် ဘတ် (၁၀၀၀) ပေးမယ်ပြောတယ်၊ ကဲ အဲဒီမှာ SINGER ဘီဝင်နဲ့ LIPOVITON တစ်ကဒ်တောင် ပေးလိုက်သေးတယ်၊ ဆရာထမင်းမစားမီ သုံးဆောင်ပါဦး၊ ပသျှူးတွေက အရက်မသောက်တော့ အရက်ပြင်းတော့မရှိဘူး"

"ဘီယာလည်း အရက်ပါပဲကွာ၊ ဘာထူးလို့လဲ"

"ပသျှူးတွေက ဘီယာကိုအရက်မဟုတ်ဘူးလို့ ပြောတယ်ဆရာ နောက်ပြီး သူတို့ကရေချိုငါးလည်းမစားဘူး၊ အကြေးမပါတဲ့ငါးလည်း မစားဘူး၊ ပင်လယ်ငါးတွေပဲစားကြတာ"

"အေး အဲဒါကြောင့်ထင်တယ်၊ မနေ့က ဒီတဲရှေ့ကမြောင်းထဲ့မှ ကလေးထဲကငါးတွေ အကြီးကြီးဖြစ်နေတာ"

ကျွန်တော်တို့ ဘီယာသောက်အပန်းဖြေကြပြီး နေ့လယ်စာကို ရေချိုငါးဟင်းဖြင့် မြိန်ယှက်စွာစားကြပါသည်။ အပြန်တွင် ကိုမောင်မောင် အား မျောက်တစ်ကောင်ပေးခဲ့ပြီး ကျန်အကောင်များကိုတော့ စခန်းအတွက် ယူခဲ့ကြပါသည်။

ညစာအတွက်တော့ ဖျံရောင်းရငွေဖြင့် ချမ်းမန်းရွာမှ မဲခေါင်





အရက်များဝယ်နိုင်းပြီး ပျော်ပွဲလုပ်ကြပါသည်။ ကျွန်တော်၏ပထမဦးဆုံး အမဲလိုက်အောင်ပွဲဖြစ်ပါသည်။

နောက်နေ့များတွင်လည်း ကိုမောင်မောင့် တဲတွင်စတည်းချပြီး ရေဘဲများပစ်ရာ GREENER သေနတ်ကြီးအားသုံး၍ စရိပ်ကျည်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ရေဘဲများအုပ်လိုက်ရပါသည်။ ရေဘဲမှာ မြစ်ဝကျွန်းပေါ် ဒေသရှိ ရေဘဲများလောက်မကြီးပါ၊ (၅၀)ကျပ်သား ခန့်သာရှိသည်။ အသားကတော့ စားကောင်းလှသည်၊ အရောင်မှာ နီညိုရောင်ဖြစ်ပြီး ခေါင်းမှာအစိမ်းရောင်ဖြစ်သည်။ အုပ်လိုက်ထအပျံတွင် ပစ်ခြင်းမှာ အ ကောင်များများရတတ်ပါသည်။

တစ်ညနေစောင်းတွင်ဖြစ်သည်။ မုဆိုးတင်မောင်လာခေါ်သဖြင့် ကျွန်တော်တို့စခန်းအရှေ့ဘက်ရှိ ရွှေနတ်တောင်ခြေရင်းတွင် အမဲလိုက်ကြရာ ဥပက်ကြားဝက်ကြီး ဦးဆောင်သည့် ဝက်အုပ်နှင့်တိုးပါသည်။ တောချုံများ အတွင်း ထိပ်တိုက်တိုးခြင်းဖြစ်ရာ မရှောင်သာသဖြင့် အကာအကွယ်မရှိဘဲ ပစ်ရပါတော့သည်။

ကိုက် ၂၀ ခန့်အတွင်းဖြစ်သော်လည်းမထိပါ။ မုဆိုး တင်မောင်၏ ယမ်းသေနတ်ကြီးကတော့ မီးလုံးဝမကူးသဖြင့် ကျည်ပင်မထွက်ပါ၊ အလွန် ကြည့်ရာကောင်းလှသည်။

ကျွန်တော်တို့ကလည်း အခြား ဝက်မဲများကိုမပစ်၊ ဝက်ခါး ပတ်ကြားကြီးကိုသာ မဲ၍လိုက်ပြီးပစ်ခတ်ကြသည်။ ဝက်အုပ်မှာရှေ့ကပြေးပြီး ကျွန်တော်တို့က နောက်ကလိုက်ကြရာ ရွှေနတ်တောင်လှိုဏ်အတွင်း ဝင်ရောက် သွားမှ လက်လျှော့ကြရသည်။ မုဆိုးတင်မောင်မှ

"ဆရာ ဘယ့်နှယ့်လဲ၊ လက်တွေကြုံရပြီနော်၊ ကျွန်တော်နဲ့

www.burmeseclassic.com



ခါးပတ်ကြားဝက်ကြီးကြိုတာ လေးငါးခါရှိပြီ၊ ရကိုမရဘူး။ ပြန်ရန်မလုပ်လို့ သာပဲ၊ ပြန်သာလုပ်ရင် ကျွန်တော်ခံရပြီ၊ သေနတ်ပြီးတယ်နဲ့တူတယ် ဆရာ

"အေး ဟုတ်ပုံရတယ်ကွ၊ ငါပစ်တာ ကိုက် (၂၀) အတွင်း ထိကိုမထိဘူး။ အံ့ဩစရာကွာ၊ မင်း တူးမီးကျတော့ မီးတောင်မကူးဘူး မဟုတ်လား"

"ဟုတ်ပါ့ဆရာရယ်၊ ကျွန်တော် ကြိုးကောင်းကောင်းနဲ့ နင်းကို ထောင်ဦးမယ်၊ မီးမကူးရင် ဓါးနဲ့ခုတ်၊ လှံနဲ့ထိုးမယ်"

တနလာ်နေ့တစ်ရက်တွင်ဖြစ်သည်။ ကျွန်တော်နှင့် ထောင်ပိုင် ဦးယဉ်မောင်တို့ ကော့သောင်းမြို့သို့ ရုံးကိစ္စနှင့်သွားရောက်ကြပြီး နေ့လယ် ပိုင်းပြန်ရောက်လာရာ၊ မှဆိုးတင်မောင်မှာ မောကြီးပန်းကြီးပြေးလာပြီး

"ဆရာ ဝက်ခါးပတ်ကြားကြီးမိထားပြီ၊ ဆရာဦးမြင့်ဦးနဲ့ ဦးကျော် အောင်လွင်တို့ပစ်တာလဲမထိဘူး။ ကြိုးပြတ်သွားလို့ အနီးကခရေပင်ပေါ် တက်နေရတယ်၊ လုပ်ပါဦး"

"ဟာ တင်မောင်ရ သူတို့မှာသေနတ်တွေပါသားနဲ့၊ မထိထိအောင် ပစ်ပေါ့၊ မင်းကလည်း လှံနဲ့ထိုးမယ်၊ ဓါးနဲ့ခုတ်မယ်ဆိုပြီး ဘယ်လို တာလဲ"

"သူတို့နှစ်ယောက်က လှပစ်တာဆရာရဲ့၊ ကြိုးပြတ်ပြီးလို့ ထိုးလို့ သေနတ်တွေတောင် မြေပေါ်ကျန်နေခဲ့တာ"

"အေး ကောင်းကွာ၊ ငါလိုက်ခဲ့မယ် ခဏစောင့်"

ကျွန်တော်တို့ ယူနီဖောင်းများပင်မလဲနိုင်ဘဲ ၃၀၃ ရိုင်ဖယ် ဆွဲ၍ စခန်းအရှေ့ဘက် ရွှေနတ်တောင် တောင်ခြေသို့လိုက်ခဲ့ပါသည်။

ဝက်ခါးပတ်ကြီးမှာ ခရေပင်အောက်တွင် ပတ်နေပြီး ခရေပင်





မှ ထောင်မှူးနှစ်ဦးအား တဂူးဂူးဖြင့် ရန်လုပ်နေပါသည်။ ကျွန်တော် ဓနိ ရုံများအား အကာအကွယ်ယူ၍ပစ်ရသော်လည်း ကျည်မထွက်ပါ။

ကျည်သစ်လဲ၍ပစ်ခတ်ရာ ကျည်ထွက်သော်လည်းမမှန်ပါ။ ဝက်ကြီးမှာ တောထဲ ဝင်ပြေးသွားသဖြင့်သာတော်တော့သည်။ ဝက်ခါး ပတ်ကြားကြီးနှင့် ကျွန်တော် ဆုံသည်မှာ နှစ်ကြိမ်ရှိပါပြီ၊ တကယ်ပင်ကျည်ပြီး သေနတ်ပြီးနေသလား မသိနိုင်ပါ။

စနေတစ်ရက်တွင် ကျွန်တော်နှင့် မုဆိုးတင်မောင်အမဲလိုက်သွား မိညိုပါခေါ်၍ တနသာ်ရီရိုးမပေါ်တက်ကြသည်။ အလွန်ပင်ပန်းသောခရီး ဖြစ်သည်။ ဆီအုန်းဆင်းအား တစ်မိုင်ခန့်ဖြတ်ရပြီး မတ်စောက်သော ရိုးမပေါ် သို့တက်ရသည်ဖြစ်ရာ အလွန်ပင်ပန်းလှသည်။

မျောက်ညိုနှစ်ကောင်ရပြီး မိညို၏အစွမ်းကြောင့် သော်က်လိပ် (၅)ကောင်ရသည်။ လူ့ဝံနှင့်ကျား သစ်နက်ပေါ်သောနေရာဖြစ်သော်လည်း မတွေ့ရှိတော်တော့သည်။ တောဝက်များနှင့်တိုးသော်လည်း ပစ်ခွင့်မရ၍ ပြန်လာကြရသည်။

ညနေစာအား မျောက်သားနှင့်လိပ်သားစားရသော်လည်း ပင်ပန်း သဖြင့်မတန်ပါ။ ပါဆယ်ပါညန်းစခန်းတွင် (၂)လခန့်တာဝန်ထမ်းဆောင် ပြီးနောက် ကျွန်တော့်အား အောက်ချိုင့်ခြံတာဝန်ခံအဖြစ် ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ရန် အမိန့်ထွက်လာပါသည်။

အောက်ချိုင့်စခန်းတာဝန်ခံ၊ ထောင်ပိုင်ဦးကိုကိုလတ်ထံမှ လွှဲပြောင်း လက်ခံတာဝန်ယူရမည်ဖြစ်သည်။ ကျွန်တော်တာဝန်ယူရသော ပါဆယ် ပါညန်းစခန်း 'ထောက်ပံ့ရေးဌာန' တာဝန်များအား ဦးမြင့်ဦးအား ပြန်လည် ပြောင်းလဲပေးပြီး အောက်ချိုင့်ခြံစခန်းသို့ ပြောင်းရွှေ့ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အောက် ချိုင့်ခြံမှာ ပါဆယ်ပါညန်းစခန်းနှင့် တောလမ်း (၂)မိုင်ခန့်၊ ရွာလမ်း (၃)မိုင်ခန့်သာဝေးပါသည်။

## အောက်ချိုင့်ဆီအုန်းစိုက်ပျိုးရေးစခန်း

အောက်ချိုင့်စခန်းသို့ ပြောင်းရွှေ့ရာတွင် ကျွန်တော်၏တွဲပည့် စာအရေးမောင်တင်ဦးနှင့် တပ်ကြပ်ကြီးဦးထွန်းမောင်တို့အား တစ်ပါတည်း ခေါ်လာခဲ့သည်။ ခစန်းမှ လူဟောင်းများအား အရေးကြီးသောနေရာများ တွင် မသုံးလို၍ဖြစ်သည်။

လွှဲပြောင်းနေစဉ်အတွင်း ကျွန်တော်တို့အား ရုံးခန်းနှင့် တွဲထားသည့် အိမ်ကြီးတွင် နေရာပေးပါသည်။ မြေစိုက်တဲကြီး ဖြစ်သည်။ ရုံးခန်းအတွင်း တောင်ပို့ကြီးလည်းရှိသည်။ ဖရောင်းတိုင်၊ အမွှေးတိုင်များဖြင့် ပူဇော်ထား သည်ကိုလည်းတွေ့ရသည်။

ကျွန်တော်တို့ ရိက္ခာပစ္စည်းများအား စတင်လက်ခံပါသည်။ အားလုံးအလျော့ပြနေသော်လည်း အဆင်ပြေအောင်လက်ခံရပါသည်။ ရိက္ခာကို ဂိုဒေါင်မှာလည်း မလုံခြုံသည့်အပြင် ယိုင်နဲ့နဲ့၊ ရဲဘက်ဆူးကြိုး ဝင်းမှာလည်း လျော့ရဲရဲ ဘာတစ်ခုမှမကောင်းပါ။

အားလုံးပြန်ဆောက်ရ မည်သာဖြစ်သည်။ သပ်သပ်ရပ်ရပ် ခန့်ခန့် ထည်ထည်နေတတ်သော ကျွန်တော့်အတွက် အတော်စိတ်ပျက်စရာ ကောင်းလှသော်လည်း အဆောက်အဦးများကို ချက်ချင်းမပြင်ဆင်နိုင်ပါ။

ဒုတိယနေ့တွင် ဆီအုန်းပင်များအား ကွင်းဆင်းရေတွက်၍ လက်ခံ ရသည်။ ဝန်ထမ်းမလုံလောက်သဖြင့် ရဲဘက်ခေါင်းဆောင်များအား စည်းရုံး၍





နိုင်းစေရတော့သည်။

နောက်တန်းတွင် စစ်တပ်ထွက်စိုးမြင့်နှင့် ရှေ့တန်းတွင် မောင်ဝင်းတို့ အား တာဝန်ပေးပြီးခိုင်းစေရရာ လူတော်များ၊ အတွေ့အကြုံရှိသူများဖြစ်ကြ၍ မျက်နှာလွှဲ အားကိုးရပါသည်။ တစ်ပါတ်ခန့်ကြာမှ အလွှဲအပြောင်းပြီးသည်။ ဆီအုန်းခင်းမှာ (၇)ခုခန့်ရှိ၍ ဆီအုန်း ပင်အရေအတွက် (၁၅၀၀၀၀)ခန့်ရှိ သည်။ ဆီအုန်းတဲတာဝန်ခံများမှာလည်း တပ်သား (၇)ဦးနှင့် ရဲဘက် (၂)ဦးစီဖြစ်သည်။ ၎င်းတို့အား တစ်ပါတ် တစ်ခါရိက္ခာထုတ်ပေးပြီး ရိက္ခာ ထုတ်လာသည့်နေ့တွင် ဆီအုန်းပင်အပျက် အစီးစာရင်းအား တင်ခိုင်းရသည်။

အောက်ချိုင့်ခြံလက်အောက်တွင် နောက်တန်းစခန်းဆေးရုံ ရှိသော်လည်း အဆောက်အဦးများမှာ ထုံးစံအတိုင်းမကောင်းပါ။ စခန်းနှင့် ဆေးရုံအင်အား (၄၀၀) ကျော်ခန့်ရှိသော်လည်း စခန်းတောင်ယာမှာ တစ်ဧကပင်မပြည့်ပါ။

ထို့ကြောင့် တပ်ကြပ်ကြီးဦးအေးမောင်အား တာဝန်ပေးပြီး (၅၀ဧက) တောင်ယာအဖြစ် တိုးချဲ့လုပ်ခိုင်းရတော့သည်။ ဝန်ထမ်း၊ ရဲဘက်၊ ဆေးရုံ အတွက် ဟင်းသီးဟင်းရွက်နှင့်များကို စိုက်ခိုင်းရသည်။

နောက်တန်းတွင်လည်း ရဲဘက်အိမ်ထောင်နှင့် ဆူးကြိုးဝင်း ပြုပြင်ခြင်း၊ ရိက္ခာဂိုဒေါင်အသစ်ဆောက်ခြင်းများလုပ်ရသည်။ ရုံးတဲကြီးနှင့် တောင်ပို့ကြီးအားဖျက်စေ၍ ရုံးခန်းသစ် နှစ်ထပ်အဆောက်အဦးအား တင်ဆောက်လုပ်သောအခါ ဝါးပေါ်ဒေသဖြစ်၍ တစ်လအတွင်း သပ်ရပ် သောစခန်းကြီးတစ်ခုဖြစ်သွားပါသည်။

စခန်းမှာ ကုန်းကြောကလေး တစ်ခုပေါ်တွင် တည်ထားခြင်းဖြစ်၍ ဆီအုန်းခြံများအလယ် တနင်္သာရီ ရိုးမနောက်ခံနှင့် အလွန်သာယာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်သာတော့စည်လာကြပါပြီ။

ပထမဦးဆုံး ဆိအုန်းစက်ရဲ့ စီမံကိန်းအတွက် စက်မှူ (၁) မှ AE ဦးညာဏ်ဝေနှင့်အဖွဲ့ရောက်ရှိလာပါ သည်။ စခန်းအနီးတဲများဆောက်ပေးပြီး ဦးညာဏ်ဝေကတော့ ကျွန်တော်နှင့်အတူလာနေပါသည်။ မြန်မာ့လက်ရွေးစင် ဘောလီဘောသမားဟောင်းကြီးဖြစ်ပြီး အရက် (၆)ပေကျော်ခါ အလွန် သဘောကောင်းပါသည်။

ကျွန်တော်နှင့် စားအတူ၊ သွားအတူပင် သို့သော် သူကအရက် တော့ မသောက်တတ်ပါ။ တစ်လတစ်ခါနှစ်ခါခန့်လည်း ဆိုင်ကယ်ကလေး များ ကိုယ်စီရှိသဖြင့် ကော့သောင်းမြို့သို့ဆင်းပြီး လည်ပတ်တတ်ကြသည်။

အောက်ချိုင့်စခန်းရောက်ပြီး နှစ်လခန့်အကြာတွင် ကျွန်တော့် အား ထောင်မှူးကြီးအဖြစ်ရာထူးတိုးပေးပါသည်။ ဇနီးဖြစ်သူ ထောင်မှူး ဒေါ်ခင်မြကြွယ်မှ အမိန့်စာနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူကြောင်းစာလည်း ပါလာသည့်အပြင် ကြယ်ပွင့်အသစ်များကိုလည်း ပေးပို့လိုက်ပါသည်။

AE ဦးညာဏ်ဝေမှာ ဘာသာရေးကိုင်းရှိုင်းသည့်အပြင် လူမှု ရေးလည်း အလွန်သိတတ်သူဖြစ်သည်။ ထို့အပြင် ထူးဆန်းသော အမြုအမှု များကိုလည်းလုပ်တတ်သေးသည်။

၁၉၈၅ ခု၊ နိုဝင်ဘာလအတွင်း၌ ဖြစ်သည်။ ကျွန်တော်တို့ စခန်း အနီးရှိ ဘန်နွားရွာတွင် လက်ဝှေ့ပွဲ တစ်ခုကျင်းပသည်။ မြန်မာနှင့် ထိုင်း လက်ဝှေ့ပွဲဖြစ်သည်။ ရနောင်းမြို့မှ ရုပ်သေးပွဲနှင့် လေးကောင်ဂျင်ဝိုင်း၊ ကော့သောင်းနှင့် ချန်းမန်းမှ ပစ္စည်းအရောင်းဆိုင်နှင့် စားသောက်ဆိုင် များလည်းပါဝင်သည်။ ထိုင်းကျေးလက် တောရွာပုံစံဖြစ်သည်။

ထိုညတွင် ဦးညာဏ်ဝေမှ ကျွန်တော်နှင့် တပည့် နှစ်ဦးအား





ပွဲသွားရန်ခေါ်သည်။ ဆိုင်ကယ်နှစ်စီးဖြင့်သွားကြပြီး ပထမဆုံးတွေ့ရသည့် လေးကောင်ဂျင်ဝိုင်းမှစတင်၍ (၂၅/-) တိုးနိုင်းရာ လေးဆလျော်သဖြင့် (၁၀၀/-) အမြတ်ရသည်။ သုံးဝိုင်းဆက်တိုက်ထိုးရာ (၃၀၀/-) အမြတ်ရ သဖြင့် တော်နိုင်းသည်။ အခြားသူများက အလှည့်တိုင်း နိုင်သဖြင့် အံ့သြ ကြသည်။ ဦးညာဏ်ဝေမှ

"ကဲ စားသောက်ဖို့ရပြီပဲ၊ တော်လောက်ပြီနော် ဆရာသိန်းဝင်း"

"ဟုတ်ကဲ့ ကျွန်တော်က လောဘလည်းမကြီးဘူး။ လောင်းကစား ကို ဝါသနာလည်းမပါဘူး။ ဦးညာဏ်ဝေသဘောပါ"

"အဲဒါဆို စားသောက်ဆိုင်ဝင်ရအောင်၊ ကြိုက်တာစား။ ကြိုက်တာ သောက်ကြပါ"

ကျွန်တော်က SINGER ဘီယာတစ်လုံးသောက်သည်။ တပည့် များက မလေးရှားခေါက်ဆွဲကြော်စားကြသည်။ ဦးညာဏ်ဝေကတော့ LIPOVITAN သောက်သည်။ ထိုခေတ်က ငွေ (၃၀၀/-) မှာမကုန်ပါ။ ငွေ (၅၀/-)ခန့်ပိုနေသေးသဖြင့် တပည့်များကထပ်ထိုးရန် ပြောရာ ဦးညာဏ်ဝေမှ –

"မင်းတို့သဘောနဲ့ကြိုက်တာထိုးပါ၊ ငါကတော့မပြောနိုင်တော့ ဘူး။ ငါက (၃)ကြိမ်ပဲပုတ္တိုလ်ကပေးတာ၊ စီးပွားဖြစ်လည်းလုပ်လို့မရဘူး အပျော်သဘောပဲ"

တပည့်များသွားထိုးရာ တစ်လှည့်မှမနိုင်တော့ဘဲ ရှုံးစားသွား ပါသည်။

ကျွန်တော်အမဲလိုက်လျှင်လည်း ဦးညာဏ်ဝေပါတတ်သည်။ သူက သေနတ်အစား ASAHI-PANTAX အမျိုးအစား ကင်မရာလေးကို



www.burmeseclassic.com

www.burmeseclassic.com



လွယ်ထားတတ်ပါသည်။ လှုပ်ရှားမှုများနှင့် တောသဘာဝကို ဓါတ်ပုံရိုက်ယ တတ်သည်။ အယုအဆလည်းအလွန်ကောင်းသည်။ သို့သော် သူပါလျှ တော့ အမဲမရတတ်၊ ပင်ပန်းရုံသာဖြစ်သည်။ တစ်ကြိမ် မဟုတ်၊ သုံးလေးကြိ စမ်းကြည့်ဖူးသည်။ ပေါများလှသော တောဝက်များလည်း ဘယ်ချောင်တွ အိပ်ပျော်နေသည်မသိတော့ပါ။ အသံပင် မကြားရ၊ တစ်ခါမှာလည် ဦးညာဏ်ဝေ ကော့သောင်းကအပြန် ပန်းသီး နှစ်လုံးဝယ်လာသည်။ တစ်လုံ ဆွမ်းတော်ကပ်ရန်နှင့် တစ်လုံးကျွန်တော် စားရန်ပေးသည်။

ကော့သောင်း နွေရာသီတွင် အလွန်ပူလှသည်။ ပန်းသီးအာ ဘုရားကပ်ရာ (၃)လကျော်ကြာသည်အထိ နွမ်းခြောက်မသွားပါ။ နှ အတိုင်းပင် ကျွန်တော်စွန့်၍ စားလိုက်ပါသည်။

ကျွန်တော် ရန်ကုန်ပြန်လာပြီး ဦးညာဏ်ဝေနှင့်ဆုံ၍ ပန်းသီ အကြောင်းမေးကြည့်ရာ

"အဲဒါ ဆရာသိန်းဝင်းကို ပုဂ္ဂိုလ်တွေကြည့်တာလေ။ အသက် အန္တရာယ်ကြုံရင်လွဲတယ်၊ ရောဂါလက္ခဏာလည်း မရှိခဲ့ဘူးမဟုတ်လား"

ဟုတ်ပါသည်။ ကျွန်တော်ဆိုင်ကယ်မှောက်ဖူးသည်။ ပွန်းပဲ့သည် ကလွဲ၍ ကျိုးပဲ့မသွားပါ၊ ထွန်စက်လည်းမှောက်ဖူးသည်။ တောဝက်ပ ရာတွင်လည်း အကြိမ်ကြိမ်အသက်အန္တရာယ်ကြုံဖူးသည်။

ကျွန်တော် ဘာမှမဖြစ်ခဲ့ပါ။ ကော့သောင်းမှာ ငှက်ဖျားများ ဒေသဖြစ်၍ လူတိုင်းဖျားကြသည်။ ကျွန်တော်မဖျားခဲ့ပါ။ ယခုအချိန်ထိလည် ရောဂါကြီးကြီး မားမားမဖြစ်ခဲ့ဘူးပါ။

၁၉၈၅ ခု၊ ဒီဇင်ဘာလကုန်ပိုင်းဖြစ်သည်။ ပွင့်လင်းရာသီဖြစ်၍ ရန်ကုန်မှရိုကွာနှင့် ရဲဘက်သဘော်ကြီးများလာတတ်ရာ ကြေးနန်းရသဖြင့်





ကျွန်တော်တို့အုပ်စုနှင့် ကွပ်ကဲမှုရုံးမှ ထောင်ပိုင်ကြီးများ၊ ကော့သောင်းမြို့သို့ဆင်း၍ကြိုကြရာ နေ့လယ် (၁၂) နာရီအထိ သဘော် မဆိုက်သေးသဖြင့် အသီးသီး မိမိတို့နှစ်သက်ရာဆိုင်များတွင် စားသောက်ရန် ထွက်ခဲ့ကြပါသည်။ ကျွန်တော်ကတော့ ထိုင်နေကျ ကမ်းနားလမ်းရှိ အောင် စားသောက်ဆိုင်တွင် တစ်ဦးတည်းထိုင်ပြီး ခေါက်ဆွဲကြော်နှင့် ဘီယာမှာနေစဉ် CUB ဆိုင်ကယ်ကလေးဖြင့် အမျိုးသမီးတစ်ဦးရောက် လာသည်။

သူက စကပ် တိုတိုနှင့်ဖြစ်၍ ထိုင်းလား၊ မြန်မာလားခွဲခြား မရပါ။ သူမက အခြားစားပွဲလွတ်တစ်ခုတွင်ဝင်ထိုင်ရင်း ကျွန်တော့်အား ကွက်ကြည့် ကွက်ကြည့်လုပ်နေပါသည်။ ကျွန်တော်ကလည်း ယူနီဖောင်း ဝတ်ထားသဖြင့် မရောပါ၊ သူကလည်း ဘီယာနှင့်ခေါက်ဆွဲကြော်မှာသည်။

ခဏကြာတော့ စားသောက်စရာများလာအချတွင် သူမက ကျွန်တော့်အား

"ဆရာ တစ်ယောက်ထဲလား၊ ကျွန်မလာထိုင်လို့ရမလားဟင်"

"ရပါတယ်၊ ကျွန်တော်တစ်ယောက်ထဲပါ၊ လာထိုင်နိုင်ပါတယ်"

"ကျွန်မနံမည် မြမြစမ်းပါ၊ တောင်နောက်မှာနေပါတယ်"

တောင်နောက်ဆို၍ ကျွန်တော်ပြုံးသွားပါသည်။ ယခင်က တောင်နောက်ဆိုသည်မှာ မိန်းမရှင်များပေါလှသည်။

အမျိုးသမီးက ရိပ်မိဟန်တူပါသည်။ ချက်ချင်းစကားကိုပြင်သည်။

"ကျွန်မကဈေးသည်ပါ၊ ရန်ကုန် တာမွေဘက်မှာနေတာပါ၊ အခုနေတာက အသိအိမ်မှာ ခေတ္တတည်းခိုနေတာပါ၊ ဆရာကအကျဉ်းဦးစီးကမဟုတ်လား၊ ထောင်မှူးဦးစိုးလှိုင်ကို သိသလား၊ ထိပ်ပြောင်ပြောင် နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အော် ဟုတ်တယ်၊ သိပါတယ်၊ သူကရေတံခွန်စခန်းကလေ အသိလား၊ အမျိုးလား"

"အသိမဟုတ်ပါဘူး၊ အမျိုးလည်းမဟုတ်ပါဘူး၊ မိတ်ဆွေတွေပါ၊ သူ ဒီနေ့မလာဘူးထင်တယ်၊ တွေ့ရင်ပြောပေးပါဆရာ၊ မြမြဆီကို လာပါဦးလို့၊ ကျွန်မအိမ်ကိုသူသိပါတယ်"

"ဟုတ်ကဲ့ ကျွန်တော်ပြောလိုက်ပါမယ်"

ကျွန်တော်တို့စားသောက်အပြီး ပိုက်ဆံရှင်းရန်စားပွဲထိုးအား ခေါ်စဉ် သဘော်ဥသြသံကြားရပါသည်၊ သူမကပြောပါသည်။

"ဆရာ၊ ကျွန်မအားလုံးရှင်းပြီးပြီ" တဲ့။

ကျွန်တော့်နံမည်နှင့်လိပ်စာမေး၍ ကျွန်တော်ဖြေခဲ့ရပါသည်။ ဆိပ်ကမ်းသို့ဆိုင်ကယ်ဖြင့်အမြန်လာခဲ့သော်လည်း ထောင်ပိုင်ကြီးများအား မမြင်ရပါ။ ရေလယ်တွင် ဟားခါးသဘော်ကြီးဆိုက်နေပါပြီ။ တစ် ဘူဘူနှင့် ဥသြလည်းမှုတ်နေသည်။

ရဲဘက်နှင့် ပစ္စည်းတင်မည့် စက်လှေ ကြီးများကလည်း အမိန့်ပေးမည့်သူမရှိ၍ မထွက်ရဲ ကျွန်တော်ပင် အမိန့်ပေး၍ ဦးဆုံးစက်လှေဖြင့် သဘော်ဆီသို့လိုက်ခဲ့ပါသည်။ သဘော်ပေါ်တွင် ရန်ကုန်မှပြောင်းလာသည့် ထောင်ပိုင်ကြီးဦးသန်းစိန်က...

"ဦးသိန်းဝင်း ခင်ဗျားဆရာတွေရောဗျ"

"စားတုန်းသောက်တုန်းတန်းလန်းကြီးဗျို့၊ နောက်စက်လှေ တွေနဲ့ ပါလိမ့်မယ်ဆရာရေ၊ ဆရာတို့သဘော်ကလည်း အတော်နောက် ကျနေတာ ပဲနော်"

"အေးဗျာ မြိတ်မှာ ရဲဘက်ဝင်တင်တာ အဆင်မပြေဘူး၊ ရန်ကုန်က





ပါလာတဲ့ ရဲဘက်တစ်ယောက်လည်း အရေးပေါ်ဆေးရုံတင်ရလို့၊ အဝင် နောက်ကျတာဗျို့"

ကျွန်တော့်အထက်အရာရှိများ၏ ခွင့်ပြုချက်မရဘဲ စက်လှေများ ထွက်နိုင်းသဖြင့် အဆူခံရတော့မည်ဟု ထင်နေသော်လည်း တတိယ စက်လှေတွင် ထောင်ပိုင်ကြီးဦးဘညွှန့်ပါလာပါသည်။ ကျွန်တော့်အား မြင်လျှင် လက်ယပ်ခေါ်ပြီး

"ကျေးဇူးတင်လိုက်တာ ကိုသိန်းဝင်းရယ်၊ ကျွန်တော်တို့ တောင် နောက်ရောက်နေလို့ ဥသြသံမကြားရဘူးဗျာ၊ ကုလားကြီး ဦးသိန်းစိန်က အရစ်ကြီး၊ ခင်ဗျား သူ့ကိုဘာပြောထားသေးလဲ"

"ဆရာတို့ စားသောက်ရင်းတန်းလန်းဖြစ်နေလို့၊ နောက်စက် လှေနဲ့ပါလာမယ်၊ သဘော်ကဘာဖြစ်လို့နောက်ကျတာလဲလို့ သူပြန် ရစ်နေတာဆရာရေ့"

"ကိုသိန်းဝင်း ခင်ဗျားတော်သဗျာ၊ ကျေးဇူးအထူးတင်တယ် ဗျို့"။

တော်ပါသေးရဲ့၊ အဆူခံရမည့်အစား ချီးမွမ်းခံရသောကြောင့် ဖြစ်ပါသည်။ ထိုညက ကော့သောင်းမြို့မှာပင်ညအိပ်ကြပြီး ရဲဘက်များ ကိုတော့ အနီးဆုံးဖြစ်သည့် ရေတံခွန်စခန်းသို့ပို့လိုက်ပါသည်။ ကျွန်တော့် ကိုတော့ ထောင်ပိုင်ကြီးဦးဘညွှန့်က ဘီယာတိုက်ပါသည်။ ကမ်းနားတွင် ရိက္ခာနှင့် လုပ်ငန်းသုံးပစ္စည်းများ စုပုံချထားသဖြင့် ကျွန်တော်တို့တစ်လဲစီ စောင့်ဆေးကြပြီး ကော့သောင်းမြို့ဧည့်ဂေဟာတွင် ညအိပ်ကြရပါသည်။

အကျဉ်းဦးစီးဌာနမှာ (၃) မိုင်တွင်ရှိသည်။ အမိုးနီနီဖြင့် လမ်း၏ လက်ဝဲဘက်ပင်လယ်ကမ်းစပ်တွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ပင်လယ် ရေတက်ချိန်တွင် လှိုင်းရိုက်ရန် ခြေတံရှည်ဆောက်ထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းနှစ်ခန်းနှင့် အိပ်ခန်း (၇) ခန်း၊ မီးဖိုခန်း၊ ရေချိုး ခန်း၊ အိမ်သာခန်း (၂) ခန်းနှင့် လသာဆောင်ပင်ပါရှိသည်။

ကျယ်ပြန့်ကြီးမားသော သစ်သား အဆောက်အဦးသာဖြစ်သည်။ ညနေပိုင်းလောက်တွင် ပင်လယ်ဘက် အခြမ်းတွင်ထိုင်ရသည်မှာ အလွန် မိမ်ကျလှသည်။ ပင်လယ်ထဲသို့ နေလုံးကြီးဝင်သွားသည်ကို (SUN SET) ကြည့်ရသည်မှာ အလွန်ကြည်နူးချမ်းမြေ့စရာ ကောင်းလှသည်။

အောက်ချိုင့်စခန်းတွင် တာဝန်ခံအဖြစ်နေရစဥ်က အတွေ့ အကြုံအချို့ကို တင်ပြပါဦးမည်။ ရုံးခန်းတဲပေါင်းကြီးနှင့် ထောင်ပိုကြီး ရှင်းစဥ်ကလည်း ညဥ့်သန်းခေါင်အချိန်တွင် ကျွန်တော့်တစ်ကြိမ်ကြိ ဦးတွန်းမောင်နှင့်တူသော လူဝကြီးတစ်ယောက်အား မကြာခဏမြင်ခဲ့ရပြီး အိပ်မက်ထဲတွင် နေရာတောင်းသဖြင့် စခန်းအရှေ့ဘက်တောင်ပူစာတွင် နေရာပေးခဲ့ရသည်။

ဒုတိယအကြိမ် စခန်းအနောက်ဘက်တောင်ကုန်းပေါ်ရှိ ညောင်ပင် ကြီးများအား ရှင်းစဥ်ကလည်း သစ်ခုတ်သမားများ လွှတိုက်ထားသဖြင့် တစ်ဖက်မှတစ်ဖက်သို့ပေါက်အောင်မြင်နေရသော်လည်းမလဲ၊ သရက် ညောင်ပင်ကြီးများအား ညအချိန်မေတ္တာပို့အမျှဝေပြီး အနီးရှိ စခန်း စိုက်ပျိုးရေးဥယျာဉ်အတွင်းရှိ ပသျှူးအညင်းပင်ကြီးများသို့ ပြောင်းရွှေ့နေပါရန် မေတ္တာပို့မှ မနက်စောစောတွင် အလိုအလျောက် ညောင်ပင်များလဲ တော့သည်။

တတိယအကြိမ်မှာ ကျွန်တော့်စခန်းမှ ဝန်ထမ်းတစ်ဦးနှင့် လုံထိန်း တစ်သားနှစ်ဦး တောင်ပြောင်တွင်အသတ်ခံရသော အချိန်ဖြစ်သည်၊ (တောင်ပြောင်ကိုသက်သေတည်) ကျွန်တော်တို့အဖွဲ့နှင့်လိုက်ရှာသော်လည်း





တွေ့ရ။ ငင်းဝန်ထမ်း၏ အသုံးအဆောင်ပစ္စည်းများအား ရုံးခန်း စတို တွင်းသိမ်းဆည်းထားရာ ညဥ့်နက်သည်နှင့် ငင်းဝန်ထမ်း၏ အိုးခွက် န်းကန်များက သံစုံတီးဝိုင်းသဖွယ် တစ်ညလုံးထမြည်တော့သည်။

ရုံးခန်းအတွင်း ကျွန်တော်မွေးထားသော ဘိုနီနှင့်ဘိုဖြူဟူသော ခွေးနှစ်ကောင်မှာလည်း တစ်ညလုံးမအိပ်ရတော့ပါ။ ထ၍ အူနေ တော့သည်။

ကျွန်တော် ပရလောကကို အယုံအကြည်မရှိခဲ့ပါ။ သို့သော် ကိုယ်တွေ့ကြုံရသော အဖြစ်အပျက်များကြောင့် ယုံရမလိုဖြစ်နေပါသည်။ တောထဲတောင်ထဲတွင် နေထိုင်လုပ်ကိုင်ရသူများဖြစ်သဖြင့် သဘာဝလွန် ဖြစ်ရပ်များအား မကြာခဏတွေ့ရတတ်ပါသည်။ တစ်ဦးတည်းကြုံရခြင်း တတ်ပါ၊ သက်သေအများရှေ့တွင် ကြုံဆုံရခြင်းဖြစ်သည်။

## အော်ကြီးဆီအုန်းစိုက်ပျိုးရေးစခန်းများ

ဆီအုန်းစိုက်ပျိုးရေးစခန်းများအနေဖြင့် အုပ်စု (၃) ခုရှိပြီး စခန်းခွဲ (၁၂)ခုရှိပါသည်။ ပါဆယ်ပါညန်းဆီအုန်းစခန်းအုပ်စုတွင် ရေတံခွန်စခန်း၊ ဆယ်ပါညန်းစခန်း၊ အောက်ချိုင့်စခန်းနှင့် လဲမွန်စခန်း ဟူ၍ စခန်း လေးခုရှိသည်။ အော်ကြီးအုပ်စုတွင်လည်း အော်ကြီး (၁) (၂) (၃) (၄) ဟူ၍ စခန်းခွဲလေးခုရှိသဖြင့် ကော့သောင်းဒေသတွင် ဆီအုန်းစခန်းခွဲ (၁၂)ခု ရှိပါသည်။ စခန်းခွဲတိုင်း၏ ထူးခြားဖြစ်စဥ်များအား သိရှိ သမျှတင်ပြပါမည်။

ရဲဘက်နှင့်ရိက္ခာတင်သင်္ဘော ဟားခါးဆိုက်ပြီးနောက် ကျွန်တော် ထောင်ပိုင်ဦးယဥ်မောင်တို့ အော်ကြီးစခန်းသို့ထွက်ခဲ့ကြပါသည်။ ချန်းမန်း



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းမှ စက်လှေငှား၍ ပင်လယ်ကမ်းခြေအတိုင်း ဆန်တက်ခဲ့ကြ
အော်ကြီးချောင်းဝရောက်မှ အတွင်းသို့ ချောင်းအတိုင်း ဝင်ကြရခြင်းဖြစ်သည်

ရေကျချိန်ဖြစ်၍ သစ်ပင်ခွဆုံများပေါ်တွင် မြွေအမျိုးမျိုးတင်ကျန်
ခဲ့သည်ကို တွေ့ရသဖြင့် သတိထားရှောင်ရှားပြီးသွားရသည်။

အော်ကြီး ချောင်းမှာ ရှည်လျားသော်လည်း ကျဉ်းလှသည်
ရေကျချိန်ဖြစ်၍ စက်လှေ နစ်စီးဆုံလျှင် အရှိန်လျော့ပြီး ကမ်းရှောင်ကြရသည်
နေ့လယ်ပိုင်းတွင် အော်ကြီး (၁)စခန်းသို့ရောက်သည်။ စခန်း တာဝန်
ထောင်မှူးကြီး ဦးအယ်လ်ဇော်ထူးက ဆိပ်ကမ်းတွင် လာရောက်ကြိုဆိုသည်
စခန်းမှာ ဆိပ်ကမ်းနှင့်မဝေးလှ။ တောင်ကုန်းပေါ်တွင် ဖြစ်ပြီး စခန်းအော
မြေပြန့်တွင် ပျိုးပင်များစိုက်ပျိုးထားရာ စိမ်းစိုနေ၍ အလွန်ကြည့်ကောင်းလှသည်

ဦးအယ်လ်ဇော်ထူး

"ထောင်ပိုင်ကြီးတို့လာမယ်စာရတာနဲ့၊ မနေ့က တောကော
တွေ ပစ်ထားတာအစုံပဲ၊ ချေ၊ မျောက်၊ ဝက်ဝံနဲ့ ဖြူတွေပါရထားတယ်

ဦးယဉ်မောင်

"ကောင်းတာပေါ့ဗျာ၊ တောစာတွေ တစ်ဝစားရတာပေါ့"

ဦးဇော်ထူး

"ဦးသိန်းဝင်းပါ ပါလာတာအတော်ပဲဗျို့၊ ဒီအနားတွင် ကျော
ပစ်လို့ရတယ် "

"ကျေးဇူးတင်တယ်ဗျို့၊ ဒီတစ်ခါတော့ အလုပ်တွေရှိသေး
ပစ်နိုင်မယ်မထင်ပါဘူးဗျာ"

ကျွန်တော်တို့ စခန်းတောင်ကုန်းရုံးပေါ်သို့ တက်လာကြပါသည်
ရုံးမှာ တောင်ငုကလေးပေါ်တွင်ရှိသဖြင့် ရဲဘက်စုည်းရိုးဝင်းနှင့် ဗိုက်ခင်းအ





အပေါ်စီးမှမြင်နေရပါသည်။ ကျွန်တော်တို့လာရင်းကိစ္စမှာ ရိက္ခာကိစ္စနှင့်
ရဲဘက် (၉)ဦးတစ်နေ့တည်း (HEAT STROKE) ဖြစ်၍ သေဆုံးခြင်း ကြောင့်
ပဏာမလေ့လာရေးလာရောက်ခြင်းဖြစ်သည်။ ရုံးပေါ်တွင် ခေတ္တနား၍
အကြမ်းသောက်ကြပြီးနောက် အခင်းဖြစ်ပွားရာသို့ သွားကြည့်ကြ သည်။

စခန်းမှာ တောရှင်း၊ ကျွန်းချေ၊ မီးရှို့ခြင်းဖြင့် စတင်လုပ်ဆောင်
နေရသော စခန်းသစ်ဖြစ်၍ အလုပ်အလွန်များလှသည်။ အခင်းဖြစ်နေရာမှာ
စခန်းနှင့်မဝေးလှ။ အော်ကြီး (၁) စခန်းနယ်မြေနှင့် အော်ကြီး (၂) စခန်း
ကြားတွင် ဖြစ်သည်။

နွေရာသီ နေပူပူ ကျွန်းချေမီးရှို့ကြရင်း အပူဟပ်၍ ရေငတ်မိုးကြရာမှ
ရဲဘက်များသေဆုံးရခြင်းဖြစ်သည်။ ရေချိုးပြီး ကညင်ပင်ကြီး အောက်တွင်
နားနေကြရင်း သေဆုံးခြင်းဖြစ်၍ ထိုကညင်ပင်ကြီးအား ကိုးလောင်းပင်ကြီး
ဟုခေါ်သည်။

အပင်ကြီးအောက်ရောက်လျှင် အပုပ်နံ့ နံလှသဖြင့် ခရစ်ယာန်
ဘာသာဝင် ထောင်မှူးကြီး ဦးအယ်လ်ဇော်ထူးက ကညင်ပင်ကြီးအား
ဖက်လှွှများနှင့်ဖြတ်ပြီး မီးရှို့လိုက်သည်။

ကျန်နေသော အရင်းပိုင်းကြီးမှာ မီးမလောင်သဖြင့် ကျွန်တော်
အရပ်နှင့်တိုင်းကြည့်၍ လဲနေသည့် လုံးပေါက်အမြင့်မှာ ကျွန်တော့်အရပ်
(၁၀'၁၀")ထက် တစ်ပေခန့် ပိုမြင့်နေသေးသည်။ နှစ်ပေါင်း နှစ်ရာကျော်
နေသည့် အဓိကရအပင်ကြီး ဖြစ်သည်။

ဦးယဉ်မောင်

"ဦးဇော်ထူး အလောင်းတွေကို ကော့သောင်းဆေးရုံပို့ပြီး (Post
Mortem) လုပ်တယ်မဟုတ်လား။ ဆေးစာတွေရော ရပြီလား"

www.burmeseclassic.com



"ရပါပြီဆရာ၊ (heat Stroke) လို့ရောဂါတပ်ထားပါတယ်။ အသေးစိတ်သေးစစ်ချက်တွေလည်း ပါပါတယ်"

"အင်း အဲဒါတွေကို အသေအချာသိမ်းထားပါ။ မိတ္တူကူးပြီး ရုံးချုပ်ကိုတင်ရမယ်၊ ထူးခြားဖြစ်စဉ်ကြေးနန်းစာတော့ပို့ပြီးပါပြီ။ DG အဖွဲ့ လာလိမ့်မယ်၊ ခင်ဗျားသက်သေတွေကိုလည်း ပြည့်စုံအောင်ရှာထားပါ။ ဝန်ထမ်းရဲ့ ဘက်သက်သေတွေပေါ့"

"ဟုတ်ကဲ့ဆရာ အသင့်ရှိပါတယ်၊ လူဟောင်းတွေမို့ ကျွန်တော် အလွန်နှမြောမိပါတယ်"

"နောက်ဆို ကျွန်းခွေ၊ မီးရှို့အလုပ်ကို မနက်စောစောနဲ့ ညနေပိုင်းမှလုပ်ပါ။ နေ့လယ်နေပူချိန်မှာမလုပ်ပါနဲ့ သတိထားပါ"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး"

ကျွန်တော်တို့စခန်းရုံးပြန်၍ နေ့လယ်ထမင်းစားကြပါသည်။ တောကောင်သားများစုံလှသည်။ နေပူသဖြင့် ငုင်း (heat Stroke) ဖြစ်၍ သေဆုံးရသော ရဲဘက်များ၏သတင်းဆိုးနှင့် သွားရောက်လေ့လာရသည့်နေရာ ဒေသ၏အခြေအနေနှင့် အပုပ်နံ့များကြောင့်ရင်း။ ထမင်းစား၍မကောင်းပါ။ ထမင်းစားအပြီး လက်ဖက်ရည်အကြမ်းဝိုင်းတွင် ဦးဇော်ထူးမှ

"ဆရာရေ သွားလေသူရဲဘက်များအတွက် ကျွန်တော်အလှူလည်းလုပ်ပြီးပါပြီ၊ ကျွန်တော်က ခရစ်ယာန်ဘာသာဝင်ဖြစ်ပေမယ့် အော်ကြီးရှာက သံဃာငါးပါးပင့်ပြီး ပရိတ်လည်းနာပြီးပါပြီ၊ ဒါပေမယ့် အဲဒီနားရောက်ရင် အပုပ်နံ့ကပေဟောင်နေတုန်းပဲ၊ ကျွန်တော် ဘာဆက်လုပ်ရမလဲ"

ဦးယဉ်မောင်

"တစ်လပြည့်တဲ့နေ့ကျရင် ဘုန်းကြီးကိုးပါးပင့်ပြီး သင်္ကန်းကပ်





ပါ။ တစ်ဦးချင်းနာမည်ခေါ်ပြီး အမျှဝေပါ၊ အခင်းဖြစ်တဲ့နေရာမှာ လုပ်နိုင်ရင် ပိုကောင်းတာပေါ့ဗျာ"

"ဟုတ်ကဲ့ဆရာ၊ မနက်စောစော ကျွန်တော်လုပ်လိုက်ပါ့မယ်"

ကျွန်တော်တို့ အော်ကြီးစခန်းတွင် တစ်ညအိပ်ကြပါသည်။ ညနေစာစားတွင် ဦးဇော်ထူးက အရက်ပွဲဖြင့်ဧည့်ခံပါသည်။ စားရင်းသောက်ရင်း လုပ်ငန်းကိစ္စ၊ ရိက္ခာကိစ္စများအားဆွေးနွေးညှိနှိုင်းကြသည်။ ညဉ့်စာစားကြပြီး အိပ်ယာဝင်ကြသော်လည်း ရဲဘက်များသေဆုံးခြင်းက ကျွန်တော့်စိတ်ထဲတွင်စွဲထင်နေသည်။

အုပ်ချုပ်သူများ၏ပေါ့ဆမှုဟု စိတ်စွဲနေသည်။ မိမိစခန်းတွင်လည်း ဤကဲ့သို့မဖြစ်ရအောင် အောက်လက်ဝန်ထမ်းရဲဘက်များအား ကြပ်ကြပ်မတ်မတ်ကိုင်တွယ်ရန်ဆုံးဖြတ်မိပါသည်။ ကျွန်တော်တို့အုပ်ချုပ်သူများမှာ တောထဲတောင်ထဲ စခန်းများတွင် အမိ၊ အဘသဖွယ်ပင်မဟုတ် ပါလား

## မာလ်စတင်းဆီအုန်းစိုက်ပျိုးရေးစခန်း

နောက်တစ်လတွင် ကျွန်တော်နှင့်ဆရာ ဦးယဉ်မောင်တို့ မာလ်စတင်းစခန်းခွဲ (၃)သို့သွားရပြန်သည်။ စခန်းမီးလောင်ခြင်းကိစ္စဖြစ်သည်။ စခန်းခွဲတာဝန်ခံမှာ ထောင်မှူးကြီး စောလွင်ဖြစ်သည်။

ပါဆယ်ပါညန်းစခန်းမှ လဲမွန်စခန်းသို့ထွန်စက်ဖြင့်သွားရသည်။ လမ်းခရီးဖြစ်၍ လမ်းမကောင်းပါ။ လဲမွန်စခန်းမှ မာလ်စတင်းစခန်းခွဲ (၃) သို့လည်း ထွန်စက်လမ်းသာရှိသည်။ စခန်း (၃) မှာ တဲစခန်းသာဖြစ်ပြီး စခန်းငယ်လေးများဖြစ်သည်။ စိုက်ခင်းများမှာ တောနှင့်ဆက်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



မီးတားလမ်းမရှိပါ။ ထို့ကြောင့် တောမီးလောင်ရာမှ စခန်းသို့ကူးဆက်ပြီး လောင်ခြင်းဖြစ်သည်။

ကျွန်တော်တို့ ရောက်လျှင် ဦးစောလွင်မှာ ယာယီရုံးခန်းကလေးမှ ထွက်၍ကြိုဆိုပါသည်။

"ဆရာတို့ကြွပါခင်ဗျား၊ ကျွန်တော်နေ့လယ်စာလည်း အသင့်ပြင်ထားပါတယ်"

ကျွန်တော်တို့ စခန်းတဲအတွင်းထိုင်ကြရင်း ရေနွေးကြမ်းသောက်ကြရင်း ဦးယဉ်မောင်မှ

"ဦးစောလွင် ခင်ဗျားစိုက်ခင်းတွေက ပေါင်းမြက်လည်း မရှင်းဘူး မီးတားလမ်းလမ်း မရှိဘူးဆို"

"ကျွန်တော် အလွှဲအပြောင်းလုပ်နေတုန်းမို့ပါဆရာ၊ အခုလည်း ရှင်းနေပါပြီ"

"အပင်တိုင်းကို (၁၀) ပေလိုင်း အပြောင်ရှင်းပါ၊ ရဲဘက်အင်အား လက်နက်အင်အားလိုရင် ထပ်ပို့ပေးမယ် "

"ကျွန်တော်တို့ ပါသယ်ပါညွှန်အုပ်စုကို လာကြည့်စမ်းပါ၊ စိုက်ခင်းထဲမှာပြောင်နေလို့ အကောင်ပလောင်လည်းမလာဘူး၊ အပင်စစ်လို့လည်းလွယ်တယ်၊ အဝေးကကြည့်ရင် အတန်းလိုက်ဖြစ်နေတယ်၊ တောစပ်နဲ့ စိုက်ခင်းကြား မီးတားလမ်းကအရေးကြီးတယ်၊ အနည်းဆုံး (၁၀) ပေ ပါစေ၊ ပိုကျယ်လေ ကောင်းလေလေပဲ၊ စိတ်ချရတာပေါ့၊ ဒါနဲ့ ရိက္ခာတဲ မီးလောင်တော့ အပျက်အစီးအတော်များသလား"

"ဟုတ်ကဲ့ဆရာ၊ တဲတစ်တဲပါသွားပါတယ်၊ ရိက္ခာတဲဟောင်းဖြစ်လို့ သိပ်တော့မပါပါဘူး၊ ဆန်အိတ်နဲ့ ပဲအိတ်နည်းနည်းပဲပါသွားတာပါ"





"မီးက ဘယ်ကစလောင်တာလဲ"

"တောစပ်ကကူးလာတာပါဆရာ၊ ကျွန်တော်တို့လက်ဦးလို့ စခန်းတစ်ခုလုံးမပါတာဆရာ၊ နေ့လယ်ခင်းဆိုတော့ စခန်းမှာ လူအင်အားရှိနေလို့တော်သေးတယ်"

"တောမီးကစလောင်တာဖြစ်ပေမယ့် ခင်ဗျားတို့မီးတားလမ်းမလုပ်တာနဲ့ ပေါင်းမရှင်းတာကြောင့် (D.E) လုပ်ပြီး အရေးယူခံရမှာတော့ အမှန်ပဲ၊ ခင်ဗျားလည်း ထောင်တကာ၊ စခန်းတကာနဲ့နေပြီပဲ ကိုယ့်စခန်းလုံခြုံရေးကို အဓိကထားပြီးလုပ်ပါ "

ကျွန်တော်တို့ကွင်းဆင်းစစ်ဆေးရာ ဆီအုန်းပင်များအတော်များများ မီးလောင်ခံရသည့်အတွက် ဆီထွက်သောအပင်များဖြစ်၍ မီးစားသောမျိုးဖြစ်သည်။ ပေါင်းမရှင်းသဖြင့် ယခုလိုနွေရာသီတွင် ပေါင်းမြက်များမှာ ခြောက်နေပြီး လောင်စာသဘောဖြစ်နေပါသည်။

နေ့လယ်စာ စားကြသော်လည်း ထောင်ပိုင်ဆူထားသဖြင့် ဦးစောလွင်မှာလည်း မျက်နှာမကောင်း ဟင်းကောင်းသော်လည်း အိမ်ရှင်မျက်နှာမကြည်သာ၍ ကျွန်တော်တို့လည်း ထမင်းစားမကောင်းကြပါ။ နေ့လယ်ခင်း နေပူ၍မပြန်ကြသေးဘဲ ကျွန်တော့်စခန်းအား ပတ်ကြည့်ရာ မန်ကျီးပင်အောက်တွင်ထိုင်နေသော တပ်ကြပ်ကြီးက ကျွန်တော့်အား နေရာပေးရင်းပြောပြပါသည်။

"ဆရာ့ရေ ဒီစခန်းကလည်း ရာဇဝင်နဲ့စခန်းဗျ၊ အုပ်ချုပ်သူမပြဘူး၊ ပသျှူးသချိုင်းဟောင်းကြီးကလည်း ခြံထဲမှာပါနေတာ၊ အခြောက်အလှန့်ကလည်းတအားကြမ်းတယ်၊ ဆရာဦးစောလွင်ရောက်လာတော့ ပိုဆိုးတယ်၊ သူကဘာမှအယုံအကြည်မရှိဘူး၊ ဘာသာရေးလည်းမလုပ်ဘူး၊ ရောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပြန်တယ်၊ ထောင်မှူးကြီးစောလွင် ငါရောက်လာပြီ၊ စခန်းဝင်းထဲမှာရှိတဲ့ အစောင့်အရှောက်၊ မိစ္ဆာ၊ သရဲတစ္ဆေတွေ အကုန်ထွက်ကြ၊ မလိုတော့ဘူးလို့ ပြန်တာဗျ။ အဲဒီကစပြီး စခန်းလည်းပျက်တော့တာပဲ၊ မကြာခဏ ပြဿနာဖြစ်တယ်၊ စုန်းမူး နတ်မူး သရဲမူးတာလည်းခဏခဏပဲ၊ ကျွန်တော်တို့တော့ အတော်စိတ်ပျက်နေပြီ''

''ဆရာကြီးက အသက်လည်းကြီးပြီ၊ အတွေ့အကြုံလည်းများမှာပါ၊ ဦးစောလွင်က လူပျော်ပါ၊ နောက်တတ်၊ ပြောင်တတ်တယ်၊ ကျွန်တော်တို့လည်း အသေအချာမှာကြားခဲ့မှာပါ။ အခုလည်း ထောင်ပိုင်က ဆုနေတာ၊ ကျွန်တော်နားပူလို့ထွက်လာတာ၊ ရပ်ဓလေ့၊ ရွာဓလေ့ ဒေသဓလေ့ အစဉ်အလာအတိုင်း ဆရာကြီးကဆက်လုပ်ပါ။ ဦးစောလွင်နဲ့ ကျွန်တော် အင်းစိန်ထောင်မှာတွဲဖူးပါတယ်၊ သူက အလုပ်အလွန်လုပ်ပါတယ်၊ အဲ ဒါပေမယ့် ဘာသာရေးတော့ အလေးအနက်ထားအယုံအကြည်မရှိဘူးဗျ၊ သူကတစ်ယူသန်တယ်၊ အတ္တာပဟိ၊ အတ္တနောနာထော မိမိကိုယ်သာ ကိုးကွယ်ရာဆိုတဲ့ ဆောင်ပုဒ်ကိုလက်ကိုင်ထားတဲ့သူ၊ အစွန်းရောက်သွားတာပေါ့ဗျာ''

''ဟုတ်ပါလိမ့်မယ်ဆရာ၊ အခုမီးလောင်ပြီးလို့ တဲသစ်တွေပြန်ဆောက်တော့ သူကိုယ်တိုင်အမိုးတက်မိုးတာ၊ တဲဆောက်တာလည်းသူပါတာပဲ၊ စခန်းပုံစံလည်း အသစ်ခွဲပြီး သူ့ပဲစိတ်တိုင်းကျဆောက်နေတာပါ''

''နောက်ဆို ကောင်းသွားမှာပါဗျာ၊ သူ့သဘောသိရင် သူ့ကို ခင်မင်လေးစားလာမှာပါ၊ လူကလူတော်ပါ၊ အစွန်းရောက်နေလို့ အတိုင်မကျသေးခင် ပြဿနာဖြစ်တာပါ၊ ဆီအုန်းခင်းပေါင်းရှင်းတဲ့ကိစ္စတော့ ဆရာကြီးတို့အရေးပေါ်လုပ်ရလိမ့်မယ်၊ မီးတားလမ်းလည်း အရေးကြီးတယ်





အရေးပေါ်လာရင် မီးသတ်နိုင်အောင်လည်း ဝန်ထမ်း ရဲဘက်ကြိုတင်စီစဉ်ထားရလိမ့်မယ်၊ ကျွန်တော်တို့ အောက်ချိုင့်ခြံမှာလည်း တောမီးကူးလာလို့ မီးလောင်ဖူးပါတယ်၊ ဒါပေမယ့် သူ့တာဝန်နဲ့သူ မီးငြိမ်းနိုင်လို့ ပြဿနာမဖြစ်ပါဘူး။ ဒါနဲ့ ဆရာကြီးတို့မှာ မိုးကျလာရင် ဖာထေးစိုက်ပျိုးဖို့ ပျိုးပင်တွေရော ရှိလား''

''ရှိတော့ ရှိတယ်၊ နည်းတယ်ဆရာ၊ အော်ကြီးပျိုးစခန်းက ယူရမယ်ထင်ပါရဲ့''

''ဆီအုန်းပင်တွေ မီးလောင်ပေမယ့် မိုးကျလာရင် အစို့ပြန်ထွက်တာပဲ မသေနိုင်ဘူးဗျ၊ ဒါပေမယ့် အပင်မသန်တော့ဘူး။ အသီးလည်း ညံ့ဖျင်းတာပေါ့၊ အသစ်ပြန်စိုက်၊ အကောင်းဆုံးပါပဲ''

ကျွန်တော်တို့ ညနေပိုင်းတွင် ထွန်စက်ကြီးဖြင့် ပြန်လာကြပါသည်။ လမ်းတွင် ဆရာဦးယဉ်မောင်မှ

''ကိုသိန်းဝင်း ဦးစောလွင်က ခင်ဗျားတို့အဖွဲ့ထဲကလား''

''မဟုတ်ဘူးဆရာ၊ သူကနောက်ကျတယ်၊ ကျွန်တော်တို့က အပတ်စဉ် (၆) သူကအပတ်စဉ် (၈) ကဖြစ်မယ်ထင်တယ်''

''ခင်ဗျား သူနဲ့တွဲဖူးသလား''

''အင်းစိန်ထောင်မှာတော့ ဆုံဖူးတယ်ဆရာ၊ သူကအထူးဆောင်မှာတာဝန်ကျတာ၊ ကျွန်တော်က အဆောင်နဲ့အချုပ်ရုံးမှာ တာဝန်မျှကျမှ တစ်ပါတ်တစ်ခါလောက် ဆုံရတာပါ''

''သူက ဘာသာမရှိဘူးလို့ပြောနေကြတာဗျ၊ အဲဒါအဟုတ်လား''

''အင်း ထွင်တာလား၊ တကယ်ပဲလားတော့မသိဘူးဆရာ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးစာပေတွေဖတ်ပြီးတော့ ဝေဖန်နေတာတော့ တွေ့ဖူးတယ်၊ အပေါင်းအသင်းတွေက သူနဲ့ဘာသာရေးကိစ္စ မဆွေးနွေးချင်ဘူးလို့ သိရတယ်ဆရာ၊ ကွန်မြူနစ်စနစ်လို့ ပြောရမယ်နဲ့တူပါရဲ့ဗျာ''

''ကျွန်တော်လည်း သူ့အကြောင်းကြားဖူးပါတယ်၊ လူကတော့ လူတော်ပါ၊ အစွန်းရောက်နေတယ်လို့ပြောကြတယ်''

''ဟုတ်ပါတယ်ဆရာ၊ လူတော်ပါ၊ ထိန်းသိမ်းနိုင်ရင်တော့ လူတော်လူကောင်းဖြစ်သွားမှာပါ''

''အင်း ဌာနဆိုင်ရာစုံစမ်းစစ် ဆေးရေးလုပ်ရင်တော့ အတတ်နိုင်ဆုံး ကူညီရတော့မှာပါပဲ၊ နောက်တစ်ခါ ဖြစ်ရင်တော့ ကျွန်တော့်လည်း မတတ်နိုင်တော့ဘူး''

♛ ♛ ♛

**နိဂုံး**

ဤ ''ကျွန်တော်နှင့်ထောင်စခန်းဝတ္ထု'' ကို ရေးရခြင်းမှာ စာဖတ်သူများအတွက် ဗဟုသုတရစေရန်နှင့် ထောင်နှင့်စခန်းများအနေအထား ဖွဲ့စည်းအုပ်ချုပ်ပုံ၊ လုပ်ငန်းများ၊ စားသောက်နေထိုင်ရေးနှင့် ခရီးလမ်းပန်း အဆက်အသွယ်၊ တောဓလေ့၊ ထောင်ဓလေ့များအား သိရှိနားလည်စေရန် ရေးသားလိုက်ခြင်းဖြစ်ပါသည်။

''ပြစ်မှုကျွေး၊ ချွေးဖြင့်ဆပ်မည်'' ဟူသောအကျဉ်းဌာနဆောင်ပုဒ်အတိုင်း ပြစ်ဒဏ်ကျခံရသူ၊ အကျဉ်းသားအချုပ်သား၊ ရဲဘက်များ၏ဘဝ နှင့် နေထိုင်စားသောက်ရေးပုံစံများအား ကျွန်တော့်အတွေ့အကြုံများနှင့် ယှဉ်၍ရေးသားဖော်ပြထားခြင်းဖြစ်သည်။

စိတ်ကူးသစ်စာပေ



ဤဝတ္ထုတွင် ထောင်အကြောင်း အကျယ်ရေးသားထားသော်လည်း စခန်းများအကြောင်းကိုတော့ အတိုချုံး၍ ရေးသားထားပါသည်။ ထောင်ဆိုသည်မှာ ကြောက်စရာကောင်းသော နေရာဒေသမဟုတ်တော့ပါ။ ခေတ်ပြောင်းလာပြီဖြစ်၍ ယခင်ကလို အကျဉ်းတန်အရှပ်ဆိုးသော ဌာနလည်းမဟုတ်တော့ပါ။ ယခုခေတ်တွင် လူအတော်များများရောက်ဖူးကြပြီး မိသားစုတွင် အမျိုးသော်လည်းကောင်း၊ မိတ်ဆွေများသော်လည်းကောင်း ထောင်နှင့်ကင်းနိုင်ကြသူ ရှားပါလိမ့်မည်။

ထို့ကြောင့် ထောင်၊ စခန်းဟူသည်မှာ အတွေ့အကြုံယူစရာ၊ သင်ခန်းစာယူစရာ၊ ဘဝတက္ကသိုလ်ကျောင်းကြီးဟု ယူဆလျှင်လည်း မှားအံ့မထင်ပါ။ ကျွန်တော်တင်ပြလိုသည်မှာ မတော်တဆရောက်လာသူများအတွက် ရည်ညွှန်းပါသည်။ ထောင်ကိုခြင်ထောင်လုပ်၍ ဝင်လိုက်ထွက်လိုက်လုပ်စားနေသူများအား ရည်ညွှန်းခြင်းမဟုတ်ပါ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# အင်းစိန်ထောင် ထောင်မှူးကြီး

၁၉၈၆ ခုနှစ် အောက်တိုဘာလတွင် ကျွန်တော် ပြောင်းရွှေ့ခံရ ကျလာပါသည်။ အင်းစိန်ထောင်သို့ ပြန်လည်ပြောင်းရွှေ့ရခြင်းဖြစ်သည်။ ဦးညာဏ်ဝေကတော့ ကျန်ခဲ့ပါသည်။ သူ့အလွန်စိတ်မကောင်းဖြစ်၍ ကျန် ခဲ့ခြင်းဖြစ်သည်။

ကျွန်တော် အင်းစိန်ထောင်ပြန်ရောက်တော့ ထောင်ပိုင်ကြီးမှာ မစ္စတာမဂ္ဂနန်းမဟုတ်တော့ပါ။ ‘ရှေ့ဘ်ရွှေ၊ ကုန်းမှာမြွေပွေး၊ ထောင်မှာ စိန်ဋ္ဌေး’ ဟု အမည်ကျော်ကြားသည့် ထောင်ပိုင်ကြီးဦးစိန်ဋ္ဌေးဖြစ်ပါသည်။ မန္တလေးထောင်မှ ပြောင်းရွှေ့လာခြင်းဖြစ်ပြီး ထောင်ပိုင်ကြီးမစ္စတာမဂ္ဂနန်း အုပ်ချုပ်ရေးကောင်းသလို ဦးစိန်ဋ္ဌေးကလည်း စည်းကမ်း၊ စနစ် ကျနလှ ပါသည်။





ကျွန်တော့်အား (၂)ဆောင် အဆောင်မှူး၊ အချုပ်ရုံးတာဝန်ခံ၊ ပုံသေပစ္စည်းများတာဝန်ခံအဖြစ် ပေးပါသည်။ အဆောင်မှူးနှင့် အချုပ်ရုံး တာဝန်မှာ ထောင်မှူးဘဝမှ စ၍လုပ်ကိုင်ခဲ့ဖူးသဖြင့် ပြဿနာမရှိပါ။ ပြဿနာရှိသည်မှာ ပုံသေပစ္စည်းများ လွှဲပြောင်းယူရခြင်းဖြစ်သည်။ အင်္ဂလိပ်ခေတ်မှ ယနေ့ခေတ်အထိ အသုံးပြုရသော ထောင်တွင်းရှိ ပစ္စည်း များအား ထိန်းသိမ်းရသောတာဝန်ဖြစ်သည်။

၁၉၈၆၊ ၁၉၈၇ ခုနှစ်များမှာ ထောင်တွင်း၌ ကြိုးပေးမှုများ အတော်များခဲ့သည်။ မစ္စတာမဂ္ဂနန်းလက်ထက်က ကြုံခဲ့ဖူးသော်လည်း ကိုယ်တိုင်မပါဝင်ခဲ့ရပါ။ ယခု ထောင်မှူးကြီးဘဝတွင်တော့ ကိုယ်တိုင်ပါဝင် မှုပါတော့သည်။ လူသတ်မှုအား ရက်စက်စွာကျူးလွန်ခဲ့ကြသော မောင် ကြီး၊ မောင်ဝယ် ညီအစ်ကိုနှစ်ဦးအမှုဖြစ်သည်။ ထောင်တွင် စက်ဆုပ်စရာ အကောင်းဆုံးသော တာဝန်ဖြစ်သည်။ ရန်ငြိုးမရှိဖူးသော၊ ရင်းနှီးခင်မင် သိကျွမ်းမှု မရှိခဲ့ဖူးသော လူနှစ်ဦးအား တစ်ချိန်တည်းကြိုးပေးကွပ်မျက်ရ ခြင်းဖြစ်သည်။ ထောင်မှူးကြီးတိုင်း မလုပ်မနေရသော တာဝန်ဖြစ်သည်။

ပုံသေပစ္စည်းဆိုသည်မှာ ထောင်တွင်း အချုပ်သား၊ အကျဉ်း သားများ နေ့စဉ်အသုံးပြုသည့် ဒန်ပန်းကန်၊ ဒန်ဇလုံများမှစ၍ ထမင်းစား စားပွဲ၊ ထိုင်ခုံနှင့် ချက်ပြုတ်ရာတွင်အသုံးပြုသည့် အိုးခွက်များ၊ ဒယ်ကြီး များ၊ ပေါင်းအိုးကြီးများနှင့် လက်နက်ကိရိယာပစ္စည်းများ၊ ရုံးသုံးပစ္စည်း အမျိုးမျိုးနှင့် လျှပ်စစ်သုံးပစ္စည်းများ၊ ကုဘိုတာရေစုပ်စက်မှစ၍ ကတ္တား ကြီးများ၊ မီးခံသေတ္တာနှင့် နှစ်ရှည်ခံသုံးပစ္စည်းအမျိုးမျိုး ပါဝင်ပါသည်။

ပုံသေပစ္စည်းများမှာ အလုပ်တိုက်ဌာန၊ အဆောင်အသီးသီးနှင့် ထောင်ဆေးရုံ၊ တိုက်များ၊ ဖိုကြီးနှင့် အမျိုးသမီးဆောင်၊ ရိက္ခာဌာနနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပူးဝရုံခန်းများ၊ ဂါတ်ခန်းနှင့် သီးသန့်ထောင်အထိ နေရာတိုင်း၌ ရှိနေရာ ပုံသေပစ္စည်းကိုင်ရသော ထောင်အရာရှိတိုင်း ပြဿနာကြုံရသော ကိစ္စဖြစ်သည်။ ထို့ကြောင့် အလုပ်များသည်ကို အကြောင်းပြုပြီး ကျွန် တော် လွှဲပြောင်းလက်ခံခြင်း မပြုသေးဘဲ အတတ်နိုင်ဆုံး အချိန်ဆွဲထားခဲ့ ပါသည်။

သို့သော် လက်ရှိ ပုံသေပစ္စည်းဌာနအား ကိုင်နေသည့် ထောင် မှူးဦးသိမှာ ပင်စင်နီးပြီဖြစ်၍ တစ်နေ့တွင် ထောင်ပိုင်ကြီးဦးစိန်ငွေမှ ကျွန်တော့်အား ခေါ်ပြောပါတော့သည်။

"ဦးသိန်းဝင်း. . ခင်ဗျား အလုပ်များတာကို သိပါတယ်။ ဦးသိ က ပင်စင်သွားတော့မယ်။ သူလက်ခံတုန်းကလည်း စနစ်တကျမရှိခဲ့ဘူး ယခင် ကိုင်ခဲ့တဲ့ ထောင်မှူးဦးထွန်းရှိန်က အဆုတ်ရောဂါနဲ့ ဆုံးသွားတာ ခင်ဗျားအသိပဲ။ ဦးသိခမျာ အသက်အရွယ်ကြီးပေမယ့် လွှဲပြောင်းပေးတဲ့ လူမရှိဘဲ စာရင်းဖယားနဲ့ နေရာအနှံ့ စာရင်းကောက်နေရတော့ အခုအထိ ပြည့်စုံမှုမရှိလို့ ခင်ဗျားလို ယုံကြည်လို့ တာဝန်ပေးတာပါ ခင်ဗျား ဆက်လုပ်ပါ"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး. .။ ကျွန်တော့်မှာ အဆောင်မှူး တာဝန်အပြင် အချုပ်ရုံးတာဝန်နဲ့ ဝက်မွေးမြူရေးကိစ္စပါ ကိုင်ရတော့ အလုပ်များနေလို့ပါ။ ကျွန်တော် နောက်အပတ်ထဲမှာ လွှဲပြောင်းယူပါ့မယ် ခင်ဗျာ"

"ကောင်းပြီ. .။ ဆက်လုပ်ပါ"

မလုပ်လျှင်လည်း မရတော့သည့်အခြေအနေမို့ ကျွန်တော် လက်ခံလိုက်ရပါသည်။ အင်္ဂလိပ်ခေတ်မှ ယခုအချိန်အထိ ရှိသော တ





ထောင်လုံးရှိ ပစ္စည်းများအား စာရင်းကောက်ရသည်မှာ မလွယ်ပါ။ လွှဲပြောင်းပေးမည့် ထောင်မှူးဦးသိကလည်း ဘယ်နေရာ ဘာပစ္စည်းရှိ မှန်းပင် မသိပါ။ သူ့ခမျာ သေဆုံးသွားသော ထောင်မှူးဦးထွန်းရှိန်တာဝန် အား လွှဲပြောင်းလက်ခံရခြင်းဖြစ်သဖြင့် အပြစ်လည်း မတင်လိုတော့ပါ။

စတင်စာရင်းကောက်ရာတွင် အကျဉ်းသား၊ အချုပ်သားသုံး ဒန်ပန်းကန်၊ ဒန်ခွက်များ လျော့နေပါသည်။ အကျဉ်းသားများ အုံရည် ကျို၍ လက်ဝတ်တန်ဆာ၊ အသုံးအဆောင်ပစ္စည်းများ လုပ်၍ဖြစ်သည်။ ဤကိစ္စက ထုတ်ယူထားသော အဆောင်မှူးများအား ကိုင်တွယ်လျှင် ရသည်။

အင်္ဂလိပ်ခေတ်က စပါးကြိတ်သော ကျောက်ကြိတ်ဆုံများက တော့ မြေကြီးထဲရောက်ကုန်ဟန်တူပါသည်။ မမြင်ရတော့ပါ။ သံထည် ပစ္စည်းများဖြစ်သည့် အင်္ဂလိပ်ခေတ်သုံး ဘွိုင်လာအိုးနှင့် ပေါင်းအိုးကြီး များကတော့ မိုကြီးထဲ၌ ရှိသေးသည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ ဖြစ်၍ ကျန်နေဟန်တူပါသည်။ အကျဉ်းသားထမင်းစားခုံရှည်ကြီးများနှင့် ထိုင်ခုံရှည်ကြီးများကတော့ အဆောင်တိုင်းတွင် ရှိသော်လည်း မပြည့်စုံ တော့ပါ။ ဤကိစ္စက လက်သမားဌာနမှ်နေကျာ ဦးမြမောင်နှင့် ညှိနှိုင်းလျှင် အဆင်ပြေသွားနိုင်ပါသည်။ ပုံသေပစ္စည်း ကိုင်တွယ်သူအစဉ်အဆက် ခြောက်လတစ်ကြိမ် (Ripe Out) မီးစာရင်းပြုရန် မလုပ်ဆောင်ခဲ့ကြ၍ ဖြစ်သည်။

တစ်နေ့တွင် အင်းစိန်ထောင်မကြီးအရှေ့ဘက်ရှိ တွဲဖက်ထောင် (Annex Jail) သို့ အဖွဲ့ဖြင့်သွားရောက်စစ်ဆေးရာ အင်္ဂလိပ်ခေတ်နှင့် ပါလီမန်ခေတ်သုံး ပုဒ်မ (၅) အကျဉ်းသားသုံးပစ္စည်းများဖြစ်သည့် တိုက်



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ပြား၊ ပန်းကန်လုံး၊ ပန်ကာပေါင်းကြီးများ၊ မီးချောင်းအခွံ (အကာ၊ အထိုင်) များ၊ လူသုံးပစ္စည်းအဟောင်းများ စာရင်းမရှိအင်းမရှိ ထွက်လာပါသည်။ ထောင်ပိုင်ရုံးခန်းသုံး လက်နှိပ်စက်နှင့် မီးခံသေတ္တာ အဟောင်းကြီးများလည်း ထွက်လာပါသည်။

ကျွန်တော် အတော်စိတ်အေးသွားပါသည်။ ထောင်တွင်း၌ ခေတ်အဆက်ဆက် ပျောက်ဆုံးနေသော ပစ္စည်းများအား ရှာဖွေတွေ့ရှိနေရသောကြောင့်ဖြစ်သည်။ သော့ဟောင်း အမျိုးပေါင်းများစွာကိုလည်း အပုံလိုက်တွေ့ရှိရသဖြင့် သော့စာရင်းအတွက် မပူရတော့။

တစ်ခါ အလုပ်ဘက်၊ အလုပ်ရုံများသို့ မွှေရပြန်ပါသည်။ စက်ပစ္စည်းနှင့် လက်မှုကိရိယာပစ္စည်းများမှာ ခေတ်အဆက်ဆက် အလုပ်ရုံတာဝန်ခံများအား ထုတ်ပေးထားပြီး လက်မှတ်ထိုးထားခြင်းဖြစ်၍ ပူစရာမလိုပါ။

ပူရသည်မှာ ဒန်ပန်းကန်ပြား၊ ဒန်ဇလုံကိစ္စဖြစ်သည်။ အလုပ်ဘက် ပုံသေပစ္စည်းဂိုဒေါင်နှင့် ပစ္စည်းဟောင်းများထားသော ဂိုဒေါင်ဟောင်းများအား လူအင်အားနှင့် ဝင်ရှာ၍ စစ်ဆေးရာ ဒန်သတ္တုပစ္စည်းများအပြင် ကြွေရည်သုတ်ပစ္စည်းများ၊ ကြွေထည်ပစ္စည်းများ၊ လက်နှိပ်စက်အဟောင်းများ၊ အင်္ဂလန်လုပ် CHUBB ချပ်သော့ကြီးများပင် များစွာထွက်ပေါ်လာပါသည်။

ထောင်ဆိုသည်မှာ ပစ္စည်းအလွန်ကြွယ်ဝသော နေရာကြီးဖြစ်မှန်း သိလာရပါတော့သည်။ နှစ်ပေါင်းများစွာပစ်ထားသော ဂိုဒေါင်ဟောင်းများဖြစ်၍ မြွေ ကင်းကလည်း ပေါလှသည်။

ထောင်ဗူးဝအနီးရှိ ရိက္ခာဂိုဒေါင်ကြီးနှင့် ပတ်ဝန်းကျင်အား





ရှာဖွေပြန်ရာ ပုံသေပစ္စည်းစာရင်းတွင် ခေတ်အဆက်ဆက် မီးစာရင်းပြု၍ ပယ်ဖျက်ခဲ့သော ဆန်ကြိတ်ကျောက်ပြားများနှင့် ပဲခွဲစက်၊ ကြိတ်ဆုံများလည်း ပေါ်ထွက်လာပြန်သည်။ ထို့ပြင် ပျောက်ဆုံးနေသည်ဆိုသော AVERY ကတ္တားကြီးများ၊ KUBOTA ရေစုပ်စက်များ၊ လက်နှိပ်စက်များ ပန်ကာအဟောင်းကြီးများနှင့် အင်္ဂလိပ်မော်တာများ၊ သော့အမျိုးမျိုးတို့ ထွက်လာပြန်ပါသည်။ ကျွန်တော်မှ ထောင်ပိုင်ကြီးအား တင်ပြရာ. .

"ဦးသိန်းဝင်း. . ခင်ဗျားကို အဲဒါကြောင့် အားကိုးတာ။ ထောင်ထဲကပစ္စည်း ပျောက်စရာမရှိဘူး။ ထောင်ဆေးရုံနဲ့ စစ်ခွေးတိုက်အပြင် ကျုပ်တို့ထောင်ပိုင်ရုံးခန်းအနောက်က စတိုခန်းထဲပါ ရှာပါ။ ခြောက်လတစ်ကြိမ်လည်း မီးစာရင်းလုပ်ပြီး ရုံးချုပ်တင်ပြီး စာရင်းပယ်ဖျက်ပါ။ ဒါမှ နောက်လူတွေအတွက် တာဝန်ပေါ့သွားပြီး စာရင်းအမှန်ဖြစ်လာမှာ"

ထောင်ဆေးရုံ၊ စတိုခန်းအတွင်းမှလည်း ဆေးရုံ လူနာသုံးပစ္စည်းအမျိုးမျိုးနှင့် ဒန်ပန်းကန်ပြား၊ ဒန်ခွက်များ ထွက်လာပါသည်။

စစ်ခွေးတိုက်အတွင်း သွားရောက်ရှာဖွေရာ ဒန်ပစ္စည်းများအပြင် ကြွေရည်သုတ်ပစ္စည်းများလည်း ထွက်ပေါ်လာသဖြင့် အကျဉ်းသားသုံးပစ္စည်းများ လျော့နည်းခြင်းမရှိသည့်အပြင် ပိုလျှံနေပါတော့သည်။

စစ်ခွေးတိုက်တွင် အယ်လ်ဖေးရှင်းခွေးကြီးများအား ထောင်တွင်း ကင်းလှည့်ရာ၌ အသုံးပြုရန် မွေးမြူထားရာ အသက်ကြီးပြီဖြစ်၍လည်းကောင်း၊ ရိက္ခာမမှန်သဖြင့်လည်းကောင်း ခွေးကြီးများမှာ ပိန်လှပါသည်။

ကျွန်တော်မှ စစ်ခွေးတပ်ကြပ်ကြီး ဦးစောမူးလယ်အား. .

"ဆရာကြီး. . ကျွန်တော်တို့ ထောင်မှူးဘဝတုန်းက စစ်ခွေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေ အလွန်တောင့်တင်းပြီး ဖြိုးကြတယ်။ အခု ဘယ်လိုဖြစ်တာလဲဗျ''

''ဆရာရေ. . ဒီကောင်ကြီးတွေက နိုင်ငံခြားမျိုးအစစ်တွေ..။ ကာကွယ်ဆေး၊ အားဆေးကို ပုံမှန်ထိုးရသလို အမဲသား၊ ကြက်ဥနဲ့ ရမ်အရက်ကိုလည်း နေ့စဉ်ကျွေးမွေးရတယ်။ စရိတ်စကက မနည်းဘူး။ အခုခေတ်မှာတော့ ဈေးကြီးတာကြောင့် အမဲသားအစား အမဲအရိုးအရိုး နဲ့ ဆန်ကိုပဲပြုတ်ကျွေးရတော့ ဒီကောင်တွေက ကောင်းကောင်းမစားဘူး။ ကြက်ဥနဲ့ ရမ်အရက်ကလည်း တစ်လမှ တစ်ခါ၊ နှစ်ခါပဲ ကျွေးနိုင်တော့ တယ်။ အသက်ကလည်း ကြီးလာပြီဆိုတော့ ပိန်တာပေါ့ဗျာ''

နောက်တစ်ပတ်ခန့်အကြာတွင် ထောင်ပိုင်ကြီးရုံးခန်းအနောက် ဘက်ရှိ စတိုခန်းကြီးအား ဒုတိယထောင်ပိုင် ဦးသောင်းလွင်ထံမှ သော့ တောင်း၍ ကျွန်တော်တို့ဝင်ရှာပြန်ပါသည်။

ထိုအခန်းမှာ သီးသန့်ခန်းဖြစ်၍ သော့ကို ထောင်ပိုင်ရုံးခန်းက သာ ကိုင်ပါသည်။ ကျွန်တော့်အား ထောင်ပိုင်ကြီးက ခွင့်ပြုထားသဖြင့်သာ ဝင်ခွင့်ရခြင်းဖြစ်သည်။ အခန်းမှာ ဆယ်ပေပတ်လည်ခန့်သာ ကျယ်ဝန်းပြီး မီးတစ်ပွင့်သာရှိသည်။ ခေတ်အဆက်ဆက် အသုံးအဆောင် အဖိုးတန် ပစ္စည်းများထားသော အခန်းဖြစ်သလို ကြိုးသမားများ၏ အသုံးပြု ကြိုးများကိုလည်း နံပါတ်စဉ်တပ်၍ ချိတ်ဆွဲထားရာ လူတစ်ဦးတည်းသော ရဲသော အခန်းလည်းဖြစ်သည်။ ကြိုးဆရာကြီး တပ်ကြပ်ကြီးဦးစိုးတင့်သာ ဝင်ထွက်အသုံးပြုသော အခန်းဖြစ်သည်။

အခန်းထဲသို့ ဝင်လိုက်သည်နှင့် အောက်သိုးသိုးအနံ့က ဆီးကြို ပြီး ကြက်သီးထမိသည်။ ပင့်ကူအိမ်များကလည်း နေရာအနှံ့ ရှုပ်ထွေး





သည်။ စင်များ၊ ဗီရိုများနှင့် ပစ္စည်းများအား ထားရှိသော်လည်း ဖုန်များ ထူတက်နေပါသည်။

ထိုအခန်းထဲတွင် သိမ်းဆည်းရမိသော ပစ္စည်းများ၊ ခေတ် အဆက်ဆက် အသုံးပြုခဲ့သော အကျဉ်းထောင်သုံးပစ္စည်းများအား ပြတိုက် သဖွယ် မြင်ရပါသည်။

အင်္ဂလိပ်ခေတ်သုံး အစောင့်ဘာရီ၊ စန္ဒရီများ အသုံးပြုခဲ့ကြ သည့် ခရာများ၊ လက်ဆွဲမီးအိမ်များ၊ လက်ကိုင်တုတ်များ၊ twelve tail clock ခေါ် အုတ်ရိုးလျှောက်အချိန် မှတ်နာရီများ၊ ဓာတ်ခဲရှစ်လုံး ထိုး Hunter light ခေါ် Eveready လက်ဆွဲမီးများ၊ ငါးတောင့်ထိုး Eveready ကြေးဝါလက်နှိပ်ဓာတ်မီးများအား တွေ့ရသဖြင့် ပြတိုက် တစ်ခုအတွင်း ရောက်ရှိနေသလို ကျွန်တော်အံ့ဩမိပါသည်။ ကျွန်တော့် ပုံသေပစ္စည်းစာရင်းတွင် မပါဝင်သော ပစ္စည်းအမျိုးအမည်များ ဖြစ်ပါ သည်။ ထောင်ပိုင်အဆက်ဆက်လည်း လွှဲပြောင်းစာရင်းတွင် ဖော်ပြ မထားသဖြင့် စိတ်ဝင်တစား ကြည့်ရှုခဲ့ကြခြင်းလည်း ရှိဟန်မတူပါ။ ခေတ် အဆက်ဆက် အကျဉ်းထောင်သမိုင်းအား ပြောပြနိုင်သော ရှေးဟောင်း အဖိုးတန်ပစ္စည်းများ ဖြစ်ပါသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# ထောင်အရာရှိများ ဂေါက်သီးရိုက်ကြပြီ

ကျွန်တော်တို့မိသော အကျဉ်းထောင်ညွှန်ချုပ်များတွင် ဝါသနာတစ်မျိုးစီရှိကြရာ ညွှန်ချုပ်ဦးဘခင်မှာ စိုက်ပျိုးမွေးမြူရေးကို ဝါသနာပါပြီး တင်းနစ်ရိုက်ခြင်းကို အားပေးသည်။ ထို့ကြောင့် အင်းစိန်ထောင်မှ အရာရှိများ အားချိန်တွင် တင်းနစ်ရိုက်ကြသည်။ ပြိုင်ပွဲလုပ်၍လည်း ညွှန်ချုပ်က ဆုချီးမြှင့်သည်။ ညွှန်ချုပ်အသစ် ဗိုလ်မှူးကြီးတင်ဦး ရောက်လာသောအခါ ဂေါက်သီးဘက်သို့ ပြောင်းသွားပြန်သည်။

ထောင်ပိုင်ကြီး ဦးစိန်ဌေးက စစ်ခွေးတိုက်တွင် ဂေါက်သီးရိုက်လေ့ကျင့်သည်။ ကျွန်တော်တို့က ကိုယ့်အဆောင်နှင့်ကိုယ် ထောင်ပိတ်ချိန်၊ အချုပ်သား၊ အကျဉ်းသားများ အိပ်ဆောင်ဝင်၍ လူရှင်းချိန်တွင် လေ့ကျင့်သည်။ ထောင်မှူးမြင့်ဆွေဆိုသူကတော့ အဆောင်စိုက်ခင်းအတွင်း၊ လေ့ကျင့်ရုံမှာ ၎င်း၏အဆောင်ရုံးခန်းအတွင်း၊ ကန့်လန့်ကာ





ကာ၍ လေ့ကျင့်သည်။

ညွှန်ချုပ်ကြီး၏ အစီအစဉ်အရ အင်းစိန်ထောင်ရှေ့ရှိ သင်တန်းကျောင်းစစ်ရေးပြကွင်းအား ဂေါက်သီးကွင်းလုပ်လိုက်ရာ ရေကန်နှင့်မြက်ခင်းစိမ်းစိမ်းနှင့် အလွန်ပဏာရပါသည်။ အလုပ်အားချိန်နှင့် အလုပ်ပိတ်ရက်များတွင် အရာရှိများအပြင်မထွက်ရန်အတွက် ကန်သင်းယာဘားလည်း ဖွင့်ပေးထားသည်။ ဂေါက်ကွင်းမှာလည်း လေးကျင်းရှိသဖြင့် ပတ်လည်ရိုက်၍ ရပါသည်။ ထို့ကြောင့် အရာရှိများ အလိုလို Stand by ဖြစ်၍သွားပါတော့သည်။

ထောင်အရာရှိများအား အသင်းဝင်ကတ်များ ထုတ်ပေးထားပြီး အသင်းဝင်ဖြစ်သူများက တစ်လလျှင်တစ်ကြိမ် အသင်းဝင်အားလုံးအား တစ်လှည့်စီဧည့်ခံရပါသည်။

အသင်းဝင်တိုင်း မိမိ၏ဇနီးသည်နှင့်အတူ ညစာစားပွဲတက်ရောက်နိုင်ပြီး လက်ဆောင်တစ်ခုစီလည်း ယူခဲ့ရပါသည်။ ထိုလက်ဆောင်အားလုံးအား မဲဖောက်ပေးပြီး ကိုယ့်လက်ဆောင် သူရ၊ သူ့လက်ဆောင်ကိုယ်ရနှင့် အလွန်ပျော်စရာကောင်းပါသည်။

ဂေါက်သီးဆရာအား ငှားရမ်း၍သင်ခြင်းမဟုတ်ဘဲ ♣အုပ်များဖတ်၍သာ လေ့ကျင့်ကြခြင်းဖြစ်၍ ပုံစံ၊ စနစ်တော့ မကျလှပါ။ ညွှန်ချုပ်ကြီးကတော့ သားလုပ်သူ ကိုတွတ်ကြီးက Golfer ဖြစ်၍ ပုံစံကျသည်။ ထောင်ပိုင်ကြီးဦးစိန်ဌေးကတော့ အလွန်အလုပ်များသူ ဖြစ်သဖြင့်လည်းကောင်း၊ အသက်အရွယ်ကြီးသူ ဖြစ်သဖြင့်လည်းကောင်း Body Swing သာသုံးပြီး Power မသုံးပါ။ ဒုတိယထောင်ပိုင် ဦးသိန်းလွင်ကတော့ နှစ်မျိုးစလုံးသုံးသည့်အပြင် လေကိုပါ သုံးသူဖြစ်သည်။ အလွန်အငြင်းသန်

www.burmeseclassic.com



သူဖြစ်သည်။

ပေါက်မြောက်အောင်မြင်သူများမှာ ရန်ကုန်တိုင်းညွှန်မှူး ဦးစိန်ဝင်းနှင့် စာရေးကျော်ဇော၊ ထောင်မှူးမြင့်ဆွေတို့ ဖြစ်ကြသည်။ ၎င်းတို့မှာ နောက်ပိုင်း န. ဝ. တ ဖလားပြိုင်ပွဲများအထိ တက်ရောက်ယှဉ်ပြိုင်အောင်နိုင်ခဲ့ကြသည်။

နောက်ပိုင်း ကျွန်တော်တို့အဖွဲ့မှာ ထောင်ကွင်းအား လေ့ကျင့်အပျော်တမ်းကွင်းအဖြစ်သာ အသုံးပြုကြပြီး (၁၀) မိုင် မြန်မာ့ဂေါက်ကလပ်နှင့် ဒညင်းကုန်းကွင်း၊ မှော်ဘီလေတပ်ကွင်း၊ ပဲခူး (၁၀) မိုင်ကုန်းကွင်း မင်းကုန်းကွင်းနှင့် သာယာဝတီကွင်းများအထိ အဖွဲ့လိုက် ချိန်း၍ ယှဉ်ပြိုင်နိုင်ခဲ့ကြပါသည်။ ဂေါက်သီးရိုက်အားကစားနည်းမှာ ငွေကုန်ကြေးကျများပြီး စွဲသော အားကစားနည်းဖြစ်သည်။ အပန်းဖြေသည့်အနေဖြင့် ဘီယာနှင့် အရက်က အဖော်ပါသေးသည်။

အကျဉ်းဦးစီးဌာန ဂေါက်သီးပုံပြင်များကို အနည်းငယ်ပြောပြလိုပါသည်။

ညွှန်မှူးတစ်ဦးက စပါမည်။ ပုသိမ်ဂေါက်ကွင်းတွင် ဂေါက်ရိုက်လေ့ကျင့်ရင်း ခရေပင်အားမှန်၍ ပြန်ကန်ပြီး မျက်စိမှန်သောကြောင့် မျက်လုံးတစ်ဖက် ကွယ်သွားသူတစ်ဦးလည်း ရှိပါသည်။ မိန်းမလက်ကောက်ကိုရောင်းပြီး သောင်းဂဏန်းတန် ဂေါက်ဆက်ဝယ်သဖြင့် မိန်းမနှင့်ရန်ဖြစ်ရသော ကျွန်တော့်လိုလူမျိုးလည်း ရှိပါသည်။ ဂေါက်ဆက်မဝယ်ဘဲ သူများပစ္စည်းငှားရိုက်သဖြင့် ဂေါက်တံကျိုးပြီး လျော်ရသောသူလည်း ရှိသည်။ ဂေါက်တံနှင့် ဂေါက်သီးကို အလျှုခံ၍ရိုက်သော ထောင်မှူးလည်း ရှိသည်။ ငွေကြေးကြေး ကစားကြပြီး ရန်ဖြစ်ကြသော အရာရှိများလည်း





ရှိသည်။ ခေါင်းမှန်၍ ဆေးရုံတက်ရသူလည်း ရှိသည်။ Power Swing ရိုက်ရာတွင် အားထည့်လွန်၍ ချော်လဲပြီး ခြေဆစ်၊ လက်ဆစ် လွဲသူလည်း ရှိသည်။

အချို့သူများမှာ လေနှင့်ရိုက်၍ အမိုးအောက်တွင်ထိုင်ပြီး အရက်သမားဖြစ်သွားသူများလည်း ရှိသည်။ ကစားရာတွင် ကစားကွင်း၌ ရာထူးအဆင့်အတန်းကို မလေးစားတော့ဘဲ အားကစားစိတ်ဓာတ်မဟုတ်မှဘဲ လောင်းကစားစိတ်ဓာတ်နှင့် ငြင်းခုန်ရန်ဖြစ်ကြသူများလည်း ရှိသည်။ အထူးသဖြင့် ကျွန်တော်တို့ကွင်းတွင် စာရေးကျော်ဇောနှင့် ဒုတိယထောင်ပိုင် ဦးသောင်းလွင်တို့ ဆုံကြလျှင် ရန်ဖြစ်ကြစမြဲပင်။

နောက်တစ်ဦးမှာ ရခိုင်ထောင်ပိုင်ကြီးဖြစ်သည်။ ပထမကျင်း T ခုံပေါ်တွင် စရိုက်သည်နှင့် "ဆယ်ပြားနှင့်ငါးပြားပေါင်းသော် ဆယ့်ငါးပြားပေ့" ဟု ရခိုင်သံဝဲဝဲနှင့် သီချင်းဆိုပြီး Drive ရိုက်တတ်သည်။ Power ထည့်ရိုက်ပြီးသည်နှင့် On the way ကို မျှော်ကြည့်တတ်သည်။ မျက်မှန်အထူကြီးလည်း တပ်ထားသဖြင့် ဂေါက်သီးကို မမြင်ရ၊ Carry သမားများ ရှာပေရော့။ မတွေ့လျှင် ဆဲပြီ။ အဆုံးမှာတော့ ဂေါက်သီးမှာ T ခုံပေါ်က နေရာမရွှေ့။ Driver ခေါ် ဂေါက်တံကြီးက ဂေါက်သီးထိပ်အား ထုမိပြီး T ခုံပေါ် မြေကြီးထဲတွင် နစ်ဝင်သွားခြင်းသာဖြစ်သည်။

အချို့သူများမှာ ရေကန်ကျော်ရိုက်ရာတွင် ထိချက်မမှန်သဖြင့် ဂေါက်သီးမှာ ရေကန်ထဲကျပြီး နှစ်လုံးသုံးလုံး ဆက်ရိုက်သော်လည်း ရေကန်ထဲသာ ကျသဖြင့် ပြိုင်ပွဲမှထွက်ရသူများလည်း ရှိသည်။

ဂေါက်ရိုက်ရာတွင် Golf set မှာ အဓိကကျသလို အင်္ကျီ ဘောင်းဘီနှင့် Glove ခေါ် လက်အိတ်၊ Iron Spite ခေါ် Golf



www.burmeseclassic.com

www.burmeseclassic.com



Shoes များလည်း မရှိမဖြစ် လိုအပ်သည့်အပြင် T နှင့် ဂေါက်သီးမျာ လည်း လိုအပ်သေးသည်။ ဂေါက်ကွင်းသို့သွားရန်လည်း ကားက လိုအ သေးသည်။ စားရန်၊ သောက်ရန်နှင့် လောင်းကြေးအတွက် ငွေကြေးက လည်း လိုအပ်ပါသေးသည်။

အကျဉ်းထောင်တွင် ငုံးနှင့်ကြက်မွေးမြူရေးကို ဖြုတ်လိုက်ပြ နိုင်ငံခြားဝက် (Large White) မျိုးကို တိုးချဲ့မွေးမြူလာရာ တိရစ္ဆာ ဆေးကုဆရာဝန်များကိုလည်း ခန့်ထားရပါသည်။

ထောင်တွင်း၌သာမက ထောင်ပြင်ပတ်လည်၌လည်း ဝက်မွေ မြူရေးခြံများကို တိုးချဲ့ဆောက်လုပ်ပြီး မွေးမြူလာရာ ကျွန်တော့်မှ များဒဂုဟာသင်တန်းဆင်းဖြစ်၍ ဝက်မွေးမြူရေးကိုလည်း တာဝန်ယူရ သည်။

နိုင်ငံခြားမျိုးဝက်များဖြစ်သဖြင့် ရိုးရိုးအစာကျွေးပါက ကြီးထွာ နူန်းနှေးကွေးသဖြင့် စပ်စာ (ငါး ခြောက်မှုန့်၊ ပြောင်း၊ ဆန်ကွဲ၊ ဖွဲနု ဖတ်၊ နှမ်းဖတ်နှင့် အားဆေးများ) ကိုသာ ကျွေးမွေးရပြီး ရာသီအလိုက် ကာကွယ်ဆေးထိုးခြင်း၊ နေ့လယ်ခင်းတွင် အစာစိမ်း (ကန်စွန်းရွက် ဂေါ်ဖီရွက်၊ မုန်လာရွက်) ကျွေးရပြီး ရေချိုးခြင်း၊ ဆေးထည့်ခြင်း၊ သ ခြင်း၊ ဆေးကုခြင်းများလည်း ပြုရသေးသည်။ ဝက်ကောင်ရေများသ နှင့်အမျှ အလုပ်များပါသည်။

ထွက်ရှိသည့် အသားများကိုတော့ ထောင်တွင်းရိက္ခာအဖြ ကျွေးမွေးခြင်း၊ ပြင်ပသို့ရောင်းခြင်းများလည်း ပြုရသည်။

ဝက်မွေးမြူရေးလုပ်ငန်းမှာ သန့်ရှင်းရေး အရေးကြီးသလို အ ကျွေးရာ၌လည်း လတ်ဆတ်သောအစာအား ဝလင်လင်ကျွေးနိုင်





လိုအပ်ပါသည်။ ထောင်စခန်းများ၌ တိုးချဲ့မွေးမြူလာရာ သာယာဝတီ ထောင်နှင့် လေ့လော်အင်းစခန်းများ၊ ကျိုက်စကောဝက်မွေးမြူရေးစခန်း များမှာ အလွန်အောင်မြင်ပါသည်။ အကျဉ်းသားလုပ်အား ပေါများသော ကြောင့်ဖြစ်သဖြင့်သာ အောင်မြင်ခြင်းဖြစ်သည်။

ဝက်စာလိုက်ရာတွင်လည်း ကုန်သွယ်ရေးမှ ဆန်ကွဲရရှိရန်နှင့် ပြောင်း၊ ငါးခြောက်မှုန့်၊ ပဲဖတ်၊ နှမ်းဖတ်၊ ဖွဲနုများကိုတော့ ပြင်ပက ဝယ်ရသည်က များသည်။ အစာမလတ်ဆတ်လျှင်တော့ ဝက်ဝမ်းလျှော ရောဂါကြောင့် အသားမတက်သည့်အပြင် ဆေးဖိုးဝါးခက နောက်က လိုက်မဆုံးတော့ပါ။ ကူးစက်တတ်သော ရောဂါဖြစ်၍လည်း တစ်ခြံလုံး ဖြစ်တတ်သည်။

၁၉၈၈ ခုနှစ်တွင် ကျွန်တော်၏ အချုပ်ရုံးနှင့် အဆောင်မှူး ၊သေပစ္စည်းတာဝန်များအား ရဲမှပြောင်းလာသည့် ထောင်မှူးကြီးဦးစိန် လွင်အား လွှဲပြောင်းပေးရပြီး (၅) ဆောင် (ယိုးဒယားငါးခိုးလေ့သားများ) အဆောင်တာဝန်နှင့် ထောင်ပြင်ပလုံခြုံရေးတာဝန်အား ယူရပါသည်။

ထို့နောက် သီးသန့်ထောင် (Annex Jail) တာဝန်ခံအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြန်ပါသည်။ သီးသန့်ထောင်မှာ ယခင် ၁ တွဲဖက်ထောင်ဟုခေါ်ဆိုပြီး ပုဒ်မ (၅) အကျဉ်းသားများ ထားရှိသော အဆောင်ဖြစ်သည်။

ကျွန်တော့်လက်ထက်တွင် အပြင်ဘုတ်အကျဉ်းသားများနှင့် ကုလားများ၊ မြောက်ကိုရီးယားအကျဉ်းသားများအား ထားရှိသော ထောင် ဖြစ်သည်။ ထောင်မကြီးလို တာဝန်မကြီးတော့ပါ။

စားသောက်ရန်အတွက်လည်း အင်းစိန်ထောင်မိုကြီးမှ ချက်



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ပြီး ပေးပို့သဖြင့် နေ့မီး၊ ညမီး ချက်ပြုတ်ရန်လည်း မလိုပါ။ စာဖတ်လိုက်၊ ကင်းစစ်လိုက်၊ အစီရင်ခံစာရေးလိုက်နှင့် အတော် အားချိန်၊ နားချိန် ရပါသည်။ ထောင်တွင်းလုပ်ငန်းအနေဖြင့်လည်း သန့်ရှင်းရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းသာ ရှိသဖြင့် သီးသန့်ထောင်ရှိ အကျဉ်းသားများလည်း နားနားနေနေ အားလပ်ခွင့်ရကြပါသည်။

♛ ♛ ♛

# စိမ်ကိန်းဌာနထောင်မှူးကြီး

၁၉၈၉ ခုနှစ်တွင် ဖနီးဖြစ်သူဒေါ်ခင်မြကြွယ်၊ အကျဉ်းဦးစီးဌာနရုံးချုပ်၊ 'ရေး' ဌာနသို့ ပြောင်းရွှေ့ရသလို ကျွန်တော်လည်း စိမ်ကိန်းဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ စိမ်ကိန်းဌာနတာဝန်ခံမှာ ထောင်ပိုင်ကြီးဦးစိန်ဌေးဖြစ်သည်။ စာရင်းစစ်ရုံးမှ ပြောင်းလာသူဖြစ်ပြီး အင်းစိန်ထောင်ပိုင်ကြီးနှင့် နာမည်တူပါသည်။ လုပ်ငန်းဆောင်ရွက်ရာ၌ တော်သော်လည်း အောက်လက်ငယ်သားအား ရစ်တတ်သဖြင့် မဟာဗန္ဓုလငေါ် ငယ်နာမည် 'မောင်ရစ်' အစား ဗန္ဓုလဦးစိန်ဌေးဟု ခေါ်ပါသည်။ အင်းစိန်ထောင်ပိုင်ကြီးမှာ 'မြွေပွေးစိန်ဌေး' ဖြစ်၍ အမည်ကွဲပြားစေရန် ခေါ်ခြင်းလည်းဖြစ်သည်။

စိမ်ကိန်းဌာနမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျောက်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်စခန်းများအား စီမံကိန်းရေးဆွဲ၍ အောင်မြင်စေရန် စီမံရသော ဌာနဖြစ်ရာ တစ်နိုင်ငံလုံးရှိ အလုပ်စခန်းများနှင့် သက်ဆိုင်ပါသည်။ တွဲတေးရွှေသူဌေးတာ ငါးမွေးမြူရေးလုပ်ငန်းလည်း ပါသည်။

ကျွန်တော်တို့ဌာန ညွှန်မှူးမှာ ဦးစံလင်းဖြစ်သည်။ ဘာသာရေးလုပ်သည့်အပြင် ရုံးချုပ်ဝင်းအတွင်းရှိ ညောင်ပင်တိုင်းတွင် ရုက္ခစိုးနတ်စင်များ ပြုလုပ်သူ ဖြစ်သည်။ ကျွန်တော်တို့နှင့်အတူ စခန်းများအား စစ်ဆေးရန် ခရီးထွက်လျှင်လည်း လမ်းပေါ်ရှိ ရွာတစ်ရွာရောက်တိုင်း ကားဒရိုင်ဘာအား ဟွန်းတီးခိုင်းပြီး သူက မေတ္တာပို့သည်။ ကောင်းသော အလုပ်ဖြစ်သော်လည်း ကြာတော့ ကားဆရာမှာ မခံနိုင်။ တစ်လမ်းလုံး ဟွန်းနှိပ်နေရ၍ လက်များပင် ပေါက်နေပြီဟုဆိုသဖြင့် ကျွန်တော်ကပင် ကူမောင်းပေးရသည်။

ညွှန်မှူးကတော့ ပြောပါသည်။ သစ်ပင်တိုင်းရှိ ရုက္ခစိုးနတ်များအား မေတ္တာပို့၍ ကားဟွန်းတီးကာ ခွင့်တောင်းခြင်းဖြစ်ပါသတဲ့။ ထို့ကြောင့် ကျွန်တော်တို့က သူ့အား နောက်ကွယ်တွင် 'ရုက္ခစိုးကြီး' ဟု ခေါ်ရာမှ ဌာနတစ်ခုလုံးတွင် အမည်တွင်သွားပါတော့သည်။

ညွှန်မှူးအောက်က ထောင်ပိုင်ကြီး 'ဗန္ဓုလဦးစိန်ဌေး' မှာ ရစ်တတ်သူဖြစ်ကြောင်း အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ ဥပမာအနေဖြင့် တစ်ညနေတွင် သူ့အိမ်၌ အရက်ဝိုင်းလုပ်မည်၊ တက်ရောက်မည့်သူများ အမြည်းကိုယ်စီ ယူလာရမည်ဆိုသဖြင့် ကျွန်တော်တို့အုပ်စု ကိုယ်စီကိုယ်င ကောင်းနိုးရာရာကလေးများ ဝယ်၍သွားကြသည်။ သူ့အိမ်ရောက်တော့ အရက်က မရှိ၊ ကျွန်တော်တို့က စု၍ဝယ်ရပြန်သည်၊ အရက်သောက်တော့လည်း အိမ်ထဲ၌ မသောက်ရ၊ လွတ်လွတ်လပ်လပ် စကားပြောနိုင်ရန်





ပြီး သူ့အိမ်အနီးရှိ Hino-TE ကားကြီးပေါ်တွင် သောက်ကြရသည်။ ကားပြောတော့ အလွန်ကောင်းသည်။ ထောင်စခန်းများရှိ ထောင်ပိုင်များ ကြောင်း၊ ညွှန်မှူးများအကြောင်း၊ လက်အောက်ဝန်ထမ်းများအကြောင်း ကသများနှော၍ ပြောပြတတ်သည်။

ဇနီးမယားများအကြောင်းရောက်သော် သူ သူ့မိန်းမကို ဘယ် နိုင်ကြောင်း၊ ဇနီး သားသမီးများမှာ အိမ်ထောင်ဦးစီးလုပ်သူ ယောကျ်ား တစ်သက်လုံးရှာကျွေးရခြင်းဖြစ်သဖြင့် ကြောက်ရန်မလိုကြောင်း တိုပတ်စများ ကိုးကား၍ ပြောပြပါသည်။ အမှန်တော့ ဗန္ဓုလဦးစိန်ဌေး းမကြောက်ကြောင်း ကျွန်တော်တို့သိပြီးဖြစ်ပါသည်။

စားသောက်ပြီးနောက် ညဉ့်နက်ပြီဖြစ်၍ ကျွန်တော်တို့ ပန်းကန် ခွက်များ၊ စားကြွင်းစားကျန်များအား သိမ်းဆည်းပြီးနောက် ပြန်ကြ ည်ဟု နှုတ်ဆက်ပြီး ကွယ်ရာမှချောင်းနေရာ ထောင်ပိုင်ကြီး၏ဇနီးမှာ ဒါးဝမှ ခါးထောက်၍ အဝင်မခံဘဲ ရပ်နေပါသည်။

"တော် ဘာအချိုး ချိုးတာလဲ။ ကလေးတွေနဲ့ အတူအရက် သာက်တာ မရှက်ဘူးလား။ တဝါးဝါးတဟားဟားနဲ့ ရှင့်အသံချည်းပဲ။ ကျုပ်တို့အိမ်ကို ဘုံဆိုင်များမှတ်နေသလား"

"မဟုတ်ပါဘူး မိန်းမရယ်။ ဟို. . ခင်မြကြွယ်ယောကျ်ား ထောင်မှူးကြီးသိန်းဝင်းဆိုတဲ့ကောင် မိန်းမကြောက်ရလို့ ပညာပေးနေ တာပါ"

"ဘာပညာပေးနေတာလဲ။ တော်ရော ကျုပ်ကို မကြောက်ရ ဘူးလား။ ဘာစမ်း. . အရှက်မရှိတဲ့လူကြီး"

ဟု ဆိုကာ နားရွက်နှစ်ဖက်အား လိမ်၍ဆွဲပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အုပ်စုမှာ ပုန်းအောင်းကြည့်ရှုနေရာမှ လက်ခုပ် လက်ဝါးတီး၍ ဟားတိုက်ရယ်မောပြီး..

"အန်တီနွဲ့ရေ..ဆော်သာဆော်။ အန်တီမကောင်းကြောင်း လည်း ပြောတယ်"

ဟု အားပေးအားမြှောက်ပြုရာ ထောင်ပိုင်ကြီးဗန္ဓုလစိန်ဌေးမှာ ညာလက်ဝါးအား မြှောက်၍ ရှယ်ပြီး..

"မိန်းမ..ငါနော် မလုပ်ချင်လို့ ကြည့်နေတာ"

"လုပ်ကြည့်စမ်းပါ..။ သတ္တိရှိရင် လုပ်ကြည့်စမ်းပါ"

ထိုစဉ် ထောင်ပိုင်ကြီးမှာ လက်ဝါးနှစ်ဖက်အား ဖြောင်းခနဲတီး၍ ရယ်ထားရာ ကျွန်တော်တို့မှာ အရက်မူးပြီး ထောင်ပိုင်ကြီးတကယ်ရိုက်ပြီ အထင်နှင့် စိတ်မကောင်းဖြစ်နေကြစဉ်..

"မိန်းမ..ကန်တော့ပါတယ်ကွာ။ ဟိုကောင်လေးတွေ ချောင်း ကြည့်နေကြတာ မင်းမရှက်ဘူးလား။ လိမ္မာပါတယ်ကွာ..နော်"

ဟူသတည်း။

ထို့ကြောင့် အရာရှိကြီးများ မိန်းမကြောက်ရသည်ဆိုသည်မှာ ကျွန်တော်တို့ မျက်မြင်လက်တွေ့ဖြစ်သဖြင့် ယုံပါသည်။ ဗန္ဓုလဦးစိန်ဌေးမှာ တပည့်များအပေါ်တွင် ရစ်ရုံတင်မက ဇနီးမယားအပေါ်တွင်ပါ ရစ်သဖြင့် နားရွက်အဆွဲခံရပြီး လက်အုပ်ချီကန်တော့ရခြင်း ဖြစ်ပါတော့ သည်။

❦ ❦ ❦

# သင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး

၁၉၉၀ ပြည့်နှစ်တွင် ကျွန်တော် အင်းစိန်ထောင်ရှေ့ရှိ အကျဉ်းဦးစီးဌာန-ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းသို့ ဒုတိယကျောင်းအုပ်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ ပထမကျောင်းအုပ်ကြီးမှာ အမြောက်တပ်မှ ပြောင်းလာသော ဗိုလ်ကြီးကျော်မောင်ဖြစ်သည်။ ဗိုလ်ကြီးတာဝန်မှာ အုပ်ချုပ်ရေးဖြစ်ပြီး ကျွန်တော့်တာဝန်မှာ Lecture ပို့ချခြင်းနှင့် စည်းကမ်းထိန်းသိမ်းရေး၊ စားဝတ်နေရေးတာဝန်ဖြစ်သည်။

သင်တန်းသားများမှာ မြန်မာတစ်ပြည်လုံးရှိ ထောင်စခန်း အသီးသီးမှ ဖြစ်ကြ၍ အရာရှိသင်တန်းတွင် အုပ်ချုပ်ရသည်မှာ ကောင်းမွန်သော်လည်း အခြားအဆင့်သင်တန်းများတွင် အုပ်ချုပ်ထိန်းသိမ်းရသည်မှာ အလွန်ခက်သည်။ ပြဿနာပေါင်းစုံ ဖြေရှင်းရသည်မှာ နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



ပင်။ ကျွန်တော့်လက်အောက်တွင် ထောင်မှူးနှင့် အကြပ်တပ်သားများ အဆင့်ဆင့်ရှိသည်။ မနက်ပိုင်း (၅း၃၀) နာရီမှစ၍ P.T ပြေးရပြီး မနက်စာ စားသောက်ကြ၍ မနက် (၇း၀၀) နာရီမှစပြီး စစ်သင်တန်းနှင့် လက်နက်ငယ်သင်ခန်းစာဖြစ်သည်။ မနက် (၉း၃၀) မှ စတင်၍ ဘာသာရပ်ဆိုင်ရာ ဆရာများက သင်တန်းခန်းမအတွင်း၌ Lecture ပို့ချရသည်။ ညနေ (၄း၀၀) နာရီတွင် သင်တန်းပြီးဆုံး၍ ကိုယ်ခံပညာသင်တန်းနှင့် ကျန်းမာရေးလေ့ကျင့်ခန်းများ ဖြစ်သည်။ တနင်္ဂနွေနေ့တွင် အနားရသည်။

သင်တန်းသားများမှာ ထောင်လုံခြုံရေးအတွက် အရန်အင်အားဖြစ်သဖြင့် ထောင်ပတ်လည် ကင်းလည်းစောင့်ရသည်။ ထောင်လှန့်လေ့ကျင့်ရာ၌လည်း စနေနေ့တိုင်း ဝတ်စုံပြည့်ဖြင့် ပါဝင်ရသည်။ ဝန်ထမ်းများဖြစ်၍ ပြစ်မှုကျူးလွန်လျှင် D.E, P.E စစ်ရသေးသည်။ ဒုချုပ်မှာ သင်တန်းကျောင်းဥက္ကဋ္ဌဖြစ်သဖြင့် သင်တန်းသားများ ပြစ်မှုကျူးလွန်လျှင် စစ်ပုံစံဖြင့် ရုံးတင်ရသေးသည်။

သင်တန်းချိန်ပြီးလျှင်တော့ ကျွန်တော်က ကားပွဲစားတန်းသွား၍ ကိုယ်ပိုင်ကား၊ ဆိုင်ကယ်များအား ဝယ်ရောင်းလုပ်တတ်သည်။ အမြင့်ကားများ မဟုတ်ပါ။ VOLK WAGON, FORD, MAZDA SEDAN နှင့် JEEP ကားလောက်သာဖြစ်သည်။ ဝယ်လျှင် ရောင်းသည်။ အလိုက်ပေး၊ အလိုက်ရလျှင်လည်း လဲပါသည်။

ဝါသနာပါ၍လည်းကောင်း၊ ဈေးကွက်လေ့လာရေးအနေဖြင့်လည်းကောင်း လုပ်ခြင်းဖြစ်ပါသည်။ ထိုကိစ္စကို ဒုချုပ်က မကျေနပ်ပါ။ ကျွန်တော့်အနေဖြင့် မသိပါ။ အားလပ်ချိန်တွင် ဝါသနာပါရာ ပြင်ပစီးပွားရှာခြင်းသာဖြစ်သည်။ ထောင်ပိုင်၊ ညွှန်မှူးနှင့် ထောင်မှူးများ ကားကိစ္စနှင့်





ပတ်သက်လျှင် ကျွန်တော်က အကျိုးဆောင်ပေးတတ်သည်။ အားလုံးကလည်း ကျေနပ် သဘောကျကြပါသည်။

စီမံကိန်းညွှန်မှူး ဗိုလ်မှူးကြီးစံလင်းဆိုလျှင် သူ့ကားများအား ကျွန်တော်လဲပေးရသည်။ ရောင်းပေးရသည်။ ထို့ကြောင့် ကျွန်တော့်အား ဒုချုပ်မှလွဲ၍ အားလုံးက ခင်မင်ကြပါသည်။ ထောင်မှူး ထောင်မှူးကြီးများ ကားဝယ်ရောင်းလုပ်ရာ၌လည်း ကျွန်တော်ကပင် ဆက်သွယ်ပေးရာ ကားပွဲစားတစ်ပိုင်း ဖြစ်လာပါတော့သည်။

ထိုအချိန်က ဝန်ထမ်းများ၊ ဌာနဆိုင်ရာအမှုအခင်းဖြစ်ကြသည်မှာ များသဖြင့် ကျွန်တော်မှာ အဖွဲ့ဝင်ဖြစ်လိုက်၊ ဥက္ကဋ္ဌဖြစ်လိုက်နှင့် တစ်နိုင်ငံလုံး အနှံ့သွား၍ D.E စစ်နေရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးခရီးစဉ်များ

ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရန်အတွက် အင်းစိန်ထောင်တ
မကာ မြန်မာပြည်အနှံ့ ခရီးထွက်ရရာ ထောင်ပိုင်ကြီး ဗိုလ်ကြီးသာဦ
ဒုထောင်ပိုင် ဦးဘုန်းမော်နှင့် ကျွန်တော်တို့မှာ အတွဲများဖြစ်ပါသည
မြစ်ဝကျွန်းပေါ် မအူပင်ထောင်သို့ ရေလမ်းခရီးဖြင့်လည်းကောင်း၊ စစ်တွေ
ထောင်ကိစ္စအား လေယာဉ်ဖြင့်လည်းကောင်း။ တောင်ကြီးနှင့် မန္တလေ
ထောင်ကိစ္စအား ရထား၊ ကားများဖြင့်လည်းကောင်း စစ်ဆေးခဲ့ရ
ထူးဆန်းသော အဖြစ်အပျက်များနှင့်လည်း ကြုံတွေ့ခဲ့ရပါသည်။

ကျောက်ဆည် ဘဲလင်း (အမျိုးသမီးကျောက်ထုတ်စခန်း) စခ
မှ အတွေ့အကြုံတစ်ခုအား ပထမဆုံးတင်ပြလိုပါသည်။ ထိုခရီးစဉ်တွ
ထောင်ပိုင်ကြီးဦးဘိုနီက ဥက္ကဋ္ဌ၊ ကျွန်တော်နှင့်ဦးဘုန်းမော်တို့က အဖွဲ့ဝ





များ ဖြစ်ကြပါသည်။ ၁၉၈၉ ခုနှစ် မေလအတွင်း၌ ကျွန်တော်တို့အဖွဲ့ ကျောက်ဆည်သို့ ညရထားစီး၍ သွားကြရာ ကျောက်ဆည်ဘူတာသို့ မနက် (၇း၀၀) နာရီခန့် ရောက်ရှိပါသည်။

ဘူတာအနီး လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြ၍ မနက်စာစားကြရာ မလိုင်နှင့်နံပြားမှာ အလွန်ကောင်းပါသည်။ လက်ဖက်ရည်မှာလည်း နွားနို့စစ်သဖြင့် အရသာရှိပါသည်။ စားသောက်ကြပြီးနောက် မြင်းလှည်းဖြင့် ဘဲလင်းကျောက်စခန်းသို့ ထွက်လာကြရာ စဉ့်ကိုင်ဘူတာကျော်၍ အတွင်းသို့ဝင်ရပါသည်။ အတွင်းလမ်းမှာ မြေလမ်းဖြစ်သည်။ နွေနှောင်းပိုင်း မိုးမကျသေးသဖြင့် နေထွက်သည်နှင့် ပူအိုက်လာပြီး လမ်းမှာလည်း ဖုန်တထောင်းထောင်းထနေသည်။

စခန်းမှာ ဘဲလင်းတောင်ခြေရင်းတွင် တည်ထားသော စခန်းများဖြစ်၍ အမျိုးသမီးရဲဘက်စခန်းနှင့် အမျိုးသားရဲဘက်စခန်းမှာ ကပ်လျက်ရှိသည်။ ဧည့်ရိပ်သာတစ်ခုတည်းသာရှိသဖြင့် ကျွန်တော်တို့အဖွဲ့ အမျိုးသားစခန်းအတွင်းရှိ ဧည့်ရိပ်သာတွင် တည်းခိုကြသည်။ ကျောက်တောင်ရင်းဖြစ်၍ လေရှူးဝင်မှု့လျှင် တစ်နေ့လုံး နေပူဒဏ်ခံခဲ့ရသော ကျောက်တောင်မှ အပူငွေ့များပါလာပြီး စခန်းတစ်ခုလုံးကို လေပူကြီးလွှမ်းခြုံသွားတတ်သည်။

အမှုဖြစ်စဉ်မှာ ဘဲလင်းအမျိုးသမီးကျောက်ထုတ်အလုပ်စခန်းမှ အမျိုးသမီးရဲဘက် ကိုယ်ပိုင်အမှတ် ၂၆၄၂/စီ၊ မမွေကြည်၊ (ဘ) ဦးကျောင်းဆိုင်၊ အသက် (၂၇) နှစ်၊ ပုဒ်မ ၆(ခ)/၁၁၊ ထောင်ဒဏ် (၅) နှစ် အပြစ်ကျသူမှာ စခန်းအတွင်းမှ ညအချိန်ထွက်ပြေးရာတွင် ပုဒ်မ ၂၇၆ အရ အရေးယူရမည့်အစား ပိုင်းဝန်းရိုက်နှက်သဖြင့် သေဆုံးသွားသော

www.burmeseclassic.com



အမှုဖြစ်သည်။

စခန်းရောက်သည်နှင့် စခန်းတာဝန်ခံ ဒုတိယထောင်ပိုင် ဒေါ် လှမြင့်နှင့် သက်ဆိုင်သူများအား အပြစ်မရှိကြောင်း ထုချေရန် စွဲချက် တင်၍ ချေပလွှာများအား (၂၄) နာရီအတွင်း D.E အဖွဲ့သို့တင်ရ ပေးပို့ခဲ့ပါသည်။

ညစာကျွေးရာတွင် ဒုထောင်ပိုင်ဒေါ်လှမြင့်က ပညာပြ၍ ကျွန် တော်တို့အဖွဲ့အား ဟင်းခတ်မဆလာမပါဘဲ အမွှေးများမစင်သော ဆိတ် သားဟင်းနှင့်ကျွေးရာ ကျွန်တော်တို့လူငယ်များအတွက် ပြဿနာမရှိသော် လည်း ထောင်ပိုင်ကြီးဦးဘိုနီမှာ အသက်အရွယ်ကြီးသူဖြစ်၍ မစားနိုင်

အမျိုးသားစခန်းတာဝန်ခံ ထောင်ပိုင်ဦးချစ်ထွန်းနှင့် ဇနီး ဒေါ် အမာတို့အား ကျွန်တော်မှ ခင်မင်ရင်းစွဲရှိသည့်အတိုင်း သွားရောက် အကူအညီတောင်းသဖြင့် ဟင်းများလာပို့ရာ ထောင်ပိုင်ကြီးဦးဘိုနီအတွက် အဆင်ပြေသွားပါသည်။

ညဘက်၌လည်း အမှုစစ်ဆေးရန်အတွက် စီစဉ်တိုင်ပင်ကြ ည့် (၁၂) နာရီကျော်မှ အိပ်ရာဝင်ကြသော်လည်း ပူအိုက်လွန်း၍ မအိ နိုင်ပါ။ မိုးလင်းပိုင်း အိပ်ပျော်ရာ၌ ကျွန်တော် အိပ်မက် မက်ပါသည် အောက်ခံဘောင်းဘီ အနီကလေးဝတ်ထားပြီး အပေါ်ပိုင်းတွင် ဘရာစီယာ အနီကလေးဝတ်ထားသော အသားဖြူဖြူ အမျိုးသမီးတစ်ဦးမှာ တစ်ကိုယ် လုံး သွေးများနှင့်ချွေးများ ရွှဲစိုနေပြီး တုန်တုန်ရင်ရင်ဖြင့် "ကျွန်မကိုသ ရဲ့။ တာ ဒုတပ်ကြပ်ငြိမ်းဝင်း" ဟု လူတစ်ယောက်ကို လက်ညှိုးထိုး၍ ကျွန်တော် အား ပြနေပါသည်။ ဒုတပ်ကြပ်ငြိမ်းဝင်းဆိုသူမှာလည်း တုတ်ကြီးတ ချောင်းကိုင်၍ သူမအား လိုက်ရိုက်နေပါသည်။





မနက်ပိုင်း လက်ဖက်ရည်ပိုင်းတွင် ကျွန်တော်မှ ထောင်ပိုင်ကြီး ဦးဘိုနီအား . .

"ဆရာကြီး . . ညက အိပ်လို့ပျော်ရဲ့လား။ ကျွန်တော်တော့ မိုး ကင်းပိုင်းမှ အိပ်ပျော်ပြီး အိပ်မက်တွေဘာတွေ မက်လို့ဗျာ"

"ညက ပူလွန်း၊ အိုက်လွန်းလို့ အိပ်မရပါဘူးဗျာ။ အိပ်ပျော်မယ် ကြီးလိုက်၊ လန့်နိုးလိုက်နဲ့ ချွေးစေးတွေကလည်း ပြန်ပြီး မိုးလင်းတော့တာ ပါပဲ။ ခင်ဗျားက အိပ်မက်တောင်မက်တယ်ဆိုတော့ တယ်ဟုတ်ပါလား။ ဦးဘုန်းမော်ရော အိပ်ပျော်ရဲ့လား"

ဦးဘုန်းမော်က . .

"ကျွန်တော်လည်း မိုးလင်းပိုင်းမှ အိပ်ပျော်သွားပါတယ်။ ဒါနဲ့ ကိုသိန်းဝင်းက အိပ်မက်တောင် မက်တယ်ဆို . .။ ပြောပြပါဦး"

"အိပ်မက်ကတော့ ထူးဆန်းသဗျို့။ ကျွန်တော်လည်း အမှုဖြစ် ပုံကို လေ့လာထားပေးမယ့် ပါဝင်တဲ့လူတွေကို ဒေါ်လှမြင့်ကလွဲပြီး မသိ သေးပါဘူး။ မမွှေကြည်သေဆုံးတဲ့ကိစ္စမှာ ဒုတပ်ကြပ်ငြိမ်းဝင်းက အခရာ ခင်ပါရဲ့"

ဟု ပြောဆိုကာ ညကအိပ်မက်အကြောင်းကို ပြောပြရပါသည်။

ထောင်ပိုင်ကြီးဦးဘိုနီမှ . .

"အင်း . . ကိုသိန်းဝင်းကို မမွှေကြည်က အိပ်မက်ပေးတာ ထင် ရဲ့။ မှန်၊ မမှန် D.E စစ်ရင်း ပေါ်လာမှာပါဗျာ"

ကျွန်တော်တို့ (၃) ရက်ခန့် သက်သေများနှင့် တရားခံများအား စစ်ဆေးရာမှ အမှုမှန်ပေါ်လာပါသည်။

ဆူးကြိုးဝင်းအတွင်းမှ မမွှေကြည်ထွက်ပြေးရာတွင် ဘောင်းဘီ



www.burmeseclassic.com

www.burmeseclassic.com



အနီကလေးနှင့် အကျႌအနီကလေးသာ ဝတ်ဆင်ထားကြောင်း၊ ဖမ်းဆီးမိသဖြင့် ဝိုင်းဝန်းရိုက်နှက်ကြရာ အပေါ်အကျႌအနီကလေး ဆုတ်ပြဲသွားပြီး ဘရာစီယာအနီကလေးသာ ကျန်တော့ကြောင်းအပြင် လုံခြုံရေးကင်းမှ ဒုတပ်ကြပ်ကြီးမိုးဝင်းက (၂) ပေကျော်ခန့်ရှည်သောတုတ်ဖြင့် ရိုက်နှက်စစ်ဆေးသဖြင့် အဆုတ်များပေါက်ကွဲပြီး လေးရက်အကြာတွင် သေဆုံးခြင်းဖြစ်ကြောင်း၊ စခန်းတာဝန်ခံ ဒုတိယထောင်ပိုင်ဒေါ်လှမြင့်အနေဖြင့် ဆေးဝါးကုသမှု မပေးသည့်အပြင် သေဆုံးရာ၌လည်း သေမှုသေခင်း မဖွင့်လှစ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် D.E အဖွဲ့အနေဖြင့် အပြစ်ရှိသူများအား ပြစ်ဒဏ်နှင့်လျော်ညီစွာ အပြစ်ပေးအရေးယူနိုင်ရန် ညွှန်ချုပ်ထံတင်ပြခဲ့သောအမှု ဖြစ်ပါသည်။

အမှုဖြစ်စဉ်မှာ ကျွန်တော်အိပ်မက်သည့်အတိုင်း မှန်ကန်သဖြင့် ကျွန်တော်တို့တစ်ဖွဲ့လုံး အံ့သြခဲ့ကြရပါသည်။ သေဆုံးသူ မမေ့ကြည်မှ တမလွန်မှ အိပ်မက်ပေး၍ အမှုအတွက် သက်သေခံခြင်း ဖြစ်ပုံရပါသည်။ အမှန်တရားကို ဖော်ထုတ်နိုင်ပြီဖြစ်၍ တမလွန်မှ မမေ့ကြည် ကျေနပ်လိမ့်မည်ဟု ကျွန်တော်မျှော်လင့်ဆုတောင်းပါသည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိပါ။

ဒုတိယတင်ပြလိုသည်မှာ စစ်တွေထောင်ကိစ္စဖြစ်သည်။ ထောင်ပိုင်ကြီးဦးစိုင်းအား ရိက္ခာကိစ္စ၊ အုပ်ချုပ်ရေးကိစ္စ၊ လာဘ်ယူသောကိစ္စများအတွက် ဝန်ထမ်းများက တိုင်ကြားခြင်းဖြစ်သည်။

ထောင်ပိုင်ကြီး ဗိုလ်ကြီးသာဦး ဥက္ကဋ္ဌနှင့် ကျွန်တော်နှင့် ဦးဘုန်းမော်က အဖွဲ့ဝင်များအဖြစ် သွားရောက်စစ်ဆေးရသော အမှုဖြစ်သည်။ ရန်ကုန်မှ စစ်တွေသို့ လေယာဉ်ဖြင့်သွားကြပြီး စစ်တွေထောင် ဘိုတဲတွင်





တည်းခိုကြပါသည်။ ဘိုတဲမှာ နှစ်ထပ်ဖြစ်ပြီး အင်္ဂလိပ်ခေတ်က အဆောက်အဦဖြစ်၍ အုတ်ကြွပ်မိုး ပျဉ်ထောင်အိမ်မည်းမည်းကြီးဖြစ်သည်။ ဧည့်ခန်းမှာ ကျဉ်းလှသည်။ အိပ်ခန်းများမှာလည်း မကျယ်ဝန်းပါ။ ရေချိုးခန်း၊ အိမ်သာအား အပေါ်ထပ်၌ပင် ထားရှိပါသည်။ အောက်ထပ်မှာ စတိုခန်းသဘောမျိုးသာဖြစ်ပြီး ဘိုတဲစောင့် ဦးနီတို့လင်မယား နေကြသည်။

ရောက်စညက ကျွန်တော် (၁၂) နာရီခန့်မှ အိပ်ရာဝင်ရာ အပေါ့သွား၊ လက်ဆေး၍ အိပ်ရာထဲအရောက်၌ပင် ရေချိုးခန်းအတွင်းမှ ရေသံကြားရသဖြင့် မီးဖွင့်၍ သွားရောက်ကြည့်ရှုရာ ကျွန်တော်လက်ဆေး၍ ပိတ်ထားခဲ့သော ရေဘုံဘိုင်ခေါင်း ပွင့်နေခြင်းဖြစ်သည်။ ပြန်ပိတ်၍ မီးမှိတ်ပြီး အိပ်ရာအဝင်၌ပင် ရေသံကြားရပြန်သည်။ ပြန်ထ၍ ရေဘုံဘိုင်ခေါင်းအား စစ်ဆေးရာ ခေါင်းမှာ ချောင်နေခြင်းမရှိပါ။ ကျွန်တော်အသေအချာပြန်ပိတ်၍ မီးမှိတ်ရန် မီးခလုတ်ဆီလက်အလှမ်းတွင် မီးခလုတ်မှာ အလိုလိုပိတ်သွားပါသည်။ မီးပိတ်ရမည်ဖြစ်သဖြင့် မထူးသောကြောင့် ကျွန်တော်အိပ်ရာပြန်ဝင်ပါသည်။ ရေချိုးခန်းအတွင်းမှ ရေသံပြန်ကြားရပြန်ပြီး ချောက်ခနဲ မီးခလုတ်ဖွင့်သံကြား၍ မီးလင်းသွားပါသည်။

ကျွန်တော့်အဖွဲ့ဝင်များကတော့ အိပ်ပျော်နေကြပါပြီ။ မရိုးတော့မှန်းသိသော်လည်း ကျွန်တော် အိပ်ရာမှ ပြန်ထ၍ ရေဘုံဘိုင်ခေါင်းနှင့် မီးခလုတ်အား ပြန်ပိတ်ပါသည်။ သက်ဆိုင်သူများအားလည်း တာဝန်နှင့်လာခြင်းဖြစ်သဖြင့် မနှောင့်ယှက်ရန် မေတ္တာပို့၍ အမျှဝေလိုက်ပါသည်။ ဘုံဘိုင်ခေါင်းနှင့် မီးပြန်မပွင့်တော့ပါ။ နားလည်ဟန် တူပါသည်။ ထို့ကြောင့် ကျွန်တော်လည်း ကောင်းစွာအိပ်ပျော်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်စာပွဲမှာ ဗိုလ်ကြီးသာဦး ကြိုတင်စီစဉ်ထားသည့်အတိုင်း ကြက်သားပလာတာနှင့် လက်ဖက်ရည်အချိုပွဲဖြစ်သည်။ စားသောက်ပြီးနောက် ဘိုတဲအစောင့်အား ဗိုလ်ကြီးသာဦးမှ ကြက်ဖိုးပေးရာ ဘိုတဲစောင့်မှ. .

"ဆရာကြီးတို့ ညက အိပ်လို့ရပါရဲ့လား။ ဘာအနှောင့်အယှက်များ ရှိပါသလဲ"

ဟု မေးရာ ကျွန်တော်မှ. .

"အနှောင့်အယှက်လား ဘာလားတော့ မသိဘူးဗျာ။ မီးခလုတ်က သူ့အလိုလို ပွင့်လိုက်၊ ပိတ်လိုက် ဖြစ်ပြီး ရေဘုံဘိုင်ခေါင်းကလည်း ခဏခဏပြန်ပွင့်တယ်။ မီးခလုတ်တွေ၊ ဘုံဘိုင်ခေါင်းတွေကို ပြန်စစ်ကြည့်ပါဦး"

"အဲဒါ ထုံးစံပါခင်ဗျာ။ မီးခလုတ်ရော၊ ဘုံဘိုင်ခေါင်းတွေပါ အားလုံးကောင်းပါတယ်။ ဘိုတဲစောင့်က နှုတ်ဆက်တာပါ"

"ဘိုတဲစောင့်က ခင်ဗျားမဟုတ်ဘူးလား"

"ဟုတ်ပါတယ်ခင်ဗျာ။ လူအစောင့်က ကျွန်တော်ပါ။ ပရလောကအစောင့်ကတော့ ဒီအပေါ်ထပ်မှာပဲ နေပါတယ်။ ကျွန်တော်လည်း ဒီဘိုတဲအစောင့် တာဝန်ထမ်းဆောင်ရတာ တစ်လလောက်ပဲ ရှိပါသေးတယ်။ ပညာပေးခံရတာ အမျိုးမျိုးပဲ။ ကျွန်တော့်ကြက်အုပ်ကြီးလည်း ကုန်ပါပြီ။ နောက်ဆုံးကျန်တဲ့ ကြက်ဖကြီးကိုတော့ ညကမှ ချက်လိုက်ပြီး ဒီကဆရာကြီးတို့ကို ပလာတာနဲ့ ကျွေးတာပါ။ တဖြည်းဖြည်း ပျောက်ကုန်တာ ကုန်ပါရောလားဗျာ။ အမွေးတွေတော့ ကျန်ခဲ့တယ်။ ပထမတော့ ကြောင်ဆွဲတာ မှတ်နေတာ။ နောက်မှ အပေါ်ထပ်ကို အမှိုက်ရှင်းရင်း





အမွေးတွေကို တွေ့ရတော့တာပဲ"

"ခင်ဗျားတို့ကို အကောင်အထည်ရော ပြသေးသလား"

"အဲဒီလိုတော့ မပြဘူးဗျ။ သူက စည်းကမ်းတော့ရှိတယ်။ အပေါ်ထပ်မှာပဲ နေတာ။ အောက်ထပ်ကို ဒုက္ခမပေးဘူး။ ညဘက်ဆိုရင်တော့ အပေါ်ထပ်က လမ်းလျှောက်သံတွေ ကြားနေရတာပဲ။ ကျွန်တော်လည်း ရောက်စက အတော့်ကိုကြောက်လန့်မိပါတယ်။ ကျွန်တော့်မိန်းမဆိုရင် ညရောက်တာနဲ့ အပြင်ထွက်ဖို့မပြောနဲ့၊ အိပ်တောင်မအိပ်ရဲဘူး။ အခုတော့လည်း တစ်လလောက်ကြာတော့ ရိုးသွားပါပြီ။ သူ့နေရာသူနေ ကိုယ့်နေရာကိုယ်နေပေါ့"

"အင်း. . ကောင်းပါ့ဗျာ။ ဦးလေးက အောက်ထပ်အစောင့်ပေါ့။ အပေါ်ထပ်အစောင့်ကတော့ တစ်ဦးပေါ့နော်။ ဟဲ. . ဟဲ. . ဟဲ. ."

ထောင်ပိုင်ကြီး ဗိုလ်ကြီးသာဦးတို့မှာ ထိုအခါမှ သဘောပေါက်သွားပါတော့သည်။

"အင်း. . ကျုပ်တို့ကတော့ အိပ်ရာဝင်ရင် တစ်ရေးမှမနိုးတဲ့သူတွေဆိုတော့ ဘာမှမသိဘူးပေါ့ဗျာ"

ဗိုလ်ကြီးသာဦး ကြောက်၊ မကြောက်တော့ မသိပါ။ ညနေဘက်တွင် ဘိုတဲမှာ ညဉ့်ခန်းကျဉ်းသဖြင့် အလုပ်လုပ်ရန်မကောင်းဟု အကြောင်းပြကာ ကမ်းနားလမ်းမပေါ်မှ ဆ. လ. ရ ဧည့်ဂေဟာသို့ ပြောင်းရွှေ့ကြပါတော့သည်။

တတိယအမှုမှာ ထီးခန်း ဘန်းကန်စခန်း (ရှမ်းပြည်နယ်) ဖြစ်သည်။ ရာထူးချခံရပြီး နှစ်ပြည့်၍ ရုံးချုပ်မှ ရာထူးပြန်လည်ပေးသော်လည်း အမိန့်စာမရောက်သဖြင့် ထောင်မှူးဦးစောလွင်မှ တိုင်ကြားသော

www.burmeseclassic.com



အမှုဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ စခန်းသို့ ညနေဘက် အရောက်တွင် ရုံးခန်း၌ အိပ်ရာများပြင်ဆင်ပေးပြီး ရုံးခန်းတွင်း၌ပင် စားသောက်ရန်လည်း ပြင်ဆင်ပေးပါသည်။ စခန်းမှာ ယာယီစခန်းဖြစ်၍ ခုနှိမ်၊ ထရံကာ ဝါးများသာဖြစ်သည်။ ကော်ဖီစိုက်စခန်းဖြစ်သည်။ မီးစက်ဖြင့် မီးပေးပြီး ည (၉) နာရီထိုးသည်နှင့် မီးစက်ပိတ်ပါသည်။

ကျွန်တော့်မှာ ထုံးစံအတိုင်း အိပ်ရာဝင်ခါနီး မျက်နှာသစ် သွားတိုက်၊ အိမ်သာတက်၊ ဘုရားဝတ်ပြု လုပ်နေစဉ် ညဦးက ကျွန်တော်တို့စားသောက်ခဲ့သော ရုံးခန်းတွင်းမှ အိုးခွက်ပန်းကန်သံများကို ကြားရသည်။ ခွေး၊ ကြောင်များ အထင်နှင့် လက်နှိပ်ဓာတ်မီးထိုးကြည့်ရာ ဘာကောင်မှ မတွေ့ရပါ။ အိုးခွက်အဖုံးများ ပွင့်နေပြီး စားသောက်ရာ အကျန်များအား အုပ်ဆောင်းအုပ်ထားရာ အုပ်ဆောင်းမှာလည်း အောက် ကျနေသဖြင့် ကျွန်တော် အိပ်ရာမှ ထပြီး ပြန်ဖုံးရပါသည်။ မကြာပါ... အသံများ ပြန်ကြားရပြီး လမ်းလျှောက်သံတရှပ်ရှပ်နှင့် အဖုံးများ ပြန်ပွင့် ပြန်ပါသည်။

မရိုးတော့မှန်း သိသဖြင့် ကျွန်တော်လည်း အိပ်ရာက မထတော့ပါ။ အမှုအတန်းဝေ၍ အိပ်ရာဝင်ခဲ့ပါတော့သည်။

မနက်ပိုင်း အိပ်ရာအထတွင် စစ်ဆေးကြည့်ရာ ထမင်း၊ ဟင်း များ မရှိတော့ပါ။ ဟင်းများမှာ အရိုးအရင်းပင် မကျန်ပါ။ ကျွန်တော် နေခဲ့သည့် နှစ်ရက်သုံးရက်အတွင်း ညစဉ်ကြုံခဲ့ရသော ပြဿနာဖြစ်သည်။

ထိုစခန်းမှ အမှုကိစ္စပြီး၍ ထောင်ကြီးထောင်စခန်းသို့ဝင်ရာ တာဝန်ခံ ဒုတိယထောင်ပိုင်ဦးကျော်သွင်မှ ကျွန်တော်တို့အဖွဲ့အား ဧည့်





ရိပ်သာတွင် နေရာချထားပြီး ညနေပိုင်း ဧည့်ခံပါသည်။ ဧည့်ဂေဟာမှာ ယာယီဖြစ်၍ ပျဉ်ခင်း၊ ပျဉ်ကာ၊ ပျဉ်ထောင်သွပ်မိုး၊ လေးပင်၊ သုံးခန်း Hall ခန်းကြီးဖြစ်သည်၊ အခန်း ဖွဲ့မထားပါ။ နောက်ပိုင်းတွင် ရေချိုးခန်း၊ အိမ်သာရှိပြီး ရှေ့ပိုင်းတွင် ဘုရားစင်ရှိသည်။

စားသောက်ရန်ပိုင်းအား ဘုရားစင်ရှေ့တွင် ပြင်ဆင်ထားရာ ကျွန်တော်မှ မသင့်တော်၍ ရွှေ့ခိုင်းသဖြင့် ဧည့်ဂေဟာတာဝန်ခံမှ ကျွန်တော်ညွှန်ပြသော အလယ်ခန်းခြေရင်းတွင် ဝိုင်းပြန်ခင်းပေးပါသည်။ ခေါင်းရင်းခန်းများမှာ ကျွန်တော်တို့အဖွဲ့အတွက် အိပ်ရာများခင်းထားသဖြင့် နေရာလွတ်မရှိပါ။

ဧည့်ရိပ်သာတာဝန်ခံ ဝန်ထမ်းကလေးကတော့ ပြောပါသည်၊ ဤအလယ်ခန်းမှာ အောက်တွင် တောင်ပို့ကြီးရှိသဖြင့် မကောင်းကြောင်း။

စားသောက်ပြီး အိပ်ရာဝင်ကြရာ တောင်ကြီးမြို့၏အအေးဒဏ် ကြောင့် အရက်သောက်ထားသဖြင့်လည်းကောင်း၊ ကောင်းစွာအိပ်ပျော် နေရာမှ အသံတစ်သံကြောင့် ကျွန်တော်လန့်နိုးပါသည်။ မကျေမနပ်နှင့် ပြင်းစွာ 'တောက်' ခေါက်နေသောအသံ ဖြစ်သည်။ ကျွန်တော် လက်နှိပ်မီး ဖွဲ၍ အိပ်ပျော်နေသူများအား လိုက်လံထိုးကြည့်ရာ တရှူးရှူးဟောက် နေသံမှလွဲ၍ 'တောက်' ခေါက်သံ မကြားရပါ။ ယောင်၍ တောက်ခေါက် နေခြင်း မဖြစ်နိုင်တော့သဖြင့် နားစွင့်ကြည့်ရာ တောက်ခေါက်သံမှာ ရိပ်သာအောက်မှ လာသောအသံဖြစ်သဖြင့် ကျွန်တော် ရိပ်သာအောက် သို့ဆင်း၍ မီးထိုးကြည့်ရာ ခြတောင်ပို့ကြီးကိုသာမြင်ရပြီး အသံပျောက်၍ ကျွန်တော့်နောက်ကျောဘက် ရေချိုးခန်းထဲမှ တောက်ခေါက်သံကို အနီး ကပ်ကြားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးထောင်စခန်းမှာ ထောင်ဆောက်လုပ်ဆဲဖြစ်၍ မီးစက်ကိုသာ သုံးရရာ မီးစက်ပိတ်ချိန်ဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ပိန်းနေပါသည်။ ကျွန်တော် နောက်ဘက်လှည့်၍ မီးထိုးပြီး ရေချိုးခန်းတံခါးအား ဆောင့်ကန်၍ ဖွင့်လိုက်ပါသည်။ ဘာမှုမရှိပါ။ တောက်ခေါက်သံမှာ အနီးရှိ အိမ်သာခန်းထဲသို့ ရောက်သွားပြန်ပါသည်။

"တောက်. ."

ဤတစ်ခါ တောက်ခေါက်သံမှာ ကျွန်တော့်ထံမှဖြစ်သည်။

"ဒီမှာ အစောင့်အရှောက် သရဲ တစ္ဆေတွေရေ. .။ ငါတို့ဟာ ဝန်ထမ်းတွေပါ။ တာဝန်နဲ့လာရင်း မင်းတို့အပေါ်မှာ အရက်သောက်မိကြခြင်းဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ဘုရားစင်ရှေ့မှာ အရက်သောက်ရမှာ မတင့်တယ်လို့ လွတ်တဲ့နေရာမှာ အရက်သောက်ရခြင်းအတွက် မင်းတို့စိတ်မဆိုးကြနဲ့။ နားလည်တယ်နော်"

ဟု ရှုးကြောင်မှုးကြောင် သတ္တိကောင်းစွာနဲ့ အော်ဟစ်လိုက်တော့ နားလည်ဟန်တူပါသည်။ တောက်ခေါက်သံ ပျောက်၍သွားပါတော့သည်။

နေရာတိုင်းတွင် သူ့အထာနှင့် သူရှိသည်ကို ကျွန်တော်သဘောပေါက်နားလည်ရပါတော့သည်။ မြင်အပ်၊ မမြင်အပ် သတ္တဝါဟူက မိမိအပိုင်စားရသော နေရာကလေးအား တပ်မက်စွဲလမ်း စောင့်ရှောက်လိုကြခြင်းမှာ ဓမ္မတာပင် ဖြစ်ပါလိမ့်မည်။

တောင်ကြီးမှအပြန် မန္တလေးနန်းတွင်း ထောင်ညှိရုံသာတွင် ကျွန်တော်တို့ တည်းခို၍ ထီးခန်း၊ ဘန်းကန်စခန်း၊ ထောင်မှူးဦးအေးလွင်အမှုအား စစ်ကြရပြန်သည်။ ရန်ကုန်ရုံးချုပ်မှ ဦးအေးလွင်အား ရာထူးချ





ကာလ ကုန်ဆုံးသဖြင့် ရာထူးပြန်ပေးရန် အမိန့်စာအား မန္တလေးညွှန်မှူးရုံးစာရေးကြီးက ရရှိထားသော်လည်း မုံရွာသို့ အရေးပေါ်သွားရသဖြင့် ဆက်လက်မတင်ပြတော့ဘဲ အံဆွဲထဲတွင် သော့ခတ်သိမ်းဆည်းထားခဲ့သဖြင့် ကြန့်ကြာရခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

ထို့ကြောင့် ကျွန်တော်တို့ အင်းစိန်ပြန်အရောက်တွင် အပြစ်ရှိသော စာရေးကြီးအား ရာထူးချရန်နှင့် အထက်အရာရှိတာဝန် ထမ်းဆောင်ရသော ထောင်မှူးကြီးဦးမြဦးမှာ အပြစ်မရှိ၊ တာဝန်သာရှိသဖြင့် သတိပေးရန် အစီရင်ခံစာတင်ခဲ့ရာ ဒုချုပ်မှာ မကျေနပ်သလို ကဲ့ဆိုးသော ဦးမြဦးမှာလည်း သတိပေး (၆) လအတွင်း ရာထူးတိုးစာမေးပွဲစစ်ရာတွင် ဖြေခွင့်မရှိသဖြင့် ကျွန်တော်တို့အား စိတ်ဆိုးပြန်ပါသည်။

သင်တန်းကျောင်းပြန်ရောက်၍ သင်တန်းနှင့်မဆိုင်သည့် ရေကန်အနီး ဈေးရုံရှေ့တွင် စိုက်ထူထားသော သင်တန်းကျောင်းဆိုင်းဘုတ်ကြီးအား ကျွန်တော်မှ သင်တန်းကျောင်းအဝင်ဝတွင် ပြောင်းရွှေ့စိုက်ထူခြင်း၊ ရာထူးတိုးစာမေးပွဲတွင် Complain တက်ခြင်းနှင့် စနေနေ့ ထောင်လှန့်လေ့ကျင့်ခြင်း (Alarm) လုပ်ရာတွင် ကျွန်တော်မှ ယူနီဖောင်းအပေါ်တွင် ဂျာကင်အပြာထပ်ဝတ်ခြင်းတို့အတွက် ဒုချုပ်နှင့် အဆင်မပြေဖြစ်ရာမှ ကျွန်တော့်အား ဆွမ်ပရာဘွမ်စခန်းသို့ ပြောင်းရွှေ့ရန် အမိန့်ထုတ်ပြန်လိုက်ပါတော့သည်။ ကျွန်တော့်အနေဖြင့်လည်း မကျေနပ်ပါ။ ကျွန်တော့်ဘက်က မမှားဟု ခံယူထားသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော ဂမ္ဘီရအိမ်ကလေး

ဤအိမ်ကလေးကို ကျွန်တော့်ဇနီး အလုပ်စဝင်ချိန်က ရရှိခဲ့ သည်။ ကျွန်တော့်ဇနီး ထောင်မှူးဒေါ်ခင်မြကြွယ်မှာ အကျဉ်းဦးစီးဌာန (ရုံးချုပ်) ရန်ကုန်ထောင်မှ ၁၉၇၇ ခုနှစ်တွင် ပြောင်းရွှေ့လာကတည်းက ဤအိမ် ကလေးတွင် နေထိုင်ခဲ့ရာ ကျွန်တော်နှင့်လက်ထပ်တော့လည်း ဤအိမ် ကလေးမှာပင်။ နုတ်ထွက်၊ အငြိမ်းစားယူ၍ ပြောင်းခဲ့သည်အထိ (၁၉၇၇ မှ ၂၀၀၄) ၂၄ နှစ်တိုင်တိုင် နေထိုင်ခဲ့ကြသည်။

အိမ်ကလေးမှာ ယခင် (ပ. လ. က) မှ စမ်းသပ်ဆောက်လုပ် ပေးသည့် အိမ်နှစ်လုံးအနက် တစ်လုံးဖြစ်သည်။ ကျွန်တော်တို့ခေါင်းရင်း တွင် ပုံစံတူအိမ်တစ်လုံးရှိသည်။ ပျဉ်ထောင်၊ သွပ်မိုးအိမ်ကလေးဖြစ်ပြီး ညှိခန်း၊ အိပ်ခန်းနှစ်ခန်းနှင့် မီးဖိုခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်းနှင့်





အိမ်သာတို့ ပါဝင်သည်။ အိမ်ရှေ့တွင် ဖိနပ်ချွတ်နှင့် လသာဆောင်လေး လည်း ပါရှိသေးသည်။

ထူးဆန်းသည်မှာ ကျွန်တော်တို့အိမ်နှစ်လုံးရှေ့တွင် အင်္ဂလိပ် ခေတ်က စိုက်ပျိုးထားခဲ့သော ပိတောက်ပင်နှင့် ကုက္ကိုပင်ကြီးရှိသည်။ ကုက္ကိုပင်ကြီးတွင် သစ်တံခါးကြီးနှစ်ဆင့်ရှိပြီး ပိတောက်ပင်တွင် သစ် တံခါးအပေါက်လေးတစ်ခု ရှိသည်။

သစ်ပင်ကြီးလျှင် ရုက္ခစိုးရှိသည်ဟူသော အစွဲအလမ်းကြောင့် ကျွန်တော်က ညွှန်မှူးဦးစံလင်း (ရုက္ခစိုးကြီး) ၏ နည်းကိုယူကာ အကုန် အကျခံ၍ ရုက္ခစိုးနတ်ကွန်းနှင့် နတ်ရုပ်၊ ရေအိုး ပန်းအိုးများကို ပူဇော်ထား သည်။ ယုံကြည်သူများကလည်း ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် ဝတ္ထုငွေ များအား လာရောက်ပူဇော်ကြသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့အိမ် မပြောင်းရွှေ့ရဘဲ (၂၄) နှစ်တိုင်တိုင် နေခဲ့ရခြင်းလား မပြောတတ်ပါ။

ကျွန်တော်က စခန်းထွက်လိုက်၊ ပြန်ဝင်လိုက်နှင့် ပြောင်းရွှေ့ နေရသော်လည်း ဇနီးဖြစ်သူမှာ အင်းစိန်ထောင်နှင့် အင်းစိန်ထောင်ဝင်း အတွင်းရှိ ရုံးချုပ်သို့သာ ပြောင်းရွှေ့ရပြီး ထောင်မှူးအဆင့်မှ ထောင်မှူး ကြီး (ဦးစီးအရာရှိ) အဆင့်ထိ တက်ရောက်နိုင်ခဲ့သည်။

ခေါင်းရင်းအိမ်သို့ ပြောင်းရွှေ့လာသူများကတော့ မတည်မြဲ၊ မကြာခဏ ပြောင်းရွှေ့ကြရသည်။ ကျွန်တော်သိမီသလောက် ပြောရလျှင် ထောင်မှူးကြီးဦးကျော်ရှိန်၊ ထောင်ပိုင်ဦးမြသွင်၊ ထောင်မှူးဒေါ်ကြည်ကြည် ဌေး၊ ထောင်မှူးဦးစံပိုင်၊ ထောင်မှူးကြီးဦးစိန်လွင်၊ ထောင်မှူးဦးမြင့်ဆွေ၊ ထောင်ပိုင်ဦးဘိုနီ၊ ထောင်ပိုင်ဦးဉာဏ်တင့်တို့ ဖြစ်ကြသည်။ ထိုအထဲတွင် တော့ ထောင်မှူးကြီးဦးမြင့်ဆွေနှင့် ဒေါ်ဥမ္မာဦးတို့က အနေကြာပြီး မီးပွား



www.burmeseclassic.com

www.burmeseclassic.com



အလွန်ဖြစ်ကြသည်။

ထောင်မှူးဒေါ်ကြည်ကြည်ဌေးနှင့် ကိုအေးကြူတို့ နေစဉ်တွင် အိမ်ပေါ်မိုးနေသည့် ကုက္ကိုကိုင်းများအားခုတ်ရန် လူငှားရာ ကျွန်တော်တားပါသေးသည်။ သူတို့က အယုံအကြည်မရှိပါ။ အိမ်ပေါ်မိုးနေသည့် ကိုင်းသာမက နတ်နေကိုင်းသာချန်၍ ခုတ်ကြရာ ကုက္ကိုပင်ကြီးမှာ ကတုံးနီးနီးဖြစ်၍သွားပါသည်။

မကြာပါ. .။ ဒေါ်ကြည်ကြည်ဌေးမွေးဖွားရာတွင် မိန်းကလေးအမြွှာပူးဖြစ်၍လည်းကောင်း ခက်ခဲပြီး ကျန်းမာရေးမကောင်းသောကြောင့်လည်းကောင်း မွေးဖွားပြီး ဆုံးပါးသွားပါသည်။ အသက်မှာ (၃၀) ခန့်သာရှိပါဦးမည်။ ကလေးများမှာလည်း ချူချာလှသည်။ နောက်ဆုံး ကလေးများအား ယောက္ခမအိမ်တွင်ထားပြီး မိသားစု တကွဲတပြားနေရရှာသည်။

တစ်ခါတွင်လည်း ကျွန်တော်တို့အိမ်ရှေ့ရှိ ပိတောက်ပင်ကြီးအားခုတ်လှဲရန် ကြိုးများ၊ လွှများ၊ ဓားများဖြင့် သစ်ခုတ်အဖွဲ့ ရောက်ရှိလာသည်။ ထောင်ပိုင်အမိန့်ဟု ဆိုသည်။ ကျွန်တော်မှ ထောင်ပိုင်အား ခုတ်ရန်မသင့်ကြောင်း သွားရောက်ပြောဆိုမှ လက်လျှော့၍ ပြန်ကြသည်။ ကျွန်တော် ရက္ခစိုးနတ်စင် ဆောက်ပြီးသည့်နောက်တွင်တော့ မည်သူမျှ မခုတ်ရဲကြတော့ပါ။

ကျွန်တော်တို့ခြံထဲတွင် သရက်ပင်၊ မန်ကျည်းပင်၊ ပိတောက်ပင်၊ ကြောင်လျှာပင်၊ မလွှပင်၊ တမာပင်၊ ပိုးစာပင်၊ ကသစ်ပင်၊ ပျဉ်းတော်သိမ်ပင်နှင့် ငှက်ပျောပင်များရှိသည်။ ငွေးတောက်ပင်နှင့် ကင်းပုံပင်တွေကလည်း နွယ်တက်လျက်ရှိသည်။ ဟင်းခတ်ရွက်အတွက် ခြံတွင်း ဆင်ခူးရုံသာ။ အလှအပပန်းများ၊ သစ်ခွများနှင့် ဂမုန်းမျိုးစုံကိုလည်း စိုက်ထား





သေးသည်။ ထို့ကြောင့် ခြံထဲတွင် မြွေအလွန်ပေါသည်။ မြွေဟောက်များဖြစ်သည်။ မီးဖိုခန်းအပေါ်မျက်နှာကြက်တွင်လည်း ရှိသည်။ ထမင်းစားခန်းနှင့် တွဲလျက်ထားသည့် စတိုခန်းအတွင်း၌လည်း ရှိသည်။ အိပ်ခန်းအတွင်း သေတ္တာများကြား၌လည်း ရှိသည်။

အထူးခြားဆုံးမှာ ဘုရားစင် ဖယောင်းပုဆိုးအောက်၌ တစ်ပိ တွင်းလုံးနေသော မြွေကြီးဖြစ်သည်။ ဖယောင်းပုဆိုးမှာ မြွေဝင်နေသဖြင့် အဖုချောင်းကြီး ဖြစ်နေသည်။ ရေကပ်၊ ပန်းကပ်၊ ဆွမ်းတော်ကပ်ရာ၌ သွားထိလျှင် လှုပ်ပြတတ်သည်။ လူကို အန္တရာယ်မပေးပါ။ ဝါကျွတ်လျှင် အရေခွံသာလဲ၍ ချန်ထားပြီး ထွက်သွားတတ်သည်။

မီးဖိုချောင်နှင့် အိပ်ခန်းအတွင်းရှိ မြွေများမှာလည်း အန္တရာယ်မပေးပါ။ တစ်ခါတစ်ရံ သမီးခုတင်အောက်တွင် ကြက်ဥ၊ ငှက်ဥ ချီလာ၍ အကြွပ်ကြွပ်စားတတ်သေးသည်။ သမီးကလည်း မကြောက်ပါ။

မီးဖိုချောင်မှ အကောင်များနှင့် ကျွန်တော် မကြာခဏဆိုင်တွေ့ရတတ်သည်။ ပါးပျဉ်းခွက်၍ မာန်ဖီသော်လည်း မေတ္တာပို့၍ ရွှေရည်ငွေရည်လောင်းလိုက်ပါက အိမ်အောက်သို့ ပြန်ဆင်းပြေးတတ်သည်။ ခြံတွင်း၌ တွေ့လျှင်လည်း ကျွန်တော်က ဦးစွာမြင်တတ်သည်။ ခြောက်လိုက်သည်နှင့် ပြေးကြသည်။

ထိုအိမ်ကလေးတွင် ကျွန်တော်တို့နေခဲ့သည့် (၂၄) နှစ်အတွင်း မိသားစုတစ်ခုလုံး ရောဂါကြီးကြီးကျယ်ကျယ် မဖြစ်သည့်အပြင် ဖျားနာမှုနည်း၍ ကျန်းမာရေးအလွန်ကောင်းမွန်ကြသည်။

တစ်ခုထူးဆန်းတာကို ပြောပါဦးမည်။

အိမ်ကလေး[illegible] အိမ်မကြီး၌ အိပ်ခန်းနှစ်ခန်းရှိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏ ညီမနှင့် အိမ်ဖော်များရှိသဖြင့် ထမင်းစားခန်းအား တိုးချဲ့ပြီး ခုတင်နှစ်လုံးဆံ့ အိပ်ခန်းတစ်ခု ပြုလုပ်ပေးထားရာ အိမ်မကြီးရှိ အိပ်ခန်းတစ်ခန်းအား အဝတ်လဲခန်း၊ သနပ်ခါးလိမ်းခန်းအဖြစ် ထားရာမှ အမျိုးသမီး၏အဒေါ်ဖြစ်သူ ရောက်ရှိလာသဖြင့် အဝတ်လဲခန်းအား ခုတင်တစ်လုံးချ၍သိပ်ရာ အိပ်မရသဖြင့် ဧည့်ခန်းသို့ ပြောင်းရွှေ့ပေးရပါသည်။

ကျွန်တော်မှ. .

"ကြီးမေ. . ဘာဖြစ်လို့လဲ"

ဟု မေးရာ. .

"အဲဒီအခန်းထဲမှာ အိပ်မရဘူးကွယ့်၊ တစ်ညလုံး မျက်စိကြောင်နေပြီး ဘိုးသူတော်လိုလို ဖြူဖြူကြီးက လမ်းလျှောက်နေတတ်တယ်"

"ကြီးမေ ကြောက်လို့လား။ ကျွန်တော်တို့နေလာတာ ကြာပါပြီ မမြင်ဖူးပါဘူး"

"ကြောက်တော့ မကြောက်ပါဘူးကွယ်။ သူက အန္တရာယ်ပေးတာမှ မဟုတ်ဘဲ။ ဒါပေမဲ့ မျက်စိက ကြောင်နေတော့ အိပ်လို့မရဘူး"

အခြားဧည့်သည်များ လာ၍အိပ်နိုင်းလျှင်လည်း ထိုကဲ့သို့ပင်ဖြစ်ပါသည်။ ထူးဆန်းနေသည်ကတော့ အမှန်ပင်။

တစ်ခါက မိုးဦးကျတွင် ကျွန်တော်ဘုရားဝတ်ပြုနေခိုက် လေကြီးမိုးကြီးကျ၍ ပိတောက်ကိုင်းကြီး ကျိုးသည်။ ကျွန်တော့်ခေါင်းပေါ်တည့်တည့် ကျိုးကျခြင်းဖြစ်ပြီး ပေါင်လုံးခန့်ရှိသည်။ သွပ်အမိုးကို ဖောက်၍ဝင်လာသော်လည်း ကျွန်တော့်ခေါင်းကိုမထိမိ ရပ်သွားသည်။ ကျွန်တော်အသံကြားသော်လည်း မကြောက်ရွံ့မိဘဲ ပုတီးဆက်၍စိပ်နေရာ အားလုံးက အံ့သြကြသည်။





မနက်ပိုင်းတွင် ပိတောက်ကိုင်းကြီးအား ရဲဘက်လက်သမားဘုတ်နှင့် ရှင်းလင်းရပါသည်။ (၁၅) ပေခန့်ရှည်သဖြင့် မဖြတ်တောက်စေတော့ဘဲ အမှတ်တရ ကျွန်တော်တို့ခေါင်းရင်းရှိ မော်တော်ကားဂိုဒေါင်တိုင်အဖြစ် အသုံးပြုလိုက်ပါသည်။

တစ်လခန့်အကြာတွင် အကိုင်းအခက်များ ဝေဆာစွာထွက်လာပြီး ပိတောက်ပင်ကြီး ဖြစ်သွားပါသည်။ အရိပ်ကောင်းသဖြင့် ကျွန်တော်အလွန်သဘောကျသည်။

သို့သော် ခေါင်းရင်းအိမ်မှ ဦးမြင့်ဆွေယောက္ခမကြီးက သူတို့အိမ်ဘက်မိုးနေသော အကိုင်းများကို ခုတ်ခွင့်တောင်းသည်။ မြွေများတက်လာသည်ဟု အကြောင်းပြသည်။ အိမ်နီးချင်းဖြစ်၍လည်းကောင်း၊ အသက်(၇၀) ကျော်အရွယ် လူကြီးဖြစ်၍လည်းကောင်း ကျွန်တော်ခွင့်ပြုလိုက်ပါသည်။

သူက ရဲဘက်ကို မခိုင်း။ သူကိုယ်တိုင် တက်ခုတ်သည်၊ အသက်ကြီး၍ ကျွန်တော်တားသော်လည်း မရပါ။ သူ့သမီးဖြစ်သူ ဒေါ်ဥမ္မာဦးကတားသော်လည်း မရ၊ ခုတ်ဖြစ်အောင် ခုတ်သည်။ ထို့နောက် တစ်ဖန်တစ်ဆင့်တက်လာပြန်သည်။

"ဦးသိန်းဝင်း. . ကြို့တုန်း ဒီအပင်ကို ကတုံးတုံးလိုက်မယ်။ ဒါမှ ရှင်းသွားပြီး နေရောင်ရမှာ"

အရိပ်လိုချင်သူနှင့် နေရောင်ရချင်သူ ပဋိပက္ခပွဲပင်။

"အဘရေ. . ကတုံးတော့ မတုံးပါနဲ့၊ ဒီအပင်ကြီးက ကျွန်တော်စိုက်ထားတာပါ။ ခုတ်ချင်ရင်လည်း နတ်နေကိုင်းလေးတော့ ချန်ထားခဲ့ပါခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားစိုက်ထားတဲ့အပင် ဘယ်ကနတ်က ရှိမှာလဲ။ ခေတ်လူငယ်ဖြစ်ပြီး ဒါတွေကို မယုံစမ်းပါနဲ့ဗျာ"

ပြောရင်းဆိုရင်း ဓားမလေးဖြင့် ခုတ်ပါသည်။ ကျွန်တော်မှ အပင်အောက်တွင်ကျသည့် အကိုင်းများအား ခြံတွင်းအမှိုက်မရှုပ်စေရန် ရှင်းလင်းရပါတော့သည်။

မကြာပါ. . ။

အကိုင်းများ ကျမလာ၍ မော့ကြည့်ရာ အသိုးကြီးမှာ တစ်ကိုင်းတည်းသာကျန်တော့သော နတ်နေကိုင်းအား ဓားမလေးဖြင့် ခုတ်ရန်ရွယ်လိုက်၊ နားနေလိုက် လုပ်နေပါသည်။

"အဘ. . ဘာဖြစ်လို့လဲ"

"ခေါင်းမူးလာလို့ဗျာ။ ဆင်းတော့မယ်။ မခုတ်တော့ဘူး"

အောက်ရောက်ရန် ကျွန်တော် မနည်းတွဲ၍ ချရပါသည်။ အောက်ရောက်သော်လည်း အမူးမပြေသဖြင့် သူတို့အိမ်ပေါ်သို့ ကျွန်တော် မနည်းတွဲတင်ပေးရသည်။ အသက် (၇၀) ကျော်သော်လည်း ကျန်းမာရေးကောင်းမွန်သည့် ထိုပုဂ္ဂိုလ်ကြီးမှာ ထိုအချိန်မှစ၍ ရောဂါတစ်ခုပြီးတစ်ခုဖြစ်၍ ဆေးခန်းပြရပြီး အိပ်ရာထဲ လဲပါတော့သည်။ ညွန့်မှူးဦးစံလင်းပြောသည့် ရုက္ခစိုးနတ်များအား မပူဇော်လျှင်နေ၊ မစော်ကားနှင့်ဟူသော စကားအား ကျွန်တော်အမှတ်ရမိပါတော့သတည်း။

♛ ♛ ♛

# ဆွမ်းပရာဘွမ်အလွမ်း

လူတို့၏စိတ်မှာ ထူးဆန်းလှပါသည်။ ဒုက္ခရောက်ခဲ့သော နေရာကိုဖြစ်စေ၊ သုခခံစားခဲ့ရသော နေရာကိုဖြစ်စေ အမှတ်တရ လွမ်းဆွတ်တတ်ကြပါသည်။ သုခခံစားခဲ့ရသောနေရာကို လွမ်းဆွတ်မိသည်ကိုတော့ အပြစ်မပြောလိုပါ။ လူတိုင်း ခံစားဖူးကြပါလိမ့်မည်။ သို့သော် ကျွန်တော်၏စိတ်ထဲတွင်တော့ ဒုက္ခရောက်ခဲ့ရသော နေရာဒေသ၊ လမ်းတစ်လျှောက်လုံးကို တမြည့်မြည့် လွမ်းဆွတ်သတိရ အောက်မေ့မိသဖြင့် ဤဝတ္ထုအား ရေးဖြစ်ပါတော့သည်။

အဆိုတော်ချိုပြုံး၏ 'ဆွမ်းပရာဘွမ်' ဟူသော သီချင်းသံလေးကိုတော့ စာဖတ်သူများ ကြားဖူးကြပါလိမ့်မည်။ အစဉ်အမြဲ အေးချမ်းပြီး အခါမလပ် မိုးရွာလေ့ရှိသော ဒေသဖြစ်ကြောင်း ဖွဲ့ဆိုထားပါသည်။ သို့သော် ကျွန်တော်တို့ လက်တွေ့ခံစားခဲ့ရသော ဘဝကတော့ မအေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်။ ဒုက္ခပေါင်းစုံ ကြုံတွေ့ခဲ့ရသောနေရာလည်း ဖြစ်ပါသည်။

ဒေသခံများအဆိုအရ 'ဆွမ်' ဆိုသည်မှာ မြင်းကိုခေါ်ပြီး 'ပရာ' ဆိုသည်မှာ မြက်ကိုခေါ်ကြောင်း၊ 'ဘွမ်' မှာ တောင်ဖြစ်သဖြင့် 'ဆွမ်ပရာဘွမ်' ဆိုသည်မှာ 'မြင်းစားမြက်များပေါက်ရောက်သောတောင်' ဟု အဓိပ္ပာယ်ရကြောင်း သိရှိရပါသည်။

၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက် အင်္ဂါနေ့ဖြစ်ပါသည်။ ကျွန်တော် အင်းစိန်ထောင် (သင်တန်းကျောင်း) မှ ဆွမ်ပရာဘွမ်စခန်းသို့ ပြောင်းရပါပြီ။ ပြောင်းရသည့်အကြောင်းရင်းကလည်း ဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့် အဆင်မပြေ၍ ဖြစ်ပါသည်။ သူက တစ်ချိန်လုံး ကျွန်တော် အား အပြစ်ရှာနေသလို ကျွန်တော်ကလည်း သူ့အား ကန့်လန့်တိုက်၍ နေခဲ့ပါသည်။ ဓားနဲ့ဝါးကိုခုတ်တော့ ဝါးပြတ်သလို ဝါးမျက်နှင့်တွေ့တော့ ဓားလည်းပဲ့ ဝါးလည်းပြတ် ဖြစ်ခဲ့ရပါသည်။ အမျက်ဒေါသဟူသည် နှစ်ဦးနှစ်ဖက်အား ကောင်းကျိုးမပေးသော သာဓကတစ်ခု ဖြစ်ပါသည်။

ဆွမ်ပရာဘွမ်စခန်းသို့ ပြောင်းရာတွင် တစ်ဦးတည်းမဟုတ်ပါ၊ အကျဉ်းဌာနဝန်ထမ်း (၂၅) ဦးနှင့် ရဲဘက် (၅၀၀) ပါ ပါသည်။ အင်းစိန် ဘူတာတွင် ရထားတစ်စီးလုံး တွဲထိုးပေးထားပြီး လိုက်ပါပို့ဆောင်သူများ နှင့် အတော်စည်ကားလှပါသည်။ ကျွန်တော့်ဇနီးကတော့ စိတ်မကောင်း ၍ လိုက်မပို့ဖြစ်ပါ။ မိတ်ဆွေ၊ အပေါင်းအသင်းများသာ လိုက်ပို့ကြပါ သည်။

မနက် (၁၀) နာရီတွင် ခရီးစတင်ထွက်ခွာပါသည်။ အခြားခရီး သည်များ မပါဘဲ သီးသန့်ရထားဖြစ်သဖြင့် ရဲဘက်၊ ဝန်ထမ်းများ သက်သာချောင်ချိစွာ စီးနင်းလိုက်ပါနိုင်ကြပါသည်။ မြစ်ကြီးနားမြို့သို့





တိုက်ရိုက်ရထားဖြစ်သဖြင့် ကျွန်တော်တို့ ရထားပေါ်တွင် အိပ်လုပ်၍ လိုက်ခဲ့ရပါတော့သည်။ မြစ်ကြီးနား–မန္တလေးလမ်းခွဲ မြို့ဟောင်းဘူတာ သို့ နောက်နေ့မနက် (၁၀) နာရီတွင် ရောက်ရှိပါသည်။ မန္တလေးထောင်မှ ဝန်ထမ်းများက နေ့စာ၊ ညစာ ထမင်းထုပ်များ လိုက်လံဝေငှပါသည်။ ခန်းအတွက် ရိက္ခာမျိုးစုံတင်နေသဖြင့် မြို့ဟောင်းဘူတာမှ ညနေ (၆) နာရီမှ ဆက်လက်ထွက်ခွာရပါသည်။ ရထားပေါ်တွင် ဒုတိယည အိပ်ပြီး မနက် (၃) နာရီအချိန်တွင် မိုးကောင်းဘူတာသို့ ရောက်ရှိပါသည်။ မိုးကောင်းစခန်းတာဝန်ခံ ဦးကျော်ထင်နှင့် အဖွဲ့က လာကြိုပြီး ထမင်းထုပ် များ ဝေငှပြန်ပါသည်။ လမ်းမရှင်းသဖြင့် မိုးကောင်းဘူတာမှ မနက်လင်း (၉) နာရီထိုးမှ ရထားထွက်ခွင့်ရပါသည်။

ပြည်ထောင်ဘူတာအကျော်တွင် အစုန်ရထား မိုင်းထိ၍ဖြစ်ပါ သည်။ ပြည်ထောင်ဘူတာသို့ရောက်သော် စောင့်ရပြန်ပါသည်။ မိုင်းထိ ရထားတွဲများအား ရှင်းလင်းနေရ၍ ဖြစ်ပါသည်။ ညနေ (၅) နာရီထိုးမှ လမ်းရှင်းသဖြင့် ရထားထွက်ခွင့်ရရာ မြစ်ကြီးနားမြို့သို့ ညနေ (၆း၃၀) နာရီမှ ဆိုက်ရောက်ပါတော့သည်။

ရာသီဥတုမှာ အတော်ချမ်းအေးပြီး ဆောင်းမကုန်သေး၍ မှောင်နေပါပြီ။ စခန်းတာဝန်ခံ ဦးငွေစံနှင့် အဖွဲ့က ကားများဖြင့် လာကြို ပါသည်။ ကားစီးရေမလုံလောက်သဖြင့် နှစ်ခေါက်ခွဲ၍ ရဲဘက်များအား သယ်ပို့ရပြီး သုံးခေါက်မြောက်တွင်မှ ကျွန်တော်နှင့် ဝန်ထမ်းများ၊ ရိက္ခာ များအား သယ်ယူရပါတော့သည်။ ည (၉) နာရီခန့် ရှိပြီဖြစ်သဖြင့် မိုက်က ဆာ၊ မြစ်ကြီးနားဆောင်းညအအေးဒဏ်နှင့် စတင်မိတ်ဆက်ရပါတော့ သည်။ မြစ်ကြီးနားဘူတာနှင့် စုရပ်စခန်း 'ပိုးစာခြံ' မှာ (၇) မိုင်ကျော်ခန့်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါသည်။

ည (၁၀) နာရီကျော်မှ စခန်းသို့ရောက်ပြီး ညစာစားပြီး အနားယူအိပ်စက်ရပါတော့သည်။

၉. ၂. ၉၁ ရက်နေ့ မနက်တွင် ရဲဘက်များဝရမ်းနှင့် ပြောင်းရွှေ့ဝန်ထမ်းစာအုပ်များ၊ ရိက္ခာ၊ လက်နက်ပစ္စည်းစာရင်းများအား စခန်းတာဝန်ခံ ဦးငွေစံအား လွှဲပြောင်းပေးအပ်ရာ ညနေ (၅) နာရီထိုးမှ ပြီးစီးပါသည်။ အလုပ်တာဝန်များပြီးဆုံးမှ စခန်းတာဝန်ခံ သူငယ်ချင်းဖြစ်သူ ဦးငွေစံနှင့် အရက်ဝိုင်းထိုင်ကြရင်း စကားပြောဖြစ်ကြပါတော့သည်။

ဦးငွေစံမှ. .

"သူငယ်ချင်း. . မင်းက ဘာဖြစ်လို့ အပြောင်းခံရတာလဲ"

"ငါကွာ. . ဒုချုပ်နဲ့ စကားအကြိမ်ကြိမ်များပြီး ပြောင်းလာရတာပါ။ ငါ့ကို ဘယ်နေရာပို့မလဲ၊ မြန်မြန်ပို့စမ်းကွာ။ ပို့တဲ့နေရာကို သွားမယ်။ အဲဒီမှာ ခဏနေမယ်။ တာဝန်ကျေအောင် လုပ်ပြမယ်။ ပြီးရင် ထွက်စာတင်မယ်"

"သူငယ်ချင်း. . မင်းတို့ငါတို့အဆင့်တွေက လွယ်လွယ်ရတာမဟုတ်ဘူး။ ဆယ်နှစ်ကျော် ကြိုးစားလာရတာ။ စဉ်းစားပါဦးကွာ"

"ငါ မြန်မာပြည် တောတောင်အနှံ့ ပတ်ပြီးပြီ။ သူငယ်ချင်း. . မင်းလည်း သိပါတယ်။ တောတောင်စခန်းတွေမှာ ငါပျော်ပါတယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ မပျော်ဘူးဖြစ်နေတယ် သူငယ်ချင်း. . ။ ငါ့ကိုနှိပ်ကွပ်တာကို တန်နှန့်ခံစားနေရတယ်။ ငါ့မှာ ဘာအပြစ်မှမရှိဘူး သူငယ်ချင်း. . ။ မဟုတ်မခံစိတ်ဓာတ်ပဲ ရှိတယ်။ အပြင်ထွက်ပြီး ကိုယ်ပိုင်အလုပ်ပဲ လုပ်စားတော့မယ်ကွာ။ မတားပါနဲ့တော့ သူငယ်ချင်းရာ။ စခန်းခွဲတွေကို





ဘယ်တော့ပို့မလဲ။ အစောဆုံးထွက်ရမယ့်စခန်းကို ငါ့ပို့ကွာ"

"၁၄. ၂. ၉၁ ရက်နေ့မှာ ဆွမ်ပရာဘွမ်စခန်းကို ရဲဘက် (၄၀၀) နဲ့ ထွက်ဖို့ရှိတယ်။ ၁၈. ၂. ၉၁ ရက်နေ့မှာ ချီဗွေ၊ ဝိုင်းမော်ဘက်ကို ရဲဘက် (၄၀၀) နဲ့ စခန်းတစ်ခုထွက်ရမယ်။ လကုန်လောက်မှာတော့ ခန္တီးဘက်ကို ထွက်ရမယ်။ အေးအေးဆေးဆေးအနားယူပြီးမှ ခန္တီးဘက်သွားပါလား သူငယ်ချင်းရာ"

"မနားတော့ဘူးကွာ. . ။ ၁၄. ၂. ၉၁ ရက်နေ့ထွက်မယ့် ဆွမ်ပရာဘွမ်စခန်းကိုပဲ ငါသွားမယ်ကွာ။ စောစောသွားပြီး စောစောအလုပ်ထွက်ရတာပေါ့"

"မင်းအတွက် ပြောတာပါ သူငယ်ချင်းရာ။ ၁၄. ၂. ၉၁ ရက်နေ့ထွက်မယ့် ဆွမ်ပရာဘွမ်စခန်းတာဝန်ခံက ဦးကြင်မောင်သန်းကွ။ သူက ကျောက်မိုင်းက ပြောင်းလာတာ။ မိန်းမပါလာလို့ ဆွမ်ပရာဘွမ်ကို မသွားချင်သေးဘူး ဖြစ်နေတယ်။ မင်းသွားမယ်ဆိုရင်တော့ ကြင်မောင်သန်းထကပြီပေါ့"

"အေး. . ငါထွက်မယ်ကွာ၊ ဖြစ်အောင်လုပ်ပေး၊ ကြင်မောင်သန်းလည်း ငါသိသားပဲ၊ ငါပြောလိုက်ပါ့မယ်"

ဦးကြင်မောင်သန်းကို ကျွန်တော်မပြောရသေးခင်မှာပင် ညနေ (၅) နာရီခန့်၌ သူ ကျွန်တော့်ထံရောက်လာပါသည်။

"သူငယ်ချင်း. . မင်း ငါ့ကိုယ်စား ဆွမ်ပရာဘွမ်စခန်း သွားမယ်ဆို။ ငွေစံကြီး ပြောတယ်ကွ။ ဝမ်းသာလိုက်တာကွာ. . ။ အိမ်ကမိန်းမလည်းပါလာတော့ ငါလည်း ရှေ့တန်းစခန်းမထွက်ချင်သေးတာနဲ့ အတော်ကွာ။ ကျေးဇူးဆပ်တဲ့အနေနဲ့ ညနေ မင်းကို ငါ 'ကရိန်နော်' မှာ ဧည့်ခံ

www.burmeseclassic.com



မယ်ကွာ"

"ကျေးဇူးပဲ သူငယ်ချင်း။ ကရိန်နော်ဆိုတာ မြစ်ဆုံမဟုတ်လား။ မရောက်ဖူးသေးတာနဲ့ အတော်ပဲ။ တပ်မှာ လူစားလိုက်ဟာ မကောင် ဘူးလို့ အယူရှိကြပေမယ့် ငါတော့ မြန်မြန်သွား။ မြန်မြန်ထွက်မှာ သွားမယ်ကွာ"

"ငါကလည်း မင်းနဲ့အတူ စခန်းအပို့ခံရတဲ့ လူချင်းအတူတူ ကိုယ်ချင်းစာပါတယ် သူငယ်ချင်း။ မင်းထွက်မှာကို မတားပါဘူး။ ငါက တော့ အလုပ်မထွက်နိုင်သေးလို့ ဆက်လုပ်ဦးမှာပါ"

သို့နှင့် ညနေပိုင်းတွင် ဦးကြင်မောင်သန်းနှင့်အတူ စက်ဘီး ကိုယ်စီဖြင့် 'ရွှေစက်' ရွာဘက်မှလှည့်၍ ကရိန်နော်သို့ သွားကြပါသည်။ မြစ်ဆုံ ကမ်းနဖူး ပန်းခြံအတွင်း၌ စားသောက်ဆိုင်ကလေးများ ဆော ထားသဖြင့် မြစ်ဆုံအလှကို စားသောက်ရင်း အပေါ်စီးမှမြင်ရသည့် အလွန်ကြည်နူးချမ်းမြေ့ဖွယ် ကောင်းလှပါသည်။ မြန်မာပြည်အရပ်ရပ် နှံ့စပ်အောင်ရောက်ခဲ့ဖူးသော်လည်း ဤမြစ်ဆုံနေရာလောက် သာယာလှ အေးချမ်းသောရှုခင်းကို မမြင်တွေ့ခဲ့ဖူးပါ။

၁၄. ၂. ၉၁ ရက်နေ့တွင် မနက် (၉) နာရီမှစတင်၍ ဆွမ်ပရာဘွ စခန်းသို့ ရဲဘက် (၄၀၀)၊ ဝန်ထမ်း (၂၅) ဦးကို ကျွန်တော်မှဦးဆော လည်းကောင်း။ လိုက်ပါပို့ဆောင်စောင့်ရှောက်ရန်အတွက် ဦးကြင်မော သန်းနှင့် ဝန်ထမ်း (၂၅) ဦးကလည်းကောင်း CARGO ကားကြီးအ (၁၀)၊ ဒေါ့ဂျစ်ကား (၇) စီးဖြင့် ခရီးစတင်ထွက်ခဲ့ပါသည်။

နယ်မြေမအေးချမ်းသေးသဖြင့် (ခ. လ. ရ-၃၇) တပ်ရင် ဗိုလ်ကြီးမြင့်လွင် ဦးစီးသောတပ်ခွဲလည်း လိုက်ပါလာပါသည်။ တော





ဆင်းတောင်တက်လမ်းများဖြစ်သဖြင့် လျှင်မြန်ပေါ့ပါးပြီး စက်အင်အား ကောင်းသော ဒေါ့ဂျစ်ကား (အိမ်တို) ~/၃၁၉၉ ကားအား ကျွန်တော်မှ ရွေးချယ်ပြီး စီးနင်းလိုက်ပါလာခဲ့ပါသည်။

ကားခေါင်းခန်းတွင် ဒရိုင်ဘာဦးဝင်းမော်နှင့် ကျွန်တော့်တပည့် တပ်သားအေးငွေ၊ ကျွန်တော်သာ ပါပါသည်။ ဝန်ထမ်း၊ ရဲဘက်နှင့် တပ်ပေါင်းပါက လူ (၅၀၀) ကျော်ခန့် ဖြစ်ပါသည်။ ကားများပေါ်တွင် ရိက္ခာများနှင့် လူများ အပြည့်ဖြစ်ပါသည်။ Convoy ယာဉ်တန်းဖြစ်၍ လည်း ဖြည်းဖြည်းမှန်မှန်သာ မောင်းနှင်နိုင်ပါသည်။ ဒရိုင်ဘာလုပ်သူ ဦးဝင်းမော်မှာ ယခင်ကလည်း နှစ်ခေါက်သုံးခေါက် ရောက်ဖူးသူဖြစ်သဖြင့် ကျွန်တော်ကားအရွေးမှန်သည်ဟု ပီတိဖြစ်နေစဉ်မှာပင် 'ကြိန်ခယမ်' ရွာအနီးအရောက်တွင် ရေလည်အုံဘော ကျွံသွားပါတော့သည်။

ရေလည်အုံဘောမှာ လက်ပူတိုက်၍ မရပါ။ တောင်အဆင်း အတက်ခရီးဖြစ်သဖြင့် အသစ်ထည့်ရမည်ဖြစ်ပါသည်။ Convoy ကား တန်းဖြစ်၍ ကားတစ်စီးပျက်သည်နှင့် ကားတန်းကြီးတစ်ခုလုံး ရပ်ကုန် ပါသည်။ ရေလည်အုံဘော ဖြုတ်နေစဉ် ပါလာသည့် ကားစက်ပြင်ဆရာ မှ ဆိုင်ကယ်ငှား၍ မြစ်ကြီးနားသို့ပြန်သွားပြီး ဘောအသစ်ဝယ်ရပါတော့ သည်။ နေ့လယ် (၁၂) နာရီကျော်မှ ဘောလဲပြီးပါသည်။ မနက်စာ စား သောက်ကျွေးမွေးပြီးမှ ထွက်လာကြခြင်းဖြစ်သဖြင့် တော်ပါသေးသည်။

ယာဉ်တန်းစထွက်၍ မကြာမီ၌ပင် ရှေ့ဆုံးမှ Cargo ကားကြီး တစ်စီးသည် လမ်းဖြတ်ကူးသည့် ကျွဲအားရှောင်ရင်း လမ်းဘေးချောက်ထဲ ကျသွားရာ ဆင်ခြေလျှောဖြစ်၍သာ တော်ပါတော့သည်။ ရဲဘက်နှင့် ဝန်ထမ်းများ ဒဏ်ရာရခြင်းပင် မဖြစ်ကြပါ။ ကားအားဆွဲတင်ရန် အချိန်



www.burmeseclassic.com

www.burmeseclassic.com



မရသဖြင့် ထားခဲ့ရပြီး ဝန်ထမ်းနှင့်ရဲဘက်များအား အခြားကားများသို့ ပြောင်းရွှေ့ခွဲဝေ တင်ဆောင်ရပါသည်။ 'တန်ဖဲ' ရွာသို့ရောက်လျှင် ညနေ (၆) နာရီ မှောင်စပြုပြီဖြစ်၍ ထိုရွာ၌ပင် ညအိပ်စခန်းချ ရပ်နားရပါတော့သည်။ ကျောင်းပိတ်ရက်ဖြစ်သဖြင့် မူလတန်းကျောင်းတစ်ခုတွင် နေစရာ နေရာရပြီး ဝန်ထမ်းနှင့်ရဲဘက်များ အမိုးအကာအောက်တွင် လုံခြုံစွာ အိပ်စက်ကြရပါသည်။

၁၅. ၂. ၉၁ ရက်နေ့ မနက် (၆) နာရီ ရဲဘက်နှင့် ဝန်ထမ်းများအား မနက်စာစောစောကျွေး၍ နံနက် (၇) နာရီတွင် ခရီးဆက်လက်ထွက်ခွာလာကြပါသည်။ တောင်ပေါ်ဒေသဖြစ်သော်လည်း နေလုံးကြီးကို မမြင်ရသေးပါ။ နှင်းထုက အတော်ထူထပ်ပြီး အရိုးထဲအထိ အအေးဓာတ်က စိမ့်ဝင်လျက်ရှိပါသည်။

နံနက် (၁၀) နာရီတွင် 'ရှူးခါး' ရွာသို့ရောက်ရှိပြီး ခေတ္တနားကြပါသည်။ လူလေးငါးရာစာ ထမင်းချက်ရန် အချိန်မရသဖြင့် နေ့လယ်စာ စားရန် အခြေအနေမပေးတော့ပါ။ တော်ပါသေးသည်. . ။ မနက်စောစော ထမင်းစားလာခဲ့၍ နေ့လယ်စာ ထမင်းတစ်နပ်ငတ်သော်လည်း ပြဿနာမရှိသေးပါ။ မနက် (၁၀း၃၀) နာရီခန့် ခရီးဆက်ထွက်ခွာလာခဲ့သော်လည်း လမ်းတစ်လျှောက်လုံး ကားတစ်စီးပြီးတစ်စီး ပျက်နေသဖြင့် လမ်းတွင်မိုးချုပ်ပါတော့သည်။

'ဖုံအင်ခ' ချောင်း တစ်ဖက်တစ်ချက်တွင် ရပ်နားကြပြီး ညစာ ထမင်းချက်ပြုတ်ရန် အလျင်အမြန်စီစဉ်ရပါတော့သည်။ ရှေ့ရှာ၊ ထင်းရှာဖြင့် အိုးခွက်မလုံလောက်သည့်ကြားမှ ချက်ပြုတ်ကြရရာ လူ (၅၀၀) စာ အတွက် ည (၁၀) နာရီကျော်မှ ကျက်သဖြင့် ဖြစ်သလိုစားကြရပါသည်။





ဟင်းအဖြစ် ကုလားပဲပြုတ်နှင့် ဆားသာ ဖြစ်ပါသည်။ ဆာတော့လည်း ထမင်းပူပူ၊ ဟင်းပူပူဖြင့် စား၍ကောင်းပါသည်။ နှစ်နပ်စာ တစ်နပ်တည်း ပေါင်းစားရသဖြင့်လည်း စား၍ကောင်းခြင်းဖြစ်ပါသည်။ ဖိုခေါင်းနှင့် ထမင်းချက်အဖွဲ့မှာ မနက်စာအတွက် ဆက်လက်ချက်ပြုတ်နေရသဖြင့် အိပ်ချိန်ပင် ရရှိမည်မဟုတ်ပါ။

ထမင်းချက်ဖိုနှင့် မလှမ်းမကမ်း မြေကွက်လပ်ပြောင်ပြောင် ကလေးပေါ်တွင် ညအိပ်ရန် တပည့်ဖြစ်သူ တပ်သားအေးငွေမှ စီစဉ်ပေးပါသည်။ အိပ်ရာဝင်ခါနီး ဘုရားဝတ်ပြုအပြီး၌ပင် ပုပ်အဲ့အဲ့အနံ့ဆိုးကြောင့် တပည့်ဖြစ်သူအား ရှာခိုင်းသော်လည်း ဘာမျှမတွေ့သဖြင့် ခနုပန်းလှသောကြောင့် ခဏအတွင်း အိပ်ပျော်သွားပါသည်။

မနက် (၆) နာရီခန့် အိပ်ရာထ၍ ရဲဘက်များအား တန်းစီစစ်ဆေးပြီး မနက်စာ ထမင်းစောစောကျွေးရပါသည်။ ကျွန်တော်နှင့် ဝန်ထမ်းအဖွဲ့လည်း စောစီးစွာ ထမင်းစားကြပါသည်။ နေ့လယ်စာထမင်း မစားရရန် သေချာနေသောကြောင့် ဖြစ်ပါသည်။ ထမင်းစားနေစဉ် ဝါးခုတ်ရန်ထွက်လာသော ကချင်သားအဖမှ ကျွန်တော့်အိပ်ရာအားကြည့်ပြီး လွန်ခဲ့သော (၅) ရက်ခန့်က တိုက်ပွဲဖြစ်ရာတွင် သေဆုံးသွားသော လူသုံးဦးအား မြှုပ်နှံထားသောနေရာဖြစ်ကြောင်း ပြောဆိုသွားပါသည်။ ၎င်းတို့အပေါ်၌ အိပ်ခဲ့သော်လည်း ဘာအိပ်မက်မှ မပေးပါ။ တစ်ချက်တစ်ချက် ပုပ်အဲ့အဲ့အနံ့ဆိုးသာ ရရှိပါသည်။ ညက သိလျှင်တော့ နေရာပြောင်းရွှေ့အိပ်မိမည် ဖြစ်ပါသည်။

မနက် (၈) နာရီတွင် ခရီးဆက်၍ထွက်ခွာပါသည်။ တောင်ဆင်း တောင်တက်လမ်း၊ လျှိုများ၊ စိမ့်စမ်းများကို ဖြတ်ကူးရသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခရီးမတွင်ပါ။ ကားတစ်စီးပြီးမှတစ်စီး လမ်းကျဉ်းကလေးများအား တက် ရုံ ဆင်းရခြင်း ဖြစ်ပါသည်။ အင်္ဂလိပ်ခေတ်က ဖောက်ခဲ့သောလမ်းဖြ ပြီး ကျောက်ကြမ်းခင်းသော လမ်းအဆင်းသာဖြစ်၍ Cargo ကားကြ များမှာ တစ်မိုင်တစ်ဂါလံနှုန်း စာတ်ဆီရသော်လည်း မလုံလောက်ဟု ကားသမားများ ညည်းကြပါသည်။

ညနေစောင်းလာသဖြင့် အေးလာသောကြောင့် ကျွန်တော်နှ တပည့်ဖြစ်သူမောင်အေးငွေတို့ ပွိုင့်တပ်စိတ်နှင့်အတူ လမ်းဆင်းလျှောက် ကြပါသည်။ ကားများထက် လမ်းဆင်းလျှောက်ရသည်က ပိုမြန်ပါသည်

တောင်တက်လမ်းအကွေ့တစ်ခုတွင် 'ရန်သူ' ဟုအော်ကာ ပွိုင့် တပ်စိတ်က ပစ်ခတ်ပါတော့သည်။ သို့သော် တစ်ဖက်က ပြန်လည်ပ ခတ်ခြင်း မရှိပါ။ ကျွန်တော်တို့လည်း လမ်းဘေးချုံအတွင်း ဒိုင်ဗင်ထိုး၍ နေရာယူထားရပါသည်။ အမှန်မှာ ဒေသခံ မြင်းလားကုန်သည်အဖွဲ့ဖြစ်ပါ သည်။ တော်ပါသေးသည်. . ။ ရှေ့မှ မြင်းလားကြီးများ ခံနေသဖြင့် လူများအား မထိနိုက်ပါ။ မြင်းလားကြီးတစ်ကောင်တော့ ကျည်သင့်၍ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားပါသည်။

အခြေအနေကို ညှိနှိုင်းတောင်းပန်ပြီး ကျွန်တော်မှပင် မြင်းလားအသေကောင်ကြီးအား တောင်းယူထားလိုက်ပါသည်။ မကြာမီ 'အင်ဂျစ်' ရွာသို့ ရောက်ရှိပါသည်။ ညစာအား မြင်းလားအသားအာ ချက်ပြုတ်၍ ညစာစားသောက်ကြရပါသည်။ လတ်ဆတ်ပြီး မစားဖူးသော အသားဖြစ်သဖြင့် အတော်စားကောင်းပါသည်။ ရဲဘော်များအား ရွာလယ် စာသင်ကျောင်းတွင် နေရာချထားပြီး ကျွန်တော်တို့အဖွဲ့ ရွာသူကြီးနေရာချ ထားပေးသည့် ကျောင်းဆရာအိမ်တွင် ညအိပ်ကြရပါသည်။





မနက် (၆) နာရီထ၍ ပြင်ဆင်ရပြီး မနက် (၇) နာရီတွင် ရဲဘော် များအား မနက်စာကျွေးရပါသည်။ မနက် (၈) နာရီတွင် ခရီးစတင်ထွက် ပါသည်။ ရွာအထွက်တွင် စမ်းချောင်းတစ်ခုခံနေပြီး စမ်းချောင်းတစ်ဖက် တွင် မတ်စောက်သော တောင်တက်လမ်းဖြစ်ပါသည်။ ကိုက် (၁၀၀) ခန့် တက်ရပြီးနောက် လမ်းကွေ့သို့ရောက်ပြီး လက်ဝဲဘက်တွင် ကျောက် တောင်ကြီးရှိပြီး လက်ျာဘက်၌ ပေ (၆၀၀) ကျော်နက်သော မလီခမြစ် ချောက်ကမ်းပါးကြီးဖြစ်ပါသည်။ ၎င်းအတက်လမ်းမှာ မကြာခဏ ကား မှောက်တတ်သဖြင့် ကားဆရာမှာ အတော်ဂရုစိုက်၍ မောင်းနှင်ရပါသည်။ ကျွန်တော်တို့လည်း အသံညည်းတယားယား၊ ရင်တထိတ်ထိတ်ဖြင့် စီးခဲ့ရ ပါသည်။

တောင်ထိပ်အကွေ့လမ်းအရောက်တွင် လမ်းမှာ ကျောက်တုံး ကျောက်ခဲ ထူထပ်သောလမ်းဖြစ်၍ လမ်းအလယ်တွင် ကျောက်စွန်းကြီး တစ်ခု ခံနေသဖြင့် ကားအား ချောက်ကမ်းပါးဘက်ဆွဲရာမှ အရှိန်နည်း သွားပြီး ဂီယာမနိုင်သဖြင့် နောက်ပြန်လိမ့်ကျပါတော့သည်။ ဘရိတ်ဖမ်း သော်လည်း မရတော့ပါ။ ကျွန်တော်လည်း အရေးပေါ်ခုန်ဆင်းရပါတော့ သည်။ ကားမှာ လိမ့်၍ နောက်ပြန်ကျရင်း တောင်ကမ်းပါးယံနှင့်တိုက်၍ ရပ်သွားပါသည်။

ကားပေါ်ပါလာသည့် ဝန်ထမ်းနှစ်ဦးမှာ ပေ (၆၀၀) ချောက်ထဲ ပြုတ်ကျသော်လည်း ချောက်နှုတ်ခမ်းမှ ချုံပင်များကို ဆွဲထားသဖြင့် အသက်ဘေးမှ လွတ်ကင်းရသလို ကားအောက်ပြုတ်ကျလာသည့် ရဲဘော် နှစ်ဦးမှာ မြောက်သွားသည့် ကားလက်ဝဲဘက်ရှေ့ဘီးအောက် ရောက်သွား သော်လည်း ကားဘီးပြန်မကျသဖြင့် အသက်ဘေးမှ သီသီကလေး လွတ်



www.burmeseclassic.com

www.burmeseclassic.com



ကင်းကြရခြင်းဖြစ်ပါသည်။

တောင်ကမ်းပါးယံနှင့်တိုက်၍ ရှေ့ဘီးမြောက်နေသော ကျွန်တော်တို့ကားအား ကားရှေ့တွင်ရောက်ရှိနေသော Cargo ကားကြီးဖြင့် ဆွဲရန် ပြင်ဆင်နေချိန်တွင် ကျွန်တော်မှာ ဗိုက်နာ၍ ဝမ်းအလွန်သွားချင်နေပါသည်။ ကားလမ်းဘေး လက်ျာဘက်တွင် ချုံပုတ်များရှိသော်လည်း မတ်စောက်သောချောက်ကမ်းပါးအစပ်တွင် ပေါက်နေကြခြင်းဖြစ်၍ ချုံပုတ်အတွင်း မဝင်ရဲပါ။ လက်ဝဲဘက်တွင် ကျောက်တောင်ကုန်းဖြစ်၍ ကျောက်တောင်ပေါ်တက်၍ သွားရန်သာ ရှိပါတော့သည်။

နေရာရှာရင်းဖြင့် လေကားထစ်လေးများခင်းထားသော စခန်းကုန်းဟောင်းတစ်ခုအား တွေ့ရသဖြင့် အပေါ်သို့တက်ခဲ့ပါသည်။ တောင်ကုန်းထိပ်တွင် အလေးသွားရန် ပြင်ဆင်နေစဉ် အောက်မှ (ခ. လ. ၇-၃၇ မှ) တပ်ကြပ်ကြီးတစ်ဦး ရောက်ရှိလာပြီး. .

''ဆရာ. . အဲဒီတောင်ကုန်းပေါ် မတက်ပါနဲ့။ တက်တဲ့ခြေရာမှတ်ပြီး ပြန်ဆင်းခဲ့ပါ။ နင်းမိုင်းသုံးလုံးမြှုပ်ထားတာ တစ်လုံးပဲဖော်ရသေးတယ်''

''ဆရာကြီးရေ. . အန္တရာယ်ကို မလွှယ်နိုင်တော့ဘူးဗျို့။ ရှင်းပြီးမှပဲ တက်တဲ့ခြေရာမှတ်ပြီး ပြန်ဆင်းခဲ့ပါ့မယ်''

ကျွန်တော် တောင်ကုန်းထိပ်တွင် အလေးသွားနေစဉ် တောင်ကုန်းအောက်မှ လူစုလူဝေးဖြင့် စိုးရိမ်ပူပန်စွာ စောင့်ကြည့်နေကြပါသည်။

ကျွန်တော်လည်း မထူးတော့သည့် အခြေအနေကြောင့် ပြီးစီးအောင် လုပ်ကိုင်ပြီးနောက် 'ဇလွန်ပြည်တော်ပြန် ဓမ္မခဏ် အန္တရာယ်ကင်း' ဂါထာတော်ကြီးအား ရွတ်ဆိုပြီးနောက် တက်လာသည့်ခြေရာအား





မှတ်သား၍ တစ်လှမ်းချင်း ဆင်းခဲ့ရပါတော့သည်။

အောက်မှလည်း. .

''ဆရာ. . ငြိမ်ငြိမ်သက်သက်နဲ့ တဖြည်းဖြည်းဆင်းခဲ့နော်။ တက်လာခဲ့တဲ့ခြေရာ မြင်ရတယ်မဟုတ်လား။ သတိထားပြီး နင်းပါ။ တစ်လှမ်းပြီးမှ တစ်လှမ်းလှမ်းပါ''

ကျွန်တော့်အဖြစ်မှာလည်း စိုးလှပါသည်။ ကားမှောက်၍ မသေတဲ့ အပေါ့အလေးသွားရင်း မိုင်းနင်းမိ၍ သေရမလို ဖြစ်နေပါသည်။ တော်ပါသေးသည်။ (ခ. လ. ၇-၃၇) မှ တပ်ကြပ်ကြီးသတိပေးသဖြင့် တောင်ထိပ်စခန်းတဲအထိ မတက်တော့ဘဲ တောင်ခုလတ်၌ပင် စာရင်း ှင်းလိုက်နိုင်၍ ဖြစ်ပါသည်။ တောင်အောက်ရောက်တော့ အားလုံးက မ်းသာအားရပွိုင်းအော်ရင်း ကြိုဆိုကြပါသည်။ လူတစ်ယောက် တစ် နေရာတည်း အသက်ဘေးနှင့် နှစ်ခါကြုံတွေ့ခဲ့ရပြီး လွတ်ကင်းခဲ့ရသည် ကံကောင်းလေစွ။

ကျွန်တော်တို့စီးခဲ့သော ဒေါ့ဂျစ်ကားအား Cargo ကားကြီးဖြင့် ောင်ထိပ်အရောက် ဆွဲတင်ပြီးနောက် ခရီးဆက်လက်ထွက်ခွာခဲ့ရပြန် ါသည်။ ကားစီးရမှာ အတော်ကြောက်သွားသဖြင့် တပည့်ဖြစ်သူမောင် အးငွေအား ခေါ်ကာ ပွိုင့်တပ်စိတ်နောက်မှ လမ်းလျှောက်၍ လိုက်ခဲ့ ါသည်။ ထိုအခါတွင်လည်း (ခ. လ. ၇-၃၇) မှ တပ်ကြပ်ကြီးက. .

''ဆရာ. . လမ်းပေါ်လမ်းလျှောက်ပေမယ့် အန္တရာယ်ကင်းတယ် ထင်နဲ့နော်။ လမ်းပေါ်မှာ မြေမြှုပ်မိုင်းတွေ ထောင်ထားတတ်တယ်။ မြေပွပွကို မနင်းနဲ့။ မျက်စိနဲ့ နားကို အမြဲဖွင့်ထား။ ချောင်းပစ်တာလည်း ရှတတ်တယ်။ သတိထား''



www.burmeseclassic.com

www.burmeseclassic.com



ခြော်. . ယခုမှပင် ရွှေတန်း၏ အန္တရာယ်များပုံကို လက်တွေ့ကြုံရပါတော့သည်။ တပ်မတော်သားများ၏ ဘဝကိုလည်း စာနာမိပါတော့သည်။

လမ်းလျှောက်ရင်း၊ ကားစီးရင်းဖြင့် ညနေ (၃) နာရီကျော်ခန့်တွင် 'တီယန်စွပ်' ရွာသို့ ရောက်ရှိလာပါသည်။ ဤရွာတွင် ကျွန်တော်တို့၏ အကျဉ်းဦးစီးဌာန ရဲဘက်စခန်းခွဲကလေး ရှိပါသည်။ ခရီးတော့ မဆုံးသေးပါ။ ကျွန်တော်သွားရမည်မှာ (၈၇ မိုင်) 'ဒရခ' စခန်းအထိ ဖြစ်ပါသည်။

'တီယန်စွပ်' စခန်းကလေးတွင် ထောင်မှူးဦးအာဠွန်နှင့် ရဲဘက်စခန်းရှိသဖြင့် ကျွန်တော်နှင့်အတူပါလာသော ရဲဘက် (၄၀၀) နှင့် ဝန်ထမ်းများအတွက် နေထိုင်စားသောက်ရန် အဆင်ပြေသွားပါသည်။ တီယန်စွပ်စခန်းတာဝန်ခံ ရွှေတန်းသို့တက်သွားသဖြင့် မရှိပါ။ ထောင်မှူးဦးအာဠွန်မှ နွေးထွေးလိုက်လှဲစွာ ကြိုဆိုနေပါသည်။ မအိပ်မနေ တစ်လမ်းလုံး လူ (၅၀၀) စာ ချက်ပြုတ်ခဲ့ရသော ကျွန်တော်တို့၏ ဖိုခေါင်းအဖွဲ့ကိုလည်း ယနေ့ အနားပေးလိုက်ပါသည်။

ခရီးသွားနေရသဖြင့် ရေမချိုးဖြစ်သည်မှာ လေးငါးရက်ရှိပြီဖြစ်သောကြောင့် ချမ်းချမ်းအေးအေးကြားမှပင် မလိခမြစ်အတွင်း ဆင်း၍ ရေကူးရင်း ရေချိုးရပါတော့သည်။ လူတစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးသွားပါတော့သည်။ ဝန်ထမ်းအားလုံးလည်း ပျော်ရွှင်နေကြပါသည်။

'တီယန်စွပ်' ရွာမှာ ရွာကြီးဖြစ်၍ စားသောက်ဆိုင်ကလေးများရှိသောကြောင့် ဝယ်ခြမ်းစား၍ ရပါသည်။ ငွေကြေးအသုံးပြု၍ရသောနေရာ ဖြစ်ပါသည်။

စခန်းထောင်မှူး ဦးအာဠွန်မှ ညနေစာစားသောက်ရန်





ဆင်ပေးပြီး စခန်းတဲပေါ်တွင် မီးလှုံရင်း အရက်ဝိုင်းစကြပါသည်။

"အစ်ကိုကြီး. . လမ်းခရီးမှာ အဆင်ပြေရဲ့လား။ ဘာများအခက်အခဲရှိသေးသလဲ"

"လမ်းက မကောင်းတော့ အခက်အခဲရှိတာပေါ့ကွာ။ ခရီးသွားနေရလို့ ချက်ဖို့ပြုတ်ဖို့ အခက်အခဲရှိတော့ တို့အဖွဲ့တွေ ထမင်းနေ့လယ်စာစားရတာ သုံးလေးရက်ရှိသွားပြီကွ"

"ဒီည ကောင်းကောင်းအနားယူပေါ့ အစ်ကိုကြီးရာ။ ဒီမှာ အသားဘူးတွေလည်း ရှိတယ်။ အရက်လည်း ပေါပါတယ်"

"အင်း. . ဒီညတော့ လူနဲ့သူနဲ့တူအောင် စားရပေဦးမပေါ့ကွာ"

ကျွန်တော်နှင့်အတူ ပြောင်းရွှေ့လာကြသည့် ဝန်ထမ်းထဲတွင် ထောင်မှူးဦးအောင်ကြီးလည်း ပါလာပါသည်။ ၎င်းမှာ ဦးအာဠွန်နှင့် အပတ်စဉ်တစ်ခုတည်းဆင်းကြသော သူငယ်ချင်းများ ဖြစ်ပါသည်။ ကျွန်တော်က ရှေ့ဆုံးကားစီးပြီး ဦးအောင်ကြီးက နောက်ဆုံးကားစီး၍ လိုက်လာသဖြင့် လမ်းခရီးတွင် မဆုံဖြစ်ပါ။ ကားများရပ်နား၍ စခန်းချ ညအိပ်သောအချိန်၌သာ သူနှင့်ဆုံဖြစ်ပါသည်။ လူအေးတစ်ယောက်ဖြစ်၍လည်း စကားအပြောအဆိုနည်းပါသည်။

အရက်ဝိုင်းမှာ ကျွန်တော်၊ ဦးအာဠွန်၊ ဦးအောင်ကြီးနှင့် ကျွန်တော်တို့အဖွဲ့မှ တပ်ကြပ်ကြီးဦးခွန်ညိုတို့ ဖြစ်ကြပါသည်။ အမြည်းမှာ မလိခမြစ်အတွင်းမှရရှိသည့် ငါးများအား ကြော်ထားခြင်းဖြစ်ရာ အဆင်ပြေလှပါသည်။ ကျွန်တော့်အား အာမိရမ်ချပေးပြီး ဦးအာဠွန်တို့ကတော့ ဒေသထွက် ကချင်ဆန်အရက်ကို သောက်ကြပါသည်။ အလွန်ပြင်းသော အရက်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရက်တစ်ခွက်စီသာ သောက်ရပါသေးသည်။ တစ်ဖက်ကမ်းမှ သေနတ်သံများကြားရပြီး ကျွန်တော်တို့ဘက်ကမ်းမှလည်း ပြန်ပစ်ပါသည်။ တိုက်ပွဲဖြစ်ပြီအထင်နှင့် တဲပေါ်မှဆင်းပြေးရန်အလုပ်တွင် ဦးအာဂျွန်မှ ဆွဲထားပြီး. .

"အစ်ကိုကြီး. . ဆင်းမပြေးနဲ့။ ထိုင်တဲ့နေရာနောက်ကို ပက်လက်လှန်ချလိုက်ပါ။ နောက်မှာ အိပ်ရာလိပ်ရှိတယ်။ တိုက်ပွဲဖြစ်တာ မဟုတ်ပါဘူး။ ဒါ. . ညဘက် နှုတ်ဆက်ပစ်ခတ်ကြတာပါ။ မနက်ဖြန်မနက်လည်း ဒီလိုပဲ ပစ်ကြဦးမှာ။ ကြောက်စရာ မရှိပါဘူး။ ကျွန်တော်တို့အဖို့တော့ ရိုးနေပါပြီ"

(၁၅) မိနစ်ခန့်အကြာတွင် သေနတ်သံများ ရပ်သွားပါတော့သည်။ ကျွန်တော်တို့လည်း အတိုးချ၍ စားသောက်ကြပြီး လုံခြုံသော အခန်းအတွင်း၌ စိတ်ချလက်ချ အိပ်စက်အနားယူကြပါတော့သည်။

မနက် (၅) နာရီခန့်တွင်လည်း သေနတ်သံများ ကြားရပြန်ပါသည်။ ဤတစ်ခါတော့ ရိုးသွားပြီဖြစ်သဖြင့် အိပ်ရာမှပင် မထဖြစ်တော့ပါ။

မနက် (၇) နာရီခန့်မှ အိပ်ရာထကြပြီးနောက် မနက်စာစားသောက်ကြအပြီး ဦးအာဂျွန်မှ စခန်းပတ်ဝန်းကျင်အား လိုက်လံပြသပါသည်။

'တီယန်စွပ်' ရွာမှာ မလိခကမ်းနဖူးတွင်တည်ရှိသော ရွာကြီးဖြစ်ပြီး သာယာလှပါသည်။ ခ. လ. ရ (၃၇) စခန်းကုန်းသို့လည်း ခေါ်သွားပြီး တာဝန်ခံဗိုလ်ကြီးနှင့်လည်း မိတ်ဆက်ပေးပါသည်။ ဆွမ်ပရာဘွမ်သို့သွားရန် လမ်းမှာ မလိခမြစ်ခွဲတစ်ခုပေါ်တွင် ဆ. လ. က မှ ဆောက်လုပ်ထားသော ပေ (၃၀) အမြင့်၊ ပေ (၃၀၀) အရှည်ရှိသော သစ်သားယာယီတံ





ဖြစ်ပါသည်။ အကာအရံ မရှိပါ။ ကားတစ်စီးပြီးမှတစ်စီး ဖြတ်သန်းသွားလာနိုင်သော တံတားဖြစ်ပါသည်။

ဤတစ်ညလည်း တီယန်စွပ်ရွာတွင် ထပ်မံအိပ်စက်ရပါသည်။ ညနေခင်း ထုံးစံအတိုင်း ပစ်ခတ်သံများကြားရပြီးနောက် ကျွန်တော်တို့လည်း ဝိုင်းဖွဲ့ကြပါသည်။ အာမီရမ်ပြတ်သွားပြီဖြစ်၍ ကချင်မီးတောက်အရက်ဖြင့် နစ်ပါးသွားရပါတော့သည်။

ဝိုင်းကောင်းနေစဉ် ကချင်အဘိုးအိုတစ်ဦး ရောက်ရှိလာပြီး ဦးအာဂျွန်အား တွေ့လိုသည်ဆိုသဖြင့် ဝိုင်းအတွင်းဖိတ်ခေါ်ပြီး မေးမြန်းရာ. .

"ဆရာလေး. . ငါတိုင်စရာရှိတယ်။ ငါ့ကြက်မကြီး ပျောက်သွားလို့ ခိုးတဲ့လူကို ငါ့သမီးက မြင်လိုက်တယ်။ မင်းတို့လူဟောင်းထဲက ဟုတ်ဘူး။ လူသစ်လို့ ပြောတယ်။ 'ရှဝါရား' ပေးပါ ဆရာလေး"

"ဟုတ်ကဲ့ အပါး. .။ ကျွန်တော် အဆင်ပြေအောင် လုပ်ပေးပါမယ်။ လူသစ်ဆိုတော့ အစ်ကိုကြီးတို့အဖွဲ့က ထင်တယ်"

"အေး. . ငါ့အဖွဲ့ကကောင်တွေ ငတ်လာကြတော့ ခိုးတာဖြစ်မယ်။ ဝန်ထမ်းလား၊ ရဲဘက်လားတော့ မသိဘူး"

"ဝန်ထမ်းကွယ့်. .။ ဝ၀၊ အသားဖြူဖြူ၊ ပခုံးမှာ နှစ်ရစ်နဲ့လို့ ငါ့သမီးက ပြောတယ်"

"ဒါဆို ဗိုကကောင်ဖြစ်မယ်။ နေမျိုးထွန်းနဲ့တူတယ်။ ခေါ်စမ်းကွာ"

မကြာခင် ဗိုခေါင်းနေမျိုးထွန်း ရောက်ရှိလာပါသည်။ မဒီက မဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကောင် နေမျိုးထွန်း..။ ဒီအပါးအိမ်က ကြက်မကြီးကို မင်းတို့နိုးတယ်ဆို။ လာတိုင်နေတယ်"

"ဟုတ်ပါတယ် ဆရာ..။ သွားဝယ်တာ မရောင်းလို့ ကျွန်တော် တို့လည်း တော်နေတာနဲ့ နိုးမိတာပါ။ အပါး..ကျွန်တော်လျော်ပေးပါ့မယ် ဘယ်လောက်ပေးရမလဲ။ ပြောပါ.."

"အေး..ငါတို့ဝလေ့က တောင်းရင် ပေးတယ်။ ဝယ်ရင် ရော တယ်။ နိုးရင်တော့ ရှဝါရှားခံရမှာပဲ"

"ရှဝါရှားတယ်ဆိုတာ ဘာလဲအဘိုး..။ ရှင်းပြပါဦး"

"အေး..ငါ့ကြက်နော်..ကြက်မကြီးဖြစ်တယ်။ အကောင်တွေ ပေါက်ဦးမှာ။ ကြက်ဖနော်..ငါမနှမြောဘူး။ အကောင်မပေါက်ဘူး။ ကြက် ကြီးက ကြက်ကလေးတွေပေါက်မယ်။ ကြက်ကလေးတွေက ကြက်မကြီး ဖြစ်ပြီး အကောင်ထပ်ပေါက်ဦးမယ်။ မင်းတို့ သုံးထောင်ကျပ် အလျော် ပေးပါ"

ဦးအာဂျွန်မှ..

"အပါးရယ်..။ ကြက်တစ်ပိဿာမှ ဒီရွာမှာ တစ်ထောင်ကျ ဈေးရှိတာ။ အပါးကြက်မကြီးက တစ်ပိဿာလောက်ပဲ ရှိမှာပါ။ ဈေးကြ လျှော့ချည်လား။ လျှော့ပါဦး"

"မလျှော့နိုင်ဘူးကွယ့်..။ ရှဝါရှားတယ်ဆိုတာ ဒီလိုပဲ။ မင်း မလျော်ရင် ရပ်ရွာလူကြီးတိုင်မယ်"

"ကဲ..ကဲ..အပါးရယ်။ ရပ်ရွာလူကြီးလည်း မတိုင်ပါနဲ့တော့ ကျွန်တော်တို့အဖွဲ့ နာမည်ပျက်နေပါဦးမယ်။ ဟဲ့ကောင် နေမျိုးထွန်း.. လျော်ပေးလိုက်"





"ဆရာ..ကျွန်တော့်မှာ တစ်ထောင်ကျပ်ပဲရှိတယ် ဆရာ"

"မင်းနဲ့အတူစားတဲ့အကောင်တွေဆီက လိုက်စု"

"ဆရာ..သူတို့မှာ မရှိဘူး ဆရာ"

"အေး..ကောင်းပြီ။ ငါ နှစ်ထောင်ကျပ် စိုက်ပေးလိုက်မယ်။ မင်းနဲ့အတူစားတဲ့ကောင်တွေ နာမည်စာရင်းပေး။ လစာထဲက ဖြတ်မယ်"

သို့နှင့် ကျွန်တော်ပင် အဘိုးအိုအား တောင်းပန်ပြီး စိုက်လျော် ပေးလိုက်ရပါသည်။

ထိုညက တီယန်စွပ်ရွာ၌ပင် ဒုတိယည ဆက်၍အိပ်ကြပါသည်။ ကချင်အရက်က ပြင်းပြင်း။ ရာသီဥတုက အေးအေးနှင့် အတော်ပင်အိပ် ၍ကောင်းပါသည်။

နောက်တစ်နေ့မနက်တွင် မနက် (၅) နာရီထ၍ ရဲဘက်များအား တန်းစီ၊ လူစစ်ဆေးပြီး မနက် (၆) နာရီတွင် ထမင်းကျွေးရပါသည်။ မနက် (၇) နာရီတွင် ယာဉ်တန်းဖြင့် ခရီးဆက်လက်ထွက်ခွာခဲ့ရပါတော့ သည်။ ညနေ (၄) နာရီတွင် 'ဆွတ်စား' ရွာသို့ ရောက်ရှိပြီး ကျောင်းပိတ် ထားသော မူလတန်းကျောင်းတွင် စခန်းချကြပါသည်။ လေလုံမိုးလုံ အကာအရံအောက်တွင် အိပ်စက်ကြရသဖြင့် ရဲဘက်များနှင့် ဝန်ထမ်း များ လုံခြုံနွေးထွေးစွာ အိပ်စက်ကြရပါသည်။

နောက်တစ်ရက်မနက် (၇) နာရီတွင် ယာဉ်တန်းဖြင့် ထွက်ခွာ ကြပြီး ကားဖွက်နစ်သဖြင့် ကျန်းမာသန်စွမ်းသော ရဲဘက်များအား ကားပေါ်မှဆင်းစေပြီး ပို့ုင့်တပ်စိတ်နောက်မှ လမ်းလျှောက်စေရပါသည်။ ကားတန်းကြီးမှာ လူလမ်းလျှောက်သလောက်ပင် မမြန်သဖြင့် ကားများ အား လူများက ရပ်နား၍ စောင့်နေရပါသေးသည်။ အလွန်အေးသော



www.burmeseclassic.com

www.burmeseclassic.com



ဒေသဖြစ်သဖြင့် လမ်းလျှောက်သော်လည်း မပင်ပန်းပါ။ နေလုံးကြီးအား မနက် (၁၁) နာရီခန့်မှ ညနေ (၂) နာရီခန့်အထိသာ မြင်ရသဖြင့် အပူရှိန် မပြင်းထန်ဘဲ နွေလယ်နွေခင်း နေလို့ကောင်းရုံသာရှိပါသည်။

လျှောက်လိုက်၊ နားလိုက်ဖြင့် ညနေ (၄) နာရီတွင် 'ဒရခ' ဟူသော ယာယီစခန်းကလေးသို့ ရောက်ရှိပါသည်။ ဒရခချောင်းတစ်ဖက်ကမ်းဘေး တံတားပျက်ကြီးအနီးတွင် တည်ထားသော တောင်ထန်းရွက်များ မိုးကာထားသည့် ယာယီတဲကလေးများသာ ဖြစ်ပါသည်။ ဤမှဘက်ကမ်းတွင်တော့ ဆ. လ. က အလုပ်သမားများတဲစုနှင့် ခ. လ. ရ (၃၇) မှ ကင်းစောင့်တဲများ ရှိပါသည်။ အနီးရှိ တောင်ကုန်းပေါ်တွင် ဗိုလ်မှူးကျော်ဝင်းတပ်စု စခန်းချထားသော စခန်းကုန်းရှိပါသည်။

ခရီးစဉ်ပြီးဆုံးပြီဖြစ်၍ ယာဉ်တန်းကြီးမှာ တန်းစီ၍ရပ်နားကြပြီး ရဲဘက်များ၊ ဝန်ထမ်းများ၊ ရိက္ခာပစ္စည်းများအား နေရာချထားရပါတော့သည်။

ကျွန်တော်နှင့်အတူ ထောင်မှူးဦးအောင်ကြီး၊ ထောင်မှူးဦးအာဠွန်တို့ ပါရှိလာသဖြင့် ယာယီအုပ်ချုပ်ရေးတာဝန်ကို ခွဲဝေပေးရပါတော့သည်။ ဦးအာဠွန်က ရိက္ခာနှင့် ချက်ပြုတ်ကျွေးမွေးရေးတာဝန်၊ ဦးအောင်ကြီးက ဝန်ထမ်း၊ ရဲဘက်နှင့် လုပ်ငန်းတာဝန်၊ ကျွန်တော်က စခန်းတာဝန်ခံ ဖြစ်ပါသည်။ ဒရခစခန်းသို့ ကျွန်တော်တို့ထက်အလျင်ရောက်ရှိနေသော ဒုထောင်ပိုင်ဦးသန်းရွှေ (တရုတ်မကြီး) ထံမှလည်း ယာယီစခန်းလေးအား လွှဲပြောင်းယူရပြီး ဦးသန်းရွှေမှ ဆွမ်းပရာဘွမ်လမ်းအထက်စခန်း 'ကဝဘာဏ်စခန်း' သို့ ပြောင်းရွှေ့ရမည်ဖြစ်ပါသည်။

ညစာစားရန်၊ အိပ်စက်ရန်အတွက် ဒရခချောင်းတစ်ဖက်ကမ်း





သို့ ကူးရပါသည်။ အင်္ဂလိပ်ခေတ်က ဆောက်လုပ်ခဲ့သော ကြိုးတံတားကြီးမှာ မိုင်းထိ၍ ပြတ်တောက်ပျက်စီးနေပါသည်။ အသုံးပြု၍ မရတော့ပါ။ ချောင်းရေမှာ အေးလှပါသည်။ ဒူးဆစ်လောက်နက်ပြီး ပေ (၅၀) လောက်သာ ကျယ်ပါသည်။

တစ်ဖက်ကမ်းသို့ရောက်လျှင် ရဲဘက်တဲများအနီးရှိ တဲကြီးတစ်လုံးတွင် နေရာရပြီး ညစာစား၍ အိပ်စက်ရပါတော့သည်။ တဲကြီးမှာ ချောင်းကမ်းနဖူးတွင်ရှိသဖြင့် အအေးဓာတ်ပိုသည့်အပြင် လေတဟူးဟူး တိုက်နေသဖြင့် အလွန်ချမ်းအေးလှပါသည်။ လေးငါးည အိပ်ရေးပျက်၊ ပင်ပန်းလာသဖြင့် အိပ်ပျော်သွားပါသည်။ မနက်အရုဏ်တက် (၄) နာရီခန့်တွင် တစ်ရေးနိုးသဖြင့် အပေါ့အပါးထသွားစဉ် ရဲဘက် တဲစုများဘက်မှ အကာအရံများအား ဖယ်ရှားပြီး ထွက်ပြေးရန်ကြိုးစားနေသော ရဲဘက်ပြေးအုပ်စုအား တွေ့ရပါသည်။

အိပ်ရာတွင်းမှ သေနတ်အား အပြေးဝင်ယူ၍ မိုးပေါ်ထောင်ဖောက်ကာ အော်ဟစ်သတိပေးရပါတော့သည်။ ဒရခချောင်းအတွင်း ဆင်းပြေးသဖြင့် ဝန်ထမ်းများနှင့်ဝိုင်းဝန်းဖမ်းဆီးရာ လူ (၂၀) ခန့် ပြန်လည်ဖမ်းဆီးမိပြီး လူ (၃) ဦးသာ လွတ်မြောက်သွားပါသည်။

ရဲဘက်များအား တန်းစီစေပြီး ထူးခြားဖြစ်စဉ်အတွက် ခ လ. ရ (၃၇) တပ်ခွဲမှူး ဗိုလ်မှူးကျော်ဝင်းအား သတင်းပို့ရပါတော့သည်။ ဗိုလ်မှူး တပ်ကုန်းပေါ်မှ ဆင်းလာပြီး တစ်ဖက်ကမ်းကူးလာ၍ ရဲဘက်၊ ဝန်ထမ်းများအား ဆူပူကြိမ်းမောင်းပြီး ကျွန်တော့်အား လုံခြုံနိုင်ခဲ့သော ရဲဘက်စခန်းတစ်ခု အမြန်ဆုံးဆောက်ရန် တာဝန်ပေးပါတော့သည်။

မနက် (၉) နာရီတွင် ဗိုလ်မှူးနေထိုင်သည့် တပ်ကုန်းပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးလုပ်ပါသည်။ ဆ. လ. က ဝန်ထမ်းများ လမ်းဖောက်တံတားဆောက်ရာတွင် ရဲဘက်လုပ်အားဖြင့် ဝိုင်းဝန်းကူညီရန်ဖြစ်ပြီး တပ်အနေဖြင့် နယ်မြေလုံခြုံရေးတာဝန် ယူပေးမည်ဖြစ်ပါကြောင်း၊ ကျွန်တော့်အား ခ. လ. ရ(၃၇) တပ်ခွဲအရှေ့ဘက် တောင်ခြေ ကားလမ်းနံဘေးတွင် စခန်းဆောက်ရန် နေရာရွေးပေးပြီး တစ်လအတွင်း ရဲဘက် (၅၀၀) ဆံ့ ရင်ကွဲဘားတိုက်ငါးလုံးနှင့် ဝန်ထမ်းအိမ်ရာ၊ ဖိုကြီးနှင့် စခန်းအားဆူးကြိုးဝင်းအစား ဝါးဖြင့် ကျားမှောက်ကျားလှန် စည်းရိုးခတ်ရန် တာဝန်ပေးပါတော့သည်။

မနက် (၁၀) နာရီ အစည်းအဝေးပြီးသည်နှင့် ယာယီတဲပြန်၍ ခေတ္တနားရင်း အလုပ်မှနုတ်ထွက်စာ အကြမ်းရေးပါသည်။ စခန်းထွက်ရခြင်း၊ တောတွင်းနေရခြင်းကို ပျော်သော်လည်း အကျဉ်းဦးစီးဌာန ဒုချုပ်နှင့် ငြိသည့်ကိစ္စတွင် ယောကျ်ားမာန ပြရဦးမည်ဖြစ်ပါသည်။ ထောင်မှူးကြီးအဆင့်ဖြစ်၍ အရာရှိအဖြစ်မှ မနုတ်ထွက်ရဲပါဆိုသူအား တာဝန်ပေးသည့် အရပ်ဒေသသို့ ခရီးဆုံးသည်အထိ ရောက်မအောင်သွားပြီး တာဝန်ကို စေတနာအပြည့်ဖြင့် ထမ်းဆောင်ပြပြီးနောက်မှ နုတ်ထွက်ရန် အစီအစဉ်ဖြစ်ပါသည်။

စာရေးနေစဉ် ထောင်မှူးဦးအောင်ကြီးရောက်ရှိလာပြီး လာကြည့်၍. .

"ဆရာ. . အဲဒီလိုတော့ မလုပ်နဲ့လေ"

"မင်းက တားတာလား"

"မဟုတ်ဘူး ဆရာ. .။ ကျွန်တော်လည်း နုတ်ထွက်စာတင်မလို့"





"ဟ. . ဟော့ကောင်. . ငါက ငါ့ကိစ္စနဲ့ ငါပါကွ။ မင်းကရော ဘာကိစ္စနဲ့ ထွက်စာတင်ချင်ရတာလဲ"

"ဆရာ. . ကျွန်တော့်အပူနဲ့ ကျွန်တော်ပဲ၊ ဒီလောက်ဝေးလံခေါင်သိတဲ့နေရာမှာ မနေချင်ဘူး။ သေရင်တောင် အိမ်ကမိန်းမ အလောင်းမြင်ရမှာမဟုတ်ဘူး။ ရန်ကုန်ပြန်ပြီး ကြုံရာလုပ်စားတော့မယ် ဆရာရေ"

"အေး. . ကောင်းပြီ၊ ကိုယ့်ကိစ္စနဲ့ ကိုယ်ပဲ၊ ငါ စာကြမ်းရေးပေးမယ်။ မင်းက အချောကူး။ ပြီးရင် လက်မှတ်ထိုးပေးမယ်။ ဒီနေ့ညနေ ယာဉ်တန်း မြစ်ကြီးနားပြန်မယ်။ ဦးကြင်မောင်သန်းနဲ့ ထည့်ပေးလိုက်"

"ဟုတ်ကဲ့ ဆရာ"

"အေး. . မင်းကို ငါကြိုပြောထားဦးမယ်။ ထွက်ခွင့် ရချင်မှရမယ်။ ထွက်စာစောင့်ရင်း အနည်းဆုံး ဒီမှာ နှစ်လလောက်တော့ နေရဦးမှာပဲ။ ဒီအတွင်း ဒီစခန်းမှာ ငါတို့ အကောင်းဆုံး အလုပ်လုပ်ပြရအောင်ကွာ။ နာမည်ကျန်ခဲ့တာပေါ့"

"ဟုတ်ကဲ့ ဆရာ. .။ စိတ်ချပါ. .။ ဆရာ့တသည့် အောင်ကြီးပဲ၊ အလုပ်လုပ်တဲ့နေရာမှာ နှစ်ယောက်မရှိစေရဘူး။ တာဝန်ကျေစေရမယ် ဆရာ"

ခရီးပန်းလာသော်လည်း မနားရပါ။ စခန်းသစ်ဆောက်လုပ်မည့်နေရာအား အမြန်ဆုံးရှင်းလင်းရပါတော့သည်။ စခန်းနေရာမှာ မကျယ်ဝန်းပါ။ မြစ်ကြီးနား-ဆွမ်ပရာဘွမ် ကားလမ်းဘေးဖြစ်သော်လည်း သစ်ကြီး၊ ဝါးကြီးနှင့် ကြိမ်ပင်များ၊ ဝါးရုံများ ထူထပ်စွာပေါက်ရောက်နေသောနေရာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသည်မှာ အပူပိုင်းဒေသတွင်သာပေါက်တတ်သော လက်ပံပင်ကြီးများကိုလည်း တွေ့ရပြီး မက်လင်ချဉ်ပင်နှင့် အရွက်စူးစူး ချွန်ချွန် သစ်မွှေးပင်ပေါက်ကလေးများ၊ အောက်ပြည်အောက်ရွာတွင် မမြင်တွေ့ဖူးသော ကျွန်းနက်ပင်များ၊ ဆီးဖြူသီးပင်နှင့် တောငှက်ပျော ပင်များ၊ ဝါးရုံများကိုမှီ၍ ပေနှစ်ရာကျော်မြင့်မားသော သစ်မင်းပင်များ အား ထူးဆန်းစွာပေါက်ရောက်နေသည်ကို တွေ့ရပါသည်။ အောက်ခြေ တောင်စောင်းဆင်ခြေလျောများ၌လည်း တကယ့်မြင်းခွာပုံရှိသော ဆေး မြင်းခွာဥများအားလည်း မြေပေါ်ထွက်၍ နနွင်းပင်ကဲ့သို့အပင် (အနီရောင် ပင်စည်၊ လေးပေခန့်မြင့်သည်) များမှ ဥခဲနေသည်ကိုလည်း တွေ့ရှိရပါ သည်။

ထို့အပြင် ဆေးဘက်အလွန်အသုံးဝင်သော ဂျင်ဆင်းဆေးပင် ကိုလည်း ဆေးဝါးနားလည်သော ရဲဘက်ဆေးဆရာတစ်ဦးမှ ပြသပါသည်။ မရှော့အဆိပ်ဖြေဆေးပင်နှင့်တူသော်လည်း သူက မမြင့်မားပါ။ မြေကပ် ပင်၊ ချုံပင်နှင့် တူပါသည်။ သက်ရင့်အပင်မှာ ပင်စည်တစ်လက်မပတ် လည်ခန့်ရှိပြီး အမြစ်အား တူးဖော်လိုက်လျှင် ဥမှာ အမျိုးသမီးတစ်ဦး၏ ကိုယ်အနေအထားနှင့် အလွန်တူပါသည်။ ယင်းဥအား အရက်နှင့်စိမ် သောက်လျှင် အရက်အရသာကောင်းမွန်ပြီး ခွန်အားရှိကြောင်း ရဲဘက် ဆေးဆရာက ပြောပြသဖြင့် ကျွန်တော်တို့ ဆေးစိမ်သောက်ကြည့်ရာ အလွန်အနံ့ဆိုးသော ကချင်မီးတောက်အရက်မှာ ရွှေဝါရောင်သို့ ပြောင်း သွားပြီး မပြင်းတော့ဘဲ အရသာချိုပြင်းကလေး ဖြစ်သွားပါသည်။

ယင်းရဲဘက်ဆေးဆရာမှာ ခန္တီးဘက်တွင်နေထိုင်သော ဆင် ဦးစီး၊ မှဆိုး၊ တိုင်းရင်းဆေးဆရာ ကိုကျော်ထွားဆိုသူ ဖြစ်ပါသည်။





ဘိန်းမှုဖြင့် ထောင်ဒဏ် (၆) နှစ် အပြစ်ခံရခြင်းဖြစ်ပါသည်။ စခန်းသို့ ရောက်စကပင် ရဲဘက်များ ဝမ်းကိုက်၊ ဝမ်းပျက်ရောဂါအား သစ်ရွက်၊ သစ်ဥများဖြင့် စေတနာ့ဝန်ထမ်း ကုသပေးနေသူဖြစ်ပြီး မုဆိုးလိုက်တတ် သူ၊ ညွှတ်ကွင်းထောင်တတ်သူဖြစ်သဖြင့် ကျွန်တော်က ၎င်းအား စခန်း အတွက် တိုင်းရင်းဆေးမှူးနှင့် ကြက်၊ ငှက်၊ အသီးအရွက်ရှာဖွေရန် တာဝန်ပေးထားပါသည်။ သစ္စာရှိ၍ သတ္တိကောင်းသူ၊ တောကျွမ်းသူတစ်ဦး လည်း ဖြစ်ပါသည်။

လက်နက်ကိရိယာမပြည့်စုံသော်လည်း ရဲဘက် (၃၀၀) အင်အား ဖြင့် နှစ်ရက်ရှင်းမှ စခန်းဆောက်လုပ်ရန် နေရာရပါသည်။ အချို့အပင် ကြီးများကိုတော့ မခုတ်လှဲနိုင်၍ ချန်လှပ်ထားရပါသည်။

ထမင်းချက်ဖိုကြီးအား ရေနှင့်နီးသော စခန်းရှေ့ ကားလမ်းဘေး ဒုရခချောင်းလက်တက် ကမ်းပါးစောင်းတွင် တည်ဆောက်ပြီး ချောင်း အတွင်း တမံတုတ်၍ ရဲဘက်များအတွက် ရေချိုးရန်နှင့် စခန်းသုံးရန် ရေအတွက်လည်း စီစဉ်ရပါသေးသည်။

စခန်းစတင်ဆောက်ရာတွင် ရဲဘက် (၃၀၀) အား (၁၀၀) စီခွဲ၍ စခန်းစည်းရိုးကာအဖွဲ့၊ သစ်ဝါးရှာဖွေရေးအဖွဲ့၊ အမိုးအတွက် ဓောင် ထန်းရှာဖွေရေးအဖွဲ့ သုံးဖွဲ့ခွဲ၍ လုပ်ကိုင်ရပါသည်။

သစ်ဝါးပေါသောဒေသ ဖြစ်သော်လည်း လက်နက်အနေဖြင့် ဓားမကြီးများသာရှိသောကြောင့် အတော်ပင် ခက်ခက်ခဲခဲ လုပ်ဆောင်ရ ပါသည်။ စခန်းစည်းရိုးအား နှစ်ရက် နှင့် အပြီးကာပြီးနောက် မလုံခြုံသည့် စခန်းဟောင်းမှ စခန်းသစ်သို့ ပြောင်းရွှေ့စေပြီး ယာယီတဲကလေးများ ဆောက်လုပ်နေထိုင်ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စခန်းအတွင်း ရဲဘက် (၁၀၀) စီဆံ့ ရင်ကွဲဘားတိုက်ကြီးငါးလုံးအား တစ်လအတွင်း အပြီးဆောက်နိုင်ပါသည်။ ကျားမှောက်ကျားလှန် စည်းရိုးအားလည်း နှစ်ထပ်ကာရံလိုက်ပါသည်။ လူအဝင်အထွက် တံခါးမကြီးတစ်ပေါက်သာထားပြီး ကြိမ်များ၊ ဝါးများဖြင့် အခိုင်အခံ့ တံခါးမကြီးလုပ်ထားပါသည်။ တံခါးကြီးရှေ့တွင်လည်း ကင်းရုံကို နှစ်ဖက်ခွ၍ အကျအနဆောက်လုပ်ထားပါသည်။

ဗိုလ်မှူးကျော်ဝင်း လာရောက်ကြည့်ရှုပြီးနောက် မိုးမကျမီ ရဲဘက် (၅၀၀) ထပ်မံရောက်ရှိလာမည်ဖြစ်၍ နောက်ထပ် (၅၀၀) စာ ထပ်မံဆောက်ရန် ညွှန်ကြားပြန်ပါသည်။ ထပ်မံဆောက်လုပ်ရန် မြေနေရာလည်း မရှိတော့ပါ။ သစ်၊ ဝါးနှင့် တောင်ထန်းလည်း အနီးအပါးတွင် မရှိတော့ပါ။ တစ်နေကုန် အဝေးသွားခုတ်မှ ရပါတော့သည်။

ဝန်ထမ်းအင်အား မလုံလောက်သဖြင့် ရဲဘက်ပြေးပေါင်းလည်းများလှပါပြီ။ ကျွန်တော် ကြံရပါပြီ။ ခိုင်းသူလည်းသဘောကျ၊ လုပ်သူလည်းသက်သာ၊ အချိန်တိုအတွင်း၌လည်း ပြီးစီးစေရန်အတွက် လူ (၅၀၀) ဆံ့ အိပ်စင်ကြမ်းခင်းများအားခွာ၍ နှစ်ထပ်အိပ်စင် ကြမ်းခင်း၍ ပြင်ဆင်လိုက်ပါတော့သည်။ တိုင်လည်းမလို၊ အမိုးလည်း ထပ်မမိုးရတော့ဘဲ ဝါးကြမ်းခင်းနှင့် ဝါးဆင့်တန်း၊ ကြိမ်ကြိုးများသာလိုသဖြင့် တစ်ပတ်အတွင်း တောင့်တင်းခိုင်ခံ့သော နှစ်ထပ်အိပ်ဆောင်များ ဖြစ်သွားပါတော့သည်။ ဗိုလ်မှူးအား သတင်းပို့ရာ. .

“ဦးသိန်းဝင်း. . ခင်ဗျားတို့ နောက်ထပ် လူ (၅၀၀) ဆံ့ဘားတိုက် ဆောက်ပြီးပြီဆို။ ဘယ်မှာလဲ. .။ အရင်ဘားတိုက်ငါးလုံးပဲ ရှိပါလား”





“ဗိုလ်မှူး အထဲဝင်ကြည့်ပါဦးခင်ဗျာ”

နဂိုကတည်းက ဒီအခရေးတွေမြင်လို့ ဘားတိုက်ကို ခေါင်မြင့်မြင့်ဆောက်ထားရာ နှစ်ထပ်ကြမ်းခင်းလိုက်သောအခါ ဘားတိုက်မှာ ပိုမိုကြံ့ခိုင် တောင့်တင်းသွားပြီး ဘားတိုက်တိုင်းတွင် အပေါ်ဆင့်သို့တက်သော လှေကားကလေးများပါ စီရရီလုပ်ပေးထားသဖြင့် ဗိုလ်မှူးသဘောကျသွားပြီး. .

“ဦးသိန်းဝင်း. . ခင်ဗျားကတော့ ဉာဏ်ကြီးရှင်ပဲ။ ကျွန်တော် ထိုးစားနေတာ. .။ နေရာကျဉ်းကျဉ်းကလေးမှာ ခင်ဗျားဘယ်လိုလုပ်မလဲလို့။ တော်ပါပေတယ်ဗျာ. .။ ဒါနဲ့ ခင်ဗျားနဲ့ကိုအောင်ကြီးတို့ အလုပ်ထွက်စာတင်ထားကြတယ်ဆို။ ရုံးချုပ်ကိုပို့လိုက်ပြီလို့ ကြေးနန်းဝင်လာတယ်။ ဘာအဆင်မပြေလို့လဲ”

“ကျွန်တော်တို့ ကိုယ်ရေးကိုယ်တာကိစ္စပါ ဗိုလ်မှူး။ ထွက်စာတင်ပေမယ့် ကျချင်မှ ကျမှာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ ပြန်မချင်း အလုပ်ကို အလုပ်နဲ့တူအောင် လုပ်သွားမှာပါ ဗိုလ်မှူး”

“ယုံပါတယ်ဗျာ. .။ ခင်ဗျားရောက်တဲ့ တစ်လအတွင်း စခန်းစည်းရိုးဝင်းရော၊ ရဲဘက်ဆောင်နဲ့ ဝန်ထမ်းအိမ်ကလေးတွေပါ စနစ်တကျ လုပ်ပြခဲ့ပြီးပြီပဲ။ မထွက်ရင်တော့ ပိုကောင်းတာပေါ့ဗျာ။ ခင်ဗျားမထွက်ချင်ရင်တော့ ကျွန်တော် တိုင်းမှူးဆီကို ကြေးနန်းပို့ပြီး အစီရင်ခံလိုက်မယ်”

“မလုပ်ပါနဲ့တော့ ဗိုလ်မှူး။ ကျွန်တော်တို့ ဆုံးဖြတ်ပြီးပါပြီ”

“ခင်ဗျားတို့ ကိုယ်ရေးကိုယ်တာဆိုရင်လည်း ကျွန်တော်မတားတော့ပါဘူး။ ကဲ. . လာဗျာ။ တပ်ကုန်းလိုက်ခဲ့ပါဦး။ ခင်ဗျားကို ဂုဏ်ပြုချင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ချိုလေး သောက်ရအောင်။ တပ်လက်ဖက်ခြောက်ကလေး နဲ့ပေါ့ဗျာ''

လက်ဖက်ရည်အချိုသောက်ရန် ဖိတ်ခေါ်သည့်အတွက် ကျွန်တော်အလွန်ပျော်ရွှင်သွားမိပါသည်။ လက်ဖက်ရည်အချိုမသောက်ရသည်မှာ နှစ်လခန့်ရှိပြီဖြစ်၍ လက်ဖက်ရည်ကြိုက်သော ကျွန်တော့်အတွက် ချဉ်ခြင်းပြေပျောက်ရတော့မည်ဖြစ်ပါသည်။

ယခုကာလလို Coffee Mix၊ Tea Mix များ မရှိသေးပါ။ လက်ဖက်ရည်အချိုသောက်ရန် လက်ဖက်အချိုခြောက် နှပ်ရမည်။ ပြီးမှ သကြားနှင့်နို့ဆီထည့်၍ ဖျော်ရမည်ဖြစ်ရာ အလွန်ကရိကထများပါသည်။ ထောင်ထဲတောင်ထဲ ဘယ်မှာလဲ နို့ဆီ၊ ဘယ်မှာလဲ လက်ဖက်ခြောက်၊ ဘယ်မှာလဲ သကြား. . ။

မရှိပါ. . ။ ရေနွေးကြမ်းသောက်ရန်ပင် လက်ဖက်ခြောက်မရှိ၍ မဆိုးရှာပေးသော လောက်သေရွက်များအား အခြောက်လှမ်း၍ သောက်နေရသည်ပင် တစ်လကျော်ခန့်ရှိပါပြီ။

တပ်ကုန်းပေါ်တွင် မတ်ခွက်ကိုယ်စီဖြင့် လက်ဖက်ရည်သောက်ရင်း စကားပြောဆိုကြရာ ဗိုလ်မှူးကျော်ဝင်းနှင့် အတော်ခင်မင်ရင်းနှီး သွားပါသည်။ ညနေတွင်လည်း အရက်သောက်ရန် ထပ်မံဖိတ်လိုက်ပါ သေးသည်။

ညနေ (၅) နာရီခန့်တွင် ဗိုလ်မှူးဖိတ်ထားသည့်အတိုင်း တပ် ကုန်းပေါ်သို့ ကျွန်တော်တို့သွားကြပါသည်။ ထောင်မှူးဦးအောင်ကြီးမှာ ဘယ်ကရှာလာမှန်းမသိသော ဂစ်တာကြီးတစ်လက်လည်း ပါလာပါသည်။ တပ်ကုန်းဒုတိယအဆင့် ဗိုလ်မှူးကျော်ဝင်းနေထိုင်သည့် တဲကလေးရှေ့





တွင် ဆောက်လုပ်ထားသည့် လေးတိုင်စင်အမိုးကလေးအောက်၌ ဝါးစားပွဲ နှင့် ဝါးခုံတန်းလျားလေးများ စီစဉ်ထားပါသည်။ ဝါးစားပွဲလေးပေါ်တွင် အာမီရမ်နှစ်လုံးနှင့် အမြည်းများ စီစဉ်ထားပါသည်။ တောတွင်းအစာများ ဖြစ်သည့် ဒရယ်ချောင်းကမ်းဘေးမှ ရှရင်ကောက်ညွှန့်ကြော်၊ ငုက်ပျောဖူး သုပ်နှင့် အာလူးကြော်၊ ငါးသေတ္တာတို့ ဖြစ်ပါသည်။ ငါးသေတ္တာပါ၍သာ အသက်သတ်မလွတ်ခြင်းဖြစ်ပါသည်။

ဆွမ်ပရာဘွမ်ဒေသမှာ နယ်မြေမအေးချမ်းသေး၍ အမဲလည်း လိုက်ရဲပါ။ ဒရယ်ချောင်းထဲ၌ ကျောက်ငါးကြင်းများရှိသော်လည်း ဖမ်းစရာ ကိရိယာ မရှိပါ။ အရိုးလည်း များလှပါသည်။

ဗိုလ်မှူးကျော်ဝင်းမှ. .

"ကဲ. . ဦးသိန်းဝင်းတို့ ထိုင်ကြဗျို့။ ကျွန်တော့်အဖွဲ့နဲ့ မိတ်ဆက် ပေးဦးမယ်။ ဒါက ဗိုလ်သိန်းထွန်း။ သူကတော့ ဒုဗိုလ်အောင်မျိုးပါ။ ဦးသိန်းဝင်းနဲ့ ကိုအောင်ကြီးကိုတော့ သူတို့သိကြပါတယ်။ ကိုအာဗျွန်ကတော့ လူဟောင်းမို့ မိတ်ဆက် ၁။ ပေးလိုတော့ပါဘူး။ ကဲ. . ပွဲကလေး စလိုက်ကြရအောင်"

ဗိုလ်မှူးမှ မိတ်ဆက်ပေးပြီးနောက် အိမ်ရှင်အနေဖြင့် အရက် ခွက်များအတွင်းသို့ လိုက်လံထည့်ပေးပါသည်။

သို့စားသောက်နေစဉ် ထောင်မှူးဦးအောင်ကြီးမှ ဂစ်တာတီး၍ သီချင်းဆိုပြပါသည်။ အဆိုကောင်း၊ အတီးကောင်း ဖြစ်ပါသည်။

ဝိုင်းမှာ စိုပြည်လာသဖြင့် အုပ်စုလိုက်သီချင်းဆိုကြစဉ် ရေခဲမိုး ရွာချပါတော့သည်။ နာရီဝက်ခန့်အတွင်း ကျွန်တော်တို့ထိုင်နေကြသော လေးဘက်ချအမိုး တဲစက်မြိတ်အောက်တွင် လေးဘက်လေးတန် တစ်



www.burmeseclassic.com

www.burmeseclassic.com



တောင်ခန့်အမြင့်ရှိ ရေခဲတံတိုင်းလေး ဖြစ်သွားပါတော့သည်။ ရေခဲများ အားယူ၍ ဖန်ခွက်များအတွင်း လိုက်ခံထည့်ပေးရင်း ပျော်ရွှင်စွာ တ သောက်ကြပါတော့သည်။

ဆွမ်ပရာဘွမ်ဒေသမှာ နဂိုကပင် အေးချမ်းသောနေရာဖြစ်ပြီ ယခုလို ရေခဲမိုးရွာလိုက်သဖြင့် အရိုးထဲအထိ စိမ့်အေးလာပါတော့သည် အရက်ကိုလည်း တစ်ခွက်ပြီးတစ်ခွက် သောက်ကြပြီး အတိုင်းအတာလည် မရှိတော့ပါ။ တစ်ညလုံး သောက်ကြသော်လည်း အမူးမလွန်ကြပါ။ အရက် ဆယ်ပုလင်းကုန်မှ ကျွန်တော်တို့အဖွဲ့ စားသောက်ပွဲ ပြီးစီးသွားပါသည် မနက် (၅) နာရီလည်း ထိုးပါပြီ။ ဗိုလ်မှူးနှင့်အဖွဲ့အား နှုတ်ဆက်ပြ စခန်းပြန်၍ တစ်နာရီခန့်အိပ်ရပါသည်။ မနက် (၆) နာရီတွင် ထောင်ဖွင့် လူပေါင်းစာရင်း စစ်ဆေးရဦးမည် ဖြစ်ပါသည်။

မနက် (၆) နာရီမထိုးမီ အိပ်ရာက နိုးပါသည်။ ထောင်မှူးမှ နှင့်အတူ ထောင်ဖွင့်၊ လူပေါင်းစာရင်း စစ်ဆေးပြီး ရဲဘက်များအာ အလုပ်ခွဲပေးရပါသည်။ အရက်မူး သော်လည်း အရက်နာကျ၍ လူမှ ညောင်နာနာဖြစ်နေပါသည်။ ညှ ညစာထမင်း မစားဖြစ်သော်လည် မဆာပါ။ ထမင်းစားချင်စိတ်လည်း မရှိပါ။ အတော်ပင် နေရထိုင်ရခက် သော ဝေဒနာဖြစ်ပါသည်။ မအီမသာခံစားနေရသော်လည်း နေ့စဉ်ပုံမှ အလုပ်များကိုတော့ လုပ်နေရပါသည်။ နေ့လယ်စာ ထမင်းစားချိန်ရော သော်လည်း ထမင်းမစားနိုင်ပါ။ တောစခန်းဖြစ်၍လည်း အခြားစားစ မရှိပါ။ နေ့လယ်ပိုင်းတွင် ရဲဘက်မုဆိုး ပြန်ရောက်လာပြီး တောကြက် တစ်ကောင်မိလာသဖြင့် ကြက်သားဆန်ပြုတ် လုပ်ပေးပါသည်။ အတေ ကလေး စားနိုင်သဖြင့် လန်းဆန်းလာပါသည်။

စိတ်ကူးသစ်စာပေ



စားသောက်နေစဉ် စခန်းကုန်းမှ တပ်ကြပ်ကြီး ရောက်ရှိလာပြီး ဗိုလ်မှူးလည်း ကျွန်တော့်လိုပင် ခံစားနေရကြောင်း သိရှိရသဖြင့် ကြက် သားဆန်ပြုတ် ထပ်မံပြုတ်စေပြီး ဗိုလ်မှူးထံပို့လိုက်ရာ ဗိုလ်မှူးက ကျေးဇူး တင်စွာဖြင့် ကျွန်တော့်အတွက် နို့ဆီ၊ သကြား၊ လက်ဖက်အချိုခြောက် ပို့ပေးသဖြင့် လက်ဖက်ရည်အချို သောက်ရပြန်ပါသည်။

ညစာစားတော့ ကြက်သားဟင်းဖြစ်၍ ဗိုလ်မှူးထံ ပို့ရပြန်ပါ သည်။ ညစာ ကြက်သားဟင်းဖြစ်၍ ထမင်းစားနိုင်ပါသည်။

ညဘက် စားသောက်ပြီး စောစီးစွာ အိပ်ရာဝင်ခဲ့ပါသည်။ နောက်တစ်နေ့မနက် (၂) နာရီခန့်တွင် တစ်ရေးနိုးပါသည်။ ပြန်အိပ်မရ တော့ပါ။ ဆွမ်ပရာဘွမ်အအေးမှာ အရိုးထဲအထိ စိမ့်ဝင်နေသဖြင့် ဖြစ်ပါ သည်။ အိပ်ရာမှထ၍ ရဲဘက်မုဆိုး တစ်ညလုံးဖိုထားသော မီးပုံဘေးတွင် ထိုင်ကာ မုဆိုးနှင့် အမဲလိုက်အတွေ့အကြုံများ ဖလှယ်ပြောဆိုကြရင်း မိုးလင်းပါတော့သည်။

ကျွန်တော်တို့ စခန်းရောက်သည်မှာ နှစ်လခန့်ရှိပါပြီ။ အိမ်နှင့် လည်း အဆက်အသွယ် စာမရ၊ ကွပ်ကဲမှုရုံး (မြစ်ကြီးနား) မှ ရေဒီယို ကြေးနန်းဖြင့်ပို့သော လုပ်ငန်းကိစ္စများလောက်သာ အဆက်အသွယ်ရှိ ပါသည်။ ထောက်ပံ့ရေးဌာန ထောင်မှူးဦးအာဂျွန်၏ အစီရင်ခံစာအရ ရဲဘက်၊ ဝန်ထမ်း ရိက္ခာဆန်မှာ နှစ်ပတ်စာခန့်သာရှိတော့ကြောင်း သိရှိ ရသဖြင့် မြစ်ကြီးနားကွပ်ကဲမှုရုံးသို့ ကြေးနန်းပို့ရပြန်ပါသည်။

ယနေ့ တနင်္ဂနွေနေ့ အလုပ်ပိတ်ရက်ဖြစ်ပါသည်။ ဝန်ထမ်းနှင့် ရဲဘက်များ အလုပ်နားကြသဖြင့် ဒရခချောင်းအတွင်း ရေချိုးသူ၊ အဝတ် လျှော်သူများဖြင့် စည်ကားလှပါသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မနက် (၁၀) နာရီခန့်တွင် ကျွန်တော့်တပည့်ကျော် ရဲဘက်မှဆိုး ကျော်ထွား ကိုင်းထောင်ရာမှ ပြန်လာပြီး ကြောင့်မြင်းကြီးတစ်ကောင်၊ တောကြက်ဖတစ်ကောင်၊ ရစ်ဒေါင်းတစ်ကောင် ရရှိလာသဖြင့် ကောင်းမွန်စွာချက်ပြုတ်စေပြီး ဝန်ထမ်းများအားလည်း ဝေငှကျွေးမွေးပါသည်။ အံရာရှိထောင်မှူးများအားလည်း ကျွေးမွေးပါသည်။ မိုလ်မှူးထံသို့လည်း ပို့ပေးလိုက်ပါသည်။

ရဲဘက်များအားလည်း နားရက်ဖြစ်သဖြင့် အထူးပဲကုလားဟင်း ချက်ကျွေးပါသည်။ ယနေ့ အလုပ်ပိတ်ရက်တွင် နားနေကြရပြီး ဟင်းကောင်းသဖြင့် ပျော်ရွှင်နေကြပါသည်။

နေ့လယ် (၁) နာရီခန့်တွင် ရဲဘက်တပည့်တစ်ဦးအား ခေါ်၍ ဒရခချောင်းအတွင်း ရေချိုးဆင်းကြပါသည်။ လမ်းကွေ့ ဆ. လ. က တဲစခန်းရှေ့အရောက်တွင် J.E ဦးခင်မောင်အေးက လှမ်းခေါ်ပါသည်။

"ထောင်ပိုင်ကြီး. . ရေချိုးဆင်းမလို့လား"

"ဟုတ်ပါ့ဗျာ. . နေရောင်လေးရှိတုန်း ရေချိုးဆင်းမလို့ဗျ"

"ရေမချိုးခင် အပူလေးထည့်သွားပါဦးဗျာ၊ ဒီဒေသက ငှက်ဖျားကြီးတယ်၊ သတိထား ဆရာရေ"

"တော်ပါပြီဗျာ. .။ မင်းတို့ပဲ သောက်ကြပါ"

"မရဘူး ဆရာကြီး။ ဒီမှာ ကချင်အရက်ကောင်းကောင်းရထားလို့။ လာပါဦး. .။ အမြည်းလည်း ကောင်းပါတယ်။ ကျောက်ငါးကြင်းကြော်ဗျ ဆရာကြီးရဲ့"

ကျွန်တော့်မှာ ဗိုလ်မှူးခင်နှင့် ထပ်ကန်းပေါ်တွင် သောက်စဉ်ကတည်းက အရက်ကိုလန့်နေရာ ငြင်းဆန်၍လည်း ရမည်မဟုတ်သဖြ





တဲအတွင်း ဝင်ထိုင်ရပါတော့သည်။

ဤစခန်းတွင် အရက်ဆိုင်များခြင်း မရှိပါ။ ဒေသခံရွာသည်များလာ၍လည်းကောင်း၊ ယာဉ်တန်းကြီးမှသော်လည်းကောင်း အရက်ရနိုင်ပါသည်။ သို့သော် ဝန်ထမ်းချင်း စေတနာအလွန်ကောင်းကြပါသည်။ စားစရာ၊ သောက်စရာကောင်းလျှင် ဝေငှစားသောက်ကြခြင်းသဘောဖြစ်ပါသည်။

သို့နှင့် ကချင်အရက်မီးတောက်တစ်ခွက်နှင့် ကျောက်ငါးကြင်းသားတစ်ဖဲ့ကို စားပြီး ဒရခချောင်းရေချိုးဆိပ်သို့ ဆင်းလာရာ ခ. လ. ရ (၃၇) စခန်း ကင်းတဲရှေ့သို့ အရောက်တွင် တပ်ကြပ်ကြီးဦးစိန်သောင်းမှ ခေါ်ပြန်ပါသည်။

"ဆရာကြီး. . ရေချိုးဆင်းလာတာ မဟုတ်လား၊ တစ်ခွက်တစ်လားလောက် ချသွားပါဦးဗျာ"

"အခုပဲ ဆ. လ. က တဲက တစ်ခွက်သောက်လာသဗျာ။ အပြန်ရေချိုးပြီးမှ ဝင်တော့မယ်နော်"

"မရဘူး ဆရာကြီး။ ကျွန်တော်တို့ကို မခင်လို့လား။ ရှားရှားပါးပါး အရက်ကို စေတနာရှိလို့ တိုက်တာပါဗျာ။ မငြင်းပါနဲ့"

"ကဲ. . ကဲ. . ရှိစေတော့။ တစ်ခွက်ပဲ သောက်မှာနော်"

မကောင်းတတ်၍ တစ်ခွက်သောက်ခဲ့ရပြန်ပါသည်။ နာရီဝက်ခန့် ရေချိုး၊ အဝတ်လျှော်ပြီးနောက် အဝတ်အစားလဲ၍ ချောင်းပေါ်တက်လာစဉ် လူမှာ နိုက်နိုက်တုန်အောင် ချမ်းအေးလျက်ရှိပါသည်။ အပြန်တပ်ကင်းတဲက တစ်ခွက်တိုက်ပြန်သဖြင့် သောက်ရပြန်ပါသည်။ ဆ. ဿ. က တဲစုရှေ့အရောက်တွင် A.E ကိုမျိုးမြင့်တို့ပါ ရောက်နေသဖြင့်

www.burmeseclassic.com



အရက်ဝိုင်းမှာ စည်ကားလှပြီး အတင်းဖိတ်ခေါ်ပြန်သဖြင့် ဝင်ထိုင်ရပြန်ပါသည်။ ထွေရာလေးပါး စကားပြော၍ အရက်ဝိုင်းစည်ကားနေချိန်တွင် ကျွန်တော့်စခန်းမှ ထောင်မှူးဦးအာဗျွန် ရောက်မှိုလာပြီး တီယန်စွပ်ရွာမှ ရွာလူကြီးနှင့်သမီးများ ရောက်ရှိနေသဖြင့် အမြန်ပြန်လာပါရန် အကြောင်းကြားပါသည်။

သို့နှင့် စခန်းပြန်၍ အဝတ်အစားလဲ၊ အနွေးထည်များဝတ်ကာ ထောင်မှူးဦးအာဗျွန် ပြင်ဆင်တည်ခင်းထားသော ရိက္ခာကိုဒေါင်အရက်ဝိုင်းသို့ ဝင်ရပြန်ပါသည်။ ထောင်မှူးဦးအာဗျွန်မှ မိတ်ဆက်ပေးပါသည်။

"အပါး. . ဒါ ကျွန်တော်တို့စခန်း တာဝန်ခံပါ"

"ဆရာ. . ဒီပုဂ္ဂိုလ်ကြီးက ကျွန်တော့်တို့စခန်းခွဲ တီယန်စွပ်ရွာက ရွာလူကြီး ဦးဖရော်နော်ပါ။ သူတို့ကတော့ ရွာလူကြီးရဲ့ သမီးတွေပါ။ ကျွန်တော်နဲ့ အရမ်းခင်ပါတယ်။ အခု မတွေ့တာကြာလို့ လာလည်ကြတာပါ"

"တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ။ ပျော်ပျော်ရွှင်ရွှင် သုံးဆောင်ကြပါ"

စားပွဲဝိုင်းတွင် ဦးအာဗျွန်က နေရာချပေးသဖြင့် ကျွန်တော့်အနီးတွင် ရွာလူကြီး၏ သမီးနှစ်ယောက် တစ်ဖက်တစ်ချက်တွင် နေရာယူကြပြီး ရွာလူကြီးနှင့် ဦးအာဗျွန်က တွဲ၍ထိုင်ပါသည်။

ဖန်ခွက်တစ်လုံးတည်းတွင် ကချင်အရက်အား တစ်ဝက်ခန့်ထည့်၍ ကျွန်တော့်အား ဦးစွာပေးပါသည်။ ထန်းရည်သောက်သလို ခွက်လှည့်သောက်ရန် ဖြစ်ပါသည်။ ကျွန်တော်မှ ဧည့်သည်လူကြီးအား ဦးစားပေးရန်ပြောရာ ရွာလူကြီးမှ ကျွန်တော်အရင်သောက်ရန် ပြောပါသည်။





ကျွန်တော်မှ ကချင်အရက်အား ရေရော၍သောက်ရာ အားလုံးဝိုင်းရယ်ကြပါသည်။ ကျွန်တော်အပြီး သူတို့အလှည့်တွင် ရေမရောဘဲ အမျိုးသမီးများပါ သောက်ကြပါသည်။ အမြည်းမှာ ဧည့်သည်များယူလာသည့် ခေါ်ပုတ်ကင်၊ တောဝက်သားဟင်းနှင့် မှန်လာဥချဉ်တို့ ဖြစ်ပါသည်။ နှစ်ဝိုင်းလှည့်ပြီး ကျွန်တော်မူးလာသဖြင့် ဦးအာဗျွန်အား အချက်ပြရာ ရွာလူကြီးက သူ့အလှည့်အပြီးတွင် "အဒွန့်ဆီ" ဟု အော်လိုက်ပါသည်။

ထိုစဉ် ကျွန်တော်၏လက်ျာဘက်တွင် ထိုင်နေသော ရွာလူကြီးသမီး အကြီးမသည် အရက်ခွက်ထဲသို့ အရက်တစ်ဝက်ငှဲ့ပြီးနောက် ကျွန်တော်သောက်သလိုပင် ရေရော၍ ကျွန်တော်နှင့်အတူ တစ်ခွက်တည်း နှစ်ယောက်ပြိုင်တူ တစ်ကြိမ်မော့ရပါသည်။ ထို့နောက် လက်ဝဲဘက်မှ သမီးအငယ်မနှင့်အတူ ဒုတိယအကြိမ် သောက်ရပြန်ပါသည်။ ကျွန်တော်လည်း အတော်မူးသွားသဖြင့်. .

"အဒွန့်ဆီ ဖဲရီးဂွတ်ဒ်။ ရှဝါရား နီးဂွတ်ဒ်"

ဟု အော်လိုက်ရာ အားလုံးပဲ နှစ်နှစ်ခြိုက်ခြိုက် ဝိုင်းရယ်ကြပါတော့သည်။

ထိုအချိန်တွင် တပ်ကုန်းမှ တပ်ကြပ်ကြီးဦးစိန်သောင်းရောက်ရှိလာပြီး ကျွန်တော်နှင့်တွေ့ရန် ဗိုလ်မှူးကလွှတ်လိုက်ကြောင်း ပြောသဖြင့် ရိက္ခာကိုဒေါင်အပြင်ဘက် ထွက်၍တွေ့ရာ. .

"ဆရာကြီး. . ဗိုလ်မှူးက ပြောခိုင်းလိုက်တယ်။ မြစ်ကြီးနားက ကြေးနန်းဝင်လာတယ်တဲ့။ ၉. ၄. ၉၁ ရက်နေ့ ယာဉ်တန်းရောက်မယ်။ ရဲဘက် (၄၀၀) နဲ့ ဝန်ထမ်း (၅၀) ပါလာတယ်တဲ့။ အဲဒါ ကြိုတင်ချက်ပြုတ်ပြီး နေရာချထားဖို့နဲ့ ဆရာကြီးတို့မှာထားတဲ့ ရိက္ခာခြောက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်တဲ့။ အဲ. . နောက်ပြီး အရေးအကြီးဆုံးက ဆရာကြီးတို့ ထွက်စာကျလို့ ယာဉ်တန်းနဲ့ ထည့်ပေးလိုက်ပြီတဲ့။ ပြန်ချင်ရင် အသင့်ပြင်ထားပါ။ မပြန်ချင်ရင် ဗိုလ်မှူးနဲ့ လာတွေ့ပါတဲ့ခင်ဗျာ''

''ကျေးဇူးပဲ ဆရာကြီး။ အကုန် အဆင်သင့်လုပ်ထားပါ့မယ်။ ထွက်စာကျပြီဖြစ်လို့ ပြန်မယ်လို့ ဗိုလ်မှူးကို သတင်းပို့ပေးပါ''

''အင်း. . ကျွန်တော်ထင်သားပဲ၊ ဗိုလ်မှူးကတော့ ဆရာကြီးကို အတော်အားကိုးတာ။ မထွက်စေချင်ဘူးဗျ။ တိုင်းမှူးကို အစီရင်ခံစာတင်ဖို့တောင် အသင့်ရေးထားတယ်။ ဗိုလ်မှူးက ဦးသန်းရွှေနဲ့ တွဲရမှာကို အတော်စိတ်ညစ်နေတာ''

''ကျွန်တော်လည်း ဗိုလ်မှူးနဲ့တကွ အားလုံးကို သံယောဇဉ်ဖြစ်နေပါပြီဗျာ။ ထွက်တော့ မထွက်ချင်ဘူးပေါ့။ ဒါပေမဲ့ ယောကျ်ားဆိုတော့ ထွက်စာတင်လို့ ထွက်ခွင့်ရပြီးမှ မထွက်တော့ပါဘူးဆိုရင် ဘယ်လောက်သိက္ခာကျမလဲ။ ဆရာကြီးပဲ စဉ်းစားကြည့်ပေါ့ဗျာ''

''အဲဒါလည်း တစ်ပိုင်းပေါ့ ဆရာကြီးရယ်။ ဆရာကြီးတပည့် ဝန်ထမ်းတွေ၊ ရဲဘက်တွေကိုရော သံယောဇဉ်ဖြတ်တော့မှာလား။ စဉ်းစားပါဦး''

''အခြေအနေအရပဲပေါ့ဗျာ။ ဘယ်တတ်နိုင်မလဲ။ ထွက်စာမတင်ခင်က ဗိုလ်မှူးနဲ့သာ အခုလိုရင်းနှီးခင်မင်ခဲ့ရင် ကျွန်တော်တို့လည်း ထွက်စာတင်ဖြစ်မှာ မဟုတ်ပါဘူး။ အခုတော့ နောက်ကျသွားပြီဗျာ။ အားလုံးကို ခင်မင်တွယ်တာပေမယ့် သံယောဇဉ် ဖြတ်ရတော့မှာပဲဗျာ။ ဗိုလ်မှူးကိုလည်း တောင်းပန်ပေးပါ။ မနက်ဖြန်မနက်စောစော ကျွန်တော်လာတွေ့ပါမယ်လို့နော်''





''ဟုတ်ကဲ့ ဆရာကြီး။ ခွင့်ပြုပါဦးခင်ဗျာ။ ကျွန်တော် ဗိုလ်မှူးကို ရှင်းပြလိုက်ပါ့မယ်''

တပ်ကြပ်ကြီးပြန်သွားတော့ ကျွန်တော်အတော်စိတ်မကောင်းဖြစ်မိပါသည်။ ထောင်မှူးဦးအာရွှန်နှင့် ထောင်မှူးဦးအောင်ကြီးတို့အား တိုးတိုးတိတ်တိတ် ခေါ်ယူအသိပေးရပါတော့သည်။

နောက်တစ်နေ့မနက် ထောင်ဖွင့်ပြီးနောက် အလုပ်ခွဲဝေပေးနေစဉ် ရေတန်းစခန်းမှ ဦးသန်းရွှေ ပြန်လည်ရောက်ရှိလာပါသည်။ ဗိုလ်မှူးမှ ရေဒီယိုဖုန်းဖြင့် ပြန်ခေါ်သဖြင့် ပြန်လာရကြောင်း သိရှိရပါသည်။ ထွက်စာကျပြီဟု သိရှိရသော်လည်း ကျွန်တော်တို့ နေ့စဉ်ပုံမှန်အလုပ်များအား ဆက်လက်လုပ်ကိုင်နေရပါသည်။

ယာဉ်တန်းရောက်ရန် လေးငါးရက် လိုပါသေးသည်။ ထွက်ခွင့်ရသည့်သတင်းအား ဝန်ထမ်းနှင့် ရဲဘက်များအား အသိမပေးသော်လည်း ဘယ်လိုကဘယ်လို သိရှိသွားကြသည် မသိပါ။ ငိုယို၍ မထွက်ရန် လာရောက်တားမြစ်ကြပါသည်။

ရဲဘက်များအနေဖြင့်တော့ လာရောက်မေတ္တာရပ်ခံ တောင်းပန်ကြခြင်းဖြစ်သော်လည်း ဝန်ထမ်းများကတော့ နုတ်ထွက်စာတင်မည်ဟု ပြောဆိုနေကြပါသည်။ စခန်းတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားပါသည်။

မနက်ခင်းအလုပ်များပြီးတော့ ဗိုလ်မှူးအား သွားရောက်တွေ့ဆုံရပါသည်။ ဗိုလ်မှူးလည်း အတော်စိတ်မကောင်းဖြစ်နေပါသည်။ စခန်း၊ ရဲဘက်၊ ဝန်ထမ်း၊ ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ၊ လက်နက်များအား စနစ်တကျလွှဲပြောင်းနိုင်ရေး ကြိုတင်စီစဉ်ထားနိုင်ရန်နှင့် ငှင်းရန်ကုန်ရောက်ပါက ဆက်သွယ်နိုင်မည့်လိပ်စာအား တောင်းပါသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်မကောင်းခြင်းကြီးစွာဖြင့် ပေးခဲ့ရပါသည်။

ကျွန်တော့်တွင် စခန်းအတွက် လုပ်ဆောင်ရန် ရည်ရွယ်ထားသော အလုပ်တစ်ခုရှိပါသေးသည်။ လက်နက်ကိရိယာမပြည့်စုံသဖြင့် စောင့်ဆိုင်းနေရခြင်း ဖြစ်ပါသည်။ ၎င်းအလုပ်မှာ 'ဒရုခရဲဘက်စခန်း' ဟူသော ဆိုင်းဘုတ်ကလေး လုပ်ရန်ဖြစ်ပါသည်။

BURMESE CLASSIC .com

ယခုတော့ အချိန်မဆိုင်းနိုင်တော့ပါ။ လက်သမား[illegible] အားခေါ်ကာ လမ်းကွေ့ ဆ. လ. က တဲစခန်းသို့ သွား၍ရှာဖွေရပါတော့သည်။ (၄ လက်မ × ၂ လက်မ) ခြောက်ပေရှည် ပျဉ်ချပ်ကြီးတစ်ခုနှင့် (၂ လက်မ × ၂ လက်မ) တိုင်လေးများ (ပျဉ်းကတိုးသား)၊ ဝက်အူလှည့် တစ်ချောင်းနှင့် တူတစ်လက်၊ လွှတစ်လက်၊ သံအနည်းငယ် ရရှိခဲ့ပါသည်။ သဘော့ဆေးအဖြူ မရှိဘဲ အနီရောင်သာရှိသဖြင့် ယူခဲ့ရပါသည်။

ကားလမ်းအနီး စခန်းဘူးတံခါးကြီးရှေ့ တောင်ကုန်းကလေးအား မြေညှိရှင်းလင်းပြီး နှစ်ပတ်လည်ပျဉ်းကတိုးသားဖြင့် လေးဘက်လေးတန် ကာရံ၍ အလယ်တွင် ဆိုင်းဘုတ်စိုက်ထူရန် ဖြစ်ပါသည်။ (၄ လက်မ × ၂ လက်မ) ခြောက်ပေပျဉ်ပြားအား ဆောက်မရှိသဖြင့် ဝက်အူလှည့်အား တျောက်ဖြင့်သွေးကာ 'ဒရုခရဲဘက်စခန်း' ဟူသော စာလုံးအား ခက်ခဲစွာ ထွင်းထုရပါသည်။ ပြီးနောက် ဆေးနီသုတ်ကာ ဆိုင်းဘုတ်လုပ်ရပါသည်။ ဆိုင်းဘုတ်စည်းရိုးအတွင်း ဒရုခချောင်းအတွင်းမှ ကျောက်စရစ်ဖြူလုံးလေးများအား ထည့်သွင်းရန် အကြံရသဖြင့် လက်သမားများအား ခေါ်ယူကာ သွားရောက်ကောက်ကြပါသည်။

ဒရုခချောင်းအတွင်း၌ လမ်းခင်းရန် ကျောက်စရစ်ခဲကြီးများအား ဆယ်ယူ၍ ကမ်းပါးပေါ်တင်နေသော ရဲဘက်များ၊ ဒရုခကြိုးတံတား





ပွက်မှ ချောင်းထဲပြုတ်ကျနေသော သံဘောင်များအား ဆယ်တင်နေသော ရဲဘက်များအား ကြီးကြပ်နိုင်းစေနေသည့် ထောင်မှူးဦးအောင်ကြီးအား အမ် ၂၂ သေနတ်ကြီးထမ်းကာ ဘောင်းဘီတိုဝတ်၍ မြင်ရပါတော့သည်။ သူလည်း အလုပ်ထွက်စာကျသော်လည်း ကျွန်တော့်အား ပြောဆိုထားသည့်အတိုင်း တာဝန်ကျေစွာ ထမ်းဆောင်နေခြင်း ဖြစ်ပါသည်။

စခန်းသို့ ပြန်ရောက်သောအခါ တာဝန်လွှဲပြောင်း၊ လက်ခံရန်အတွက် ထောင်မှူးဦးအာဂွန်ကလည်း ရိက္ခာနှင့် လက်နက်ပစ္စည်းများအား စိစစ်ရေတွက်နေသည်ကို တွေ့ရပါသည်။

စခန်းဆိုင်းဘုတ်အတွင်း နေ့လယ်စာစားချိန်တွင် ထောင်မှူးဦးအောင်ကြီးနှင့် ထောင်မှူးဦးအာဂွန်တို့အား ဖိတ်ခေါ်လိုက်ပြီး ရဲဘက်မှုဆိုးကျော်ထွား အထူးစီစဉ်ပေးသော ဟင်းများနှင့် ထမင်းစားကြပါသည်။ ဟင်းများမှာ ရစ်ကြက်သားဟင်း၊ ငှရင်ကောက်ညွန့်ကြော်၊ တောင်ပိန်းရွက်ဟင်း၊ မက်လင်ချဉ်သီးချဉ်ရည်ဟင်းတို့ ဖြစ်ကြပါသည်။ စား၍ အလွန်မြိန်ကြပါသည်။ ရဲဘက်မုဆိုးကျော်ထွား ရှိနေ၍သာ ဖွယ်ဖွယ်ရာရာစားရခြင်း ဖြစ်ပါသည်။

ထမင်းစားနေစဉ် ရဲဘက်မုဆိုးကျော်ထွားမှ ငိုယို၍. .

"ဆရာကြီးရယ်. . မထွက်ပါနဲ့လားဗျာ။ ကျွန်တော် ဒီတောထဲမှာ ဖွယ်ဖွယ်ရာရာ ရှာကျွေးနိုင်ပါတယ်။ ကျွန်တော် ရွှေလည်းကျင်တတ်ပါတယ်။ ကျောက်စိမ်းနဲ့ ဆေးပင်ဝါးပင်၊ သစ်မွှေးပင်တွေကိုလည်း ကောင်းကောင်းရှာတတ်ပါတယ်။ ကျွန်တော့်အဖေသေတာတောင် ကျွန်တော်မငိုခဲ့ဖူးပါဘူးဗျာ။ ကျွန်တော်လုပ်ကျွေးပါ့မယ်။ အလုပ်မထွက်ပါနဲ့ဗျာ။ တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ထွားရေ. . တောထဲတောင်ထဲမှာ မင်းရှာဖွေကျွေးလို့ ဟင်းကောင်းလေးတွေ စားရတာကိုလည်း ကျေးဇူးတင်တယ်။ မင်းစိတ်ဓာတ်ကိုလည်း လေးစားပါတယ်။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအပိုင်းနဲ့ သက်ဆိုင်နေတော့ ငါ့ကို ခွင့်လွှတ်ပါကွာ။ မင်းကိုငါ အမြဲတမ်းသတိရအောက်မေ့နေမှာပါ။ ငါအမြဲတမ်းနေမယ့် လိပ်စာကိုလည်း မင်းကိုပေးခဲ့ပါ့မယ်။ မင်းအပြစ်ကလွတ်တာနဲ့ လာခဲ့ပါ။ ငါကြိုဆိုနေပါ့မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး။ တပည့်က တစ်ကောင်ကြွက်ပါ။ အိမ်ထောင်လည်းမရှိပါဘူး။ အီး. . ဟီး. . ဟီး"

"ကဲ. . ကဲ. . တိတ်ပါတော့ ကျော်ထွားရယ်။ မင်းက တောထဲတောင်ထဲ ပျော်တဲ့လူဆိုတော့ မလွတ်မချင်း စခန်းမှာ လွတ်လွတ်လပ်လပ်နေရအောင် ငါစီစဉ်ပေးခဲ့ပါ့မယ်။ ဦးအာဗ္ဗုန်ရေ. . မင်း တောက်ဌာနမှာ ကျော်ထွားကို ခေါ်ထားပေတော့"

"ဟုတ်ကဲ့ဆရာ. . စိတ်ချပါ။ ကျော်ထွားရေ. . ဆရာတို့ ပြောင်းသွားကြရင် မင်း ငါ့တဲကို လာနေပေတော့။ စခန်းတာဝန်ခံ ဦးသန်းရွှေနဲ့လည်း မင်းအဆင်ပြေမှာမဟုတ်ဘူး"

၉. ၄. ၉၁ ရက်နေ့ မနက် (၁၀) နာရီခန့်တွင် ယာဉ်တန်းကြီးစခန်းသို့ ဝင်လာပါသည်။ ရိက္ခာခြောက်လစာနှင့် ရဲဘက် (၄၀၀)၊ ဝန်ထမ်း (၅၀) ဦး ပါလာပါသည်။

ယာဉ်တန်းမှာ စခန်းတွင် တစ်ညနားမည်ဖြစ်ပြီး မိုးလေဝသအခြေအနေမကောင်းသဖြင့် မနက်ဖြန်မနက်စောစောတွင် ဆွမ်ပရာဘွမ်မြို့သို့ ရိက္ခာပို့ရန် ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး အရပ်ယာဉ် (G.M.C) နှစ်စီးသာ မြစ်ကြီးနားပြန်မည်ဖြစ်ပါသည်။





ပြေလဖြစ်၍ မိုးမှာ ရွာလိုက်၊ စဲလိုက်ဖြစ်နေသောကြောင့် ရိက္ခာများအား ရိက္ခာဂိုဒေါင်များအတွင်းသို့ အမြန်ရွှေ့ပြောင်းရပြီး ဝန်ထမ်းနှင့် ရဲဘက်များအားလည်း နေရာချထားပေးရပါသည်။ တောထဲတောင်ထဲအလွန်စည်ကား အလုပ်များသောနေ့ဖြစ်ပါသည်။

နေရာချထားအပြီး ညနေစောင်းတွင် ဦးသန်းရွှေနှင့် အလုပ်လွှဲပြောင်းခြင်း ပြုရပါတော့သည်။ စနစ်တကျ ကြိုတင်ပြင်ဆင်ထားပြီးယနေ့ရောက်ရှိလာသည့် ဝန်ထမ်း၊ ရဲဘက်စာရင်း ဝရမ်းများနှင့် ရိက္ခာစာရင်းများအား ထပ်မံပေါင်းထည့်ပြီး လွှဲပြောင်းလိုက်ရုံသာဖြစ်ပါသည်။

လွှဲပြောင်းခြင်းပြီးသည်နှင့် လက်ခံခြင်း လုပ်ရပြန်ပါသည်။ ငှက်ဖျားနှင့် ဝမ်းရောဂါကြောင့် နေမကောင်းဖြစ်နေသော ရဲဘက် (၂၀) ယောက်နှင့် ဝန်ထမ်း (၅) ဦးအား ဝရမ်း၊ ဝန်ထမ်းစာအုပ်များကို လက်ခံပြီး မြစ်ကြီးနားစခန်းသို့ ပြန်ခေါ်သွားရန် ဖြစ်ပါသည်။ ညက မအိပ်ရပါ။ ဝန်ထမ်းများ၊ ရဲဘက်များ တစ်ဦးပြီးတစ်ဦး လာရောက်နှုတ်ဆက်၍ သက်ဆိုင်ရာသို့ ပို့ပေးရန် စာများလာပေးကြပါသည်။ ကြိမ်ခြင်းတစ်လုံးစာ စာများရရှိပါသည်။

၁၀. ၄. ၉၁ ရက်နေ့ မနက် (၇) နာရီ စခန်းအား နှုတ်ဆက်၍ ကားပေါ်သို့ ပစ္စည်းများတင်နေစဉ် ဗိုလ်မှူးကျော်ဝင်း ရောက်ရှိလာပါသည်။ စိတ်မကောင်းစွာဖြင့် နှုတ်ဆက်ပြီး ကျွန်တော့်အား စာတစ်စောင်ပေးပါသည်။ မြစ်ကြီးနားမြို့ ခ. လ. ရ (၃၇) တပ်ရင်းမှ ၎င်း၏ဇနီးထံ ပို့ပေးရန်ဖြစ်ပါသည်။

ကျွန်တော်လည်း အမှတ်တရ (PARKER) ဘောလ်ပင်အမ်ချောင်းအား ပေးခဲ့ပြီး (G.M.C) အရပ်ဘက်ယာဉ်နှစ်စီးဖြင့် အရှေ့ဘက်



www.burmeseclassic.com

www.burmeseclassic.com



စခန်းအား ကျောခိုင်းပြီး ပြန်ခဲ့ပါတော့သည်။

အပြန်တွင် ယာဉ်တန်းမဟုတ်သဖြင့် မြန်ပါသည်။ တီယန်စွပ်ရွာသို့ ညနေမိုးချုပ်စတွင် ရောက်ရှိသဖြင့် မလိခမြစ်ကမ်းနဖူးရှိ ဆ. လ. ဇတဲတွင် တည်းခိုအိပ်စက်ရပါသည်။

၁၁. ၄. ၉၁ ရက်နေ့ မနက်တွင် ဆက်လက်ထွက်ခွာလာရာ လမ်းတစ်လျှောက်လုံး ရွာတစ်ရွာရောက်တိုင်း တပ်မှ လုံခြုံရေးအစောင့်များ လိုက်ပါလာပြီး လမ်းခရီးလုံခြုံရေးအတွက် စောင့်ရှောက်ပေးကြပါသည်။

'တန်ဖဲရွာ' သို့ ညနေ (၆) နာရီခန့်တွင် ရောက်ရှိကြပြီး ခေတ္တနား၍ ပြန်လည်ထွက်ခွာလာရာ မြစ်ကြီးနား 'ပိုးစာခြံ' စခန်းသို့ ည (၉) နာရီခန့်တွင် ပြန်လည်ရောက်ရှိပါတော့သည်။

လမ်းခရီး၌ ကားလည်းမပျက်၊ အနှောင့်အယှက်လည်း မရှိဘဲ မြစ်ကြီးနားမြို့သို့ ချောမောစွာ ပြန်လည်ရောက်ရှိသည့်မှာ ဤတစ်ကြိမ်သာရှိသေးကြောင်း ကားဆရာက ပြောပါသည်။

အသွားတုန်းက ခြောက်ညအိပ်၊ ခုနစ်ရက်ကြာသော ဆွမ်းပရာဘွမ်ခရီးလမ်းမှာ အတော်ဝေးမည် ထင်ခဲ့သော်လည်း အပြန်တွင် တစ်ညအိပ်၊ နှစ်ရက်သာ ကြာသဖြင့် မဝေးလှကြောင်း သဘောပေါက်ရပါတော့သတည်း။ ။

စာဖတ်သူအား အစဉ်အမြဲ လေးစားလျက်

ထောင်မှူးကြီးသိန်းဝင်း

BURMESE CLASSIC .com

www.burmeseclassic.com